www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်ညိုမှိုင်း (သန့်လျှင်)

# ပြိတ္တာရှာသူမကြွေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၉၂၇၀၆၀၇
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၉၈၉၀၆၀၈

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၆၊ ဒီဇင်ဘာ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးတာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၉၀၀ကျပ်

# ပြိတ္တာရွာသူ မကြွေ

## မောင်ညိုမှိုင်း(သန်လျင်)

၁။ အိပ်မက်ထဲက တစ္ဆေ ၁
၂။ အိပ်၍မပျော်သော ညများ ၁၂
၃။ တစ္ဆေကျိုင်းလား ရေနံချေးခပ်သမားလား ၃၃
၄။ တာနေ့ာယက္ခလို့ မကြွေစည် ၅၃
၅။ အဖေနှင့်ပြောင်းဖူးဖက်ဆေးလိပ်တိုတစ်ခု ၆၈
၆။ လန့်၍အော်ခဲ့ရသည့်ည ၇၅
၇။ အိမ်ငှားတင်ရန်ရှိသည် ၈၉
၈။ အိမ်ငှားလင်မယားရဲ့ သည်းထိတ်ရင်ဖိုညများ ၉၈
၉။ ဘုရားငုတ်ကိုက ဘိုးသူတော် ၁၁၁
၁၀။ တစ္ဆေ ၁၃၅
၁၁။ အယူတိမ်းလေရောသလား ချစ်သောမကြွေစည် ၁၄၇
၁၂။ မိုက်မိုက်ကန်းကန်း ကိုဘဂျမ်း ၁၅၆
၁၃။ ပြိတ္တာတကယ်ရှိသလား ၁၆၈
၁၄။ လူသေကောင်တွေနဲ့ နေခဲ့ဖူးတဲ့ ဘဂျမ်း ၁၇၆
၁၅။ ရင်ကွဲတစ္ဆေ ၁၉၃
၁၆။ ပြိတ္တာဘဝမှအပြန် ၂၀၃

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အိပ်မက်ထဲက တစ္ဆေ

တစ္ဆေကို ကျွန်တော်ငယ်စဉ်က နဖူးတွေ့ ဒူးတွေ့ မကြုံခဲ့။ ငယ်စဉ်ဆိုသည်မှာ ကလေးဘဝအရွယ်ကို ဆိုလိုသည်။ တစ္ဆေနှင့် နှင်လားငါလား နဖူးတွေ့ ဒူးတွေ့ ပက်ပင်းမကြုံခဲ့ရသေးသော်လည်း အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေတော့ မကြာခဏ အချောက်ခံရဖူးပြီး သွေးပျက်မတတ် လန့်အော်ဖူးသည်။

အစကနဦးတော့ . . . ထမင်းလုံးတစ္ဆေချောက်မှန်းမသိ၊ လူကြီးတွေ ရှင်းပြမှ ထမင်းလုံးတစ္ဆေမှန်း သိရခြင်းရယ် . . . . အဲဒီကတည်းက တစ္ဆေသည် ကျွန်တော့်ခေါင်းထဲမှာ စွဲနစ်နေခဲ့သည်။ တစ္ဆေအိပ်မက်ကလည်း မိမိကိုယ်နှိုက် မပြောနှင့် ၎င်းအိပ်မက်ကို ပြန်ပြောပြတော့ ကြားရသူ ညီအစ်ကိုမောင်နှမ အိမ်သားများပါ ကျောစိမ့်ခြင်း တုန်လှုပ်သွားကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ရဲ့ ဆိုးဝါးပုံက ဒီလို. . . ။

ကျွန်တော် အိပ်ပျော်နေစဉ် မျက်နှာပေါ်ကို တစ်စုံတစ်ခု ပြုတ်ကျလာ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မျက်နှာပေါ်မှ နက်မှောင်သော ဆံပင်တွေးများကို မြင်လိုက်ရသည်။

ဆံပင်အဖျားများက ကျွန်တော့်မျက်နှာပေါ်မှာ စုံပုံနေသဖြင့် အလန့်တကြား ဆံပင်များကို ဖယ်ယမ်းပစ်လိုက်သည်။ ကနဦးက အ... လာ၍ နောက်နေသည် ထင်နေတာရယ်၊ ဆံပင်များကို ဘယ်လ... ညာလက်နှင့် ဖယ်ရှားရှန်းကန်ပစ်လိုက်တော့ မြင်လိုက်ရသည်ကား အ... မျက်နှာ မဟုတ်။

အလွန်ကို ချောမောလှပသည့် မိန်းမတစ်ယောက်ရဲ့ မျက်နှာ...

ထိုမျက်နှာသည် ကျွန်တော့်အစ်မကြီး မတင်မြ မျက်နှာထက်... ပို၍ လှ၏။ အစ်မလတ် အညွန့်မျက်နှာထက် ဆယ်ဆပမာ ချောလွန်း... ၏။ သူမသည် နက်မှောင်သည့် ဆံပင်များကို သူမလက်နှင့် ညင်... သာစွာဖယ်ရှား၍ နောက်ကျော်ပေါ်သပ်တင်လိုက်ပြီး ကျွန်တော့်... ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။ အခန်းထဲမှာလည်း ထူးဆန်းသော အနံ့တစ်ခုက ထွက်ပေါ်နေသည်။

အမွှေးနံ့သာနံ့လည်း မဟုတ်။ အပုပ်နံ့လည်း မဟုတ်။ ညှီစို့... စူးအစ်အစ်ရနံ့ပြင်းပြင်း အနံ့မျိုး။ ကျွန်တော့်အထင် ကျွန်တော့် မျက်နှာ... ကို ငုံ့ကြည့်နေသည့် အလွန်ချောမောလှပသော မျက်နှာပိုင်ရှင်အမျိုး... သမီးကိုယ်မှပဲ ထင်မိသည်။

သူသည် ကြက်သေသေ အံ့ဩနေသည့် ကျွန်တော့်မျက်နှာ... ပြုံးပြုံးကြီး စိုက်ကြည့်နေရာမှ ကျွန်တော့်ပါးစပ်ကို မအော်နိုင်အောင်... အော်လို့မရအောင် ဖယောင်းသားလို ဖွေးနုညက်ညောနေသည့် လက်... ချောင်းများဖြင့် လှမ်းပိတ်လိုက်ပြီး. . . ကျွန်တော့် နဖူးကို ငုံ့နမ်း... လိုက်သည်။ ပထမအကြိမ် အနမ်းသည်. . . အေးစက်စက်ကြီး။





သည့်နောက် သူမက ဒုတိယအကြိမ် နမ်းလိုက်ပြန်သည်။ ရေခဲနွေးငွေ့ကဲ့သို့သော အာငွေ့နှင့် နှာခေါင်းငွေ့များက ကျွန်တော့်နဖူး ပေါ်တွင် နွေးခနဲထိတွေ့ ခံစားလိုက်ရသည်။

ကျွန်တော်လန့်၍ ကုန်းထရန် ပြင်လိုက်သည်။ လုံးဝထလို့ မရ။ လူရဲ့ကျောက. . . အိပ်ယာနှင့် ကပ်နေသလိုဖြစ်ပြီး လှုပ်လို့ မရတော့. . . ကျွန်တော့်ပါးစပ်ပေါ်မှ သူမရဲ့ လက်သည်လည်း ထူး ဆန်းစွာ အသားအရေများ ဝန်းခြောက်ကာ သချိုင်းကုန်းက လူသေ ကောင်ရဲ့ အရိုးကျနေသည့်လက်ချောင်းများ ချက်ချင်းထူး ဆန်းစွာ ပြောင်းလဲသွားခဲ့သည်။

ကျွန်တော်. . . ကြောက်လွန်း ရွံလွန်း၍ အားကုန်ဟစ်ပြီး အော်လိုက်သည့် အော်သံမှ အကြိမ်ကြိမ်အခါခါကို အော်နေသည်။ အော်ပါသော်လည်း အသံများက လည်ချောင်းထဲမှာပဲ အသံပြည့်ကာ အပြင်ကို လုံးဝမထွက်နိုင်ခဲ့။ ခေါင်းအုံးများ စောင်များနှင့် ပစ်ပေါက်... ခုန် ကြံစည်သော်လည်း လက်ရောခြေရော ဦးခေါင်းရော လှုပ်... ၏။

သည်အချိန်မှာပဲ. . . နုညက်သန့်စင် ဖွေးနု...နေသည့် မျက်တောင်ကော့ကော့ နှာတံစင်းစင်း. . . နှင်းဆီဖူး နှုတ်ခမ်းနှင့် မိန်းမချော မိန်းမလှရဲ့ မျက်နှာသည် ရုတ်ချည်း မျက်စေ့ရှေ့မှ ထူး ဆန်းစွာ အသွင်ပြောင်းသွားခဲ့သည်။

ပါးစပ်ကလည်း တဟီးဟီးအသံများထွက်၍ အရိုးချောက် လက်ချောင်းများနှင့် ရုတ်ချည်း ကျွန်တော့်ကို ပွေ့ခေါ်၍ သွားခဲ့သည်။ ကျွန်တော်က အော်သည် ရုန်းသည် ကန်သည်။ အရိုးခေါင်းမျက်နှာနှင့် မိန်းမကြီးသည် ကျွန်တော်ကိုယ်လုံးကို မှို့ခေါင်းအုံးပွေ့ယူသွားဘိအလား ပွေ့ယူခါ အိမ်ထဲမှ ပြေးတော့သည်။

လမ်းမရောက်သည်နှင့် ဆံပင်ဖားလျားနှင့် အလွန်အရုပ်ဆိုး ...လှသော မိန်းမတစ်အုပ်သည် နောက်မှ အော်ဟစ်ရယ်မောပြီး ပြေး



www.burmeseclassic.com

www.burmeseclassic.com



ထိုက်လာကြသည်။ သူတို့သွားများက ဝါထိန်နေကြသည်။ အရွယ်က လည်း အငွယ်မျိုးစုံ ဆံပင်ဖားလျားဖြူနှင့် အဘိုးကြီးများလည်း ပါ သည်။ ဆံပင်ဒွးလောက်ကျနေသည့် မိန်းမရွယ်များလည်း ပါသည်။

အားလုံး အဝတ်နက်များ ကိုယ်စီဝတ်၍ အသားအရည်များက လည်း ပါးယိန်သမှ မီးနေသည့်ကိုယ်လုံး နန္ဒင်းလူးထားသကဲ့သို့ရှိပြီး အပုက်နံ့များ နန္ဒင်းနံ့များ ရောထွေးနံ့နေသည်။ သူတို့သည် အရိုး ခေါင်းမျက်နှာနှင့် မိန်းမကြီး ပွေ့ထားသည့် ကျွန်တော့်ကို မြင်သောအခါ းစပ်များဖြဲ အသံများဟစ်၍ အပြေးလိုက်လာနေကြသည်။

''ချ. . . ထား. . . ခဲ့. . . ချ. . . ထား. . . ခဲ့''

''အဲ. . . ဒါ. . . ငါ. . . တို့. . . ဖို့. . . ဟော

နိုက်. . . ရဲ့. . . လိုက်''

''ဟော့. . . မိဂျမ်း. . . ဝါ. . . ခေါ်မသွားနဲ့. . .

ချွားလိုက်. . . ခု. . . ချလိုက်''

''ဟီး. . . ဟီး. . . ဟီး. . . ဟီး. . . ''

ကျွန်တော်ကို ပွေ့ထားသည့် အရိုးခေါင်းမျက်နှာနှင့် မိန်းမကြီး ပါးပေါ်မှ အသံများပြန်လာပြီး . . . နောက်ပြန်ကြည့်လိုက်သည်။ ကျွန်တော်က ကြောက်လန့်၍ အသံကုန်အော်ဟစ်သည်။ နောက်က အသားဝါ ဆံပင်ဖားလျား မိန်းမအုပ်ကြီးသည် ကျွန်တော်တို့ကိုမှီလာပြီး ဝိုင်းထားလိုက်သည်။

''ချထား. . . ချ. . . ထားလိုက်. . . ဂျမ်း. . . ဝါ

ချ. . . ထားလိုက် ဒီးဟီးဟီး. . . ဟီး''

''နင်. . . နင်. . . တို့. . . မဲ့. . . မဆိုင်ဘူး''

''ပေး. . . ပေး. . . ပေး. . . ပေး. . . ''

''မ. . . ပေး. . . ဘူး. . . မ. . . မ. . . ပေး

ဘူး. . . ''





''ဟော့. . . လု. . . ကြ. . . အားလုံး. . . ဝိုင်းလု ကြ. . . ဟား. . . ဟား. . . ဟား. . . ဟီးဟီး. . . ဟား ဟား. . . ဟား. . . ဟား. . . ''

''ဝုန်း. . . ဝုန်း. . . ဝုန်း. . . ''

''ဒီး. . . ဒီး. . . ''

''အား. . . အား. . . မ. . . လေး''

''ဘုန်း. . . ''

''ဖျောင်း. . . ''

အသားဝါ ဆံပင်ဖားလျား အနက်ရောင်ဝတ်စုံ ဝတ်ထား များက ကျွန်တော့်ကိုဝင်လုကြသည်။ သူတို့က အရိုးခေါင်းနှင့် ကျွန်တော် ကိုပွေ့ထားသည့် မိန်းမကြီးကို ကန်ကျောက်ကုတ်ဖဲ့ရိုက်နှက်ကြသည်။ ကျွန်တော့်. . . ပွေ့ထားသည့် မိန်းမကြီးလက်ထဲမှ မြေကြီးပေါ်သို့ လွတ်ကျသွားသည်။

အသားဝါမိန်းမအုပ်နှင့် အရိုးခေါင်းမိန်းမကြီးတို့ မြေတလင်း ပေါ်အောက်မှာ ရက်စက်ကြမ်းကြုတ်စွာ သတ်ပုတ်ကြသည်။ မှန်ထအောင် ထွေးသတ်ပုတ်နေသည့် အသံ. . . နာကျင်စူးရှစွာ အော်ဟစ်လိုက် သည့် အသံများက မြေပြင်မှာ မှိုင်းထနေကြသည်။

ကျွန်တော် လွှတ်လို့ရခဲ့ပြီ၊ ချက်ချင်းပဲ . . . မြေပြင်မှ ကုန်းထ၍ အရှေ့စူးစူးသို့ အားသွန်၍ ပြေးသွားလိုက်သည်။

''မပြေးနဲ့. . . ဟော့. . . ကောင်. . . လေး. . . မ . . . ပြေးနဲ့''

''လိုက်. . . ကြ. . . ပ. . . မ. . . လွှတ်. . . စေ . . . လိုက်. . . ''

''ကောင်. . . လေး. . . ရပ်. . . ရပ်. . . ရပ် နော် . . . ကောင်. . . လေး''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျားများ လေထဲမှာ လွင့်ပျံနေကြသည်။ အသားဝါမများသည် သွေးသံရဲရဲနှင့် ကျွန်တော့်နောက်မှ အော်ဟစ်ကြုံးဝါးပြီး အုပ်စုလိုက် . . . အပြေးလိုက်လာနေကြသည်။ သူတို့သဏ္ဍာန်က ကျွန်တော့် အသွေးအသားကို အာသာငမ်းငမ်း စားသောက်စုပ်မျိုချင်နေသည့် အာသီသများနှင့် . . . ။

သူတို့အော်သံများသည် ရင်ခေါင်းမှ လှိုက်၍ ထွက်ပေါ်လာသည့် ချောက်ချားဖွယ် အသံဆိုးများဖြစ်သည်။ ကျွန်တော်ကလည်း ချက်တစ်ချက် နောက်ပြန်လှည့်ကြည့်ပြီး ဟိုးရှေ့မှ မြင်ရသည့် ဘုရားတို့ စေတီပျက်ရှိရာသို့ ပြေးသည်။

သူမတို့ အုပ်စုကလည်း အသံနက်ကြီးများနှင့် အော်ပြီး ဒလ ိမ်း လိုက်ကြသည်။ သူတို့ပြေးနှုန်းက ကျွန်တော်ခြေလှမ်းထက် ထူးနးစွာ မြန်နေသည်။ ကျွန်တော့်ကိုယ်မှာ ချွေးသီးချွေးပေါက်များ နစ်၍ ထွက်နေပြီ . . . ကျွန်တော်ဆက်၍ မပြေးနိုင်တော့။ သူတို့ အသားဝါ အနက်ဝတ် ဆံပင်ဖားလျားမိန်းမအုပ်သည် ကျွန်တော့်ကျောနောက်မှာ ရောက်နေပြီ။

လက်သည်းရှည်ရှည် မိန်းမကြီးတစ်ယောက်က ဘယ်ညာ ပန်း၍ ကျွန်တော့်ကို လှမ်းကုတ်ကြသည်။ တစ်ချက်မှာ ကျွန်တော် သစ်ငုတ်တစ်ခုကို ခလုတ်တိုက်ပြီး ဟပ်ထိုးလဲကျကာ ဖုံထဲမှာ လူးလှိမ့် သွားခဲ့သည်။ သို့ကလို လဲကျမှ ကျွန်တော့်နှုတ်မှ `ဘုရား . . . ' တစ်ချက်လန့်၍ အော်လိုက်ရာ . . .

``အား . . . အား . . .''

``အ . . . အ . . . မလေး . . . ပြေး . . . ပြေး . . . ပြေး . . .''

ကျွန်တော် ဖုံထဲမှာ နစ်သွားခဲ့ပြီး ကုန်းထလိုက်သည်။ မျက်လုံးထဲ ဖုန်များဝင်၍ ဝန်းကျင်ကို သဲသဲကွဲကွဲမမြင်ရ။ သို့နှင့် `ဘုရား ဘုရား' ဟုသာ ပါးစပ်မှ ပလုံးပထွေး တအော်အော်နေလိုက်သည်။

``အမိ . . . မလေး . . . ပြေး . . . ပြေး''

``ပြေးဟေ့ . . . ကပ်လို့ . . . မ . . . ရ . . . တော့ဘူး''

``ငါ . . . ကို . . . စောင့် . . . ပါအုံး''

``အ . . . မေ . . . ကျုပ် . . . ကို . . . စောင့်ပါအုံးတော့''

``မြန် . . . မြန် . . . ပြေး . . . ပူ . . . တယ်ဟဲ့''

ကျွန်တော့် နားထဲမှာ ကြောက်လန့်တကြား အော်ဟစ်ပြေးလွှားနေသံများကို ကြားရသည်။ သူတို့ ဘာကြောင့် ရုတ်ခြည်း ပြေးကုန်ကြပါသနည်း။ သူတို့လက်ထဲကို ကျွန်တော်ရောက်နေပြီ ဥစ္စာ၊ သူတို့ ကျွန်တော့်ကို ကြိုက်သလို လုပ်ခွင့်ရနေပြီ ဥစ္စာ . . . ။

မကြာခင် ဖုန်လုံးများ ငြိမ်သွားသည်။ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲမြင်ရသည်။ ကျွန်တော်နှင့် ဝါးနှစ်ပြန်အကွာမှာ အသားဝါ ဆံပင်ဖားလျားများနှင့် အင်္ကျီအမည်းကြီးများ ဝတ်ထားသည့် မိန်းမအုပ်သည် ကျွန်တော့်ကို ခါးထောက်၍ ပြန်ကြည့်နေကြသည်။ သူတို့ မျက်လုံးများမှ ထူးဆန်းသော အရောင်များ ထွက်နေကြ၏။ မီးဝင်းဝင်း တောက်နေသော ဒေါသများကိုလည်း မြင်နေရသည်။

``ဘုရား . . . ဘုရား . . . ကယ်တော်. . . မူပါ ဘုရား အမေ . . . အ . . . အာ . . . အား . . . အား . . . အမေရေ . . . မေ . . .''

``ဝုန်း . . .''

``ဟဲ့ . . . ဟဲ့ . . . သား . . . လူလေး . . . ရွှေတင်''

``သား . . . ကြီး . . . လူလေးကြီး . . . ဘာဖြစ်လို့







www.burmeseclassic.com

www.burmeseclassic.com



"အမလေ. . . မ. . . မလုပ်ကြ. . . ပါနဲ့ အမလေးဗျ"

"သားကြီး. . . ရွှေတင်. . . ရွှေတင်"

"လူလေးကြီး. . . လူလေးကြီး. . . သား ဘာတွေ အော်နေတာလဲ"

"အမေ. . . အမေ"

"အမေ ဒီမှာလေ သားရဲ့. . . လူလေး. . . သတိထား သတိထားလေ. . . သားရယ်"

"အဖေရေ. . . အ. . . ဖေ. . . အဖေ"

"သား. . . အဖေ ဒီမှာ. . . အဖေဒီမှာ. . . ဘာတွေ ဖြစ်နေတာလဲ"

"ကျွန်. . . ကျွန်တော်. . . ကြောက်တယ် ကြောက်တယ် အသားဝါ မိန်းမကြီးတွေ လိုက်နေတယ်. . . လင်း. . . လင်းတကြီး. . . ကျွန်တော့်ကို ချီ. . . ချီ. . . သွားလို့"

"သ. . . မကြောက်နဲ့ သား. . . အိပ်မက်မက်နေတာ ညသွားစမ်း. . . ပရိတ်ရေ ပုလင်းသွားယူစမ်း. . . မြန်မြန်သွား ပါ. . . ဟ. . . တောက်. . ."

အမေက မှန်အိမ်ကို မီးမြှင့်လိုက်ပြီး ဘုရားစင်ပေါ်မှ ပရိတ်ရေပုလင်းပြေးယူ၍ ပရိတ်ရေကို တိုက်သည်။ အော်ရလွန်း၍ အာခေါင်များ ခြောက်ကပ်နေသောကြောင့် ပရိတ်ရေကို အငမ်းမရ သောက်ပစ်လိုက်သည်။ လူတစ်ကိုယ်လုံး ကြောက်ဈေးများကြောင့် ချွေးများ နစ်နေသဖြင့် အမေက အကျီလဲပေးသည်။ တစ်ကိုယ်လုံးလည်း တုန်နေသည်။

"လူလေး. . . အိပ်မက်မက်ပြီး. . . ဂယောင်ကတမ်း အော်ဟစ်နေတာ. . ."

"ကျွန်တော်. . . အိပ်မက်. . . မက်. . . မက်နေတာ"





"ဟုတ်တယ်. . ."

"ဟူး. . . အိ. . . ဟီ. . . ဟီ. . . ဟင့်. . . ဟင့်"

ကျွန်တော် အမေ့ရင်ခွင်ထဲမှာ ခေါင်းဝှက်၍ အားရပါးရ ငိုကြွေးပစ်လိုက်သည်။ ကျွန်တော် ငိုသံ အော်ဟစ်သံများကြောင့် အမနှစ်ယောက်ပါ နိုးလာပြီး ဖြစ်စဉ်ကို ဝိုင်းမေးကြသည်။ ထိုအချိန်မှာပဲ အိမ်ရှေ့မှ ခွေးများ အသံရှည်ဆွဲပြီး အူလိုက်ကြပြန်သဖြင့် ကျွန်တော်က အမေ့ကို တင်းကျပ်စွာ ဖက်ထားပြီး ကြောက်လန့်စွာ ရှိုက်၍ ငိုနေလိုက်သည်။ အားလုံးမျက်နှာများသည် စိုးရိမ်ကြီးစွာ ရှိနေကြပြန်သည်။

အဖေက ရေမန်းပရိတ်နှင့် ဦးခေါင်းဆံပင်များမှသည် တစ်ကိုယ်လုံးကို ပွတ်သပ်တောက်ချလိုက်ပြီး. . . သံဗုဒ္ဓေဂါထာကို အတန်ကြာရွတ်လိုက်သည်။ မကြာခင် ခွေးအူသံများလည်း ငြိမ်ကျသွားသည်။ သင်းကြက်အော်သံလည်း ကြားလိုက်ရသည်။ ကျွန်တော့်ရင်ထဲမှာ ကြောက်လန့်တုန်လှုပ်စိတ်လည်း ငြိမ်၍ ကျသွားခဲ့သည်။

"အိပ်မက်ပဲနော်. . . အမေ"

"အိပ်မက်ပါ သားရယ်. . . အခု သား. . . အိပ်ယာထဲက နိုးလာတာပဲ ဥစ္စာ၊ အိပ်မက်ပဲပေါ့၊ ကဲ. . . ပြောစမ်းပါအုံး ဘယ်လို အိပ်မက်မျိုးမက်လို့တုံး. . ."

"ကြောက်စရာကြီး အမေ. . . ဟီးဟီး. . ."

"ကြောက်စရာမလိုပါဘူးကွာ. . . အဖေတို့ အနားမှာ ရှိတာ ဥစ္စာ၊ ဒီမှာ ပရိတ်ရေမန်းလည်း ရှိတယ်၊ ဘာမှ ကြောက်စရာ မလိုဘူး. . . လူလေး. . . ဘာတွေမက်လို့လဲ. . . ပြောစမ်း"

သည့်နောက် ကျွန်တော်က ချောက်ချားဖွယ်ရာကောင်းသည့် အိပ်မက်ဆိုးအကြောင်းကို အစမှအဆုံး ပြန်ပြောပြလိုက်သောအခါ အမနှစ်ယောက်ပင် လန့်၍ အော်ကြသည်။ အမေသည် အိပ်မက် အကြောင်းကို နားထောင်ရင်း. . . မျက်နှာပျက်နေ၏။ အဖေက

www.burmeseclassic.com



ကျွန်တော့်လက်ကို ကိုင်ညှစ်၍ အားပေးနေ၏။

အိပ်မက်အကြောင်းဆုံးသောအခါ . . . အမကြီးနှစ်ယောက်က အဖေနှင့် အမေ့နံဘေးကို ပို၍တိုးကပ်သွားခဲ့ကြသည်။ သူတို့ မျက်နှာများပေါ်တွင် ကြောက်လန့်စိတ်များ လွှမ်းမိုးလျက် . . .

"သားနေ့ခင်းက . . . ဟို . . . ခြံထဲက ဘုရားငုတ်တိုအက်များ ရှုံ့ရှုံ့သွားပေါက် မိလိုက်သေးလား . . ."

"ဟင့်အင်း . . . ဘယ်သူမှ မပေါက်ဘူး အမေ"

"ထမင်းလုံး တစ္ဆေချောက်တာပါကွာ . . . ဒါကြောင့် ပြောတာပေါ့ . . . ညအိပ်ရင် ခြေဆေးအိပ် . . . ခြေထောက်မှာ ထမင်းလုံးမနှင်းမိ မက ႔မိစေနဲ့ နင်းမိကပ်မိပြီး အိမ်မက်ထဲအထိပါရင် ထမင်းငရဲကြီးပြီး ထမင်းလုံး တစ္ဆေလို့ခေါ်တဲ့ . . . ဂယောင်ချောက်ချားအိပ်မက်တွေမက်ရော သားရဲ့ . . . ဒါတောင် မင်းကို ဘုရားကယ်လို့ . . ."

"ဗျာ . . . သားကို ဘုရားကယ်လို့ . . ."

"အေးပေါ့ . . . အိပ်မက်ထဲမှာ မင်းဘုရားတလိုက်လို့သက်သာတာ . . . နို့မို့ အိပ်မက်ထဲမှာ . . . တစ္ဆေသူရဲတွေက မင်းကို တစ်ခါထဲ . . ."

"အိုတော် . . . ကိုသာဟန်ကလည်း . . . လူလေး ကြောက်ရတဲ့အထဲ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး . . ."

"ဟ . . . ငါက . . . ဘုရားတတဲ့ အကျိုးကျေးဇူးကို ပြောပြနေတာ၊ ဗုဒ္ဓဘုရားဆိုတာ . . . အရေးကြုံလို့ တရုံနဲ့တော်ခုလို ကယ်တင်စောင့်ရှောက်အကျိုးပေးရင် . . . နေ့စဉ်ညစဉ် အိမ်ယာဝင် အိပ်ယာထ ရှိခိုးပူဇော်ပြီး . . . ဘုရားအစောင့်အရှောက်ကို ခံယူရင်း . . . သူတို့ကလေးတွေရော နင်တို့ငါတို့ လူကြီးတွေရော အကျိုးကျေးဇူးခံစားရမယ်လို့ ပြောချင်လို့ပါဟ . . ."





အဖေက ဒီလို ရှင်းပြတော့ . . . အမေက ငြိ ညိတ်လိုက်သည်။ ကျွန်တော်နှင့် အမနှစ်ဦးလည်း ဘုရား လက်အုပ်ချီ ရှိခိုးလိုက်ကြသည်။

ဆိုရလျှင် . . . ထိုအချိန်မှစ၍ တစ္ဆေသူရဲအကြေ အိပ်မက်ထဲမှ **စတင်ရင်းနှီးသိရှိ** နားလည်ခဲ့ရသည်။

တစ္ဆေ၊ **သူရဲဆိုတာ** . . . လူ့လောက အသွင်း တကယ်ရှိသလား . . . မရှိသလား ကျွန်တော်မသိ။

သို့သော် . . .

တစ်နေ့သောအခါ . . . ထူးဆန်းလှသော တစ္ဆေအကြေ ပရဝိညာဉ်လောကသားများအကြောင်းကို ကျွန်တော်တို့ မျက်ပ ကိုယ်တွေ့ ကြုံသိလာရသောအခါ . . .

လူ့လောက အနန္တလောကကြီး၏ ဆန်းကြယ်လှသော အံ့ဩ ဖွယ်ကောင်းလှသော ဖြစ်ရပ်များကို သိရှိခံစားခဲ့ရပြီး . . .

ကိုယ်တွေ့ တစ္ဆေအကြောင်းကို စာတစ်ပုဒ်အဖြစ် ရေးဖွဲ့ဖြစ်ရပါသည်။ လူတိုင်းကို ယုံလိုက်ပါ။ မျက်စေ့မှိတ်၍ မဖြစ်မနေ ယုံကြည်လိုက်ပါဟု ကျွန်တော် မဆိုလိုပါ။ ကျွန်တော်တို့ ကြုံခဲ့ရသည့် ပရဝိညာဉ်လောက ရင်တုန်စရာ ရင်ခုံစရာဘဝကို ရသတစ်ခုအနေဖြင့် ဖြစ်စေ . . . ဗဟုသုတအဖြစ်နှင့်ဖြစ်စေ နားလည်ခံစားနိုင်ကြရန် ရေးသားမှတ်တမ်းတင်ခြင်းမျှသာ ဖြစ်ပေသည်။

♛ ♛ ♛

www.burmeseclassic.com

## အိပ်၍မပျော်သော ညများ

မကြေခွစည်သေပြီး တစ္ဆေဘဝနှင့် မကျွတ်မလွတ်ပဲ ခြောက်လှန့်သည့် သတင်းများ စတင်ကြားလိုက်ရသောအခါ ကျွန်တော်တို့ လွန်စွာ အံ့ဩခဲ့ရသည်။

အစကနဦးက မကြေခွစည် တစ္ဆေဖြစ်မှန်း ဘယ်သူမှ မသိကြ။ ဖြစ်ပုံက သည်လို။ မကြေခွစည်သည် ဦးအုန်းသောင်ရဲ့ မိန်းမဖြစ်သည်။ ဒီဇာတ်လမ်းနောက်ကြောင်းကို အလည်က ဖောက်ပြောသည်ထက် အစအဆုံး ပီပီပြင်ပြင်ပြောရလျှင် . . . ပိုကောင်းလိမ့်မည်ဟု ထင်သည်။

ကျွန်တော်တို့ရဲ့ မူလဇာတိက ဟိုးအရှေ့ကွင်း ဆေးလုံးကြီးကျေးရွာမှ ဖြစ်၏။ လွတ်လပ်ရေးရပြီးစမို့ ဆေးလုံးကြီး၊ ချောင်းစောက်နယ်တစ်ရိုးမှာ ရဲဘော်ဖြူရော၊ အလံနီရော သူပုန်များက သောင်းကျန်းလွန်းလှသည်။





နေ့ခင်းကြောင်တောင် ရွာထဲဝင်၍ စည်များကို ဖြန့်သည်။ ဒို့ပါတီရပုံငွေဆိုပြီး လယ်သမားများမှ ငွေသည်။ ရွာထိပ် ကောက်သည်။ အရွယ်ကောင်း စိတ်ဝင်စားသူများကို အလက်ဝဲဘက်ငါး

ဆက်ကြေး မှန်မှန်ပေးရုံနှင့် အားမရသေး။ ညဘက်ထားလိုက်လျှင် ဓားပြတိုက်သလိုလို၊ အနုကြမ်းစီးသလိုလို ဝင်တိုက်သေး ဒီနေ့ ဒီသူပုန်ဝင်တိုက်သွားပြီးလျှင် . . . နောက်တစ်ပတ် နှစ်ပတ်အကြာမှာ အခြားလက်နက်ကိုင်သူပုန်က ဝင်တိုက်သည်။ စီးသည်။ လုယက်သည်။

ကျွန်တော်တို့ ရွာသူရွာသားများဘဝသည် အဲဒီအချိန်က စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ။ နေ့ခင်းမှာ ကျီးလန့်စာ စားသလို အလုပ်ကို လုပ်ကြရပြီး၊ နေမဝင်ခင် လူကြီးများက မိမိကလေးများကို ထမင်းစောစောကျွေး၊ နေဝင်သည်နှင့် မီးငြိမ်းလိုက်ရသည်။

သည့်နောက် မိသားစုများ ပုဆိုးသိုင်းခြုံ စောင်ပိုင်းခြုံ၍ ဝါးတောထဲ၊ ကိုင်းတောထဲ၊ လယ်ကွင်းထဲ၊ ကျင်းချိုင့်ရှိရာထဲမှာ ပုန်းလျှိုးကွယ်ဝှက် အိပ်ရသည်။ ဘာကြောင့်မှု–အလံနီ သူပုန် သို့မဟုတ် အလံဖြူ သူပုန်ရန် ကြောက်ရ၍ ဖြစ်သည်။

သူတို့က တစ်ရွာပြီး တစ်ရွာ ဝင်လုသည်။ တိုက်သည်။ ဆန်ဆီ၊ ငြုပ်၊ ကြက်၊ ဝက်၊ ဘဲပါ မကျန် သိမ်းသည်။ သူတို့ရန်ကြောက်လို့ ပြေးရသည့်ကြားထဲ ရှင်ဘုရင်သိန်းမောင်ခေါ် ဓားပြနှင့် ငမဲတို့လူစုကလည်း ကြားဖြတ်အချောင်ဝင်လုတိုက်ခိုက် လုယက်သေးသည်။

မြို့နှင့် ဝေးသည့်အရပ်မို့ ရဲလည်း မလာနိုင်။ စစ်တပ်ကလည်း မကယ်နိုင်။ သူတို့လည်း နီးရာရန်သူနောက်ကို လိုက်တိုက်နေရသည်။

နေဝင်သည်နှင့် အဖေက ကျွန်တော့်ကို ပခုံးပေါ်မှာ ခွထမ်း

www.burmeseclassic.com



ကျည်ခါးပတ်ကို လွယ်ကာ အခြားကာကွယ်ရေး ခြံအနေကြည့်ရှောင်နေရသည်။ အမေက အမနှစ် ညီလုပ်သူ မောင့်တရုတ်ကို ခေါ်၍ တောထဲမှာ ခွေးနက်ကျားနှင့် သွားပုန်းနေရသည်။

ပုန်းရတာ ကိစ္စမရှိ သူလိုကိုယ်လို ဓားပြရန် သူပုန်ရန်ကြောက်ပြီးလွှားပုန်းသူများက ဥဒဟို၊ ရွာလုံးကျွတ်။

ကျွန်တော့် ဗီဇကလည်း မကောင်း၊ ကျွန်တော်က အဖေမှအဖေရယ်၊ လူဖြစ်စကတည်းက အဖေ့ကို ချစ်ခဲ့ရသည်မှာ ပြေးနိုင်လွှားနိုင်သည့် အရွယ်ရောက်သည်အထိ ဖြစ်သည်။ ကျွေးရင်လည်း အဖေကျွေးမှ၊ သိပ်ရင်လည်း အဖေသိပ်မှ၊ အိပ်လျှင်လည်း အဖေနှင့်အိပ်ရမှ၊ ယုတ်စွအဆုံး အဖေလယ်ထဲသွားလျှင် ကန်သင်းရိုးမှာ ငုတ်တုတ်ထိုင်ပြီး အဖေ့ကို ကြည့်နေရမှ ကျေနပ်တဲ့သူ. . .

သို့ဖြစ်၍ ကျွန်တော်က အဖေနှင့် လုံးဝမခွဲနိုင်။ သွားလေရာပါသည်။

ရွာမှာ ကာကွယ်ရေးတပ်ဖွဲ့ဆိုတာ ရှိသည်။ တစ်ချက်ပစ် ကျည်တစ်ထောင့်ထိုး ရိုင်ဖယ်များ ကိုင်ထားကြသည်။ အမှန်က ကိုယ့်နည်းကိုယ့်ဟန်နှင့် လုပ်သည့် လုပ်သေနတ်များ၊ ၎င်းသေနတ်များက ရိုင်ဖယ်ကျည်ဆံထည့်၍ ပစ်လျှင် ပြေးအားရော ပေါက်ကွဲအားရော ကောင်းသည်။ ခက်သည်ကား. . . ဆက်တိုက်ပစ်၍ မရ။

ကျည်ဆံကို မြို့ဂါတ်မှ အကူအညီတောင်း၍ ရယူရတာ ရှိသလို ဟိုအဆက်အသွယ် ဒီအဆက်အသွယ်နှင့် ကိုယ့်ဖာသာ ဝယ်စုထားရတာလည်း ရှိသည်။

ဒီလို လုပ်သေနတ်ရှည် ရွာမှာ ဆယ်လက်ခန့်ရှိသည်။ တော်ရုံ ရန်သူဆိုလျှင် အဖေတို့ ကာကွယ်ရေးတပ်ဖွဲ့များက ပြန်လှန်ခုခံနိုင်သည်။





ကျွန်တော် မှတ်မိသေးသည်။

တစ်ညဲ ရွာထဲသို့ ဓားပြငမဲတို့အုပ်စု ဝင်မွှေသည်။ ရွာထိပ်မှာ ဝင်နေမှန်းသိသည်နှင့် ကာကွယ်ရေးဆယ်ဦးက လက်ဝဲဘက်ငါးဦး။ လက်ယာဘက် ငါးဦး လူစုနှစ်စုခွဲ၍ အသင့်နေရာ ယူထားလိုက်သည်။

ဓားပြတွေ တိုက်ပြီး ပြန်အထွက်မှာ လက်ျာဘက် ငါးဦးက လုပ်သေနတ်များဖြင့် တစ်ချက်ချင်း ဝိုင်းပစ်ကြသည်။ သေနတ်သံ ရှတ်တရက် ကြားလိုက်ထွက်ပေါ်လာ၍ ဓားပြများ လူစုခွဲပြီး ပြန်ပစ်ခဲ့ကြသည်။ ထိုအချိန်မှာလဲ. . . လက်ဝဲဘယ်ဘက် အဖေတို့ ငါးဦးက စိတ်ကြိုက်ရွေး၍ ပစ်ကြသည်။

အဲဒီလို ပစ်နေတုံး. . . စောစောက လက်ျာဘက်က ငါးဦးက ကျည်ဆန်ခွံအသစ်ထည့်ရသည်။ ထည့်ပြီးသည်နှင့် ပြန်ပစ်။ သူတို့ပစ်နေချိန်မှာ အဖေတို့ငါးဦးက . . . ကျည်ခွံထုတ်ပြီး ကျည်သစ်လဲ. . .

သို့ကလို. . . လူခွဲကျည်ထိုး၍ မှန်မှန်ကြီး ပစ်ကြသောအခါ ဓားပြများက ဒီရွာမှာ လက်နက်ကောင်းများစွာ ရှိသည်ဆိုကာ ပစ်ပြေးပစ်၍ ချက်ချင်း ပြေးကြတော့သည်။

သို့သော်. . . အဖေတို့ သေနတ်များသည် အလံနီ အလံဖြူ သူပုန်များနှင့် ကြုံရသောအခါ အလုပ်မဖြစ်တော့။ ဟိုက အဆယ်ချက်ပစ် ရိုင်ဖယ်များ၊ ဂျပန်စစ်သုံး လက်ကျန်ရိုင်ဖယ်များ နှစ်လုံးပူးသေနတ်များ၊ စတင်းဂန်း၊ ဘရင်းဂန်းများနှင့် ပစ်ကြသောအခါ ကိုယ့်သေနတ်ကို ဆွဲပြီး ပုန်းရှောင်ပြေးကြရတော့သည်။

မမိလိုက်နှင့် မိလိုက်လျှင် သူတို့က ရွာထဲမှာပင် အပြတ်ရှင်းလိုက်ကြ၏။ သို့ဖြစ်၍ ရွာသည် နေ့ရောညပါ မငြိမ်သက်ခဲ့။ ရွာသားတွေထဲမှာလည်း အနီကို ကြိုက်သူ. . . အဖြူကို ကြိုက်သူ ဖဆ



www.burmeseclassic.com

www.burmeseclassic.com



ပလက်ကို ကြိုက်သူ အုပ်စုများက ကွဲနေကြ၍ ဘယ်အချိန် သူပုန်က ကိုယ့်လာဖမ်းမလဲ. . . စိုးရိမ်နေရသည်။

သူပုန်ကလည်း လက်နက်ကို လိုချင်သည်။

တစ်ခါမှာ. . . အဖေက ကျွန်တော်ကို ထမ်းပြီး ပြေးနေရှောင်နေရသည့် အချိန် ကြခတ်ရုံတန်း၏ ဟိုဘက်နှင့် ဒီဘက်၊ လူကိုမမြင်ရသော်လည်း အသံများကို ကြားနေရသည်။ ကြခတ်ရုံတန်းရဲ့ ဟိုဘက်မှာက သူပုန်အုပ်စု၊ ဒီဘက်မှာက ကျွန်တော်တို့ သားအဖနှစ်ဦး. . . ကိုယ့်နောက် သူလိုက်၊ သူ့ရှေ့ ကိုယ်ပြေးနှင့် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေသည်။

သူတို့ ဆဲသံဆိုသံ ရိုက်နှက်သံများကိုပါ အတိုင်းသား ကြားနေရသည်။ အဖေသည် သူပုန်အချို့ကို ပစ်ခွင့်ကြုံခဲ့သည်။ ပစ်ရန်လည်း လုပ်ခဲ့သည်။ သို့သော် စဉ်းစားသည်။ သူတို့က အများ၊ ကိုယ်က တစ်ယောက်တည်း။

နောက်ဆုံး. . . ရိုင်ဖယ်သေနတ်ကို ငှက်ပျောတောထဲမှာ ဖွက်ခဲ့ပြီး ကျွန်တော့်ကိုငုံ၍ ရှောင်ထွက်သွားခဲ့သည်။ ကံဆိုးချင်တော့ ၎င်းသေနတ်ကို သူပုန်များက တွေ့သွားပြီး. . . နီးရာလူကို ပြဿနာရှာ၍ ရိုက်နှက်ပြီး ကျည်ဆံတောင်းတော့သည်။

အရိုက်ခံရသူကလည်း. . . ၎င်းသေနတ်သည် သူ့သေနတ် မဟုတ်ပါကြောင်း၊ မည်သူ့ သေနတ်လည်းဆိုတာ သူမသိပါကြောင်း ငိုယို၍ တောင်းပန် ပြောဆိုရှင်းပြခဲ့သည်။ သေနတ်ရှိလျှင် ကျည်ဆံရှိရမည်။ အဓိကက ကျည်ဆံပဲဖြစ်သည်။

သေနတ်ရှိတာကို သူပုန်က သိပ်ဂရုမစိုက်။ အရေးကြီးတာက ကျည်ဆံရှိနေတာ စိုးရိမ်ရသည်။ ဒီကျည်ဆံက သူတို့အားလုံးကို ဒုက္ခပေးနိုင်သည်။ ဖိစီးနှိပ်စက်နိုင်သည်။ သို့နှင့်တွေ့ရာ ဖယောက်ျားမိန်းမများကို ရိုက်နှက်ကန်ကျောက်ပြီး ကျည်ဆံထုတ်ပေးရန် အဓမ္မတောင်းဆို





သည် မရလျှင်. . . အားလုံးကို သတ်ပစ်မည်ဟု ကြိမ်းဝါးနေစဉ်–

"တုံ. . . တုံ. . . တုံ. . . တုံ. . . တုံ. . . တုံ"

"တောက်. . . တောက်. . . တောက်. . . တောက်"

"တုံ. . . တုံ. . . တုံ. . . တုံ. . . တုံ"

ဟိုးအဝေးမှ တုံးခေါက်သံများ ကြားလိုက်ရသည်။ အရိုက်ခံ၊ အသတ်ခံရမည့်သူများ ၎င်းတုံးခေါက်သံများကို ကြားလိုက်ရသောအခါ ရုတ်ချည်း ဝမ်းသာသွားကြသည်။ အကြောင်းကား သူပုန်များသည် တစ်ညလုံး မွေ့ချင်မွေ့မည်။ ဒါပေသည့် ၎င်းအချက်ပေး တုံးခေါက်သံ ကြားရလျှင်. . . ကြက်သားဟင်းနှင့် ထမင်းစားနေရသည့်တိုင် ၎င်းဟင်းပွဲထမင်းပွဲကို စွန့်ပစ် ဥပက္ခာပြုကာ ချက်ချင်းထပြေး ထပြန်ကြစမြဲဖြစ်သည်။

ဆိုလိုရင်းကား. . . ၎င်း အချက်ပေးတုံးခေါက်သံသည် သူတို့အထက်လူကြီးမှ ချက်ချင်းပြန်လာခဲ့၊ ရန်သူ (သို့မဟုတ်) အစိုးရလူများ ရောက်နေပြီဆိုသည့် သတိပေးအချက်ပေး တုံးခေါက်သံများပဲ ဖြစ်လေသောကြောင့်တည်း။

"ချွိ. . . ချွိ. . . ချွိ"

"ချွိ. . . ချွိ. . . ချွိ"

"ချွိ. . . ချွိ. . . ချွိ"

ခရာသုံးကြိမ်သုံးခါ မှုတ်သံကြားရသည်။ ရိုက်နှက်နေသည့် သူပုန်များ သေနတ်မောင်းကိုယ်စီတင်၍ ရရာပစ္စည်းကို သယ်ပိုးလွယ်ပိုးကာ ရွာတောင်ဖျား ထွက်ပေါက်ရှိရာသို့ ဒုန်းချီသွန်ကြတော့သည်။ အဲဒီတော့မှ အရိုက်ခံ၊ အသတ်ခံရမည့်သူများ အသက်ဘေးမှ ချမ်းသာရာ ရသွားခဲ့ကြသည်. . .

နာရီဝက်ကျော် တစ်နာရီခန့်ကြာတော့. . . ရန်သူများ အသံလုံးဝ မကြားရတော့။ သူကြီးအိမ်ဘက်မှ ဖွက်ထားသည့် မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထုသံကြားရသည်။ ပုန်းအောင်းနေကြသူများ ပုန်းရာမှ အလှို့လှို့သား တွဲလောင်း၊ သမီးတွဲလောင်း၊ ခြစ်ရာ ရှရာ ပွန်းရာ ဖုံအလူးလူး ညစ်ပေပေနှင့် ထွက်လာကြသည်။

လှည်းသူသံများ ပိုစိပ်လာကြသည်၊ ကလေးငိုသံများ လူကြီးရိုက်သံများကြားလာရသည်။ သူပုန်ဝင်လာတုံးက ဖင်ဒရွတ်ဆွဲနေသည့်ရွာခွေးများ ဟောင်သံကြားရသည်။ တောက်ခတ်သံများ . . . ကြိမ်းဝါးသံများ၊ မေတ္တာပို့သံများ ပို၍ပြင်းထန်လာကြသည်။

မကြာမီ ချောင်းစောက်ကျေးရွာမှ သူကြီးနှင့် ကာကွယ်ရေးများ ဆေးလုံးကြီးကျေးရွာမှသူကြီးနှင့် ကာကွယ်ရေးများနှင့်အတူ ကင်းလှည့် စစ်ကြောင်းရောက်လာသည်။ ကင်းလှည့်စစ်ကြောင်းမှ အရာရှိနှင့် သူကြီးတို့ အရေးပေါ်တိုင်ပင်ပြီး . . . ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရန်သူဆုတ်ခွာရာ လမ်းကြောင်းနောက်သို့ လိုက်ကြတော့သည်။

ရွာရိုကာလသားနှင့် သက်ကြီးများက ဓါးလုံ့ပေါက်ဆွများဖြင့် ရွာကိုလှည့်လည်၍ စစ်ဆေးနေချိန်မှာ . . . ပစ္စည်းပါသွားသူများက ငိုယိုကြသည်။ ညနေစာမစားရသေးသူများက. . . အမျိုးကောင်းသား သူပုန်များ မစားပဲချန်ထားခဲ့သည့် အေးစက်စက်ထမင်းကျန် ဟင်းကျန်များဖြင့် ထမင်းဝိုင်းဖွဲ့ပြီးနောက်. . . သူ့သတင်း ကိုယ့်သတင်းလှမ်းမေးပြီး ရင်တုန်စရာညများကို ဖြတ်ကျော်ခဲ့ရသည်။

♛ ♛ ♛



တစ်နေ့သောအခါ ဆရာလေးကိုလှမြိုင် အခုကွယ်လွန်သူက အမေ့ကို တိုးတိုးတိတ်တိတ်ကြိတ်၍ သတိပေးခဲ့သည်။ ဆရာလေးကို လှမြိုင်သည် ထိုအချိန်က ရွာမှာ. . . လူထုပညာရေးမှူးလည်း ဖြစ်သည်။ ဒေသန္တရမှူးဟု လည်းခေါ်သည်။

ဆရာလေးကို မည်သူကတာဝန်ပေး၍ ရွာရောက်လာသည်ကိုတော့ မည်သူမျှမသိ။ ဘိုကလေးနယ်ကရောက်လာသလိုလို၊ ဖျာပုံဘက်က ရောက်လာသလိုလိုပဲသိရသည်။ ဆရာလေးက အသားဖြူဖြူ အရပ်မြင့်မြင့် လူရည်သန့်။ တစ်ကိုယ်တည်း လူပျိုကြီး။ အင်္ဂလိပ်စာလည်း တတ်သည် သိပ္ပံပညာအကြောင်းလည်း စုံစုံစေ့စေ့သိသည်။

သူသည် ရွာကိုရောက်ပြီး မကြာမီ ဘုန်းကြီးကျောင်းမှာစည်းကာ ရွာကလေးအချို့ကို စာဖတ်သင်သည်။ ရွာမှာ စာသင်ကျောင်းရယ်လို့ ဟုတ်တိပတ်တိမရှိ။ သို့ဖြစ်၍ ဦးဇင်းကျောက်အိုးတို့ ကျောင်းမှာတည်းနိုပြီး. . . ဘုန်းတော်ကြီးများနှင့် တွဲကာစာသင်ပေးသည်။

ဆရာလေးကောင်းမှုကြောင့် ရွာက ကျွန်တော်တို့ အမများရော အခြားသူများပါ မြန်မာစာ ဗုဒ္ဓဘာသာ၊ သင်္ချာ၊ ပထဝီ၊ သိပ္ပံ. . . သည်တို့ကို အခြေခံမှစ၍ သိရှိနားလည်ခဲ့ရ၏။ ဆရာလေးကောင်းမှုကြောင့် ဗုဒ္ဓသာသာ ကလျာဏယုဝအသင်းမှ ဗုဒ္ဓဘာသာစာပေပြိုင်ပွဲမှာ ရွာက ကျွန်တော်အမကြီး မတင်မြနှင့် မအုန်းကြည် (ယခုပညာရေးငြိမ်း)တို့ ပထမဆုနှင့် ဒုတိယဆုတို့ရခဲ့သည်။ မအုန်းကြည်က ပထမဆုရသည်ဟု နောင်သိရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးသည် . . . အချိန်အားရသည်နှင့် . . . ရွာမှ လယ် သမားများရှိရာ တဲများသို့ လာလေ့ရှိ၏။ လယ်သမားများ စေတနာနှင့် ကျွေးသည့် ကန်စွန်းရွက် ချဉ်ရေဟင်း၊ ဆီမပါ ပြားမပါကို နှစ်ခြိုက်စွာ စားခဲ့၏။ ငပိစိမ်းစားနှင့် ငရုပ်သီးစိမ်းကို တို့၍ မြုတ်၍ မြိန်ရေယှက်ရေ စားတတ်ခဲ့သည်။

သို့ဖြစ်၍ ဆရာလေး ကိုလှမြိုင်ကို ရွာကချစ်ကြ၏။ ရိုသေ လေးစားကြသည်။ မြန်မာ့စွယ်စုံကျမ်းကို ဆရာလေးပြ၍ ကျွန်တော် တို့မြင်ခဲ့ရသည်။ ကျွန်တော်တို့က စွယ်စုံကျမ်းထဲမှ ဓါတ်ပုံများကို ကြည့် ပြီး စိတ်ဝင်စားနေကြသောအခါ . . .

"မောင်ခွေး"

"ခင်ဗျာ . . . ဆ . . . ဆ . . . ဆရာလေး . . .

ဆရာလေးက ကျွန်တော်တို့ကို 'မောင်ခွေး'ဟုပဲခေါ်လေ့ရှိ သည်။ 'မောင်ခွေးကား' ဆရာလေး ဘုန်းကြီးကျောင်းမှာ နေ့စဉ်သင် ပေးနေသည့် ဆရာကြီးမင်းသုဝဏ်၏ မောင်ခွေးဖို့ ကလေးကဗျာထဲမှ ဇာတ်လိုက်ဖြစ်သည်။

ဆရာလေးက 'ဆရာကြီးမင်းသုဝဏ်'ရဲ့ 'မောင်ခွေး'ကို အလွန်ချစ်သည်။ မောင်ခွေးကဗျာများကို ရွတ်ဆို၍သင်သည် သို့နှင့် ကျွန်တော်တို့ ကလေးများမှာ ဆရာလေးရဲ့ ချစ်စရာမောင်ခွေးများ ဖြစ်ခဲ့ရသည်။

ဆိုရလျှင်ဆရာလေး အဟောအပြောကောင်းမှု ဗဟုသုတ ဉာဏ်ရှိမှုများကြောင့် . . . လွတ်လပ်ရေးရပြီးစ ပြည်တွင်းမငြိမ်သက်မှု ရောင်စုံသူပုန်များအကြောင်းကို အဖေတို့တောသူတောင်သားများ ပို၍ နားလည်သိရှိခဲ့ရသည်။ နားမျက်စေ့ ပွင့်ခဲ့ရသည်။ ရောင်စုံနိုင်ငံရေး ပါတီများရဲ့ သဘာဝကို ပို၍နားလည် သဘောပေါက်ခဲ့ရသည်။

ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးသက်ရောက်မှုကို ရှင်းလင်းပြတ်သား





စွာသိခဲ့ရသည်။ ဆိုခဲ့သလို ပါတီနိုင်ငံရေးသြဇာများက . . . မြို့ပေါ်သာ မက ရွာထဲမှာပါ ဖုံးပွင့်ဝေစည်နေ၏။ ရွာထဲမှာ သန့်ရှင်းလည်း ရှိနေ၏။ တည်မြဲလည်းရှိနေသည်။ ရဲဘော်ဖြူလည်းရှိနေသည် ကွန်မြူနစ်လည်း ရှိနေ၏။

အလျှုမသာ စကားဝိုင်းဆုံလျှင် အာဘောင်အာရင်းဖြင့် ငြင်း ရင်းနှင့် စကားများကြ ရိုက်ကြနှက်ကြ ဆဲရေးကြသည်လည်း ရှိ၏။ ပြဿနာရှိလျှင် ဆရာလေးက ကြားဝင်ဖြန်ဖြေရ၏။ ကြာတော့ဆရာ လေးကို မုန်းကြ၏။

အရောင်သမားများက ဆရာလေးကို ထင်ကြေးဖြင့် ဘွဲ့တံဆိပ် အမျိုးမျိုးတပ်ကြသည်။ အနီတဲ့၊ အဖြူတဲ့၊ ပန်းရောင်တဲ့၊ အစိုးရအက် သားတဲ့ ဆရာလေးက သာမန်လူပါ၊ ကျောင်းဆရာဖြစ်သူပါဟု ပြော ခဲ့သည် ချည်းပင်ဖြစ်၏။

"မောင်ခွေး ဒီစာအုပ်ထဲက အကြောင်းတွေကို သိချင်သလား"

"ဟုတ် . . . ဟုတ် . . . ကဲ့"

"ဒါဘာစာအုပ်လဲ သိလား"

"စွယ်စုံကျမ်းလို့ ခေါ်ပါတယ်ခင်ဗျာ"

"ဟုတ်တယ်ဒါကို စွယ်စုံကျမ်းလို့ခေါ်တယ် . . . "

အဲဒီ ကျမ်းထဲမှာ မြန်မာနိုင်ငံက အပင်တွေအကောင်တွေ ဆရာဝန်တွေနဲ့ စာအကြောင်းတွေရော ရေးထားတယ်။ အဲဒါကို သိချင်ရင် ဖတ်ချင် နားလည်ချင်ရင် . . . စာတတ်အောင်သင် ဆရာလေးကျောင်းကို နေ့တိုင်းလာ . . . ဆရာလေးစာသင်ပေးမယ် ကြားလား"

"ဟုတ်ကဲ့ . . . ခင်ဗျ"

ဒီလိုဖြင့် ဆရာလေး စာသင်ကျောင်းကို ကျွန်တော်တို့အား အုံ ချစ်ခဲ့ရသည်။ ဆရာလေးကို အားကိုးလေးစားခဲ့ကြသည်။ ဆရာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေးသည် အိမ်တိုင်းစေ့ကို ရောက်အောင်သွားခဲ့၊ လူတိုင်းနှင့် တည့်အောင် ပေါင်းခဲ့၏။ ဘယ်ပါတီနိုင်ငံရေးအသင်းနှင့်မျှ အတိုက်အခံမလုပ် အလိုက်အထိုက် ဆက်ဆံသည်။ အဲဒီလို လိမ်မာပါးနပ်စွာ နေထိုင်ခဲ့လို့လားမသိ ဆရာလေးကို တော်ရုံနှင့် ရန်မရှာခဲ့။ စောင်းပါးရိပ်ခြေ သတိပေးတာပဲရှိခဲ့သည်။ သည်လိုဖြင့် ဆရာလေးရွာထဲမှာ အတော်ကြာသည်။

ဆိုခဲ့သလို တစ်နေ့ ဆရာလေး အဖေ့ဆီကို ရောက်လာခဲ့သည်။

"ဆရာလေး . . . ထမင်းဝင်စား . . . "

"မစားတော့ဘူး . . . ဦးသာဟန် . . . စားစား"

သို့နှင့်အဖေတို့က ဆရာလေးအတွက် လက်ဖက်သုတ်နှင့် ရေနွေးကြမ်း တည်ခင်းပေးသည်။ ဆရာလေးသည်၊ အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ စစ်သားများလို နံနက်တိုင်း ကိုယ်ကာယ လေ့ကျင့်ခန်းပဲ လုပ်လေ့ရှိသည်။

စားသောက်ပြီးသောအခါ စကားဝိုင်းဖွဲ့ကြသည်။

"ဦးသာဟန်ကို ကျွန်တော်ပြောစရာရှိလို့ဗျ"

"ပြောစရာရှိလို့ . . . ဘာများပါလိမ့် ဆရာလေးရယ်"

"ဒီမှာ, . . အနားကို ကပ်ပါအုံး"

အဖေက ဆရာလေးအနားကို တိုးကပ်လိုက်သည်။ အမေကလည်း ငုံ့လင့်နေသည်။ ကျွန်တော်တို့ကလည်း ဘာမှန်းမသိ ညာမှန်းမသိ လူကြီးများ စတိုင်ဟန်ပန်နှင့် နားစွင့်နေလိုက်ကြသည်။

ဆရာလေးက အဖေကြားရုံမျှသာ တိုးတိုးလေး နားနားကပ်၍ ပြောလိုက်သည်။ အဖေက မျက်နှာညိုးငယ်သွားပြီး အဝေးကို ငေးကြည့်နေသည်။

"မြန်မြန်လုပ် ကြားလား . . . ကိုယ့်မှာ ကလေးတွေ





များတယ်။ အခြေအနေ ခြေခင်းလက်ခင်းသာမှ ပြန်လာခဲ့ကြပေါ့ ကြားလား"

"ဟုတ် . . . ဟုတ် . . . ကဲ့ ဆရာလေး"

သည့်နောက် စကားလမ်းကြောင်းလွှဲလိုက်ပြီး ကျွန်တော်တို့မောင်နှမများကို မဟာဝုဒ္ဓဝင်ထဲက ဇာတ်လမ်းအချို့ ပြောပြသည်။ အတန်ကြာတော့မှ ပြန်သွားခဲ့သည်။ နောက်တစ်ပတ် ကြာသောအခါ ကျွန်တော်တို့မိသားစု မြို့ပေါ်သို့ပြောင်းရွှေ့နေခဲ့ကြသည်။ မြို့နှင့် ရွာသည် နေ့ဝက်ခန့် လှည်းစီး၍ ခရီးသွားရသည်။ မိုးတွင်းဆို လှေစီး၍သွားရသည်။ မြို့ပေါ်မှာ အဖေ့ညီ ဦးလေးသာညွှန့် ရှိသည်။ မြို့ကလည်း မြို့ မည်ကာမတ္တပဲ ရေနံချက်စက်ကို အင်္ဂလိပ်ပိုးစာမိထား၍ မြို့ကကျင်းနှင့် ချိုင့်ကြီးဖြစ်သည်။ ဘီ၊အို၊စီ ရေနံချက်စက်ရုံကို အနည်းငယ် ပြန်လည်ထူထောင်၍ လည်ပတ်နေရသည်။ ဘီ၊အို၊စီ (B O C)ရေနံချက်စက်ရုံသည် ဂျပန်အဝင် အင်္ဂလိပ်အပြေးမှ မြေလှန်စနစ်ဖြင့် အင်္ဂလိပ်ကမိုင်းထောင်ပြီး ဖောက်ခွဲသွားသဖြင့် အကုန်လုံးနီးပါးပြိုကျကာ ပျက်စီးနေ၏။ ဂျပန်လေယာဉ်ပုံးစာမိထားဖူး၍ မြို့ကလည်း မီးလောင်ငုတ်တိုဖြင့် တောရိုင်းကြီး။ လွတ်လပ်ရေးရပြီးသော်လည်း အကွဲအပြဲခေတ်မို့ ပြန်လည် ထူထောင်ရေးကို ဟုတ်တိပတ်တိ ဘာမျှမလုပ်နိုင်သေး ။

ဦးလေးက . . . မြေရှင်ချစ်တီးကုလား သူဌေးထံမှ ခြံကွက်ကြီးတစ်ကွက် ဝယ်ထားသည်။ ပေလေးဆယ် ပေခြောက်ဆယ် အကွက်(၂၀)စာခန့်ရှိသည်။ ထိုခြံကို အဖေ့အား ထိုခေတ်ငွေ (၅၀၀) ခန့်ဖြင့် ပြန်ရောင်းသည်။

အဲဒီအချိန်က ဆီတစ်ဆယ်သားမှ ပြားသုံးလေးဆယ်ပဲ ပေးရသည်။ ငါးသေတ္တာဘူးကြီးတစ်ဘူးကို တစ်ကျပ်နှင့်ငါးပြား သမဆိုင်မှာ ဝယ်လို့ ရသည်။ မုန့်ဆီကြော်ကြီးတစ်ခုမှ ငါးပြားမှ ဆယ်ပြား၊ ကလေးဝတ် ပုဆိုးတစ်ထည် လွန်လွန်ကျွံကျွံတစ်ကျပ်။ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက် တစ်မတ်၊ ရွှေတစ်ကျပ်သား (၁၅)ပဲရည်မှ (၃၅)ကျပ်။ ဝီလီဂျစ်ကားတစ်စီး ထောင့်ငါးရာကျပ်မျှရှိပြီး၊ ငကြို မီးဒုံးဆန် တစ်ပြည်ငါးမူးခန့်သာရှိသည်။ ငွေတန်ဘိုးက အလွန်ကောင်း၏။

ဦးလေးတို့က အခြားကို ပြောင်းသွားခဲ့ပြီ။ သို့နှင့် လယ်ထဲ မိုးထဲ လေထဲ . . . နှစ်ပေါင်းများစွာ ကျွဲနွားနှင့် ရုန်းကန်လှုပ်ရှားခဲ့ သည့် အဖေသည် ငါးဧကေ ခြောက်ဧကခန့်ရှိသော တောရိုင်းခြံမြေ ကြီးကို သူ့ယောက်ခမ (ကျွန်တော်တို့ အဘိုး အမေ့အဖေ) အဘိုး ဦးဘိုးအုန်းနှင့် ဓားတစ်ယောက်တစ်လက်ကိုင်ပြီး ရှင်းကြတော့သည်။

ဖွဲနုဘဲကြီးလှသော အဖေနှင့် အဘိုးတို့လုံ့လကြောင့် တော ရိုင်းကြီးသည် တောင်ယာစိုက်လို့ရသည့် ခြံကြီးအဖြစ်သို့ များမကြာမီ ရောက်ရှိလာခဲ့သည်။

မြေတွင်းတူးလိုက်သည်။ ခြံခတ်လိုက်သည်။ မာလကာ၊ သ ရက်၊ သစ္စာပန်း၊ မုန့်ညှင်း၊ မုံလာ၊ နံ့ကိုဥ၊ ဂေါ်ဖီပန်း၊ ချဉ်ပေါင်အမျိုးမျိုး၊ ဗူး၊ ဖရုံ၊ သခွား၊ အာဒါလွှတ်၊ ပဲလင်းမြွေ၊ ပိလောပီနံ၊ ခရဲ စသည့် အကုန်စိုက်သည်။

ဖြစ်လိုက်သမှ ဟီးဟီးကို ထလို့။

ဒီအချိန်မှာ ဆေးလုံးကြီးရွာမှ သတင်းဆိုးများကို ကြားရ တော့သည်။ ရွာနှင့် ဝန်းကျင်တစ်ဝိုက်မှာ . . . ရောင်စုံသူပုန်များနှင့် တပ်မတော်တိုက်ပွဲများ အကြီးအကျယ်ဖြစ်နေသည်တဲ့ သူပုန်တွေလည်း သောက်သောက်လဲသေသည်။ တိုင်းဖျက်ပြည်ဖျက်များလည်း အဖမ်းခံ ရသည်။ ရွာစည်း မီးတဟုန်းဟုန်းတောက်ခဲ့ပြီး ပြည်ပျက်သလို ဖြစ် သွားသည်။

(မကြာမီနောက်ပိုင်း ရွာဟောင်းနှင့် ရွာသစ်အမည်နှစ်ခုနှင့် ဖြစ်ပေါ်လာခဲ့၏) ဤသတင်းဆိုးကို ရွာဝ ခြေးလာကြသူများက ပြောပြကြသည်။ အဖေနှင့်အမေမှာ ရွာမှာကျန်ခဲ့ကြသည့် အမျိုးများနှင့်





ဆရာလေးသတင်းကို မေးရင်းမြန်းရင်း နားစွင့်ရင်း ရင်တမမ . . . မျက်ရည်တရွှဲရွှဲ။

ရောင်စုံသူပုန်များနှင့် တပ်မတော် သတင်းသာမက . . . ကိုယ့်အချင်းချင်းတိုက်သည့် သတ်သည့်သတင်းများကိုလည်း စိတ်မ ကောင်းစွာ တုန်လှုပ်စွာ ကြားရသည်။

အမေဒီမှာ သူ့မောင်ဝမ်းကွဲ . . . လှသင် အတွက် စိုးရိမ် သွားခဲ့ရသည်။ ဒီမောင်လေးကို အမေကချစ်သည်။ အမေတို့မှာ မိန်းမ သားချည်းရယ်။ မမေကမြရည် အကြီးမ၊ ကြီးတော်က လှကြည်။ဒေါ် လှကြည်က မြို့ပေါ်မှာ အိမ်ထောင်ကျနေတာကြာပြီ . . . အငယ် အဒေါ်မနုရည်က ရွာမှာပဲဆုံးသွားခဲ့သည်။

သို့ဖြစ်၍ မောင်တစ်ဝမ်းကွဲ လှတင်ကို မောင်အရင်းလိုချစ် ရှာကြသည်။ ခက်သည်ကား ဦးလှသင်(မောင်လှသင်)သည် နိုင်ငံရေး ခေတ်ဆိုးမှာ အနေမတတ်ခဲ့။ ကွန်မြူနစ်ဖြစ်သွားခဲ့သည်။

အမေတို့က စိုးရိမ်၍ တားရသည်။ ဘုရားရိုက်မည်။ ကျကြီး ထိုက်ပါမည်ဟု ဝိုင်းဆုံးမသော်လည်း မှိုင်းမတိုက်ပါနဲ့မျှာဟု . . . ဆန့်ကျင်ခဲ့သည်။

အငိုက်အလစ်စောင်း၍ တိုက်နေကြသည်။ ၄င်းတိုက်ပွဲများ လည်း ဟံသာဝတီအရှေ့ခြမ်းခေါ်သည့် သန်လျင်၊ ကျောက်တန်း၊ ခ ရမ်း၊ သုံးခွ၊ ပဲခူး၊ ပင်လယ်အထိ ပြန့်ကျဲနေသည်။ နိုင်ငံရေး ယုံ ကြည်ချက်နှင့် အယူအဆ လေတိုက်ပွဲ၊ ကျည်ဆံတိုက်ပွဲများအကြား အပြစ်မဲ့ပြည်သူများ ရွာသား၊ လယ်သမား၊ ယာသမားများ အလူး အလိမ့် တိုးခံနေကြရသည်။ အချင်းမြှုပ်ရာ ရိုးမြေကျနေရာ ဓါးမဦး ချနေခဲ့ရာ ဒီရွာဒီမြေ ဒီရေကို အစွဲလမ်းကြီးနှင့် ချစ်ခဲ့သော ရိုးသားသည့် တောင်သူနှင့် လယ်သမားများသည် နီးရာဓားကို ကြောက်ခဲ့ရတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သေနတ်ပြောင်းဝရှေ့မှာဖြစ်ဖြစ် 'ဟုတ်ကဲ့ကို' ရှေ့လဲနှင့် အျှင်းသုံးရှင်း အလှူခံသမျှ စုပုံပေးဆပ်ကာ နက်ဖန်မနက်ထွက်မည် နေရောင်မြင်ခွင့်ရရေးကို မျက်စေ့မှိတ်ခါးစည်း ကုန်းရုန်းခံစားခဲ့ရသည်။

တစ်နေ့ထူးဆန်းသော အဖြစ်အပျက်တစ်ခုကို အမေတို့ကြုံရသည်။ တစ်ည အိမ်မက်ထဲမှာ အမေ့မောင် ဝမ်းကွဲဦးလှသင်က အိမ်မက်လာပေးသည်။ သူ့တစ်ကိုယ်လုံးသွေးသံရဲရဲနှင့် . . . သူတစ်ကိုယ်လုံးမှာ စုတ်ပြတ်လို့။

"အမ . . . အှမ"

"ဟင် . . . မောင်လေး . . . အမလေး ဘယ်လိုဖြစ်လာတာလဲ မောင်လေးရဲ့" အမက အနိုင်နိုင်လျှောက်လာပြီး လဲကျနေသည့် ဒဏ်ရာဗလပွ သွေးသံရဲရဲနှင့် မောင်လုပ်သူကို ပြေးပွေ့ပြီးဖက်၍ ငိုသည်။

'မောင်လေး . . . မောင်လေး . . . မင်း . . . မင်း ဘယ်လိုဖြစ်ရတာလဲ ဟင်း . . . ဟင်း . . ."

"ကျွန် . . . တော် . . . မ . . . မနေ . . . ရ ရတော့ဘူး။ ကျွန်တော် . . . သွား . . . သွား . . . ရတော့မယ် အား . . . ကျွတ် . . . ကျွတ် . . . အား . . . အ . . . အ"

"မင်းဘယ်မှ . . . မသွားရဘူး . . . မောင်လေး . . . မ သွား . . . ရဘူး . . . ဟီး . . . ဟီး . . . ဟီး . . ."

"အှမ . . . ကျွန်တော့် . . . ကို . . . လာ . . . တွေ့ ပါ . . . ကယ် . . . ပါ . . ."

"ဟဲ . . . အခု . . . တွေ့နေပြီလေ . . . မောင်လေးရဲ့ မင်းဘာတွေ ပြောနေတာလဲ"

"ကျုပ် . . . ကျုပ် . . . ခဏ . . . လာ . . . တာပါ ဗျာ။ အ . . . မ . . . အ . . . မ . . ."





"မောင် . . . မောင် . . . လေး . . ."

"အ . . . ရှေ့ကွင်းက . . . လက်ပံ . . . ပင် . . . အောက်ကို . . . လာ . . . ခဲ့ . . . ပါ . . . ကျုပ် . . . ကျုပ် သွား . . . သွား . . . တော့ . . . မယ် . . ."

သူဟာ သို့ကလို ပြောပြီး . . . သွေးသံရဲရဲ ဒဏ်ရာများနဲ့ အိမ်ပြင်ခြံပြင်ကို တစွတ်ထိုး ပြေးထွက်သွားခဲ့သည်။ အမက နောက်မှ ပြေးလိုက်ရင်း . . . မောင်လေးပြန်ခဲ့ . . . ပြန်လာခဲ့ . . . ဟု အားကုန်အော်ဟစ်၍ ခေါ်သည်။

အမေရဲ့ စူးစူးဝါးဝါး ရင်ကွဲရင်နှင့် အော်လိုက်သံများကြောင့် အဖေရော . . . ကျွန်တော်တို့ရော အိပ်နေရာမှ အားလုံးနိုးလာခဲ့ကြသည်။ အမေ အိမ်မက်မက်နေခြင်းရယ် . . . အမေက အိမ်မက်အကြောင်းကို ပြန်ပြောရင်း . . . ရင်ကိုဖိကာ နိမိတ်များမကောင်းဟု ဆိုသည်။ မိုးလင်းရင် ရွာကို သွားကြမည်ဟု ပြော၏။

သို့နှင့် မိုးလင်းသောအခါ . . . အဖေနှင့်အမေတို့ ရွာကို ရောက်အောင်သွားခဲ့သည်။ ရွာသည် မီးလောင်ငုတ်တိုများဖြင့်လည်းကောင်း . . . မီးခိုးငွေ့ငွေ့ဝေ့ဝေ့များဖြင့်လည်းကောင်း ပျက်နေ၏။ ရွာထဲမှာ သေနတ်သံများ ဆိတ်သုဉ်းသွားခဲ့ပြီး . . . မျက်ရည်များက ပင်လယ်ဖြစ်နေ၏။

လူတိုင်းနီးပါး ကျောဗလာ ဝမ်းဟောင်းလောင်းဖြစ်နေကြသည်။ အချို့က တိရိစ္ဆာန်အသေများကို မြုပ်ရန်ပြင်နေကြသည်။ သုသာန်မှာလည်း ဘုန်းကြီးများ အနားမနေရ။

ရွာရောက်တော့ . . . အမေတို့က အမျိုးများကို လိုက်ရှာသည်။ အချို့ကို တွေ့ရသည်။ တချို့က ဟိုရွာဒီရွာဝန်းကျင်သို့ ရှောင်တိမ်းပြေးကုန်ကြပြီ . . .

သည့်နောက် ဦးလေးလှသင်သတင်းကို မေးကြသည်။ မည်သူ



www.burmeseclassic.com

www.burmeseclassic.com



မှု တုတ်တီးမတ်တီ မပြေနိုင်ကြ။ ပြေနိုင်သူက တစ်ဦးပဲရှိသည်။ အဲဒါ က. . . မကျိုင်းကြီး. . .

"ငါ. . . ကြားလိုက်ရတာက. . . ညသန်းခေါင်းကျော် လောက်မှာ ကိုလှသင်တို့အုပ်စုကို လက်နက်ကိုင်လူတစ်စု သေနတ် တွေနဲ့ ချိန်ပြီး ခေါ်သွားတာပဲအေ့၊ ခေါ်သံအော်သံ ကြိမ်းဝါးသံတွေကို အတိုင်းသား ကြားနေရသည့်. . . သည့်နောက် မရဲတရဲနဲ့ ချောင်း ကြည့်တော့. . . ဘာယူနီဖောင်းလဲတော့ မသိဘူး. . . လူတစ်စုက ကိုလှသင်တို့ကို ကြိုးတုတ်ပြီး. . . ဟိုး အရှေ့ဘက်ကို ခေါ်သွား တာပဲ. . . မိုးလင်းကာနီး. . . ကွင်းအပြင်ကနေ သေနတ်သံတွေ ကြားရတယ်။ ဒါပေမဲ့ ဘယ်သူမှ အဲဒီဘက်ကို သွားမကြည့်ရဲကြဘူး"

မကျိုင်း စကားဆုံးတော့. . . အမေ အံကို ကြိတ်ထား လိုက်သည်။

"အဲဒီ အရှေ့ကွင်းကို အခုသွားကြည့်ကြမယ်"

"မလုပ်နဲ့. . . မြရည်"

"သွားမယ်. . . ငါ့မောင် သေလား ရှင်နေသေးလား။ ငါ သိချင်တယ်"

"မရဲနဲ့ မြရည်. . . တော်ကြာ အကုန်လုံး အသတ်ခံနေရ မယ်"

ရွာက အမျိုးများက ဝိုင်းတားကြသည်။ အမေကလည်း ဖွတ် မှဖွတ်တဲ့၊ နောက်ဆုံး ရွာထဲမှ. . . သတ္တိကောင်းကောင်း လူရွယ် သုံးလေးယောက်ကို အဖော်ပြုကာ အဖေတို့ အမေတို့ အရှေ့ကွင်းရှိရာ သို့ ထွက်လာခဲ့လိုက်ကြသည်။

တစ်နာရီနီးပါးခန့် ရိုးပြတ်များ လယ်ကွင်း၊ လယ်ကန်သင်း ရိုးများ၊ ပတ်ကြားအက် ချောင်းကောများကို ဖြတ်ကျော်ပြီးသောအခါ ကျိုးကန်းနှင့် လင်းတများ ဝဲနေသည့်နေရာကို စတင်တွေ့ရှိခဲ့ကြသည်။





ကျိုးကန်းများနှင့် လင်းတများက တစ်စုံတစ်ခုကို ဝိုင်းအုံ ထိုးဆိတ်ရန် ပြင်နေစဉ် လူစုကို မြင်လိုက်သောအခါ ခပ်လှမ်းလှမ်း သစ်ပင်ပေါ်သို့ ဝုန်းကနဲ ဝါးအားအော်၍ ပျံသွားကြပြီး အသံပေး၍ စောင့်ကြည့်နေကြသည်။

ထိုနေရာသို့ အဖေတို့ အပြေးသွား၍ ကြည့်လိုက်ကြသည်။

"ဟာ. . . လှဆောင်ကြီးပါလား"

"အမလေး. . . တော့"

အမေက ကျည်ဆံရာ ဗလပွနှင့် သေဆုံးနေသော. . . ကိုလှဆောင်ကို မြင်လိုက်ရသောအခါ လန့်၍ အော်လိုက်သည်။

"ဟေး. . . ဟိုမှာလည်း တစ်ယောက်ဟ. . ."

"ဘယ်သူတုံး. . . ကိုသာဟန်. . ."

"နေအုံး. . . ဟာ. . . ဖိုးတုတ်ပါလား"

"ကြည့်ပါအုံးကွ. . . အသက်ရှိသေးရဲ့လား"

ဖိုးတုတ်လည်း အသက်မရှိတော့ပါ. . . လည်ချောင်းမှာ သေနတ်ကျည်မှန်၍ ပြတ်လုတဲတဲပဲ ကျန်တော့သည်။ သွေးမည်းများက ပတ်ကြားအက်လယ်ကွက်ထဲသို့ ချောက်ကပ်စွာ စီးဝင်ပြီး မာနေပြီ မြင်ရသူတိုင်း စိတ်မသက်သာကြ. . . မျက်ရည်ကျကြရသည်။

"လှသင်ကို ရှာပါအုံးဟေ့. . . လှသင်ရေ. . . မောင် လေး. . . လှ. . . သင်"

အမေ အရူးမကဲ့သို့ ဟိုပြေးဒီပြေး ပြေးရင်း မောင်ဝမ်းကွဲ ရဲ့ အမည်ကို တကြော်ကြော်အော်ခေါ်သည်။ ကျန်လူများကလည်း လူ ဖြန့်၍ အနီးဝန်းကျင်မှာ လိုက်ရှာကြသည်။

"အီ. . . အီ. . . ဟင်း. . . ဟင်း. . . အင်–အင်"

"ဟင်း. . . ဟင်း. . . အီး. . . အီး"

မကြာခင် ညည်းသံတစ်ခုကို ကြားလိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . နားထောင်ကြစမ်း . . . လူညည်းသံနဲ့တူတယ်"

ဦးဖိုးစည်က နားစွင့်ရင်း လှမ်းအော်လိုက်သည်။ အားလုံးငြိမ်၍ အသံလာရာအရပ်ကို မျက်လုံးကစား နားစွင့်လိုက်ကြသည်။

"တောင်ဘက်ကနဲ့ တူတယ်ကွ . . ."

"မဟုတ်ဘူးဗျ . . . အနောက်ဘက်က နေမယ် . . . လေက အနောက်က ဝေ့နေတာ"

"အီး . . . အီး . . . အင်း . . . အင်း . . . ရေ ရေပေး . . . ပါ"

"ဟုတ်တယ်ဟေ့ . . . အနောက်ဘက် လက်ပံပင် နားကကွလာဟေ့"

ဦးဖိုးစည် ခေါ်ရာနောက်သို့ အားလုံး အပြေးလိုက်ကြပြန်သည်။ ခြေလှမ်းတစ်ရာ နီးပါးခန့်ရောက်တော့ တွေ့လိုက်ရပါပြီ–

"ဟာ . . ."

"အမလေး . . . ဗျ"

"အမလေးတော့"

"အို . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

မြင်လိုက်ရသည့် မြင်ကွင်းကား စိတ်မသက်သာစရာတည်း၊ ပါးစပ်မှ ဝေဒနာကို ညည်းညူရင်း . . . ရေ . . . ရေ ဟုသာ တွင်တွင်တောင်းနေသည်။

"မောင်လေး . . . မောင်လေးရဲ့ . . . ဟီး ဟီး ဟီး ဟီး"

အမေက သူ့မောင်ရဲ့ ခန္ဓာကိုယ်ကို ဖက်၍ ငိုသည်။ ဦးလေးလှသင်ကား သွေးသံရဲရဲနှင့် နောက်ဆုံးထွက်သက်ကို စောင့်နေရှာသည်။

"ယောက်ဖ . . . ယောက်ဖ . . . လှသင်"

အဖေက အသာလှုပ်၍ ခေါ်သည်။

စိတ်ကူးသစ်စာပေ



"မောင်လေး . . . လှသင် . . . လှမိုက်ကြီးရေ လှမိုက်ကြီးရေ . . . ဟီး"

"ကို . . . လှသင်၊ ကိုလှသင် . . ."

"အင် . . ."

"ဟော . . . သူ သတိရနေသေးတယ်"

"မောင်လေး . . . လှသင် . . . မောင်လေး . . . အမလေး . . . အမမြရည်လေ . . . မြရည် သိရဲ့လား"

"အင်း . . . ရေ . . . ရေ . . ."

"ရေ . . . ဘယ်သူ့မှာ ပါလဲဟေ့"

"ပါတယ်ဗျ . . . ရော့ . . . ရော့"

စိန်ကြီးက ဖူးခါးခြောက်ရေဘူးကို ကပျာကယာကမ်းပေးလိုက်၍ အဖေက အသာခေါင်းကိုပွေ့ပြီး ရေတိုက်လိုက်သည်။ ဦးလှသင်ရဲ့ ညာလက်က လှုပ်၍ မြှောက်ချင်သလိုလို ဖြစ်လာသဖြင့် အမေက သူ့မောင်ရဲ့လက်ကို လှမ်းကိုင်လိုက်သည်။ ဦးလှသင်က အားကုန် ညှစ်လိုက်ရာ အမေ့မျက်နှာ ရှုံ့သွားခဲ့သည်။

"မောင်လေး . . . သတိ . . . ရ . . . ပြီလား"

"အင်း . . ."

"အမတို့ . . . မောင်လေးကို . . . လာကယ်တာ"

"မ . . . မ . . ."

"မောင်လေး"

"ကျုပ် . . . မှာ . . . မှား . . . တယ်ဗျာ . . . အင့်"

"မောင် . . . လေး"

"ဟာ . . ."

"သွားပြီကွာ . . ."

"တောက် . . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွပ် မှားတယ်ဗျာ" လို့ ပြောရင်း ဇက်လန်ကျသွားသည်။ ဆုပ်ထားသည့် လက်ကား မပြည်ခဲ့၊ အမေက မောင်လုပ်သူအလောင်းကို ဖက်၍ငိုသည်။ ရှိုက်၍ငိုသည်။ ငယ်ပေါင်းသူငယ်ချင်းများက တောက်ခတ်ကြသည်။ ညတာပေးခဲ့သည့် အိပ်မက်သည် အခုတော့ ဒက်ထိမှန်ခဲ့ပြီ၊ အိပ်မက်ထဲမှာ မောင်လေးက အရှေ့ကွင်းက လက်ပံပင်အောက်ကို လာခဲ့ပါဟု ပြောသွားခဲ့သည်။

ခုတော့ မောင်လေးက လက်ပံပင်အောက်မှာ အမကို နှုတ်ဆက်ဖို့ စောင့်နေခဲ့သည်။ သူချစ်သော အမလက်ပေါ်မှ အသက်ထွက်သွားခဲ့သည်။ အားလုံးက စိတ်မကောင်းခဲ့ကြသော်လည်း ဦးလှသင်ရဲ့ ဘုရားမဲ့ဝါဒ၊ တရားမဲ့ဝါဒ၊ သံဃာမဲ့ဝါဒ၊ ရုပ်ဝါဒ စရိုက်ဆိုးရဲ့ အကုသိုလ်အမှုကံကို ခုတော့ သူတိုက်ရိုက်ခံစား သွားခဲ့ရပြီဟု ဝေဖန်စကား ဆိုကြသည်။

နောင်အခါ . . . အမေက ဤအကြောင်းအား ကျွန်တော့်ကို ပြန်ပြောပြခဲ့သည်။ ဒီတုံးက မှတ်မှတ်ရရ နှစ်ခုရှိခဲ့သည်။ ရတနာသုံးပါးကို စော်ကားခဲ့လျှင် . . . လက်ငင်းမှုချ ကံကြီးထိုက်သည် ဆိုသည့်ဘာဝနှင့် သေလုမြောပါး . . . နှစ်မြောနေသည့် မနောဝိညာဉ်သည် ထူးဆန်းစွာ အိပ်မက်အသွင်နှင့် လာရောက်ပြီး . . . သူ ဘယ်နေရာ ဘာဖြစ်နေသည်ကို နိမိတ်ကြိုလာ၍ ပြောနိုင်ခဲ့ခြင်း အကြောင်းပဲ ဖြစ်လေသည်။

❦ ❦ ❦

## တစ္ဆေကျိုင်းလား ရေနံချေးခပ်သမားလား

ပြောရလျှင်တော့ မြို့ဟုမည်ကာ မတ္တခေါ်၍ ရမွယ်ရှိသည့် ဤတောခြုံပတ်လည် ဝုံးကျင်းနှင့် စစ်တူးမြောင်းများ ဥဒဟိုရှိနေသည့် ရပ်ကွက်ကို ရောက်မှ ကျွန်တော်တို့ မိသားစု သောကငြိမ်းအေးစွာ စည်းပွားရေး ဖွံ့ဖြိုးခဲ့သည်။

ယာလုပ်ငန်း ကောင်းခဲ့၍ ဝင်ငွေလည်း ကောင်းခဲ့သည်။ ဤအရပ်မှာ သေနတ်သံ မကြားရ။ တပ်လှန့်တုံး၊ တပ်ခေါက်တုံး ခေါက်သံ မကြားရ။ ကိုယ့်အထုပ်ကိုယ်ပိုက်ပြီး နေဝင်သည်နှင့် ကျင်းထဲ ဝင်ပုံးရသည့် ဒုက္ခဆင်းရဲမှ ကင်းဝေးသွားခဲ့သည်။

ဆရာလေး ဦးလှမြိုင်ပြောသည့် စကား အလွန်မှန်လှသည်။ ရွာသည် လုံးဝကို ပျက်သွားခဲ့ပြီး . . . အတန်ကာလကြာမှ ရွာသစ်ကို ပြန်တည်ကြရသည်။ ရွာကို မစွန့်နိုင်သူများမှအပ . . . အတွင်းအထည်လေးရှိသူများက . . . ကုန်းတန်း၊ မြယာရိုး၊ ဘုရားကုန်း၊



www.burmeseclassic.com

www.burmeseclassic.com



ထမလုံ. . . စသည့် ကားလမ်းနှင့်နီးသည့် ရွာများကို ပြေးရွှေ့သွားကြသည်။

တစ်ခု ကောင်းသည်ကား . . . ရွာမြေဝန်းကျင်မှာ လက်နက်ကိုင်ရောင်စုံ သောင်းကျန်းသူများ လုံးဝကင်းစင်သွားခဲ့ခြင်းပဲ ဖြစ်သည်။ (နောင်အခါ အဖေသည် လက်ရှိတောင်ယာအလုပ်ကို စွန့်၍ သူချစ်သော မွေးရပ်မြေလယ်တွေရှိရာ ဆေးလုံးကြီးသို့ တစ်ကိုယ်တည်း လယ်အလုပ်သွားရောက် လုပ်ကိုင်ခဲ့သေး၏။)

လက်ရှိ ကျွန်တော်တို့ မိသားစု တောင်ယာလုပ်ကိုင်နေသည့် မြို့စွန် ယာတောဇရပ်သည် ထူးခြားဆန်းကြယ်မှုများ ရှိနေ၏။

ကျွန်တော်တို့ ယာတောဝန်းကျင်မှာ အိမ်ခြေက သိပ်မများလှ။ အဖေတို့ ယာကွက်၏ တောင်ဘက်မှာ ဦးအုန်းသောင်နှင့် မကြွေစည်တို့ လင်မယားယာကွက်ရှိသည်။ ဟိုးအရှေ့ဘက်မှာ ကရင် အဖိုးအို သားအဖအိမ်ရှိသည်။ မြောက်ဘက်မှာ ဂျုန်သဒါး ပန်းစတား စသည့် ဟိန္ဒူနို့ကုလား ညီအစ်ကို၏ နွားတဲများရှိသည်။

အနောက်ဘက်မှာတော့ ဦးကုလား၊ မအုန်းရင်တို့အိမ်၊ ကိုလှကြည် . . . တို့မိသားစုအိမ်၊ ဘာဒစ်ဂျားဆိုသည့် ခရစ်ယာန်ကုလားအဘိုးကြီးအိမ်နှင့် အရက်သမားကြီး ကိုကျားကြီးနှင့် သူ့မိခင် ဒေါ်စိမ်းနွဲ့တို့မှသာရှိသည်။

ဒေါ်စိမ်းနွဲ့တို့ ရှေ့လမ်းကြားလေးမှသည် နာမည်အထိကရ ညောင်ပိန္နဲပင် လမ်းမအတိုင်း . . . နာရီဝက်ခန့် တောလမ်း ကြခတ်လမ်းကို ကွေ့ပတ်၍ သွားလိုက်လျှင် . . . မြို့ထဲသွားသည့် ကတ္တရာလမ်းကို ရောက်သည်။

အဲဒီအချိန်က မြို့ထဲမှာ ဝီလီဂျစ်ကားနှင့် စစ်သုံးလက်ကျန်ကားအိုများသာ အနည်းငယ်ရှိသည်။ အချို့ကားများက သဘောဆိပ်ကို ခရီးသည်များအတွက် ပြေးဆွဲပေး၏။ သဘောများကလည်း မီးသဘောများသာ။ ထို မီးသဘောများက သန်လျင်နှင့် ရန်ကုန်ကို ပဲခူးမြစ်သုံးဆိုင်ဖြတ်၍ နေ့စဉ် ပြေးဆွဲပေး၏။

မြို့ထဲမှာ ရုပ်ရှင်ရုံ နှစ်ရုံရှိသည်။ တစ်ရုံက အာရ်ဘီ (R.B) ရုပ်ရှင်ရုံတဲ့ . . . နောက်ရုပ်ရှင်ရုံက ဆင့်ရုပ်ရှင်ရုံတဲ့။ မစ္စတာ(R.B) ပိုင်၍ (R.B) ရုပ်ရှင်ရုံခေါ်၏။ နောင်အခါ (မင်းနန္ဒာရုပ်ရှင်ရုံ)အမည်နှင့် ပြည်သူပိုင် ဖြစ်သွားခဲ့သည်။

မစ္စတာဆင့်ဆိုသည့် သူဌေးကြီးပိုင်သည့် ရုံကိုလည်း ဆင့်ရုပ်ရှင်ဟုခေါ်ကြသည်။ သူလည်း (၁၉၆၅)ခုနှစ် ပြည်သူပိုင်[illegible] (မြဟံသာရုပ်ရှင်ရုံ) ဖြစ်သွားခဲ့သည်။

ကျွန်တော်တို့ ငယ်စဉ်က ၎င်းရုပ်ရှင်ရုံနှစ်ရုံသည် အသံတိတ်ဇာတ်ကားများသာပြသည့် အချိန်ဖြစ်၏။

ကျွန်တော်တို့ ညီအစ်ကိုကား တောသားတောဖွားများပီပီ ရုပ်ရှင်ကြည့်ရမှာကို အလွန်ကြောက်သည့် အမတို့က မကြောက်၊ ရုပ်ရှင်ရုံကလည်း ကုလားထိုင်နှင့်မဟုတ်။ နီးဖျာကြမ်းကြီးများ ခင်းထားသည်။ ရုံဝင်ခ လူကြီးတမတ်၊ ကလေး အခမဲ့။

ရုပ်ရှင်ပြကာနီး တံခါးပိတ်၍ မီးမှိတ်လိုက်လျှင် ကျွန်တော်က ကြောက်လန့်တကြား အော်ငိုပြီး မီးပြန်ဖွင့်ပေးပါဟု အော်ငိုတောင်းဆိုလေ့ရှိရာ . . . အမကြီးက ရက်လွန်း၍ ကျွန်တော့်ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားရသည်။ ထိုအခါ ကျွန်တော်က အတင်းရုန်းသည်။ အမလေးက "ငါတို့ကို အရှက်ခွဲတဲ့ . . . တောသား"ဆိုကာ နားရွက်ရော ပေါင်တွင်းကြောရော ပြတ်သွားမတတ် ဆွဲလိမ်သည်။

သို့နှင့် ရုပ်ရှင်ဆလိုက်ထိုး၍ ရှေ့မှ ဆိုင်းများတီးသောအခါ အရုပ်များ ပိတ်ကားပေါ်မှာ လှုပ်ရှားသည်ကို မြင်ရသောအခါ အလန့်တကြား 'ကြောက်တယ်' ကြောက်တယ်ဟု အော်တော့ရာ၊ အနီးရှိ သူများက ကျွန်တော်တို့အဖြစ်ကိုကြည့်၍ ရယ်ကြတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



တခါများ ဖာတစ်လုံးခေါင်းကျား ဇာတ်ကား ခေါ်သွားခဲ့ရာ ပိတ်ကားပေါ်မှ လူပုံများ ကြီးလာနီးလာသည်ကိုကြည့်ပြီး ကျွန်တော် အော်၍ ထွက်ပြေးတော့သည်။ ကျွန်တော့်နောက်ကို လိုက်လာသည် မှတ်၍ ပြေးခြင်းရယ်။ (အဲဒီလောက်ကို ကျွန်တော်တုံးခဲ့ပါသည်)

မှောင်ထဲမှာ လူတွေ နင်းမိ၍လဲသည်။ တံခါးပေါက် ဘယ်နေရာ မှန်းမသိ၍ နံရံနှင့်ဆောင့်မိပြီး ငိုခဲ့ရသည်။ နောင်အခါ အမများသည် ရုပ်ရှင်သွားတိုင်း ကျွန်တော့်ကို လုံးဝ မခေါ်တော့။ အိမ်ရောက်လျှင် အမများက အဖေနှင့်အမေကို ငိုကာယိုကာ တိုင်ကြသည် . . .

ကျွန်တော်ကြောင့် သူတို့ အရှက်ကွဲရသည်တဲ့ . . . တော သား ရုပ်ရှင်မမြင်ဘူးမှန်း လူသိကုန်ခဲ့ရသည်တဲ့ . . . ထိုအခါ အဖေ က ရယ်သည်။ အမေက ဒါမှ ငါ့သား . . . အားကိုးရပြီဟု ဟစ်၍ ကြွေးကြော်ပြီး အဖေ့ကျောကို ထုကာ . . .

"အဲဒါ . . . နင် . . . အဖေ မျိုးတူတာတဲ့"

"ဘာ . . . ငါ့မျိုး မတူတာလဲ၊ နင်တို့ အဖေမျိုးတူတာ"

"အံမယ် . . . ကျုပ်တို့အဖေက ရုပ်သေးမင်းသား ဇာတ်ခုံ ပေါ် လူရွှေမှာ ကခဲ့တာ . . ."

"တော်စမ်းပါဟာ . . . သေနတ်သံကြားရင် ချေးပန်းသေး ထွက်တဲ့ မျိုးကများ . . . ဟွန်း . . ."

သို့ကလို ပြောလိုက်လျှင် အမေက ငြိမ်သွား၏။ ဒါတော့ ဟုတ်သည်။ အမေသည် ဓားပြသူပုန်ဝင်၍ ရွာထိပ်ကနေ သေနတ်ပစ် လိုက်လျှင် ကြောက်ချေးများပါ၍ သေးပါထွက်လေ့ရှိသည်။ ကျွန်တော် သည် အမေများ တူလေရော့သလား။ နောင်အခါ ရုပ်ရှင်ကြည့်ရဲ၍ အသက်ထက်ဆုံး ရုပ်ရှင်ကြည့်ခဲ့သည့်တိုင် အဖေတို့ တစ်ခါမျှ ရုပ်ရှင် ကြည့်သည်ကို မတွေ့ရ။

အမေက ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ စိန်မာဒင် ဇာတ် ပွဲများကိုပဲ အသက်ထက်ဆုံးကြည့်ရင်း . . . တမလွန်ဘဝကို ကူး သွားခဲ့သည်။





အဖေကရောတဲ့။ အဖေကလည်း ရုပ်ရှင်ကို ဝါသနာမပါ။ အဖေ ကား ဂီတကို နှစ်ခြိုက်သူဖြစ်သည်။ ကိုယ်နှိုက်ကလည်း ဟွန်းတယော ကို ထိုးနိုင်၏။ ရွာမှာတုံးက မောင်းဆိုင်းနှင့် ဂီတဝိုင်းမှာ ပါဝင်တီးမှုတ် ခဲ့၏။ ရွာက ဦးကြီးဘကြီးများသည် ဂီတာတီးတတ်၏။ အိုးစည်ဒိုးပတ် ရွှေတံဆိပ်ရအောင် တီးခဲ့ကြ၏။ သို့ဖြစ်၍ ဆိုင်းကြိုက်သည်။

အထက်မှာ ဆိုခဲ့သည့်အတိုင်း R.B ရုပ်ရှင်ရုံခေတ်ကား အသံ တိတ်ခေတ်ဖြစ်၍ ရာဇဝင်ကား စုန်းတစ္ဆေကားများကို အတင်များ၏။ ရုပ်ရှင်မပြခင် . . . ပိတ်ကားရှေ့အောက် ဆိုင်းဝိုင်းက ညှိခံတီး၏။ ရုပ်ရှင်က စာတမ်းထိုး၊ ဇာတ်လိုက်မင်းသား မင်းသမီးသီချင်းဆိုသည့် အခန်းရောက်လျှင် အောက်တီးဝိုင်းက ဆိုင်းနှင့် စန္ဒယားနှင့် ကိုယ်စား ဆိုတီးပေးရသည်။ သီချင်းစာအုပ်များ ရောင်းပေးသည်။ ထိုအချိန်က R.B သူဌေးကြီးရဲ့သား ဦးကိုလေးက ကိုယ်တိုင် စန္ဒယားကိုတီး၍ နောက်ခံဆိုပေးလေ့ရှိ၏။ နောင် ကျွန်တော် စာရေးဆရာဘဝရောက်သည့် အခါ အသက်ကြီးလှပြီဖြစ်သော စန္ဒယားဆရာ ဦးကိုလေးနှင့် ရင်းနှီးပြီး ပြဇာတ်များ ကရာမှာ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ (၁၉၉၉)ဝန်းကျင်က စန္ဒယားဆရာ ဦးကိုလေး ကွယ်လွန်သွားခဲ့သည်။

ထိုခေတ်က ထုံးစံအတိုင်း ရုပ်ရှင်မပြခင် ရုံတံခါးများ အား လုံးဖွင့်၍ ညှိခံဆိုင်းက ဖျော်ဖြေလေ့ရှိသည်။ ဆိုင်းကြိုက်သည့်အဖေသည် ကျွန်တော့်ကို လက်ဆွဲ၍ မြို့ထဲက ရုပ်ရှင်ရုံကို လာခဲ့၏။ ဆိုင်းကို နား ထောင်၏။ ရုပ်ရှင်ပြကာနီး ဘဲလ်တီး၍ နတ်ဆိုင်းတီးပြီး ရုံဝင်လိုက်ကာ အမည်းကြီးချမှ ပြန်လာခဲ့ကြသည်။

အပြန်ကျလျှင် ကျွန်တော်က ပို၍ကြောက်သည်။ ထိုအချိန်က မြို့ထဲမှလွဲ၍ ရပ်ကွက်များမှာ လျှပ်စစ်မီးတိုင်များ မရှိသေး။ လမှောင်



www.burmeseclassic.com

www.burmeseclassic.com



ကို အဖော်ပြုပြီး ပြန်ရလေ့ရှိသည်။ အဖေသည် ကျွန်တော်အား ပခုံးပေါ်မှာ ထမ်း၍လည်းကောင်း၊ ကျောပိုး၍လည်းကောင်း ပြန်ခေါ်လာလေ့ရှိ၏။

အဲဒီမှာ ကျွန်တော် အကြောက်ဆုံးကား . . . အထိကရ ညောင်ပိန္နဲပင်ကြီးအောက်မှ ဖြတ်သွားရသည့် အရေးပဲဖြစ်သည်။ ညောင်ပိန္နဲပင်ကြီးကား လူကြီးလက်ယှက် ငါးဖက်ခြောက်ဖက်စာမက ကြီး၏။ အကိုင်းများကလည်း ရောမဘီလူးကြီး . . . လက်ဝါးမှောက်၍ ဖြန့်ကားထားသကဲ့သို့ ရှိနေ၏။ ညောင်ကိုင်းတစ်ကိုင်း တစ်ကိုင်းကို လူကြီးတစ်ဖက်စာမက ရှိ၏။

ရှင်း ညောင်ပင်ကြီးကို သန်လျင်မင်းတရားကြီး စိုက်ခဲ့သည်ဟု လူကြီးများက ဆိုကြ၏။ ညောင်ပင် ပင်စည်အောက်မှာ အမြစ်ကြီးများက လင်းတခြေသည်းလိုလို . . . ကျားသစ်ခြေသည်းလိုလို ကြက်ခြေသည်းလိုလို ပေါ်နေပြီး . . . ညောင်မုတ်ဆိတ်နှင့် ညောင်ပျဉ်းများက တွဲရရွဲထောက်၍ ကျနေသည်မှာ ညောင်လှိုဏ်ဂူကြီးလို ဖြစ်နေသည်။

ပင်စည် ပတ်ပတ်လည်မှာလည်း မြင်းမြူရှင် သစ်သားနတ်ရုပ်များ . . . အိမ်တွင်းမင်း မဟာဂီရိနတ်မောင်နှမအရုပ်များ . . . ကိုးမြို့ရှင်နှင့် အမေရေယဉ် နတ်ရုပ်များ ရုက္ခစိုး နတ်ကွန်း နတ်ရုပ်များနှင့် ရောထွေးနေသည်။

ဘယ်သူက စွန့်ထားမှန်း မသိရသော . . . လက်ကျိုးနေသည့် ရောမသစ်သား ကျားရုပ်ကြီးကလည်း အသည်းထိတ်စရာကောင်းလှသည်။

ဤ အထင်ကရ ညောင်ပင်ကြီးအောက်မှ ဖြတ်ရမည်ကို ကျွန်တော်သာမက အဖေလည်း စိုးရွံ့သည်။ အဖေသည် ဆိုင်းနားထောင်ချင်လွန်း၍သာ တကူးတကန့်ရောက်လာခဲ့ရပေမင့် . . . ခုလို လူရှင်း





နေချိန် သားအဖနှစ်ဦးတည်း ဖြတ်ရသည့် အခြေအနေရောက်သည့်အခါ သူလည်း သွေးလန့်နေသည်။

အမများ အမသူငယ်ချင်းများနှင့် ရုပ်ရှင်လာကြည့်ရသည့် ညများ အပြန်ဆို ဘယ်သူမှ ဒီအပင်ကြီးအောက်မှ ဖြတ်မပြန်ရဲကြ။ ညောင်ပင်ကြီးနှင့် ဝါးနှစ်ရိုက်ခန့်အကွာမှ လက်နှိပ်မီးထိုး၍ အိမ်စုစုရှိရာသို့ မီးထိုးအချက်ပြရသည်။ ရုပ်ရှင်ပြီးချိန်က ညကိုးနာရီ မီးထိုးအချက်ပြ၍ မည်သူမျှလာမကြိုကြလျှင် . . . ကျွန်တော်တို့ ညီအစ်ကိုက . . .

"အမေရေ . . . အမေရေ . . ."

"ဘကြီး ဦးကုလားရေ . . ."

"လာကြိုကြပါ . . . ဗျို့"စသည်ဖြင့် အသံကုန်အော်ခေါ်ရသည်။ ထိုအခါ ရုပ်ရှင်ကပြန်လာမှန်း သိကြပြီး မီးတုတ်များထွန်း၍ လူကြီးများက လာကြိုကြရသည်။ အဲဒါတောင် ညောင်ပင်အောက်ရောက်လျှင် . . . ဘုရားစာများကို ရွတ်၍ လူကြီးများ လက်ကိုကိုင်၊ ဒါမှမဟုတ် အလယ်မှ ဇက်ပုပြီး . . . ခေါင်းငုံ့သွားရသည်။ အဲဒီလောက်ကို ကြောက်ကြသည်ရယ် . . .

မကြောက်လျှင် ခံနိုင်ရိုးလားလေ။

တစ်ခါမှာ အရက်သမား ဦးကျားကြီး သရဲနှင့် နပန်းလုံးရသည့်ကိန်းဆိုက်ခဲ့ရသည်။ ဦးကျားကြီးကား အလွန်ဆိုးပေသူဖြစ်၏။ အရက်ကို နေကုန်သောက်၏။ အလုပ်ကတော့ ဘာမှမလုပ်။ သူ့အမေ ဒေါ်စိမ်းနွဲ့ခေါ် အသက်(၆၀)ကျော် အမေအိုကြီးက သူ့ကို ရှာကျွေးရ၏၊ တစ်ခါတစ်ရံ အရက်ဖိုးပါပေးရ၏။

အရက်ဖိုး မပေးလျှင် ရှိသမျှ အိုးခွက်များကို ရိုက်ခွဲ၏။ အမေကြီး ဒေါ်စိမ်းနွဲ့ကလည်း အလွန့်ကို သည်းညည်းခံနိုင်ရှာပေ၏။ သားလုပ်သူကား ငယ်ငယ်ရွယ်ရွယ်မဟုတ်။ အသက်(၄၀)ခန့်ပင် ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ ရှိက်သည်ဆို ကိုကျားကြီးပါသည်။ လုဖို့ယက်ဖို့ဆို ကိုကျားကြီးပါသည်။ ဖဲဝိုင်းတကာမှာ ကိုကျားကြီးပါသည်။ ပြည့်တန်ဆာအိမ်မှ 'အဆွယ်'လုပ်လိုက်သေးသည်။ မြို့ထဲမှာတော့ လူမိုက်အရက်သမားအဖြစ် နာမည်ရှိ၍ အရက်တိုက်သူမရှား။

သူ အရက်မူး၍ ပြန်လာပြီဆိုလျှင် ပုဆိုးကို ဝွင်းသိုင်း၍ ပြန်လာ၏။ ငုင်းနောက် . . . အိမ်ပေါက်စေ့လျှောက်ပြီး အသားလွှတ်ဆဲ၏။ ရန်စ၏။ ရန်ရှာ၏။ သူ့အဖြစ်ကို မကြည့်ရဲ၍ မိန်းမပျိုများ အအိုများကြောက်ပြီး အိမ်တွင်းမှာ ပုန်းနေရ၏။

ယောကျ်ားသားများကလည်း ကိုကျားကြီးနှင့်ဖက်၍ မဖြစ်ရဲ။ ကိုကျားကြီးကား တုတ်နှင့်ဓားနှင့် အချုပ်ထဲထောင်ထဲ အကြိမ်ကြိမ်ရောက်ဖူး၍ ရုံး၊ ရဲ၊ ဂါတ်ဆိုတာကို သိပ်ဂရုမစိုက်တော့၊ ဒီတော့ ကိုကျားကြီးကို အိမ်ဆယ်အိမ်စုခန်းက ကြောက်ကြရသည်။

ကျွန်သဒါးတို့၊ ပန်းစတားတို့_ဟိန္ဒူနို့ကုလားများဆို သူကပို၍အနိုင်ကျင့်သည်။ နို့ပုန်းများကို မထင်ရင်မထင်သလို မှောက်ပစ်ကန်ပစ်သည်။ သို့ဖြစ်၍ သူအရက်ဖိုးလာတောင်းလျှင် ငါးမူးမှသည် တစ်ကျပ်အထိ လျှောလျှောရှုရှု ပေးလိုက်ကြရသည်။

ထိုသို့ ဘယ်သူမှ ထီမထင်သော ကိုကျားကြီးသည် တစ်နေ့သောအခါ . . . အလွန်အံ့ဖွယ်ကောင်းသည့် အဖြစ်နှင့် အထင်ကရ ညောင်ပိန္နဲပင်ကြီးအောက်မှာ ကြုံရတော့သည်။

ဖြစ်ပုံက ဒီလို . . .

တစ်နေ့ သူမြို့ထဲမှ အရက်သောက်၍ ပြန်လာခဲ့သည်။ လုပ်ငန်းလေး အဆင်ပြေ၍ သူ့အမေအတွက် ဝက်ဂေါင်းသုတ်တစ်ထုပ်ဝယ်ပြီး ဒရီးဒယိုင်နှင့် ပြန်လာစဉ် အထင်ကရ ညောင်ပိန္နဲပင်ကြီးအောက်အရောက်မှာ အပေါ်ညောင်ကိုင်းပေါ်မှ ဝုန်းကနဲ ခုန်ချလိုက်သည့်အသံကို သူရုတ်တရက် ကြားလိုက်ရပြီး ခြေလှမ်းများ တုန့်သွားခဲ့





သည်။

ရည်ဝေဝေ မျက်စေ့များကို ဖွင့်၍ ကြည့်လိုက်တော့ ညောင်ကိုင်းပေါ်မှ ခုန်ချလာသည့် သူက သူ့ရှေ့မှာ ခါးထောက်၍ ရပ်မရှိဘူး။ ညက လရောင်ရှိပါသော်လည်း သစ်ရွက်များ စိပ်နေ၍ ပြိုးပြိုးပြေပြောက်သာ အလင်းရောင် ရှိနေသည်။

"ဟေ့ . . . ရှေ့က . . . ကောင် . . . ဘယ် . . . သူလဲ . . . ကွ"

သူက မူးမူးယိုင်ယိုင်နှင့် လှမ်းမေးလိုက်သည်။ သည်[illegible]ကျင်းမှာ သူလာတာမြင်လျှင် ခုလို ရှေ့ကနေ ခါးထောက်ရပ်ဖို့ မပြောနှင့် အသံကြားသည်နှင့် ခွေးရော ကလေးရော လူကြီးပါ လစ်ပြေးကြသည် ဥစ္စာ၊ ခု သူ့ရှေ့က လူက ဘာမှ မတုန်ပြန်ပဲ သူ့ကို စိုက်ကြည့်နေပုံရသည်။

"ရှေ့ကကောင် . . . မင်း . . . ဘယ် . . . သူလဲ"

"ဟီး . . . ဟီး . . . ဟီး . . . "

သူ့ရှေ့က လူက ညည်းသံလိုလို၊ သရော်သံလိုလိုလုပ်၍ ရှေ့တစ်လှမ်းတိုးလိုက်သည်။ ကိုကျားကြီးကလည်း မြိုင်ဘက်မှတ်၍ ရှေ့တစ်လှမ်းတိုးလိုက်သည်။

"မင်းက . . . ဘာလဲ . . . ကျားကြီး လာနေတာ မြင်ရဲ့သားနဲ့ . . . သောက်ဂရုမစိုက်ဘူးဆိုတဲ့ . . . သဘောနဲ့ပေါ့–ဟုတ်လား။ မင်းဘယ်သူလဲ . . . ဟေ့ကောင်"

"ဟီး . . . ဟီး . . . ဟီး . . . ဟူး . . . ဟူး ဟူး"

"မင်း . . . ဘယ်သူလဲ . . . ဖယ် . . . စမ်း"

ရှေ့ကလူကလည်း မဖယ်ဘူး၊ တစ်လှမ်းတိုးလိုက်တယ်။ သည်အချိန်မှာ လရောင်က သူတို့နှစ်ဦးကိုယ်ပေါ်ကို ထိုးမိုးရောက်လာသည်။ သည်မှာပဲ ကိုကျားကြီး ရှေ့ကလူရဲ့ မျက်နှာကို သေသေချာချာ မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မျက်နှာကြီးက မည်းတူးပြီး မီးလောင်ထားသကဲ့သို့ အဆီ ပြား ထွက်နေသည်။ အလိုလေး မျက်နှာပေါ်မှာ နှာခေါင်းလည်း မရှိ ကြီးပါသ့ . . . နားရွက်လည်း တစ်ဘက်မပါ။ ဆံပင်များက ငုတ်စိ။ မှ သည်ကြားထဲ မီးလောင်နံ့ကြီးက သူ့ကိုယ်ပေါ်မှ တူးခြစ်လို့။

အကျီလည်းမပါ . . . ကျောပြောင်ကြီး . . . အောက်က ပုဆိုးက မီးလောင်ပေါက်များနှင့် ရင်ဘတ်မှာလည်း မီးစွဲရာများနှင့် အသားနီများလန်ပြီး သွေးသင်နရည်ရွှဲရွှဲနှင့် . . .

"မင်း . . . မင်း . . ."

"ဟီး . . . ဟီး . . . ငကျိုင်းပါ . . . င . . . ငကျိုင်း ပါ . . . ဗျ . . . ဟီး ဟီး"

"ဘာ . . . ငကျိုင်း . . . ငကျိုင်း . . . ဟုတ်လား"

"အင်း . . . ဟီး . . . ဟီး . . . ဟီး"

ရှေ့ကလူက သူ့ကိုယ်သူ 'ငကျိုင်း'ဆို၍ ကိုကျားကြီး နည်း နည်းတုန်သွားသည်။

"ဘာလဲ . . . မင်းက ငါ့ကို နောက်နေ . . . ချောက်နေ တာလား . . . ငကျိုင်းက သေပြီကွ၊ ပြီးခဲ့တဲ့အပတ်က . . . သေ သွားပြီ . . . မင်း . . . ဖယ် . . ."

ကိုကျားကြီးက အသင့်ပြင်ပြီး ရှေ့လူ ရုပ်ပျက်ဆင်းပျက်လူကို ကြည့်၍ ဟောက်လိုက်သည်။ သူ့ကိုယ်သူ ငကျိုင်းတဲ့။ ငကျိုင်းဆိုတာ ပဲခူးစုရပ်ကွက်က လူသွမ်းဗျ . . . အဲဒီငကျိုင်းက ပြီးခဲ့သည့်အပတ် က အိမ်ထဲမှာ မီးလောင်ပြီး သေသွားခဲ့တာ။ အရက်သမားပဲ။ ဖယောင်း တိုင် မီးထွန်းပြီး အိမ်ထဲမှာတစ်ယောက်တည်း အရက်သောက်ပြီး အိပ် မောကျသွားခဲ့ရင်းက ဖယောင်းတိုင်မီးက ဝါးကြမ်းကိုလောင်ပြီး သူ့ပါ မီးလောင်တိုက်သွင်းလိုက်တာ။

ငကျိုင်းကို ကိုကျားကြီး သိသည်။ အတူလည်း နှစ်ကြိမ်ခန့်





သောက်ဖူးသည်။ ရန်လည်း ဖြစ်ဖူးပြီး . . . သူသေကိုယ်သေ ရိုက် ခဲ့ဖူးကြသည်။ သူကိုယ်တိုင် လှံနှင့် ထိုးဖူးသည်။

"ဟေ့ကောင် . . . ငကျိုင်းဆိုတာ လူ့ပြည်မှာ မရှိဘူး။ မင်း ကျားကြီးအကြောင်း သိတယ်နော် . . ."

"ဟီး . . . ဟီး . . . ဒီ . . . ဒီမှာ . . . ကြည့်"

ရှေ့က ရုပ်ပျက်ဆင်းပျက်လူက ပြောရင်းကနေ သူ့ပုဆိုး အပေါက်ကို ပေါင်ရင်းရောက်အောင် မလှန်ပြလိုက်သည်။

"ဟင် . . ."

ကိုကျားကြီး လရောင်အောက်မှာ မြင်လိုက်ရသည်ကား ပေါင် ပေါ်မှာ ချုပ်ရိုးကြီးတစ်ကြောင်း ဒီဒဏ်ရာကား ကိုကျားကြီးကိုယ်တိုင် ငကျိုင်းကို လှံနှင့် ထိုးခဲ့သည့် ဒဏ်ရာ။

"မင်း . . . မင်း . . ."

"ဟီ . . . ဟီ . . . ငကျိုင်းလေ . . . ငကျိုင်းပါ။ ငကျိုင်း အစစ်ပါ"

ကိုကျားကြီးလန့်၍ နောက်ကို တစ်လှမ်းဆုတ်လိုက်သည်။ ငကျိုင်းက ရှေ့တစ်လှမ်းတိုးလာလိုက်ပြန်သည်။

"မင်း . . . မင်း . . . လူ . . . လူ မဟုတ်ဘူး။ တစ္ဆေ တ . . . တစ္ဆေ . . . သ . . . သရဲ"

"ဟား ဟား ဟား . . . ဟီး ဟီး ဟီး ဟီး"

တစ္ဆေငကျိုင်းဟာ ပါးစပ်က အော်ဟစ်ညည်းညူရင်းက ကို ကျားကြီးလက်ထဲမှ ဝက်သားသုတ်အထုပ်ကို ဝင်လုတော့သည်။ ကိုကျား ကြီးကား တစ္ဆေမှန်း ချက်ချင်းသိသွားခဲ့ပြီ။ သို့သော် ဒီတစ္ဆေက အခု သူ့အမေစားဖို့ ဝယ်လာသည့် ဝက်သားသုတ်အထုပ်ကို အတင်းဝင် လုနေသည်။ ကိုကျားကြီး . . . လက်ကို မြှောက်လိုက်သည်။ တစ္ဆေ ငကျိုင်းကလည်း တဟီးဟီးအော်ရင်း ဝင်လုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



လုရင်း သူတို့နှစ်ဦး လုံးထွေးပွေးကပ်သွားကြသည်။ ဖူးခြစ်နေသည့် မီးလောင်ဒဏ်နှင့်သည့် အရက်နံ့ထက် ဆိုးဝါးစွာ သူ့နှာခေါင်းသို့ ဝင်လာပြီး သွေးရဲရဲ အဆီဝင်းဝင်းများ သူ့ကိုယ်မှာ ပေကျံကုန်သည်။ ဝင်လုဝင်လုံးလိုက်သည့် အရှိန်ကြောင့် မိခင်ကြီးအတွက် မစားရက် မသောက်ရက် ဖယ်လာခဲ့သော ဝက်သားသုတ်အထုပ်သည် ပြည်(မြေ)ထွက်ပြီး . . . မြေကြီးပေါ်သို့ နမြောစရာကောင်းစွာ ပြုတ်ပြန့်ကျဲကျသွားသည်။ တဈေကောင် ကျောင်းကလည်း သဲများ မြေကြီးများ ပေကျံနေသည့် ဝက်သားဖတ်များကို တော်တော်ပြတ်ပြတ်နှင့် အငမ်းမရ ကောက်စားနေသည်။

ကိုကျားကြီးကား အရက်ရှိန်လေးကလည်း ရှိနေပြန်၊ တစ္ဆေသရဲဆိုတာလည်း ခုမှ ပက်ပင်းမြင်ဖူး၊ မြင်ဖူးသော်လည်း အရက်ရှိန်ကြောင့် ကြောက်ရလန့်ရမှန်းမသိ။ ဒီကြားထဲ အမေစားဖို့ ဝယ်သည့်အသုတ်ထုတ်ကို သင်းက အဓမ္မပင် လုစားမှန်း သိလိုက်ရသောအခါ ငယ်နိုင်ဖြစ်ခဲ့ဖူးသည့် တစ္ဆေကျောင်းရဲ့ ကုန်းကုန်းကွကွ နောက်ကျောကို ညာခြေနှင့် တအား ဆောင့်ကန်ပစ်လိုက်သည်။

"ဘုန်း"

"အင့် . . ."

"ဗုန်း . . . ဖောင်း . . ."

"အီ . . . ဟီး . . . ဟီး"

ကန်ချက်ပြင်းလွန်းလှ၍ တစ္ဆေကျောင်း ရှေ့ငိုက်ကျသွားသည်။ သုံးလေးချက်ဆင့်၍ ဒေါသဖြင့် ကန်မိသောအခါ . . . ကိုကျားကြီး စ၍ အံ့ဩသွားခဲ့ရသည်။ သူ့ခြေထောက်သည် ရာဘာတုံးကို ကန်နေရသကဲ့သို့ ပြန်ခုန်ထွက်လာသည်။ သည်မှာ တစ္ဆေကျောင်းက ပါးစပ်မှ တဟီးဟီး အော်ဟစ်အသံပြုပြီး . . . ဒေါသတကြီး ကုန်းထကာ သူ့ဆီသို့ လက်နှစ်ဖက်ဆန့်တန်း၍ ပြေးဝင်လာလိုက်သည်။





ကိုကျားကြီး အမူးရှိန်ကျ၍ လာခဲ့ပြီ။ သို့သော် သူကျောင်းကို မကြောက်။ အထူးသဖြင့် သူ့ကိုယ်သူ သေခဲ့ပြီးသည့် ကျောင်းဟု ပြောနေသည့်တိုင် ကိုကျားကြီးကို လုံးဝမယုံသေး။ ရုပ်က ပျက်နေတာ တစ်စုံ တစ်ယောက် ဓာတ်သိက ကျောင်းပါပြောပြီး သူ့ကို အနိုင်ကျင့်ချင်လို့ ဖန်တီးဖာထေးခင်းတာရော မဖြစ်နိုင်ဘူးလား၊ သို့သော် သင်းကောင် ပုဆိုးလှန်ပြ၍ ပေါင်မှာတွေ့ရသည့် လုံချက်ဒဏ်ရာ၊ ဒါကပဲ ထူးဆန်းနေသည်။ သူ ကျောင်းကို လုံနှင့် ထိုးခဲ့ဖူးသည်။

ကိုကျားကြီး သရဲကို မကြောက်။ တစ္ဆေလည်း မကြောက်။ သူ့ဘဝမှာ သရဲလိုလို တစ္ဆေလိုလို အစားမျိုးများဖြင့် မကြာခဏ ကြုံခဲ့ရဖူးသည်။

အချို့သရဲလိုလို မမြင်ရပဲ လှန့်သည့် ဖြစ်ရပ်များတုံးက သူ သေးနှင့်တောင် ကော့ပန်းပစ်ခဲ့ဖူးသည်။ တစ်ခါတုံးက သူ့အမေ ဒေါ်စိမ်းနွဲ့ကို ခြောက်လှန့်ခဲ့သည့် လက်ပံပင်ကြီးကို ဓားနှင့်ခုတ်၍ စင်းကောခဲ့ဖူးသည်။

ဒီလို . . . ကျောင်းလို ငယ်နိုင်ကောင် တစ္ဆေဘဝရောက်တော့ရော . . . ကြောက်စရာလား၊ ငါလည်း ကျားကြီး မင်းလည်း ကျောင်း . . .

ငါ့အမေ စားဖို့ ဝယ်လာသည့် ဝက်သားသုတ် အထုပ်ကို အဓမ္မလုစားသည့်အကောင် . . . ဒီည ငါပဲသေသေ၊ မင်းပဲ ကြေကြေ။ တွေ့ကြမယ်ဟေ့။ သို့ကလို ဆုံးဖြတ်ချက်ချပြီး . . . သူ ပြေးဝင်လာသည့် တစ္ဆေကျောင်းရဲ့ ရင်ပတ်ကို ခုန်၍ ကန်လိုက်သည်။

"ဖုန်း . . ."

"အီး . . . အီး . . . ဟီး . . . ဟီ"

"ဖောင်း . . ."

"ဟား . . . ဟား . . . ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခွက်ကို ကန်လိုက်သည်။ ဖောင်းကနဲမြည်ပြီး ငကျိုင်း လည်ထွက်သွားရာမှ ပြန်လှည့်လိုက်ပြီး တဟားဟား အော်ဟစ်ရယ် မောကာ သူ့ကို ဝင်လုံးသည်။ ငကျိုင်းနှင့် ကိုကျားကြီးတို့ လရောင် ပျပျအောက် မြေပြင်မှာ လုံးထွေးသွားကြသည်။

သူက အပေါ်ကရောက်လိုက် ကိုကျားကြီးက အောက်သို့ ရောက်လိုက်၊ သင်းက ခုမှ အားတွေကောင်းနေလိုက်တာ၊ တစ်သက် လုံး မော်၍မျှ မကြည့်ရဲသည့် ငကျိုင်းက သန်မာရက်စက်နေလိုက်တာ၊ ကိုကျားကြီးတစ်ကိုယ်လုံး မြေမှုန့်များ သစ်ရွက်ဆွေးများ ချွေးနှင့် လုံး၍ ပေကျံနေသည်။ မခံချင်ကြေး၊ ဒေါသကြေးနှင့် လုံးထွေးသတ်ပုတ် နေရသည့်တိုင် . . . ဒီကောင် ကိုယ်မှ ညီစို့စို့ . . . အနံ့များက အနံ့ချင်စရာ ကောင်းလွန်းလှသည်။

ရေရှည်မှာ အရက်သောက်လွန်ခဲ့သည် ကိုကျားကြီး ကိုယ် လုံကျလာသည်။ မောဟိုက်လာသည် လက်ပန်းကျလာခဲ့ပြီး သူ ငကျိုင်း ဆိုသူ ရုပ်ပျက်ဆင်းပျက်ကောင်ကို ယှဉ်၍ မသတ်နိုင်တော့ . . . င ကျိုင်းဆိုသူက သူ့လည်ပင်းကို ညှစ်၍ နှာခေါင်းမရှိသည့် ဟောင်း လောင်းပေါက်ကြီးနှင့် မျက်လုံးပြူးပြီး ငုံ့ကာ အော်ရယ်နေသည်။

မည်းညစ်နေသည့် သွားကြားမှ လျှာမည်းမည်းကြီးထွက်လာ သည်။ သူ့မျက်နှာကို အနည်းငယ် မြင်လိုက်ရတော့မှ ကြောက်စရာ လန့်စရာ ရွံစရာ ပိုကောင်းမှန်း ပိုသိလာရသည်။ ကိုကျားကြီး ငယ် စဉ်တုံးက သိုင်းသင်ခဲ့ဖူးသည်။ လည်ပင်း အညှစ်ခံရသည့်အခါ ဘယ် လို တစ်ဘက်ရန်သူ၏ လက်ကို ဖြုတ်ရမည်ကို သူသိသည်။

သူ ညာလက်ကို စိုက်၍ ရန်သူငကျိုင်းရဲ့ ညာလက်ကို ကုတ်၍ နှိုက်ပြီး လှန်ချိုးလိုက်သည်။ ငကျိုင်းက လက်ကြောများကို တင်းလိုက် ၍ သူ့လက်ချောင်းများကို အမိအရကုတ်လို့မရ။ ကိုကျားကြီး လျှာ ထွက်လာခဲ့ပြီ . . .





မျက်လုံးထဲမှာ အမေ့မျက်နှာကို လှမ်းမြင်လိုက်သည်။ သူ့ရဲ့ အရက်သမားဘဝဆိုးဒဏ်အမျိုးမျိုးကို လူဖြစ်ကတည်းက ခါးစည်းခံခဲ့ ရသည့် အမေ၊ ညတိုင်း မီးခွက်ကလေးထွန်းပြီး ငုတ်တုတ်ထိုင်စောင့် ကာ သားလူမိုက် အရက်သမား အမူးသမားကိုတွဲပြီး အိမ်ပေါ်တင် ပေးလေ့ရှိသည့် အမေ . . . အမေ သူ့ကို မျှော်နေရှာရော့မည်။ သူ မရှိလျှင် . . . အမေ အားကိုးရာမဲ့တော့မည်။

အမေ့ကို သတိရလိုက်သည်။ စိတ်စေတသိတ်နှင့်အတူ ခွန် အားများ ချက်ချင်းပြန်ပြည့်လာပြီး . . . သိုင်းသင်ခဲ့ဖူးသူပီပီ အား ပျော့ပြီး လွတ်နေသည့် ငကျိုင်းရဲ့ . . , နံစောင်း နံရိုးနုနုစ်ဘက်ကို လက်ဝါးစောင်း စုံညှပ်၍ အားကုန်ခုတ်ပစ်လိုက်သည်။

"ဖောင်း . . ."

"ဖောင်း . . ."

"အား . . . အ . . . အ"

ငကျိုင်းပါးစပ်မှ အော်သံတစ်ချက် ကြားလိုက်ရပြီး ညှစ်ထား သည့် သူ့လည်ပင်းပေါ်မှ လက်လွတ်သွားသည်။ လွတ်သွားသည်နှင့် ဖျတ်ကနဲ ကုန်းထပြီး . . . ဦးခေါင်းနှင့် ငကျိုင်းရင်ဝကို တိုက်ချ လိုက်သည်။ ငကျိုင်း သူ့ကိုယ်ပေါ်မှ နောက်ပြန်လွှမ်းပစ်၍ လဲကျသွား သည်။ သည့်နောက် သူကုန်းထလိုက်ပြီး . . .

"ကိုင်းကွာ . . . ကိုင်းကွာ"

"ဖောင်း . . ."

"ဘုန်း . . ."

"ငါ့ အမေစားမဲ့ အစားကို လုစားချင်အုံး"

"ဖုန်း . . ."

"အင့် . . ."

"ကျားကြီးကွ . . . ကျားကြီးပဲဟေ့ . . . ကျား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နာမည် မှတ်ထား . . . ကျားကြီး ကဲကွာ . . . ကိုင်း ကွာ"

"ငါ့အမေ စားမဲ့ အစားကို လုစားအုံး . . . လုစားအုံး"

"ကျား . . . "

"ကျား . . . "

သူ့ပါးစပ်ကလည်း ကြွေးကျော်အော်ဟစ်ရင်း ရှေ့မှာ မြင်ရသည့် ငကျိုင်းကို အဆက်မပြတ် ထိုးနှက်ကန်ကြောက်ပစ်လိုက်သည်။ ပွဲသိမ်းမို့ သူ့နဂိုဇာတိအတိုင်း ဒလကြမ်းတိုက်ခိုက်ပစ်လိုက်သည်။ အချိန် တွေ မည်မျှ ကြာနေသည်မသိ။

"ဟေ့ . . . ကျားကြီး . . . ကျားကြီး"

"ဟေ့ကောင် . . . ငကျား . . . ငကျား"

"ဟေ့ကောင် . . . ငကျား . . . ဘာဖြစ်နေတာလဲ"

"သား . . . လူလေး . . . မောင်ကျား . . . လူလေး လူလေး"

"ဖယ် . . . ကျုပ်ကို မဆွဲနဲ့၊ ဒီကောင်ကို မျိုးဖြုတ်အပြတ် ရှင်းမယ် . . . "

"ငကျား . . . ရပ် . . . ဟေ့ကောင် . . . ရပ်ဆို"

မီးရောင်များကို သူမြင်နေရသည်။ လူအချို့ရဲ့ အော်ဟစ် သတိပေးသံများကိုလည်း နားဆူမတတ် ကြားနေရသည်။ လူအချို့က သူ့ကို ဝင်ဆွဲကြသည်။ သူက အတင်းရုန်းကန်ပစ်လိုက်သည်။

"မရပ်ဘူး . . . မရပ်ဘူး . . . ငါ့အမေ စားဖို့ဟာကို ဒီကောင်လုတာ . . . ဖယ်"

"သား . . . သား . . . လူလေး . . . မောင်ကျား"

"သား . . . အမေလေ၊ အမေ . . . ဒီမှာ အမေ"

"အ . . . မေ"





"အေ . . . အမေ ဒီမှာ သား၊ လူလေး အိမ်မက်မက်နေသလား ဘာ ဖြစ်နေတာလဲ . . . ဘယ်သူနဲ့ ရန်ဖြစ်နေတာလဲ . . . ရပ်ပါတော့ သားရယ်၊ ဟီး ဟီး ဟီး ဟီး"

အမေ ဒေါ်စိမ်းနွဲ့က သူ့ကိုဖက်၍ ငိုသည်။ သည်တော့မှ သူ ငုံ၍ ကြည့်လိုက်သောအခါ . . . အမေနှင့် သူ့အိမ်နီးနားချင်းများ—

"အမေ . . . "

သူ မိခင်ကြီးကို တအားကျုံး၍ ဖက်ထားလိုက်သည်။ သူ့မှာ အမှုးစိတ်မရှိတော့။ လူစိတ်ပြန်ဝင်နေပြီ။ ထုံးစံအတိုင်း အမူးပြေ၍ လူစိတ်ပြန်ဝင်နေလျှင် . . . သူ့အမေကို ချစ်သည်၊ ရိုသေသည်၊ သနားသည်။

"ဘယ်လို ဖြစ်နေတာလဲ ငကျားကြီးရာ . . . အဝတ်အစား တွေလည်း စုတ်ပြတ်လို့ကွာ"

ကိုလှကြည်က သောက်ဖော်သောက်ဖက်မို့ သူ့ကို ကိုင်လှုပ်၍ မေးသည်။

"ဟို အကောင် ဘယ်ရောက်သွားပြီလဲ . . . "

"ဘယ်ကောင်တုံးဟ . . . ဘယ်သူ့မှ မရှိဘူး"

"ငကျိုင်းမှ . . . ငကျိုင်း . . . "

"ဟာ . . . ဘယ်ငကျိုင်းတုံး"

"ကျုပ် . . . လုံနဲ့ ထိုးခဲ့ဖူးတဲ့ . . . ငကျိုင်းလေ"

"ဟ . . . ကျားကြီးရ ငကျိုင်းက မီးလောင်ပြီးသေတာ (၇)ရက်ရှိပြီ ဥစ္စာ၊ ဒီကောင်ကွာ . . . မူးကြောင် ရူးကြောင်နဲ့ ဘယ်လို ဖြစ်နေပလဲ မသိဘူး၊ လာလာ . . . အချိန်မရှိဘူး ပြန်ကြစို့ သွား"

ကိုလှကြည်က ကိုကျားကြီးရဲ့ အခြေအနေကို ကြည့်ပြီး ပါးစပ်မှ အရက်နံ့ရနေ၍ မူးမူးကြောင်ကြောင် ထင်ရာတွတ်ပြောနေသည်ဟု ထင်ပြီး အိမ်ရှိရာဘက်သို့ တွန်းလွှတ်လိုက်သည်။ ကိုကျားကြီးက ဖြောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဝန်းကျင်ကို မျက်စေ့ကစားလိုက်၏။ ကျောင်းကို မတွေ့တော့ အမေ ဒေါ်စိမ်းနွဲ့ကလည်း သားလုပ်သူ လက်ကိုဆွဲ၍ အတင်းခေါ်လာခဲ့လိုက်သည်။ သူ ဒရွတ်ဒရွတ်နှင့် မကျေမနပ် ရေရွတ်ရင်း လိုက်ပါခဲ့လိုက်သည်။

အိမ်ရောက်တော့ . . . သူ့အနီးမှာ လူစုံတွေ့နေရသည်။ ကိုလှကြည် ဦးကုလား အဖေနှင့် ကျွန်တော်တို့ ပြီးတော့ ခရစ်ယာန်ကုလားအဘိုးကြီး ဘာဒစ်ဂျား၊ အားလုံးက ဘယ်လိုဖြစ်တာလဲဟု ဝိုင်းမေးကြသည်။ ဦးကျားကြီးက ဖြစ်ကြောင်းကုန်စင်ကို အစမှ အဆုံး ရှင်းပြသည်။ ဇာတ်လမ်းဆုံးတော့ အားလုံး ကြားရသူများ တအံ့တသြ ဖြစ်နေကြသည်။

"ဟုတ်ပမလား . . . ကျားကြီးရာ"

"အဟုတ်ပါကွာ . . . လှကြည်ရာ . . . ကျောင်းမှ ကျောင်းကွ၊ လုံ့ဒဏ်ရာကြီးနဲ့ မျက်နှာက ရုပ်ပျက်နေတယ်၊ နှာခေါင်းရော နားရွက်ရော မရှိဘူး"

"မင်း . . . ရှူးကြောင် မူးကြောင်နဲ့ 'ပေါက်'သွားတာ နေမှာပါကွာ"

ကိုလှကြည်က မယုံနိုင်၍ ထပ်ကွန့်တက်လိုက်သည်။

"လူလေး . . . နင့် အဝတ်အစားတွေ ချွတ်လိုက်စမ်း၊ နံဟောင် ညစ်ပတ်နေတာပဲ"

"ဒီမှာကြည့် လှကြည် . . . အဲဒါ ဒီကောင် ကျောင်းကိုယ်က ပေနေတာကွ . . . ဟုတ်တော့ ဟုတ်နေသည်။ ဦးကျားကြီး အင်္ကျီမှာ အဆီခဲများလိုလို၊ ညစ်ညစ်မည်းမည်း အရာအစွန်းများ ညစ်ပေ နံဟောင်နေသည်။ အမေကြီး ဒေါ်စိမ်းနွဲ့က သူ့သားကိုယ်ပေါ်မှ ဒဏ်ရာများကို ရေပတ်တိုက်၍ သွေးဆေးသိပ်ပေးသည်။

"ငါတော့ . . . တစ္ဆေကျောင်းလို့ မထင်ဘူး၊ မဟုတ်မှလွဲ





ရော . . . ဘိအိုစီ စက်ဝန်းထဲပြန်လာတဲ့ ရေနံချေးခပ် အလုပ်သမားမှူးတစ်ယောက်ယောက်နဲ့များ ပြဿနာဖြစ်ကြရောလားပဲ"

"ဖြစ်နိုင်ဖွယ်ရှိသည်၊ ဒီအချိန်ဆို ရေနံချေးခပ် အလုပ်သမားများ ပြန်နေကြရယ်"

ဦးကုလားကြီးဆိုသော လူကြီးက ဝင်၍ ထင်မြင်ချက်ပေးသည်။

"အေးလေ . . . တစ္ဆေဖြစ်ခဲ့ရင်လည်း . . . မင်း ကံကောင်းတာပဲကွ"

"ဘာဖြစ်လို့လဲ . . . ဦးကုလားရ"

ဦးလှကြည်က ဆေးလိပ်မှာပြီး စဉ်းစဉ်းစားစား ပြောနေသည်။ ဘိအိုစီ အငြိမ်းစား အလုပ်သမားကြီး ဦးကုလားကြီးကို လှမ်းမေးလိုက်သည်။

'အမေ့မေတ္တာ၊ အမေ့ သစ္စာကြောင့်ကွ . . . "

"ဘယ်လို . . . ဘယ်လိုဗျ . . . ရှင်းအောင် လုပ်စမ်းပါဗျာ . . . အရေးထဲမှာ"

"ဒီလိုကွ . . . လှကြည်ရ . . . ဒီကောင် ကျားကြီးက သောက်ရင်သာ သွေးဆိုးတာကို၊ မသောက်ရင် လူကောင်းလို ကောင်ရယ် . . . ခုလည်း မူးပြီးပြန်လာပေမယ့် သူ့အမေအတွက် မှတ်မှတ်ရရ စားစရာလေး ဝယ်လာလိုက်တာကို . . . အမေကို သတိရလိုက်တာကိုး။ ဒါကို . . . ဟို . . . ဆိုကြပါစို့ကွာ . . . တစ္ဆေပဲထားပါတော့ . . . ဒီနေရာကလည်း ကြမ်းလှပါတယ် . . . သရဲချောက်လည်း ဒီနေရာပဲ . . . ပြိတ္တာတွေ့တယ်လို့ ပြောကြတာလည်း ဒီနေရာပဲ . . . အဲ . . . ဘယ်ရောက်သွားပြီလဲ . . . ဆိုကြသလို တစ္ဆေက အညှီနံ့ရလို့ တင်တင်မှတ်မှတ်နဲ့ ဝင်လုပြီး လူကို အန္တရာယ်ပြုနိုင်သည့်တိုင် . . . အမေ့ကျေးဇူး အမေ့သစ္စာ အမေ့မေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်တဲ့ . . . စေတနာကုသိုလ်က . . . ဒီဆိုးဝါး ကြမ်းကြုတ်တဲ့ ပရဝိဉာဉ်ကောင်ရဲ့ ရန်က ကယ်လိုက်တာပဲကွ . . . တဲ့။

♛ ♛ ♛

## တာနော့ယက္ခလို မကြွေစည်

ဆိုခဲ့သလို ကျွန်တော်တို့ ခုနေသည့် အရပ်က တော်တော်လေး ချောက်ချားစရာကောင်းသည် ခင်ဗျ။ ကျွန်တော် အသက်ကြီးလာလို့ . . . ကျွန်တော်တို့ အရပ်ဒေသက ချောက်ချားစရာကောင်းတဲ့ ပရဝိဉာဉ်လောက အကြောင်းများကို စာတစ်စောင် ပေတစ်ဖွဲ့ အစဉ်တစိုက် ရေးလာခဲ့လိုက်တော့ . . . ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့ စာရေးဆရာမလေးတစ်ဦးက . . .

"ဆရာ့မြို့မှာ နေတောင် မနေရဲတော့ဘူးဆရာ"

"ဘာဖြစ်လို့လဲ . . . "

"ဆရာ ဂမ္ဘီရ ဝတ္ထုတွေ ဖတ်လိုက်ရမှ တစ်မြို့လုံးလိုလို တစ်နယ်လုံးလိုလိုမှာ သရဲ၊တစ္ဆေချောက်တဲ့ နေရာချည်း ဖြစ်နေလို့ပဲ၊ ဆရာ့ အနားကပ်ရတာတောင် ကျွန်မတို့ ကြက်သီးထလာပြီ"

"ဟား ဟား ဟား ဟား အေး . . . နောင်ကို ညည်းတို့ ငါ့အနား လာမယ်ဆိုရင် သံပုတ္တေ ရွတ်ပြီးမှ လာကြတော့ . . . "

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ . . ."

"ငါက . . . ငါရေးတဲ့ သရဲတစ္ဆေထက် ပိုကြောက်စရာကောင်းလို့ပဲ . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး ဟား ဟား ဟား ဟား . . . ဟီး . . . ဟီး"

သို့ကလို ပြောပြီး ကျွန်တော်က အသံနက်ကြီးနှင့် ရယ်ပြလိုက်သောအခါ မော်ဒန်နှင့် အချစ်ဝတ္ထုရေးနေသည့် စာရေးဆရာမလေးနှင့် အနီးရှိ စာနယ်ဇင်းအဖွဲ့ဝင်များ လန့်၍သွားခဲ့ကြသည်။

ပြီးခဲ့သည့် နှစ်ဆန်းတုန်းကလည်း ကျွန်တော် "လူထူးဆန်း ဘတိုက်ပုံ ဦးရာကျော်"စာအုပ်ကို ရေးသားဖြန့်ချိခဲ့သည်။ ၎င်းဝတ္ထုကို မိတ်ဆွေကဗျာရေးဆရာတစ်ဦးသို့ လက်ဆောင်ပေးလိုက်သည်။ ဝတ္ထုကို ဖတ်ပြီးသောအခါ မိတ်ဆွေ စာရေးဆရာက . . .

"ကိုညိုမှိုင်းတို့ မြို့မှာ နေရမှာ ကြောက်လာတယ်ဗျာ"ဟု ဆိုခဲ့၏။

ကျွန်တော် ဂမ္ဘီရနှင့် ပရဝိဉာဉ်လောက ဝတ္ထုများကို ရေးသားနေသည်မှာ စာဖတ်ပရိသတ်များ သည်းထိတ်ရင်ဖို ရသခံစားရန်ဆိုသော ရည်ရွယ်ချက်နှင့် ရေးနေသည် မဟုတ်ပါ။ ခေတ်နောက်ပြန်ဆွဲဝါဒကို ရိုက်သွင်းနေသည်လည်း မဟုတ်ပါ။

ဗုဒ္ဓဟောကြားခဲ့သည့် (၃၁)ဘုံ ဝါဒထဲမှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် (၄)ဘုံအကြောင်း အတော်များများ လက်ခံ၍ ရေးသားခြင်း ဖြစ်ပါသည်။ တကယ် ကိုယ်တွေ့ဖြစ်ရပ်များကိုလည်း အကြိမ်များစွာ ကြုံခဲ့ရဖူးပါသည်။

တစ်ခါမှာ စာရေးဆရာတစ်ဦး (သူက သိပ္ပံသမားဖြစ်သည်) သရဲရှိရင် ပြစမ်းပါဗျာ၊ မြင်ချင်လွန်းလို့ပါဟု ကျွန်တော့်ကို ပြောလာပါသည်။

ကျွန်တော် သူ့အား လက်တွေ့ [illegible] မပြနိုင်ပါ။ တစ္ဆေ





လည်း လက်တွေ့မပြနိုင်ပါ။ ကျွန်တော်လည်း တွေ့ချင်တိုင်း မတွေ့ရပါ၊ ကျွန်တော်တို့ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ကံမြင့်ခြင်း ကံနိမ့်ခြင်းဆိုသည်ကို လက်ခံကြပါသည်။

ပရဝိဉာဉ်လောကအကြောင်းကို လက်ခံချင်အောင် ပြောဖို့က ဗုဒ္ဓဟောခဲ့သည့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂါတ်ကံကို ယုံကြည်ဖို့ လိုအပ်ပါသည်။ သေခြင်းတရားကို သိဖို့လိုအပ်ပါသည်။

လူသည် ကံကောင်းနေဖို့ လိုအပ်ပါသည်။ ကံဆိုသည်မှာ အလုပ်ပဲဖြစ်သည်။ ကောင်းသော သုစရိုက်အမှု၊ ကုသိုလ်အမှုကို နေ့စဉ်ပြုလုပ်နေလျှင် ၎င်းပစ္စုပ္ပန်ကံ၏ ကောင်းကျိုးကို ယခုဘဝမှာ အနည်းနှင့်အများ ခံစားရပါသည်။

ယခုဘဝမှာ လက်ငင်း ခံစားရသူတို့ ရှိသကဲ့သို့ ယခု မျက်မှောက်ဘဝမှာ ချက်ချင်းလက်ငင်း မခံစားရသည့်တိုင် နောင်ဘဝမှာသော်လည်းကောင်း၊ ပစ္စုပ္ပန် နောင်အခါမှာသော်လည်းကောင်း၊ ၎င်းကုသိုလ်ကံ အကျိုးကို ခံစားရပါလိမ့်မည်၊ ခံစားရကိန်းရှိလိမ့်မည်ဟုလည်း၊ ယုံကြည်သက်ဝင် ကိုးစားဖို့ လိုအပ်ပါသည်။

ဘာသာရေးပဲ ဖြစ်ဖြစ်၊ အယူဝါဒပဲ ဖြစ်ဖြစ်၊ စိတ်ပညာသဘောအရပဲ ကြည့်ကြည့် . . . ယုံကြည်မှု၏ သက်ရောက်အားသည် အကျိုးဖြစ်ထွန်းမှုယ် များလှပါသည်။ သို့ဖြစ်၍ ကံကောင်းနေလျှင် ဘုန်းကံမြင့်နေပါမည်၊ ဒီကိစ္စက လျှို့ဝှက်ဆန်းကြယ် လွန်းလှသည်။

ဘုန်းကံမြင့်သော သူများ၊ သီလ သမာဓိ အားကောင်းသူများသည် . . . ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို မြင်တွေ့သိရလေ့ရှိပါသည်။ အချို့က နိမိတ်ဖြင့်သိ၏။ အချို့က အိပ်မက်ဖြင့်သိ၏။ စိတ်၏ ဆန်းကြယ်သော သိရှိခံစားမှုကို သိပ္ပံပညာနှင့် ခွဲခြားစိတ်ဖြာ၍ မရနိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏ ကံ. . . ကံ၏အကျိုးကို ယုံကြည်သော အလုပ်နှင့် လက်ခံနိုင်ဖို့ပဲ လိုအပ်ပါသည်။

မကောင်းသော ဒုစရိုက်အမှုကို 'ကံ'ကိုယ်တိုင် ပြုလုပ်သော သူသည် ၎င်း 'ကံ'၏ ဒုစရိုက်အကျိုးကို ခံစားရလေ့ရှိပါသည်။ နွားသတ်သမားသည် သူသတ်ခဲ့သည့် နွားများ သေခါနီး ဝေဒနာ အသည်းအသန်ခံစားရသကဲ့သို့ သူလည်း သေကာနီး အသည်းအသန် ဝေဒနာ ခံစားရကိန်း ကြုံရလေ့ရှိပါသည်။

သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း ကြံဆောင်သည့် တနည်းကံငါးပါး မလုံခြုံသူများသည် ၎င်းဒုစရိုက်အမှုကို ပဈ္ဈုပ္ပန်မှာသော်လည်း၊ အချို့တန်ပြန် သက်ရောက်ခံစားရ၏။ သို့မဟုတ်ပါမူ. . . ယခုဘဝ မခံစားရသော်လည်း နောင်ဘဝမှာ ခံစားရကိန်း ကျိန်းသေးပါသည်။

ဗုဒ္ဓက သံသရာကို ဟောပါသည်။ တဖန်ဖန် ဘဝတွေ သေကာနီး အစွဲအလန်းကြောင့်လည်းကောင်း၊ ကုသိုလ်မှု အကုသိုလ်မှုကြောင့်လည်းကောင်း။ နိဗ္ဗာန်ကို မရသေးသမျှ အဖန်ဖန်လည်နေကြပါမည်တဲ့. . . နောက်ပိုင်းကျမှ သိရှိကြရပါလိမ့်မည်။

ယခု ကျွန်တော် ထရားမဟောချင်ပါ။ အဓိက ပြောချင်သည်မှာ အကျင့်သီလ စင်ကြယ်၍ ကံကောင်းပြီး ဘုန်းကံမြင့်ကြ၏။ ဘုန်းကံမြင့်သောသူတို့သည် အကြောင်းအားလျော်စွာ. . . ပရဝိညာဉ်လောကရဲ့ ကိုယ်ထင်ပြနိုင်သော ဘဝ၊ အနံ့ပေး ဆက်သွယ်သော ဘဝများကို မကြောက်မရွံ့တွေ့မြင်နိုင်ပြီး. . . ကြေကွဲစရာကောင်းသော အခြားဘဝအား (ပရဝိညာဉ်လောကသား)များဘဝကို ခံစားတွေ့မြင်နိုင်ကာ လိုအပ်သလို ကူညီပေးနိုင်စွမ်းများ ကြုံရတတ်ပါသည်။

ရဟန္တာ အရှင်သူမြတ်ကြီးများ သူတော်စင်များ ရတနာသုံးပါး မြဲမြံသူများ. . . အလျဉ်းသင့်သလို ပဋ္ဌာန်းဆက်ကြုံသလို သိရှိမြင်တွေ့ကြပါသည်။ သို့သော် ဖွင့်ပြောခဲ့ပါသည့် အချို့ နတ်ကို လည်း





ကောင်း ပြဟ္မာကိုလည်းကောင်း ရုက္ခစိုးကိုလည်းကောင်း ဘီလူးကိုလည်းကောင်း တွေ့မြင်ကြရပါသည်။

သူတော်ကောင်း၊ ဘုန်းကံကြီးမြင့်သူများသည် ပရဝိညာဉ်လောကသားများဖြင့် ကြုံကြိုက်ရသောအခါ. . . ဘုန်းကံအရှိန်ကြောင့်လည်းကောင်း၊ မတုန်မလှုပ်သော သမာဓိဂုဏ်ကြောင့် လည်းကောင်း ကြောက်ရွံ့ချောက်ချားခြင်း အလျဉ်းမရှိကြပါ။

သီလ မလုံခြုံသော အကုသိုလ်ကံ အမှုများသော သူများကား သူ့ကိုယ်ကျင့် စရိုက်ဆိုးကြောင့် ဘုန်းကံများ နိမ့်ပါးကာ လူတိုင်းကိုယ်ကို စောင့်ရှောက်မှီတွယ်လျက် ရှိကြသည့် ကောင်းသော နတ်ခြောက်ပါးတို့ အလိုလိုဖယ်ကျဉ်၍ မကောင်းသော နတ်ခြောက်ပါးတိုက ပို၍ အကုသိုလ်ပြုရန် ဒုစရိုက်ပွားရန် လှုံ့ဆော်လေ့ရှိသည်။

ဒါကို သိပ္ပံသမားက ထိတွေ့ဝန်းကျင်၏ စိတ်သိလိုက် ဆွဲငင်အားဟု ဆိုကြပါလိမ့်မည်။ သို့နှင့် ဘုန်းကံတို့ နိမ့်ပါးလာ၏။ ၎င်းသည် ရတနာသုံးပါးနှင့် ဝေး၍ ကံငါးပါး မလုံခြုံသောကြောင့် ဖြစ်၏။ ထိုသို့ ဘုန်းကံနိမ့်ပါးလာသူများကို သေလွန်ပြီး စွဲလန်းစိတ်ဖြင့် နောက်ဘဝအသစ်ဖြစ်နေသော. . . မကျွတ်မလွတ် ပရဝိညာဉ်များက မှီတွယ်ကြသည်။ မှီခိုချင်လာသည်။ ပူးဝင်နှောင့်ယှက်ကြပါသည်။

ထို အကုသိုလ်ပြု ဒုစရိုက်သားတို့သည် ထိုရောအခါ၌ ပရဝိညာဉ်လောက၏ ဖြစ်ရပ်ဆန်းကြယ်မှုများကို မမျှော်လင့်ဘဲ ပက်ပင်းကြုံရသည်ရှိပါသည်။ ထိုအခါ သီလနှင့် သမာဓိအား မကောင်းသောကြောင့် တုန်လှုပ်ကြ၏။ ချောက်ချားကြ၏။ လန့်ဖြန့်ခြင်း၊ အဆုံးလမ်းအားဖြင့် အသက်အန္တရာယ်နှင့်ပါ ကြုံကြရပါသည်။

သို့ဖြစ်ပါ၍. . . သရဲ တစ္ဆေ ပြိတ္တာ အသူရကာယ် ငရဲစသည်တို့နှင့် ကိုယ်တွေ့ကြုံလိုက်က. . . ဖော်ပြပါအတိုင်း. မတုန်လှုပ်သည့် ကုသိုလ်သမာဓိကို မွေးမြူ၍လည်းကောင်း တုန်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားရနိုင်သည့် အကုသိုလ် ဒုစရိုက် အလုပ်(ကံ)ကိုသော် လည်းကောင်း၊ နှစ်မျိုးအနက်မှ ကြိုက်ရာတစ်မျိုးကို ပြုလုပ်ကျင့်ကြံ၍ ကြိုးစားကြည့်ပါ . . . ကိုယ်တိုင် မြင်ခွင့် ဆုံခွင့် ကြုံခွင့် တစ်နေ့ရပါလိမ့်မည်ဟုပဲ အကြံပြုချင်ပါသည်။

ကျွန်တော့် ဘဝသက်တမ်းတစ်လျှောက်မှာတော့ ကံကောင်း၍ပဲလား၊ ကံနိမ့်၍ပဲလား မသိ၊ ပရဝိညာဉ်လောကအ၏ ဖြစ်ရပ်ဆန်းကြယ်များနှင့် မကြာခဏ ကြုံခဲ့ရသည်။ ကြားခဲ့ရသည်။ အရွယ်ရောက်လာသည့်အခါ ဗုဒ္ဓစာပေများကို လေ့လာရင်း ပရဝိညာဉ်လောကသဘောကို ပို၍နားလည် သဘောပေါက်ခဲ့ရသည်လည်း ရှိသည်။

အဲဒီနောက်ပိုင်း မြန်မာ့အဆင့်နိမ့် လောကီပညာနှင့် အဆင့်မြင့် လောကီပညာလောကသို့ တိုးဝင်ကြည့်သောအခါ ပို၍ ထူးဆန်းအံ့ဖွယ်ရာများကို ကြုံတွေ့ခဲ့ရသည်။

အချို့သော ပညာရပ်များ အတွေ့အကြုံများသည် မပြောကောင်း၊ မရေးကောင်း၍ ကျွန်တော် ချန်လှပ်ခဲ့ပါသည်။ ရေးခွင့် ပြောခွင့်ရလျှင် . . . သည့်ထက်ပို၍ အံ့ဩစရာများကို ကွက်ကွက် ကွင်းကွင်း ပြောပြရေးပြချင်သည်။

ဆိုကြပါစို့ . . . ဤနေရာမှ စ၍ . . .

ကျွန်တော် ငယ်ရွယ်စဉ်ကာလက ကြုံခဲ့ရသည့် တစ္ဆေ မကြွေစည်ရဲ့ သနားစရာဘဝ၊ အစွဲအလန်းကြီးပုံဘဝကို ပြောပြချင်သည်။

ကျွန်တော်တို့ တောင်ယာလုပ်သည့် ခြံကြီး၏ တောင်ဘက်ခြံကား မကြွေစည်နှင့် ကိုအုန်းသောင်တို့ တောင်ယာခြံပဲဖြစ်သည်။ သူတို့ လင်မယားကလည်း ကိုယ့်မိသားစုကဲ့သို့ပင် အသီးအနှံဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ကြသည်။

သူ့ခြံနှင့် ကျွန်တော်တို့ခြံသည် စည်းရိုးပဲ ခြားသည်။ ကျွန်တော်တို့ ခြံနှစ်ခြံရဲ့ အရှေ့ဘူးစူးမှာ ဘုရားငုတ်တိုတစ်ခုရှိ၏။ ရှေးဟောင်း





စေတီပျက် ငုတ်တိုဖြစ်၏။ ခြုံနွယ်သစ်ကြီးများ အကြားမှာရှိ၏။ ဂျပန်ခေတ် စစ်တူးမြောင်းများ ရှေ့များဖြစ်သည်။

၎င်း ဘုရားစေတီ ငုတ်တိုနေရာသည် အလွန်ဆန်းကြယ်သော ဖြစ်ရပ်များ ရှိရာလည်းဖြစ်သည်။ (နောင်အခါ ၎င်းစေတီငုတ်သည် နာမည်ကျော် ကိုးမုဒ်ရှင် ဒီပါအေးစေတီဟု) အမည်ကျော်ကြား ထင်ရှားခဲ့သည်။

ထို ဘုရားပျက်စေတီ ငုတ်တိုဝန်းကျင်သည် ထူးဆန်းလှသော ဖြစ်ရပ်များကို နောက်ပိုင်းမှာ အလျဉ်းသင့်သလို ရေးသားပါမည်။ အရေးကြီးသည်ကား မကြွေစည်တို့ အကြောင်းပဲဖြစ်သည်။

မကြွေစည်သည် အသက်သုံးဆယ်ခန့် အရွယ်ရှိ၏။ မျက်နှာ ဝိုင်းဝိုင်း၊ အသားက ညိုညို။ ချောလှသည်တော့ မဟုတ်။ ရုပ်နည်းနည်းတော့ ဆိုးသည်။ သို့သော် ကိုယ်လုံးကိုယ်ပေါက်ကတော့ အတော်ကို လှသည်။ စွင့်စွင့်ကားကား ဖွံ့ဖွံ့ထွားထွားကြီးရယ်၊ ဆံပင်ကလည်း နက်မှောင်ပြီး ကောင်းမှကောင်း။ ဖားလျားများ ချလိုက်လျှင် တင်းပါးအောက်ရောက်၏။

သူမမှာ အကျင့်ဆိုးအနည်းငယ်ရှိ၏။ ပထမအကျင့်က ဆေးလိပ်ကြိုက်ခြင်းပဲ ဖြစ်သည်။ ဆေးလိပ်မှ သတင်းစာဖက်လိပ် ဆေးပေါ့လိပ်ကြီးများရော ပြောင်းဖူးဖက်လိပ်များပါ နှစ်နှစ်ခြိုက်ခြိုက်ကို သောက်သည်။ ထူးခြားချက်ကား ဆေးလိပ်သောက်လျှင် သူ့ဦးခေါင်းသည် မငြိမ်ပဲ ခါရမ်းနေလေ့ရှိ၏။ စကားပြောလျှင်လည်း ခေါင်းကခါနေ၏။ အကြောလိုက်နေတာဟု အမေတို့ပြော၏။ သို့ဖြစ်၍ ညဘက်အမှောင်ထဲမှာ ဆေးလိပ်ကြီး ဘယ်ညာတုန်ခါရမ်းပြီး မီးဖွားများ တဖွားဖွားကျနေသည်ကို မြင်လျှင် . . . မကြွေစည်ပဲဟု အားလုံးက သိကြ၏။

ဒုတိယအကျင့်ဆိုးကား . . . သဝန်တိုခြင်းပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ယောကျ်ား ဦးအုန်းသောင်သည် အသားဖြူ လူချော တောင်ယာသမားဖြစ်၏။ အလုပ်ကို ကြိုးစား၏၊ စကားလည်း သိပ်များများ မပြော။ စကားပြောလျှင် ရိုးရိုးသားသား ချေချေငံငံပြောတတ်၏။ လူတိုင်းက ခင်ကြ၏။

မကြွေစည်သည် သူ့လင် ကိုအုန်းသောင်ကို မြူထားမတတ် ချစ်ရှာပေ၏။ တာနေသည်ကသာဘီလူးလို ရှေ့ကြွတ်ထည့်၍ သွားလေရာ ဆွဲသွားချင်သည်ဟု မိန်းမချင်း စကားဝိုင်းဆိုလျှင် မကြွေစည်က ဟစ်ကျွေး၏။

သို့ဖြစ်၍ သူ့ယောကျ်ားကို မျက်စေ့အောက်က အပျောက်မခံ၊ ကျွန်တော်တို့ ခြံထဲသို့ မြို့ထဲမှ ဟင်းသီးဟင်းရွက်ဖောက်သည်များ ကုန်ပစ္စည်း လာကောက်ကြသကဲ့သို့ မကြွေစည်တို့ ဖောက်သည်များကလည်း မကြွေစည်တို့ ခြံထဲသို့ ညနေပိုင်း ကုန်ကောက်ရန် ရောက်လာကြစမြဲ။

သိသည့်အတိုင်း ကုန်းစိမ်းဖောက်သည်ဆိုလျှင် မိန်းမ အမျိုးသမီးများပဲအလာများကြသည့် ဥစ္စာ၊ အရွယ်ကောင်း ဈေးသည်ဖောက်သည်မိန်းမများက သဘောကောင်း ရုပ်ချောသည့် ကိုအုန်းသောင်ကို ခင်ကြ၏၊ စကြ၏၊ နောက်ကြ၏။

ထိုရောအခါ မကြွေစည်သည် ပရောပရည်လုပ်တာ မဟုတ်ပဲ၊ အလိုက်သင့် ပြန်ပြောနေသည့် သူ့ယောကျ်ားကို လူရှေ့မရှောင် သူရှေ့မရှောင် အော်ငေါက် နှင်ထုတ်လေ့ရှိ၏။ ထိုအခါ မိန်းမလုပ်သူကို ချစ်ရှာသည့် ကိုအုန်းသောင်ကလည်း စိတ်မဆိုးပဲ ရယ်ကျဲကျဲနှင့် ပေါက်တူးပေါက်ပြားကိုင်ပြီး . . . ယာခင်းထဲသို့ ထွက်သွားလေ့ရှိ၏။

မကြွေစည်အကြောင်း သိထားကြသည့် မိန်းမအချို့က မကြွေစည်ကို စချင်၍-

"အစ်ကို အုန်းသောင် ကျွန်မတို့ လိုက်ခဲ့ရ. . . "





"အဟဲ. . . ဟဲ. . . ဟဲ. . . "

"ဟဲ့ . . . ကောင် . . . ဘာ . . . ဟဲဟဲဟဲလည်း၊ အနာကျမတွေ့ သိပ်မကဲနဲ့ မထနဲ့ . . . ဒီမှာ သူ့မယား ငါတစ်ယောက်လုံး အရှင်လတ်လတ် ငုတ်တုတ်ရှိသေးတယ်"

မကြွေစည်က လင်ကိုလည်း ငေါက် လှမ်းစနောက်နေသည့် အမျိုးသမီးများကိုလည်း ယာရှင်မာန်လေးနှင့် အားမနာပါးမနာ ပြောချလိုက်လေ့ရှိ၏။

"အစ်ကိုကြီး ပျင်းနေမှာ စိုးလို့ပါ မကြွေစည်ရဲ့"

"မလိုဘူးအေ့ . . . သူကို နေ့ရောညရော မပျင်းအောင် ငါ အကုန်လုပ်ပေးနိုင်တယ် . . . ဘာလဲ ညည်းတို့ ငါ့လင်ကို ကြာ ခိုချင်လို့လား. . . "

"အို . . . အမကလည်း . . . အစ်ကိုကြီးတို့ . . အစ်ကိုကြီးလို ခင်လို့ပါတော်"

"မလိုဘူး. . . အဲဒီလောက် ခင်စရာ ညည်းတို့ မလိုဘူး၊ ဟင်းရွက်လာကောက်ရင် ဟင်းသီးဟင်းရွက်ပဲနော်၊ ငါ့လင်ကို ရောစရာမလိုဘူး၊ နောက်တစ်ခါ ငါ့ရှေ့မှာ ငါ့လင်ကို အဲဒီလို ပြုံတီတီခရာတာတာလုပ်ရင် ညည်းတို့ ငါ့ခြံထဲ မလာခဲ့နဲ့။ ဟင်. . . ကိုအုန်းသောင်ရှင် သတိကျပ်ကျပ်ထားနေနော်. . . ဒီမှာ တွေ့လား မားမ။ ရှင်ကျုပ်အကြောင်း သိတယ်မို့လား. . . မိကြွေစည်တဲ့. . . တစ်စည်ထဲရှိတယ်. . .

ထိုအခါ သူ့မိန်းမအကြောင်း သိနေသည့် ကိုအုန်းသောင်က နားညည်းစရာကောင်းအောင် အယုတ္တအနတ္တသမုတ်တော့မည်ကို သိသဖြင့် . . . မိန်းမရွယ် ဖောက်သည်များအား အားနာ၍ အဝေးသို့ ထွက်သွားတော့သည်။

မကြွေစည်က အဲဒီလို အချစ်သဝန်တိုသည့် မကြွေစည်။ ခြံ



www.burmeseclassic.com

www.burmeseclassic.com



စည်းရိုးချင်း ကပ်နေသည်မို့ တောင်ယာထဲဆင်းရင် ကျွန်တော်တို့ အမများနှင့် ကိုအုန်းသောင် မေးထူးနှုတ်ဆက်နေသည်ကို မကြွေစည် မြင်လိုက်လျှင် . . . မျက်နှာကြီး ရှစ်ခေါက်ချိုးနှင့် အမများကို မျက်စောင်းတခဲခဲ ခေါင်းက တုန်တုန်တခါခါလုပ်ရင်း . . .

"ဘာလုပ်နေတာလဲ . . ."

"ဟိုဟာ ကလေးတွေ မေးနေလို့ပါ . . . အဲဒါ"

"မလိုဘူး . . . ကိုယ်ငန်းကို ရိတ် . . . ရှုပ်ရှုပ် ယှက်ယှက် လုပ်မနေနဲ့ . . . သွား . . ."

သူ့ယောကျ်ားကို ပြောသလိုလို ကျွန်တော့် အမများကို ပြောသလိုလိုနှင့် လုပ်လေ့ရှိသည်။ ဒါကို အဖေက မြင်လျှင် . . .

"ဟဲ့ . . . အတင်နဲ့ ကြည်ညွန့်တို့ . . . ဘယ်ရောက်နေကြတုံး . . . ဒီမှာ ဟင်းရွက်တွေ လာသယ်ကြတော့ . . . ဟေ့"

သို့ကလို လှမ်းအော်ရသည်။ အမတို့ကလည်း ဘာရယ်မဟုတ်။ ကိုယ့် ဦးလေးအရွယ်မို့ ကြုံကိုက် နှုတ်စကားပြောကြခြင်းသာ၊ ဦးအုန်းသောင်ကလည်း ကိုယ့်တူမအရွယ်များမို့ သားသမီးလည်း မမွေးမရှိ၍ ခင်ခင်မင်မင် တုန့်ပြန်ဆက်ဆံခြင်းရယ်သာ . . .

သို့သော် . . . မကြွေစည်ကား မိန်းမမှန်လျှင် အဖွားအိုအရွယ်များမှ လွဲ၍ ဘယ်မိန်းမနှင့်မျှ သူ့ယောကျ်ား စကားလက်ဆုံကျနေသည်ကို အလိုမရှိ။ မြင်လည်း မမြင်ချင် . . . သူ့ယောကျ်ားနဖူးပေါ် ခြင်အမကိုက်ရင်တောင် ကြေမွအောင် ရိုက်ပစ်သည့် မိန်းမ။

အပြောအဆို ရိုင်းလွန်း၍ အပေါက်ဆိုးလွန်း၍ တော်ယုံဖောက်သည်များက သူ့ခြံထဲ ဟင်းရွက်လာကောက်လျှင် ခဏာပဲမြဲသည်။ အကြောင်းသိလာသည်နှင့် ရန်ဖြစ် စကားများပြီး နောက်ဆုံး ကျွန်တော်တို့ ခြံထဲသို့ ရောက်လာကြစမြဲ။

အမေက မလာကြပါနဲ့ တားရသည်။ တော်ကြာ သူတို့ ဖောက်





သည်များကို အမေတို့က သွေးဆောင်ထားသည်ဟု ထင်မှာစိုး၍ ဒါလည်းမရ . . . မကြွေစည် ဖောက်သည်အတော်များများ နောက်ဆုံး ကျွန်တော်တို့ တောင်ယာထဲသို့ လာရောက် ကုန်ကောက်ကြတော့သည်။

ထိုအခါ . . . မကြွေစည်က သူ့ခြံဖောက်သည်များကို သွေးဆောင်ဖျားယောင်း လှည့်ခေါ်ထုတ်သည်ဆိုကာ . . . ပွက်လောကြမ်းတာလည်းရှိသည်။ နေ့စဉ် စောင်းမြောင်း ဆဲရေးတိုင်းထွာတာလည်း ရှိသည်။

အမေတို့က သည်းခံနိုင်၍ ရန်မဖြစ်ပါသော်လည်း ခပ်ရွာရွာ ဖောက်သည်များက ကျွန်တော်တို့ ခြံထဲမှရပ်ပြီး တုန့်ပြန်ရန်တွေ့ကြတော့သည်။ ထိုအခါ အဖေက ဝင်ဖြန်ဖြေရ၏။ ကိုအုန်းသောင်ကလည်း ထမီစွန်တောင်ဆွဲပြီး အဆဲမျိုးစုံနှင့် ဆဲဆိုရေးနေသည့် သူ့မိန်းမကို ဝင်ဆွဲရသည်။

"နင် . . . မဆွဲနဲ့"

"လာပါ . . . ဟာ . . . မစည်ရာ"

"ဘာလဲ အုန်းသောင် . . . နင့် မယားတွေထိလို့ နင်က နာလို့လား . . ."

"ဟဲ့ မိန်းယုတ်မ . . . မိကြွေစည် . . . ငါတို့က ကောင်းရောင်းကောင်းဝယ် ဈေးရောင်းစားနေတာအေ့ . . . သူများ မယားယယ်ခံမို့ သူများလင် ကြာခိုမို့ ဈေးခင်းဗန်းပြလာတာ မဟုတ်ဘူးဟဲ့ အရှုးမရဲ့"

"အံမယ် . . . နင်ကများ . . . ငါ့ကို အရှုးမတဲ့ ဟေ့"

"ဟုတ်တယ် နင်က အရှူး၊ လင်တရူးမ, . . ."

"သေချင်းဆိုးမ . . . ငါ့ကို လင်တရူးတဲ့ ဖယ်စမ်း လွှတ်စမ်း အုန်းသောင် သင်းကို ငါ့လက်နဲ့ လုပ်ရမှ ကျေနပ်မယ်"

"လာပါ . . . မစည်ရာ . . . တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ကောင်. . . မ. . . တွေ. . . နင်တို့အားလုံးကို. . . ငါက. . . ဒါ"

ကိုအုန်းသောင်က သူ့မိန်းမပါးစပ်ကို ပိတ်ရသည်။ ထမိမဖို့ လုပ်နေသည့် လက်နှစ်ဖက်ကို ချုပ်ရသည်။ ကြာတော့ အားကောင်းမောင်းသန် ကိုအုန်းသောင်ရဲ့ ဒလကြမ်းဆွဲခေါ်သွားရာနောက်သို့ အသံကုန်ဆဲရေးရင်း မကြွေစည် လိုက်ပါသွားခဲ့ရလေသည်။

ဆိုလိုသည်ကား. . . မကြွေစည်သည် အဲဒီလို ကြမ်း၏။ သဝန်တို၏ ပက်စက်၏။ အမေတို့က သူကို စိတ်မဆိုးပါ။ အပြစ်မတင်ရက်ပါ။ လူကြီးများမို့ သူ့လင်ယောကျ်ားကို ချစ်လွန်းအားကြီးသည့် စိတ်နှင့် ချစ်သဝန်ကြောင်သည်ကို နားလည်ခွင့်လွှတ်ခဲ့ကြပါသည်။

တစ်နေ့သောအခါ မကြွေစည် ဘဝနေဝင်ချိန် နေညိုချိန်ရောက်လာခဲ့တော့သည်။

တစ်နေ့. . . တောင်ယာနေပူထဲ အလုပ်လုပ်ပြီးအပြန် ရုတ်တရက် ရေချိုးချလိုက်ရာ မိုက်ခနဲဖြစ်ပြီး လဲကျသွားသည်။ လဲရာမှ ပြန်မထနိုင်။ ပါးတစ်ခြမ်းလည်း ရွဲ့စောင်းသွားသည်။

"ဦးလေး သာဟန်. . . ဦးလေး သာဟန်. . . အဒေါ်မြရည်. . ."

ဦးအုန်းသောင်က ရေစိုရေရွှဲနှင့် မယားလုပ်သူကို ပွေ့ရင်း အသံကုန် အော်ဟစ်၍ ခေါ်သည်။ အဖေ မြေဆွနေရာမှ ဦးအုန်းသောင် ခေါ်သံကြောင့် လှမ်းကြည့်လိုက်သည်။

"ဦးလေး. . . ဦးလေး. . . သာဟန် မြန်. . . မြန်လာပါအုံးဗျ"

"ဟ. . . အုန်းသောင်. . . ဘာဖြစ်လို့လဲ. . . ဟော့"

"ဒီ. . . ဒီ. . . မှာ. . . မစည်. . . ရေချိုးရင်း





လဲကျသွားလို့. . . ဟို. . . ဟို. . . မလှုပ်နိုင်. . . မ မထနိုင်တော့ဘူးဗျ. . . လာ. . . ကြပါအုံး"

အဖေရော အမေရော ကျွန်တော်တို့ရော တစ်အိမ်လုံးသို့ အမြန်ပြေးသွားခဲ့ကြသည်။ သည့်နောက် မကြွေစည်ကို ပွေ့ယူ၍ အိမ်ပေါ်မှ အဝတ်အစား အမြန်လဲပေးကြသည်။

"ကြွေစည်. . . ကြွေစည်"

အမေက ပါးကိုလှုပ်၍ ခေါ်သည်။

"မစည်. . . မစည်"

ဦးအုန်းသောင်က ပွေ့ထားရင်းမှ လက်ကိုဆွဲ၍ လှုပ်သည်။

"တူမကြီး. . . မကြွေစည်"

"အင်. . . အင်. . ."

"အုန်းသောင်. . . ဒါ. . . ဒါ လေဖြန်းတယ်လို့ ခေါ်တယ်၊ ဆရာအမြန်ပင့်မှ ဖြစ်မယ်. . ."

"ဘယ်. . . ဘယ်. . . သူ. . . ကို ပင့်ရမလဲ ဦးလေးရာဟင်. . . ဟင်. . . ဦးလေးတို့ ကောင်းသလို. . . လုပ်ပေးကြပါဗျာ. . . ဟီး ဟီး ဟီး မစည်. . . မစည်. . ."

ကိုအုန်းသောင်က မယားလုပ်သူကို ဖက်၍ငိုသည်။ မကြွေစည်ကား လှုပ်နိုင်သည်ဆိုရုံမျှပဲ ရှိတော့သည်။ အမေက သံပုရာသီးနှင့် ရွဲ့သွားသည့် ပါးတစ်ဘက်မှ ပွတ်၍ ဆွဲသည်။

"ငါ. . . မြို့ထဲက ဆရာထွန်းကို သွားပင့်ခဲ့မယ် ကြည့်ထားကြ"

အဖေ နေရာမှထ၍ ပြေးသွားလိုက်သည်။ မကြွေစည်သည် ပါးစပ်မှ သွားရေများ ကျနေ၏။ လှုပ်လို့ရသည့် ညာလက်ချောင်းများဖြင့် သူ့ယောကျ်ားလက်ကို ကြိုးစား၍ ဆုပ်ကိုင်ထားသည်။ သူမ၏ မျက်လုံးများကား ယခင်ကလို စူးစူးရဲရဲ သွက်သွက်လက်လက် မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှာနိုင်တော့။ ခြေထောက်အောက်ပိုင်းသည် ပျော့ဖတ်နေသည်။ လှုပ်နိုင်သည့်တိုင် မလှုပ်နိုင်တော့။

မကြာခင် အမေနှင့် မြန်မာဆေးဆရာကြီးတစ်ဦး ရောက်လာသည်။ ဆေးဆရာကြီးက လူနာကို အမျိုးမျိုးစစ်ဆေးပြီး ဦးခေါင်းကို ရမ်းသည်။ လေဖြတ်သွားခဲ့ပြီတဲ့။ ဦးနှောက်ကြော ထိခိုက်သွားပြီတဲ့။ ဆေးရုံကို ပို့ချင်ပို့ပါ. . . လွယ်တော့ မလွယ်တော့ဘူးတဲ့။

ဦးအုန်းသောင်ကား ကိုယ်ခွဲလည်းမရှိ . . . မကြာခင် ဦးအုန်းသောင် အစ်မတစ်ဦး ရောက်လာသည်။ သူယောင်းမအဖြစ်ကို ြင်လိုက်ရသောအခါ . . . အမလေး အမလေး မိကြွေစည်ရဲ့ဟု ြပီး ငိုတော့သည်။ နောက်ဆုံး ဆရာကြီးပဲ ဂရုစိုက်ပြီးကုပေးပါ။ ကုန်ချင်သလောက် ကုန်ပါစေဟု ဦးအုန်းမောင်က ဆိုခဲ့သည်။

သို့နှင့် ဆေးဆရာကြီးက ဆေးတစ်ခွက်ကို ဖျော်၍တိုက်သည်။ ဆေးသည် ပြန်၍စီးကျလာခဲ့သည်။ သည့်နောက် ဆရာကြီးက ဆေးမှုန့်များကို ပါးစပ်ထဲထည့်၍ မှုတ်ပေးသည်။ အလွန်အနံ့ပြင်းသော လိမ်းဆေးများဖြင့် တစ်ကိုယ်လုံးကို လူးပေးသည်။

"အခြေအနေ ဘယ်လိုရှိလဲဆရာကြီး"

အမေက လှုကြီးပီပီ ဦးဆောင်၍မေးလိုက်သည်။

"အတွင်းရော အပြင်ရောဖြတ်သွားတာပဲ။ လျှာမသိမ်းနိုင်တော့ဘူး။ အာရုံကြောတွေ ကိစ္စတုံးနီးပါးထိသွားပြီ။ ဦးသာဟန် . . တစ်ရက် နှစ်ရက်စောင့်ကြည့်ကြအုံးဗျာ အခုတိုက်တဲ့ဆေးဝင်ရင် အခြေအနေကောင်းနိုင်ဖွယ် အနည်းငယ်ရှိပါတယ် . . . ကိုင်း ကျုပ်ပြန်မယ်။

ဆေးဆရာကြီးပြန်ကြွသွားသည် မလှုပ်နိုင်သော လူနာအနီးမှာ မျက်ရည်လည်ရွဲ ကိုအုန်းသောင်နှင့် သူ့အစ်မ မစိန်ကြီးပဲ ကျန်တော့သည်။





"ဦးလေး ကျွန်တော်တို့ကို ပြစ်မထားပါနဲ့ ဦးလေးတို့ရာ"

"အေးပါကွာ။ စိတ်ချပါ ငါတို့ မကြာမကြာလာကြည့် ပြုစုပိုင်းကူပေးပါမယ်။ မင်းနှမများလည်းရှိနေတာဥစ္စာ။ အကြောင်းပေါ်လာရင်လည်း လှမ်းအော်ခေါ်လိုက် ကြားလား။

"ဟုတ် . . . ဟုတ် . . . ကဲ့ . . . ခင်ဗျ"

သို့နှင့် ကျွန်တော်တို့ မိသားစုအိမ်သို့ ပြန်လာလိုက်သည်။ ထို့နေ့ထိုအချိန်မှစ၍ ကိုအုန်းသောင် ယာထဲမဆင်းနိုင်။ သစ်ပင်စိုက်ခင်းများလည်းရေမလောင်းနိုင်။ နောက်ဆုံး လူငှားတစ်ဦးခေါ်၍ နိုင်းပြီး သူကိုယ်နိုက်ကတော့ ဖနီးအနားမှာ ချေးဆေးကိစ္စ၊ ဆေးလိမ်းကိစ္စ အနီးကပ်ပြုစုနေရသည်။

ကံဆိုးလှစွာသော မကြွေသည် သုံးရက်မြောက်နံနက် အာရုံတက်မှာ ဆုံးပါးသွားသည်။ ထိုနေ့ ညဦးပိုင်းက လင်ကောင်ပိုးငှက် (ငှက်ဆိုး) တစ်ကောင်သည် . . . ကိုအုန်းသောင်တို့ အိမ်ခြံဘက်မှ ဗူးရှစ္စာ ထိုးလိုက်သည်ကို ကျွန်တော်တို့မိသားစုများလည်း ကြားလိုက်ရသည်။ အိမ်ကို အလည်လာရင်း ဝိုင်းဖွဲ့စကားပြောနေသည့် ခရစ်ယာန် ကုလားအဘိုးကြီး ဘာဒစ်ဂျားလည်း ကြားလိုက်ရသည်။ အမေက ဖွ . . . ဖွ ဟုအသံထွက်ရင်း သမ္ဗုဒ္ဓေဂါထာကို ရွတ်သည်။ ဘာဒစ်ဂျားကြီးကလည်း . . . ရင်ပတ် နဖူးကို လက်ဖြင့်တို့ထိပြီ ဘုရား သခင်စောင့်ရှောက်ပါစေဟု . . . ဆုတောင်းစကားဆိုလိုက်လေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## အဖေနှင့်ပြောင်းဖူးဖက်ဆေးလိပ်တိုတစ်ခု

မကြွေအသုဘသို့ လူတော်တော်များများ ဝမ်းနည်းကြေကွဲစွာ လိုက်ပါပို့ဆောင်ကြသည်။ အလောင်းကို ဗိုလ်ချုပ်ရွာဝ သုသာန်မှာ မြှုပ်နှံခဲ့သည်။ ဦးအုန်းစောင်သည် မျက်ရည်ဝဲဝဲဖြင့် မြေဖို့ရင်း ရှိုက်နေသည်။

ဒီလိုဖြင့် ရက်လည်ပြီးနောက်ပိုင်းမှာ ထူးဆန်းချောက်ချားဖွယ်ရာကောင်းသော ဖြစ်ရပ်များသည် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာခဲ့သည်။

ရက်လည်ပြီးနောက်ရက်မှစ၍ ဦးအုန်းသောင်တို့ ခြံဘက်မှ ခွေးအူသံများသည် မကြာခဏ ကြားနေရသည်။ တစ်ခါတစ်ရံ သရက်ပင်ပေါ်မှ ညအိပ်ကြသည့် ကျီးကန်းအုပ်ကြီးလည်း ဝုန်းကနဲ . . .





ထပျံပြီး အချိန်မတော် အော်ကြသည့် အသံများကို ကျွန်တော်တို့ . . . အတိုင်းသား ကြားနေရသည်။

တစ်ည . . . ခွေးအူသံများ(ည)ဆယ်နာရီခန့်မှာ ကြားရသည်။ ဒါနှင့်အတူ အတူတစ်စုံတစ်ယောက်ကို ထိုးဟောင်နေသည့် အသံမျိုးလည်း ကြားရသဖြင့် အဖေက သူခိုးဝင်သည်မှတ်၍ လက်နှိပ်မီးနှင့် လုံရှည်ဆွဲပြီး ဆင်းလာလိုက်သည်။

တစ်ခါတစ်ရံ ခြံထဲမှ သစ္စာပန်းများ၊ နီကိုဥများ၊ ပန်းဂေါ်ဖီထုပ်များကို သူခိုးများက ဝင်ဝင်ခိုးလေ့ရှိသည်။ ခွေးဟောင်သံကြားလျှင် အဖေက လုံဆွဲ၍ သို့မဟုတ် လင်းလေးကိုင်၍ မီးနှင့်ဆင်းလေ့ရှိသည်။ ခြံထဲကို မီးထိုးရှာပြီး မသင်္ကာသည့်နေရာများကို လင်းလေးနှင့် ပစ်လေ့ရှိသည်။

အဖေသည် လင်းလေးပစ်တည့်၏။ လင်းလေးဆိုသည်မှာ လေးကဲ့သို့ဖြစ်၏။ ကြခတ်သားကို လေးကိုင်းလုပ်ပြီး ကြိမ်ကြိုးနှင့် လောက်စာအိမ်ပြားတပ်ပြီး လောက်စာလုံး ဒါမှမဟုတ်ကျောက်ခဲဖြင့် ဆွဲ၍ လွှဲ၍ပစ်ရသည်။

အဖိုးဦးအုန်းက ပိုပြီးလင်းလေးပစ်ကောင်းသေး၏။ တစ်ပြတစ်ခေါ်လောက်များ အသံကြားလို့ လင်းလေးဖြင့် လှမ်းပစ်လိုက်လျှင် တည့်ကို မှန်လေ့ရှိသည်။ လင်းလေး ဒူးလေးကား ရွာမှာ ကာကွယ်ရေးအဖွဲ့ဝင် ဖြစ်စဉ်ကတည်းက နေ့စဉ်အပစ်လေ့ကျင့်နေကြမို့ ပိုင်နိုင်သည်။

သို့ဖြင့် လင်းလေးကို ကျောမှာလွယ်ပြီး ဘယ်လက်တစ်ဖက်က လက်နှိပ်မီးကိုင်ပြီး ညာလက်တစ်ဖက်က လုံရှည်ကိုအသင့်ကိုင်ပြီး ယောင်းထဲသို့ လိုက်လံစစ်ဆေးနေစဉ် ဦးအုန်းသောင်တို့ ခြံဘက်ဆီမှ ခွေးအူသံရော ချောက်ချားစရာလို ကြားနေရသဖြင့် အုန်းသောင်အဒိပ်ကြီးလှချီလားဟု တွေးပြီး သူ့ခြံစည်းရိုးဘေးသို့ မီးမှိတ်၍ ငုံ့မှ



www.burmeseclassic.com

www.burmeseclassic.com



လာလိုက်သည်။

သည်မှာ အဖေ မမျှော်လင့်သော သင်္ချိုင်းကုန်းတစ်ခုကို မြင်ခဲ့လိုက်သည်။

ဦးအုန်းသောင်တို့ အိမ်ရှေ့ သရက်ပင်အောက်မှ ရဲခနဲရဲခနဲ ဆေးလိပ်မီးဖွားများဖြစ်သည်။ သူခိုးတော့ မဖြစ်နိုင်။ လူပဲဖြစ်ရမည် မည်သူများပါလိမ့်။ အုန်းသောင်များလား သွားလေသူ သူ့မိန်းမကို သတိရ၍ အိပ်မပျော်နိုင်သည်နှင့် အပြင်ထွက်ဆေးလိပ်သောက်နေရော့လား။ အသာကပ်၍ ခြံစည်းရိုးနားတိုး၍ ကြည့်လိုက်သည်။

ဆေးလိပ်ခေါင်းမှ မီးဖွားများသည် . . . မြေပြင်ပေါ်သို့ တဖွားဖွားကျနေသည်။ လရောင်နှင့် လူလုံးကို မသဲကွဲလေးမြင်နေရသည်။ သင်္ချိုင်းကုန်းက အမျိုးသမီးတစ်ဦး ဆေးလိပ်ထိုင်သောက်နေသည့်သင်္ချိုင်းကုန်း မဟုတ်မှလွဲရော . . . ။ ကိုအုန်းသောင်နှင့် အဖော်လာအိပ်သည့် အုန်းသောင် အမကြီးမစိန်ကြည်များလား ။

"ဗျို့ . . . မစိန်ကြည်လားဗျ"

အဖေက လှမ်း၍အသံပြုလိုက်၏။ ဆေးလိပ်ခေါင်းက ပိုရဲပြီး မီးဖွားများ ခါချလိုက်သကဲ့သို့ မြေပြင်ပေါ်သို့ တဖွားဖွားကြွေကြလာနေ၏။

"မစိန်ကြည်လား . . ."

ဆေးလိပ်သောက်နေသူက လုံးဝမတုန့်ပြန်။ စိတ်ကူးများ ယဉ်ပြီး အတွေးမှာနစ်မြောနေ၍ ခေါ်သည်ကို မကြားရော့သလား။ ဒါမှမဟုတ် အုန်းသောင်ပဲ စိတ်ညစ်ညစ်ဖြင့် လွမ်းဆွေးနေရော့သလား။

"အုန်းသောင် . . . ဟေ့ . . . အုန်းသောင်လားကွ"

အမည်ပြောင်း၍ လှမ်းမေးလိုက်မှာ ထိုင်မှာနေပုံရသည့် ဆေးလိပ်ကြီးသည် . . . တဖြည်းဖြည်း အပေါ်သို့ မီးခဲတရဲရဲကျလာပြီး လူတစ်ရပ်ခန့်မှသည် တဖြည်းဖြည်းလေထဲမှာ လူးကာ ဝဲပျံသလိုဖြစ်





နေ၏။ လူရပ်သင်္ချိုင်းကုန်းလည်း မြင်နေရ၏။ လူများသော်လည်း ပိတ်ပြီး လမ်းလျှောက်နေလို့များလား . . . ။

ပြန်ထူးသံမကြားရ၍ အဖေက မသင်္ကာဖြစ်လာခဲ့ပြီး လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးလိုက်သောအခါ . . . မိန်းမတစ်ယောက် နောက်ကျောခိုင်းပြီး လှစ်ကနဲ ပြေးထွက်သွားသည်ကို မြင်လိုက်ရသည်။ ဆံပင်ကလည်း နောက်ကျောမှာ အရှည်ကြီး . . . ။

"ဟေ့ . . . ဘယ်သူလဲ"

မြန်လိုက်တာ မီးရောင်မှာ လှစ်ကနဲပျောက်သွားသည်။ ခွေးများက သူမ ဝင်သွားရာဘက်သို့ အတင်းဒရကြမ်း လိုက်ဆွဲထိုးဟောင်တော့သည်။ ခွေးသုံးကောင်ခန့်ကလည်း မကောင်းဆိုးရွားကို မြင်ရသည့် အလား အူလိုက်ရာ သတ္တိကောင်းလှသော အဖေပင် ဆံပင်မွေးများ ထောင်ထလာအောင် ကြက်သီးဖျန်းဖျန်းထ၍ လာခဲ့တော့သည်။

အဖေ့ရဲ့ခေါ်သံ ခွေးများအူသံ၊ ဟောင်သံလိုက်သံ ပြေးဆွဲသံများကြောင့် မကြာခင် ဦးအုန်းသောင် နိုးထလာခဲ့သည်။

"ဘယ်သူလဲကွ"

ဦးအုန်းသောင်ကလည်း မီးထိုး၍လှမ်းမေးလိုက်သည်။

"ဟေ့ . . . အုန်းသောင်"

"ဦးလေးသာဟန်လား။ အချိန်မတော်ကြီး ဘာဖြစ်လို့လဲ"

ဦးအုန်းသောင် အိမ်ပေါ်မှ ဆင်းလာလိုက်ပြီး ခြံစည်းရိုးမှာ ဆုံလိုက်ကြသည်။

"မင်းခြံထဲကို လူရိပ်လူရောင်မြင်ရလို့ စောင့်ကြည့်နေတာကွ"

ဟင် . . . လူဟုတ်လား။

"ဟုတ်တယ် . . . ၊ စောစောက အဲဒီသစ်ပင်အောက်မှာ ဆေးလိပ်ထိုင်မှာနေတာ။ ငါလဲမထူးဘူးဆိုပြီး မီးနဲ့လည်းထိုးလိုက်ရော



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားထွက်ပြေးသွားရော. . . ။ အဲဒါ ဘယ်သူလဲ''

''ဟင်. . . ထွက်ပြေးသွားတယ်. . .''

''အေး. . . အဲဒါ ဘယ်သူလဲကွ. . . မင်းအစ်မကြီးလား''

''ဟင့်အင်း. . . အမကြီးက မနေ့ကတည်းက ပြန်သွားပြီဗျ. . .''

''ဟေ. . . ဒါ. . . ဒါဆို သူခိုးများလာကွာ. . .''

''လာဗျာ. . . ဝင်ခဲ့ဗျာ။ ဦးလေးသာဟန်ရာ၊ ကျုပ်တို့နှစ်ယောက်လိုက်ရှာကြရအောင်. . .''

အဖေက ကိုအုန်းသောင် မပေးသည့် ဝါးစည်းရိုးအောက်မှ ငုံ့ဝင်လိုက်သည်။ ပြီးနောက် နှစ်ယောက်သား လက်နှိပ်မီးကိုယ်စီထိုး၍ ပြေးထွက်သွားရာဘက်သို့ လိုက်ရှာကြသည်။ ခွေးတွေလည်း ခုမှအူသံပြိုင်ပြီး တအီအီတအုအုနှင့် သခင် နားတိုးကပ်ကြသည်။

ခြံထဲအနှံ့လိုက်ရှာပါသော်လည်း ခြေရာလည်းမတွေ့ရ။

''ဟုတ်ရဲ့လား. . . ဦးလေးရ. . .''

''ဟုတ်ပါတယ်ကွ. . . မိန်းမတော့ မိန်းမ ဖြစ်ပုံပဲကွ။ နောက်ကျောပေးသွားတော့ ဆံပင်မှအရှည်ကြီးရယ်. . .''

နောက်ဆုံးသူတို့နှစ်ဦး သရက်ပင်အောက်သို့ ပြန်ရောက်လာကြသည်။ အောက်ခြေအနီးကျင်ကို မီးထိုး၍ရှာလိုက်သောအခါ မျှော်လင့်ပဲ. . . ပဝါသည်းတစ်ခုကို သွားတွေ့လိုက်ကြသည်။ ၎င်းပဝါသည်းကား အခြားမဟုတ်။ ပြောင်းဖူးဖက် ဆေးလိပ်တစ်တို။ ဆေးလိပ်က ခေါင်းပြာတွယ်၍နေ၏။ ကိုအုန်းသောင်က ဆေးလိပ်တိုကိုကောက်၍ကြည့်ရှု စစ်ဆေးလိုက်သည်။ ဆေးလိပ်က ပူနေဆဲ။ တစ်စုံတစ်ဦး ဒီနေရာမှာ ထိုင်သောက်သွားပြီး လွှင့်ပစ်ခဲ့သည်သဏ္ဍာန်။

''ပြစမ်း. . . ဟာ. . . ပူနေဆဲပဲကွ. . .''





''ဟုတ်တယ်ဗျ. . . ဒါတစ်ယောက်ယောက် သောက်ပြီး လွှင့်ပစ်ခဲ့ပုံပဲ. . . ပေးစမ်း ဦးလေး. . .''

ကိုအုန်းသောင်က အဖေ့လက်ထဲမှ ပူနွေးနွေး ပြောင်းဖူးဆေးပေါ့လိပ်ကြီးကို လှမ်းယူပြီး မီးရောင်အောက်မှာ အသေအချာ စစ်ဆေးလိုက်သည်။ အဖေပြန်ပြောပြချက်အရ. . . ဒီအချိန်မှာ ဆေးလိပ်ကို စစ်ဆေးနေသည့် ဦးအုန်းသောင်လက်သည် တဆတ်ဆတ်တုန်နေသည်ဆို၏။ ဆေးပေါ့လိပ်ကိုကြည့်ပြီး စကားလည်း မပြောနိုင်။ ပြောပြန်တော့လည်း အသံတွေပါ တုန်နေသည်တဲ့. . . ။

''ပြန်အိပ်ကြစို့. . . ဦးလေးရာ၊ သူမရှိတော့ပါဘူး''

''သတိဝီရိယနဲ့အိပ် အုန်းသောင်။ သူခိုးလား. . . အနုကြမ်းလား ပြောလို့ရတာ မဟုတ်ဘူး။ ခွေးဟောင်သံကြားရင် ထကြည့်ပါကွာ၊ ကြားလား. . .''

''ဟုတ်. . . ဟုတ်ကဲ့ ခင်ဗျ''

သည့်နောက် အဖေလည်းအိမ်သို့ ပြန်လာခဲ့လိုက်သည်။ နောင်အခါ. . . ဖာတ်ပေါင်း၍ နောက်ကြောင်းပြန်ပြောသောအခါ အခုညတွေ့ခဲ့ရသည့် သက်သေခံဆေးလိပ်ဖင်ပိုင်းမှာ ဆေးလိပ်ကို ခဲထားသည့် သွားကိုက်ရာကို တွေ့ခဲ့ရသည်ဟု ဦးအုန်းသောင်က ကျွန်တော်တို့ မိသားစုကို ပြန်ပြောပြခဲ့သည်။

သူတို့အိမ်မှာ ဆေးလိပ်ကို သွားနှင့်ခဲ၍ကိုက်၍ သွားသူမှာ တစ်ယောက်ပဲရှိသည်။ ထိုသူကား ကွယ်လွန်သူ မကြေစည်ပဲဖြစ်၏။

မြတ်စွာဘုရား. . . ဒါဆို ထိုညက အဖေတွေ့ခဲ့ရသူကား။

ကွယ်လွန်သူ မကြေစည်များ ဖြစ်လေရော့သလား။

ဆံပင်ဖါးလျားချ ပြေးထွက်သွားသည့် မိန်းမတစ်ယောက်။

ပူနွေးနွေး အခေါင်းတွယ်နေသည့် ပြောင်းဖူးဖက် ဆေးလိပ်က တစ်တို။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . .
ဆေးလိပ်ဖင်စီခံပေါ်က သွားကိုက်ရာများ. . . ။

♛ ♛ ♛

၅

## လန့်၍အော်ခဲ့ရသည့်ည

တစ်နေ့ခင်း ထမင်းစားပြီးချိန်မှာ ဦးအုန်းသောင်ကြီး ကျွန်တော်တို့အိမ်သို့ ပေါက်ချလာသည်။ လက်ထဲမှာလည်း ဝင်းမှည့်နေသော မာလကာသီးကြီးများ ပါလာခဲ့သည်။

“ဦးအုန်းသောင် မာလကာသီးကြီးတွေက ဘယ်သူ့ဖို့လဲဗျ”

“မင်းတို့မောင်နှမ စားဖို့ ယူလာတာကွ. . . ရော့”

“ဟော့. . . ဒါမှ ငါတို့ ဦးအုန်းသောင်ကြီးကွ. . .”

“ငါကို. . . ဟိုအလုံးကြီးပေး. . .”

“ငါ. . . ဟို မှည့်မှည့်ကြီးယူမယ်နော်. . . ရွှေတာင်”

ကျွန်တော်တို့ မောင်နှမလေးယောက် အရမ်းကို ဝမ်းသာသွားကြသည်။ မာလကာသီးတွေ မာလကာသီးထဲမှာ ဦးအုန်းမောင်တို့ ခြံထဲက မာလကာသီးလောက် ဘယ်မာလကာသီးမှ မချိုး ကျွန်တော်တို့ခြံထဲမှာလည်း မာလကာပင်များရှိသည်။ သို့သော် ဦးအုန်းသောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ မာလကာသီးချိုပုံကို လုံးဝမမြို။ ဦးအုန်းသောင်တို့ မာလကာသီးက မကျစ် မပွနှင့် စားလိုက်လျှင် သကြားခဲစားရသလိုကို ချိုသည်။

အူနီမျိုးဆိုလျှင် ပုဂံလုံးထဲ ဖွန်းနှင့်မွှေခြေ၍ ကော်ခပ်စားလျှင် ထောပတ်ငှက်ပျောသီးစားရသလို အရသာရှိသည်။ မကြွေစည်ရှိတုံးက ဆို ဘယ်သူမှမပေး။ ဘုန်းကြီးကျောင်တောင် မပို့။ ရောင်းစားသည်။ ဈေးကြီးကြီးပေးဝယ်မှ ရသည်။

အခု . . . မကြွေစည်မရှိတော့မှ ဦးအုန်းသောင်ကလည်း ကျွန်တော်တို့ကို လာပေးရဲသည်။ ဟိုတုန်းကများဆိုသော်ဝေ။ ၎င်း မာလကာပင်ကို အသီးများ ပြွတ်ခဲနေ၍ ကျွန်တော်တို့ လှမ်းမျှော်ကြည့်လျှင်–

"ဘာလဲ . . . နင်တို့က ငါမာလကာသီးကို ခိုးစားချင်လို့ ချောင်းနေကြတာလား" ဟု စွပ်စွဲရန်တွေ့အော်နှင်လေ့ရှိ၏။

ခုမှ အားရပါးရစားရတော့သည်။ ကျွန်တော်တို့ မောင်နှမ လေးယောက် သူ့အလုံး ငါအလုံးလုပြီး ရန်ဖြစ်မလို ဖြစ်ကြသည်ကို ကြည့်၍ ဦးအုန်းသောင်ကြီးက သဘောကျနေသည်။ သို့နှင့် အမေက ဘုရားဆွမ်းတော်ကပ်ရန် တစ်လုံးစီခန့် ဖယ်လိုက်ပြီး ကျန်အလုံးများကို ဝေပုံကျဝေပေးလိုက်သည်။

"ဟဲ့ . . . အတင်"

"ရှင် . . . အမေ"

"နင့်ဦးလေးဖို့ . . . ငါးရံ့ခြောက်ဆီဆမ်း ပုဂံယူခဲ့၊ ရေနွေးပါထပ်ဖြည့်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့အမေ . . . ၊ ချိုလိုက်တာ ဦးလေး အုန်းသောင်ရာ၊ နောက်တစ်ခါလာရင် ဒီထက်များများ ခူးခဲ့ပါနော်"

"တယ် . . . ဒီကောင်မလေး . . . သွား၊ မြန်မြန်လုပ်"





အဖေက ဒေါသဖြင့် အမကြီးကို လှမ်းငေါက်လိုက်မှ အမကြီးက ခေါင်းလေးပုသွားပြီး မီးဖိုဆောင်ထဲသို့ ဝင်သွားလိုက်သည်။ မကြာခင် ရေနွေးကြမ်းအိုးနှင့် ငါးရံ့ခြောက်ပုဂံ ရောက်လာပြီး စကားဝိုင်းဖွဲ့ကြသည်။

"ဦးလေးတို့ . . . အဒေါ်တို့ကို ပြောစရာစကားရှိလို့ဗျ"

"ဘာများတုံးဟ . . . အုန်းသောင်ရ . . . ၊ ပြောစရာရှိပြော"

"တစ်ည နှစ်ညလောက် မောင်ရွှေတင်နဲ့ တရုတ်ကြီးကို ညဘက်အဖော်ခေါ် အိပ်ချင်လို့ဗျ . . ."

"သြော် ဒါလား မင်းညီများ တူများ အိပ်ပါ့မလား မောင်အုန်းသောင်ရဲ့"

"အိပ်မယ် . . . အိပ်မယ် ညဘက်ဒီလို မာလကာသီးသာ အဝကျွေး ညတိုင်းအိပ်မယ်ဗျ . . ."

"ဟား . . . ဟား ငါ့တူများကတော့ အားကိုးရပြီဟေ့"

"ဒီကောင် နှစ်ကောင်က ညဘက်အိပ်ယာထဲ သေးပေါက်တယ်နော် အုန်းမောင်"

အဖေက အကြောင်းသိဖို့ ကြို၍စကားပလ္လင်ခံလိုက်သည်။ ကျွန်တော်တို့ကတော့ ညတွင်သာမက နေ့ဘက်ပါနေလိုက်ချင်သေးသည်။ ဒါမှ သကြားခဲလိုချိုသည့် မာလကာသီးများကို အားရပါးရစားရမည်လေ . . . ။

"ရပါတယ် အဒေါ်ရ . . . အိပ်ကာနီး ဗိုစောင့်နတ်ကို ကန်တော့နိုင်းပြီး အိပ်စေမှာပေါ့ . . ."

"ဟားဟား . . . ဟားဟား နင့်အိမ်က ဗိုစောင့်နတ်တော့ မသိဘူး။ ငါတို့အိမ်က ဗိုစောင့်နတ်တော့ ဒင်းတို့သေးစော်နံလို့ ပြေးပြီ အုန်းသောင်ရေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဟားဟား တယ်ဆိုးတဲ့ ကောင်တွေပေါ့ ဟုတ်လား. . ."

"ဟုတ်ပတော်. . . မနက်မနက် လျှော်လိုက်ရတဲ့ စောင်တွေနှယ်. . . အတင့်ကိုသာ မေးကြည့်တော့. . ."

အမေက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်စရိုက်ကို ချီးမွမ်းခန်းဖွင့်နေ၏။ ကျွန်တော်တို့ညီအကိုသည် ညဘက်အိပ်ယာထဲမှာ ဆီးသွားလေ့ရှိ၏။ တစ်ညမဟုတ် ညတိုင်းလိုလို သို့ဖြစ်၍ ညအိပ်ယာဝင်ကာနီးတိုင်း ဖိုစောင့်နတ်ကို မေတ္တာရပ်ခံပြီး အိပ်ရသည်။

ဘာကြောင့် ဖိုစောင့်နတ်ကို တောင်းပန်ရသည်တော့ ကျွန်တော်တို့ မသိ။ အမေတို့က လုပ်နိုင်း၍သာ ညစဉ်လုပ်နေရသည်။ ဖိုစောင့်နတ်လည်း ညဘက်အိပ်ယာထဲ ဆီးမသွားအောင် မလုပ်ပေးနိုင်ခဲ့။ အမနှစ်ဦးကတော့ မိုးလင်းသည်နှင့် ကျွန်တော်တို့ သေးစိုစောင်များကို ညည်းညည်းငြူငြူ တပျစ်တောက်တောက် ပြောဆိုဆဲရေးပြီး နေ့စဉ် လျှော်နေရသည်။

"အဲဒါ. . . နင်ဒယ်ခံနိုင်ရင် ခေါ်အိပ်ပေါ့"

နောက်ဆုံးကျွန်တော်တို့ ညီအကိုကလည်း လိုက်အိပ်မည်ဆို၍ ဦးအုန်းသောင်ကြီး ဝမ်းသာသွားခဲ့သည်။ သို့နှင့် ညဘက်ရောက်တော့ ဦးအုန်းသောင်လာခေါ်၍ လိုက်ပါသွားခဲ့သည်။ ဦးအုန်းသောင်ကြီးက ရောက်သည်နှင့် သကြားမာလကာသီးများကို ချကျွေးသည် ကျွန်တော်တို့ ညီအကိုအားရပါးရစားကြသည်။ ဒါကို ကြည့်၍ ဦးအုန်းသောင်ကြီးက ကျေနပ်ပျော်ရွှင်နေ၏။

ကျွန်တော်တို့ကလည်း ဦးအုန်းသောင်ကြီးကို ဟိုတုံးကတည်းက ခင်သည်။ သူသည် လူခန့်၊ လူချောကြီးဖြစ်၏။ တောင်ယာအလုပ်ကို နေပူမိုးရွာမရှောင်လုပ်ရ၍သာ အသားညိုနေခြင်းရယ်။ မကြွေစည်ရှိကတည်းက သည့်သကြားမာလကာများကို ကြိုက်မှန်းသိ၍ မကြွေစည် အလစ်မှာ မကြာခဏခိုးခိုးပေးလေ့ရှိ၏။ သိလျှင်တော့ ပွက်လောကို ရိုက်ရော။ ဒါကြောင့် မကြွေစည် မသိအောင်ပေးလေ့ရှိ၏။





မကြွေစည်မရှိတော့ သူ့မှာ ကသိကလင်နိုင်ခဲ့သည်။ မိုးမလင်းခင်ထ၍ နံနက်စာ၊ ညနေစာ ထမင်းဟင်းချက်ပြုတ်ရသည်။ ဟင်းလျာကိစ္စအတွက် အမေ့ကို ဈေးကြုံမှာရသည်။ မကြွေစည် အသုဘရက်လည်ပြီး သုံးလေးရက်တော့ သူ့အစ်မကြီး စိန်ကြည်က ဝင်ကူလုပ်ပေးခဲ့သော်လည်း သူမမှာလည်း မိသားစုကိစ္စများရှိနေ၍ ပြန်သွားခဲ့ရသည်။ နောက်ပိုင်း ကိုယ့်ကိစ္စကိုယ့်ဖါသာ ဆောင်ရွက်ရသည်။

ညနေဘက်ရောက်လျှင် ဖေါက်သည်များက ခြံထဲသို့ရောက်လာကြသည်။ မကြွေစည်ရှိတုန်းက အဆင်မပြေခဲ့သည့် ကနဦးမူလဖောက်သည်များ အခုပြန်ရောက်လာခဲ့ကြသည်။ မုဆိုးဖို လူချောလူခန့်ကြီး ဦးအုန်းသောင်ကို ဖေါက်သည်များက ခင်ကြ၊ သံယောဇဉ်ရှိကြသည်။

အဲဒီမှာ အပျိုကြီး ဈေးသည်၊ တစ်ခုလပ် ဈေးသည် အပျိုပေါက် ဖေါက်သည်များလဲ ပါသည်။ အချို့က ပရောပရီလုပ်ကြသည်။ အိမ်ထောင်သည် သမ္မာရင့်များက ဟိုမိန်းမ၊ ဒီမိန်းမနှင့် ဦးအုန်းသောင်ကို စကြသည်။ ဘယ်လိုလိုစစ ကိုအုန်းသောင်က ရယ်နေ၏။

ဟင်းရွက်များ လက်ဆုပ်စည်း စည်းဖို့အမေတို့က ဝင်ကူပေးရသည်မှ ဒီလိုနှင့် ကျွန်တော်တို့မိသားစုနှင့် ဦးအုန်းသောင်က ဆွေမျိုးရင်းချာ၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင်ဖြစ်လာခဲ့၏။

မအိပ်ခင် ဦးအုန်းသောင်ကြီးက သူနှင့်မကြွေစည်တို့ သမီးရည်းစားဘဝကို ယယ်မူပြန်ပြောပြလေ့ရှိ၏။

အမှန်က မကြွေစည်ကို ဦးအုန်းသောင်က အရင်စကြိုက်တာမဟုတ်၊ မကြွေစည်ကသာ ဦးအုန်းသောင် လူချောလူခန့်ကြီးကို စ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာတဲ့။ နောက်ဆုံး နံဘေးမှ လူများက ဝိုင်းလှော်ပေးတော့ သူတို့နှစ်ဦး ညားသွားကြသည်ဟု သိရသည်။

မကြွေစည်ကား ရုပ်ရည်သိပ်မလှသော်လည်း ကိုယ်လုံးကိုယ်ပေါက်က အတော်ကိုလှသည်။ မကြွေစည်ရဲ့ကိုယ်လုံးအချိုးအဆစ် အဖု အနိမ့်အသေးအကျင်း အယဉ်အကားကို သဘောကျ၍ လိုချင်သူများက အများအပြားဟု ဆို၏။

သို့သော် မကြွေစည်က ကိုအုန်းသောင်မှ ကိုအုန်းသောင်။ ကိုအုန်းသောင်ကို မြူထားမတတ် ချစ်သည်။ ဘယ်မိန်းမ မျက်စောင်းထိုးမှမခံ။ မကြွေစည်ကလည်း ယောကျ်ားလုပ်သူကို အငြိုးပြေအောင် ပြုစုယုယချစ်ပြသည့် မေတ္တာ၊ သစ္စာရှိခဲ့သည်။ လင်အပေါ် သဝန်တိုသဝန်ကြောင်သည်မှလွဲလျှင်. . . မကြွေစည်သည် လူလောကသဘာဝ အချစ်ရဲ့အရသာကို ခံစား၍အချိုမြိန်ဆုံးရှိသော မိန်းမဟုဆိုခဲ့၏။

မကြွခင် ညီလေးကစ၍ သန်းလာသည်။

''အိပ်ချင်ပြီလားကွ. . . တရုတ်ကြီးရဲ''

''အင်း. . . အိပ်ချင်ပြီ. . . ဗျ. . . ''

''အေး. . . အိပ်ချင်လည်း အိပ်ချပါစို့ကွာ. . . မနက်ကျရင် ငါထမင်း ထကြော်မယ် သိလား. . . ''

သို့နှင့် ကျွန်တော်တို့ ညီအကိုက. . . အိမ်ရှေ့အတွင်းဘက် အခြမ်းမှာ ခြင်ထောင်တစ်လုံးနှင့် အိပ်သည်။ ဦးအုန်းသောင်က အပြင်ဘက် အခြမ်းမှာ ခြင်ထောင်တစ်လုံးနှင့်အိပ်သည်။ အချိန်သည် တရွေ့ရွေ့ ကုန်လာခဲ့သည်။

ကျွန်တော်ကား ဒီညကျမှ အိပ်လို့မပျော်တပျော်ဖြစ်နေ၏။ အရေးထဲ ခွေးတစ်ကောင်ရဲ့ဆွဲဆွဲငင်ငင်အူလိုက်သံကြောင့် ကြက်သီးဖျန်းကနဲထသွားလိုက်သေးသည်။ ညီငယ်ကောင် တရုတ်ကား တစ်ဘက်သို့ လှည့်၍ အိပ်နေ၏။ ဦးအုန်းသောင်ထံမှ အိပ်မောကျ ဟောက်သံ





ကိုလည်း ကြားနေရသည်။ အာလာဒင်မီးအိမ်သည် မီးကလျှော့၍ ခပ်မှိန်မှိန် အတွင်းမှာ လင်းနေသည်။

သို့နှင့် အိုက်စပ်စပ်ရှိနေသဖြင့် စောင်ကို ရင်ပတ်ပေါ်ခေါက်တင်ပြီး အိပ်ပျော်အောင်ကြိုးစားလိုက်သည်။ ဒီလိုနှင့် အေးကနဲဖြစ်သွားချိန်မှာ ကျွန်တော့် ခြေထောက်ကို တစ်စုံတစ်ဦးက လှုပ်သလိုရှိ၍ ကျွန်တော်နိုးသွားပြီး ခေါင်းထောင်ကြည့်လိုက်သောအခါ ဘယ်သူမှမရှိ။ သို့နှင့် ပြန်မှိန်းနေလိုက်သည်။ မှိန်းသည့်အခိုက်မှာပဲ ခြေထောက်ကို သိသိသာသာ လှုပ်ပြန်သည်။

မောင်တရုတ်များ ခြေနှင့်ကန်သည်မှတ်၍ လှမ်းကြည့်လိုက်တော့ ညီငယ်ကလည်း ဟိုဘက်ကို တုံးလုံးလေးအိပ်နေသည်။ ဘာဖြစ်ပါလိမ့်။

အရေးထဲ ခွေးက အောက်ကနေဆွဲဆွဲငင်ငင် ချောက်ချောက်ချားချား အူလိုက်ပြန်၍ကြက်သီးများ တဖြန်းဖြန်းထသွားခဲ့ရပြန်သည်။ ကျီးအချို့ကလည်း တစ်စုံတစ်ဦးကို မြင်လိုက်သည့်အလား ထ[illegible] များ၊ အော်သံများကို ကြားလိုက်ရပြန်သည်။

ဒီအခိုက်မှာပဲ ကျွန်တော်မျက်နှာကို အေးစက်သောလက်ဝါးကြီးနှင့် လာကိုင်ပွတ်လိုက်၍လန့်နိုးသွားခဲ့သည်။ ညီငယ်လား. . . မဟုတ်။ သူအိပ်လျက်နေသည်။ ငါ. . . အိမ်မက်များ မက်နေရောလား။ ထိုစဉ် ခေါင်းရင်းမှ အိမ်ထရံကို လက်နှင့်လာပုတ်သည့် အသံမျိုး ခပ်သဲ့သဲ့ကြားရပြန်သည်။

''ဘုတ်. . . ဘုတ်''

''ဘုတ်. . . ဘုတ်. . . ဘုတ်''

''ချွတ်. . . ချွတ်. . . ဘုတ်. . . ဘုတ်''

အသံက ခေါင်းရင်းဘက်က။ ခွေးလား ကြောင်လား သူလား။ ဦးလေးအုန်းသောင်ကို နှိုးလိုက်ရင် ကောင်းမည်လား။ သူ့ခမြာ



www.burmeseclassic.com

www.burmeseclassic.com



လည်း နေကုန်ပင်ပန်းလွန်း၍ တခေါခေါတခူးခူးနှင့် အိပ်မောကျနေသည်။ သည့်နောက်ဖြစ်ချင်ရာဖြစ် . . . အသံကြားရသည့်ခေါင်းရင်းထရံကို အနီးရှိ စာအုပ်တစ်အုပ်နှင့် ကောက်ပေါက်လိုက်လေမှ အသံက ငြိမ်သွားသည်။ ကြည့်ရတာ ခွေးပဲနေလိမ့်မည် ထင်သည်။

ထရံပုတ်သံငြိမ်လို့ မကြာသေး။ ထူးဆန်းသော အသံတစ်မျိုးကို ကြားရပြန်၏။

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

"ဟင်း . . . ဟင်း . . . ဟင်း"

"ဟီး . . . ဟီး . . . ဟင်း . . . ဟင်း"

မြတ်စွာဘုရား . . . လူတစ်ယောက်ညည်းနေသံမျိုးပါလား။ အသံကြောင့် အသာနားစွင့်နေလိုက်သည်။ ငုင်းညည်းသံခပ်သဲ့သဲ့ပြန်ပေါ်လာသည်။ ဦးအုန်းသောင်လည်း မဟုတ်။ ညီလေးလည်း မဟုတ်။

"အဟမ်း . . . အဟမ်း"

ချောင်းဟန့်သလိုလို။ ချောင်းဆိုးသလိုလုပ်လိုက်တော့ ညည်းသံက ရပ်သွားခဲ့ပြန်သည်။ ဘယ်လိုများဖြစ်နေပါလိမ့်။ နောက်ဆုံး စောင်ခေါင်းမြီးခြုံပြီး နေလိုက်သည်။ အတန်ကြာခဲ့ပြီ။ အိုက်လွန်း၍စောင်ထဲမှ ခွေးစိုစပြုလာသည်။

"ရှပ် . . . ရှပ် . . . ရှပ် . . . ရှပ်"

"ရှပ် . . . ဖလပ် . . . ရှပ်"

"ရှပ် . . . ရှပ် . . . ဖလပ် . . . ဖလပ်"

အလို . . . ။ ကျွန်တော်ခြေရင်းဘက်မှ လူတစ်ယောက် လမ်းလျှောက်သွားနေသည့် အသံပါလား။ မဟုတ်မှလွဲရော ဦးလေးအုန်းသောင် အပေါ့ထသွားသည်နှင့် တူသည် ကိုယ်လည်း ဆီးသွားချင်သည်နှင့်အတော်ပဲ ပြီးရင် စောစောက အသံများအကြောင်း ဦးအုန်းသောင်ကို ပြောပြရမည်။





သည့်နောက် ခေါင်းမြီးခြုံစောင်ကို ခွာချ၍ ဇာပြူခြင်ထောင်ကို လှပ်ကြည့်လိုက်သောအခါ ဘယ်သူမှထသည့်ကို မတွေ့ရ။ မှိန်ပြပြမီးရောင်အောက်မှာ သူတို့အိပ်ပျော်နေကြဆဲ။ ကျွန်တော်က မထရဲတော့။ ဆီးသွားချင်စိတ်ကို အောင့်ထားလိုက်သည်။

"အား . . ."

ထိုစဉ် ညီငယ်တရုတ်ထံမှ နာကျင်ကြောက်လန့်စွာ အော်လိုက်သံကို ကြားရ၍ ကုန်းထပြီး ငုံ့ကြည့်တော့ ညီငယ်သည် မျက်နှာရှုံ့ပြီး ပြန်လှည့်အိပ်သွားခဲ့သည်။ နောက်ဆုံး စိတ်ထဲမှ တစ်နှစ်သုံးလေးရေတွက်ရင်း အိပ်ပျော်အောင်ကြိုးစားလိုက်ရာ ခေါက်ရေတစ်ရာငါးဆယ်အရောက်မှာ ကျွန်တော် အိပ်ပျော်သွားခဲ့တော့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင်လေး. . . ဟဲ့. . . ကောင်လေး"

"ဟဲ့. . . ကောင်. . . လေး"

ကျွန်တော်နားထဲမှာ ကျွန်တော့်ကို လှုပ်နှိုးပြီး ခေါ်နေသည့် အသံကို ကြားနေရသည်။ သုံးကြိမ်မြောက်ခပ်ကြမ်းကြမ်း လှုပ်နှိုးခံလိုက်ရတော့မှ ကျွန်တော်နိုးလာခဲ့သည်။ ခေါင်းမြီးခြုံထားသည့် စောင်သည်ဘေးမှာ ကျနေ၏။ မျက်စေ့ကို အားယူဖွင့်ကြည့်လိုက်သောအခါ လူတစ်ယောက် ကျွန်တော့်မျက်နှာကို မှိုင်၍စိုက်ကြည့်နေသည်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

"မကြွေစည်. . . အောင်မယ်လေးဗျ"

ကျွန်တော်မျက်နှာကို မှိုးစီးကြည့်နေသူကား ပြီးခဲ့သည့်အပတ်က သေဆုံးသွားခဲ့သည့် ကိုအုန်းသောင်မိန်းမ မကြွေစည်မှ မကြွေစည် အစစ်။

"သွား. . . သွား. . . ခင်. . . ခင်ဗျား. . . သွား"

"ဟီးဟီးဟီးဟီး ငါမသွားဘူး. . . နင်တို့. . . ညီအကို သွားရမယ်. . . လာ. . . လာ. . . အခု. . . ချက်ချင်းထ ထဟဲ့"

"ဟင့်အင်း. . . ဟင့်အင်း. . . မလိုက်ဘူး သွား"





"ဖုန်း. . . "

"အင်း. . . အား ညီလေး. . . ဦးအုန်းသောင်. . . ဦးအုန်းသောင်"

"အမေ. . . အမေ. . . ဦးအုန်းသောင်"

"ရွှေတင်. . . ဟဲ့ဟဲ့. . . ဟဲ့ကောင်ရွှေတင်. . . "

"အကိုကြီး. . . အကိုကြီး"

"အမေ. . . အမေ. . . "

"ရွှေတင်. . . ဟဲ့ညီလေး. . . မင်း မင်းဘာဖြစ်နေတာလဲ"

ဦးအုန်းသောင်ရော ညီလေးတရုတ်ရော အော်သံများကြောင့် ကုန်းထလာပြီး တုန်ရီလူးလွန့်နေသည်။ ကျွန်တော့်ကို ပွေ့လှုပ်မေးမြန်းကြသည်။

"အကိုကြီး. . . အကိုကြီး ဘာ. . . ဘာဖြစ်လို့လဲ"

"ဟို. . . ဟို မကြွေစည်. . . မကြွေစည်"

"ဟင်. . . မကြွေစည် ဟုတ်လား။ မကြွေစည်. . . ဘာဖြစ်လို့လဲကွ. . . "

"ကျွန်တော်ကို မကြွေစည်ပွေ့ခေါ်သွားတယ်. . . ကျွန်တော်ကြောက်တယ် အမေကို ခေါ်ပေးပါ. . . အမေကို ခေါ်ပေးပါ ဟီးဟီး"

ကျွန်တော်ဦးအုန်းသောင်ကိုယ်လုံးကို ဖက်ထားရင်း ငိုလိုက်သည်။ ကျွန်တော်ပုဆိုးမှာလည်း စိုရွှဲနစ်နေသည်။

"မင်း. . . အိပ်မက်မက်ပြီး ယောင်အော်နေတာပါ ရွှေတင်ရ မကြောက်ပါနဲ့. . . "

"အိပ်မက်. . . အိပ်မက်. . . မဟုတ်ဘူး မကြွေစည်တကယ်လာခေါ်တာ. . . "

"ရှေ့ရှေ့. . . ရေတစ်ခွက်သောက်လိုက်. . . ငါလခွေးသေးတွေလည်း ရွှဲလို့ကွာ. . . "



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသောင်က သောက်ရေတစ်ခွက်ခပ်၍တိုက်သဖြင့် တဂွပ်ဂွပ်မြည်အောင် သောက်ချလိုက်သည်။ ပုဆိုးမှာ သေးများရွှဲနစ်နေသကဲ့သို့ အင်္ကျီလည်း ချွေးများစိုရွှဲနေသည်။ ဦးအုန်းသောင်က သူ့ပုဆိုးဟောင်း တစ်ထည်နှင့် အပြန်လဲဝတ်စေသည်။

မီးရောင်မြင့်လိုက်၍အခန်းက လင်းလာသည်။ အပြင်မှာ ခွေးအူသံကို ကြားရသည်။ လင်းကြက်တွန်သံလည်း ကြားနေရသည်။ အနီးမှာ ညီငယ်နှင့် ဦးအုန်းသောင်ရှိနေ၍ ကျွန်တော်ကြောက်လန့်စိတ်များ အနည်းငယ် လျော့ပါးသွားခဲ့သည်။

"အိပ်မက်. . . မက်နေတာပါ ငါ့တူရာ. . . ကဲ ပြောစမ်းပါအုံး. . . ဘယ်လိုများ ငါ့တူက အိပ်မက်မက်တာတုံးကွဲ"

ဦးအုန်းသောင် ချွေးများကို အဝတ်နှင့်သုတ်ပေးရင်း ဆုပ်နယ်၍ အားပေးကာ မေးမြန်းလိုက်သဖြင့် ကျွန်တော် အိပ်မက်မမက်ခင် ခြေအောက်ကို လာဆွဲသည့်ကိစ္စ၊ မျက်နှာကို လာစမ်းသည့်အဖြစ်၊ ခေါင်းရင်းထရံကို လက်နှင့်လာပုတ်သည့် အဖြစ်များမှသည် ကျွန်တော်ကို အတင်းအဓမ္မခေါ်သွားသည့်အဖြစ်များကို အစအဆုံး ပြန်ပြောပြလိုက်သည်။ ညီလေးသည်နားထောင်ရင်း ဘေးဘီဝဲယာကိုကြည့်၍ မျက်စေ့မျက်နှာ အကြီးအကျယ်ပျက်နေ၏။ ဦးအုန်းသောင်လည်း မျက်နှာမကောင်း။

"မင်းအိပ်ယာထဲ ဆီးသွားရင်း အိပ်မက်မက်နေတာပါ ငါ့တူရာ"

ဦးအုန်းသောင်က အိပ်မက်ဟုပဲ ဖွတ်ပြောနေသည်။ ကြည့်စမ်းပါ။ အခု ကျွန်တော်ရောက်နေသည့်နေရာသည် အိမ်ယာထဲမှာ မဟုတ်။ ခြင်ထောင်အပြင်ဘက် တံခါးဝအနီးမှာဖြစ်သည်။

"ဦးအုန်းသောင်. . . "

"ဘာ. . . ဘာလဲကွယ်. . . "





"ဒီ. . . ဒီခြင်ထောင်ကို ဘယ်သူမတင်ထားတာလဲ"

ကျွန်တော်တို့ ညီအကိုအိပ်ယာဝင်စဉ်က ခြင်ထောင်ချအိပ်ခဲ့သည်။ အခု မြင်နေရသည့်က ခြင်ထောင်အောက်စများကို အမိုးပေါ်မှာ စုလုံးတင်ထားလျက်။ ဦးအုန်းသောင်သည် ၎င်းအဖြစ်ကိုကြည့်၍ အံ့သြနေ၏။ အံ့သြရင်း မျက်စေ့မျက်နှာပိုပျက်သွား၏။

"ဦးအုန်းသောင်. . . တင်လိုက်တာလား. . . "

"အင်း. . . အဲအဲ ဟိုဟို. . . ဟင့်အင်းကွ. . . "

"ညီလေး မင်းရောတင်လိုက်သေးလား. . . "

"ဟင့်အင်း ကျွန်တော်. . . ကျွန်တော်အိပ်နေတာပဲ ဥစ္စာပျာ"

ဦးအုန်းသောင်ဘာမျှမပြောနိုင်တော့။ သို့နှင့် အဝေးမှ အုန်းမောင်းခေါက်သံ ကြေးစည်သံများကြားရသဖြင့် ကျွန်တော်တို့ပြန်မအိပ်ဖြစ်ကြတော့။ ဦးအုန်းသောင်က မီးဖိုထဲသို့ တုန့်နှေးစွာဝင်သွားပြီး မီးမွှေးကာ ထမင်းကြော်ရန် ပြင်ဆင်နေလိုက်သည်။

ဦးအုန်းသောင်မရှိတော့မှ ညီလေးက ကျွန်တော့်အနီးသို့ မဝံ့မရဲ တိုးကပ်လာပြီး ပါးစပ်တလှုပ်လှုပ်ဖြစ်နေသည်။ သူ့သဏ္ဌာန်က တစ်စုံတစ်ခု အရေးတကြီးပြောချင်နေဟန်. . .

"ဘာလဲ တရုတ်ကြီး. . . ဘာပြောမလို့လဲ"

"ဟို ဟို ကျွန်တော်လည်း. . . ညက. . . "

"ဟော့ နှစ်ယောက် ပြန်မအိပ်ကြတော့ဘူးလား. . . "

ညီလေးက တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်စဉ် ဦးအုန်းသောင် ရုတ်တရက် ဝင်လာသဖြင့် ဘာမှမပြောတော့ဘဲ ရပ်ပစ်လိုက်သည်။ သည့်နောက် အိပ်ယာများကို သိမ်းလိုက်သည်။ မကြာခင် ဘဲဥနှင့်ကြော်ထားသည့် ထမင်းကြော်ပန်းကန်များရောက်လာသဖြင့် သုံးယောက်သား စားသောက်လိုက်ကြသည်။ သည့်နောက် ဦးအုန်းသောင်ကို



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ကာ မိုးလည်းလင်းနေပြီမို့ အဖေတို့အိမ်သို့ ညီအကိုနှစ်ယောက် ပြန်လာခဲ့လိုက်ကြသည်။

♛ ♛ ♛

## "အိမ်ငှားတင်ရန်ရှိသည်"

လမ်းရောက်တော့မှ ညီငယ်ကောင်တရုတ်က ညကသူကြုံခဲ့ရသည့်ဖြစ်ကြောင်းကို ကျွန်တော့်အားပြန်ပြောပြတော့သည်။

"ကျွန်တော်လည်း ညကကြုံရတယ်ဗျ. . . "

"ဟေ. . . မင်းလည်း ကြုံရတယ်. . . "

"အင်းပေါ့. . . "

"ဘယ်. . . ဘယ်လိုကြုံရတာတုံး မောင်တရုတ်ရာ ပြောစမ်းပြောစမ်း"

"ဒီလိုဗျ. . . ကျွန်တော် မေ့ကာနဲ့အိပ်ပျော်မလိုလိုဖြစ်သွားချိန်မှာ. . . ကျွန်တော့်လက်ကို ဆောင့်ဆွဲခံလိုက်ရတာဗျ"

"ဟေ . . . "

စိတ်တူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က အကိုကြီးလုပ်တယ်မှတ်လို့ အသာပြန်အိပ်နေလိုက်တယ် ဘာမှမကြာပါဘူး ခေါင်းကဆံပင်တွေကို ဆောင့်ဆွဲတာ ခံလိုက်ရပြန်ရော. . . "

"အမလေးဗျာ. . . အဲဒါ. . . အဲဒါ. . . "

"အကိုကြီးယောင်ပြီးဆွဲတယ်မှတ်လို့ လှည့်ကြည့်လိုက်တော့ အကိုကြီးလည်း အိပ်ပျော်နေလားမသိဘူး စောင်ခေါင်းမြီးခြုံလို့၊ နောက်ပြီး ဖျာအောက်ကြမ်းကြားကနေ ကျွန်တော့်ကျောကို တုတ်နဲ့ထိုးသလို မျိုးလုပ်နေတယ်ဗျ။ ကျုပ်ဖြင့်ကြောက်လိုက်တာ. . . "

"ငါ့ကို နှိုးလိုက်မှပေါ့ကွ. . . မင်းကလည်း"

"အစကတော့ နှိုးမလို့ပဲ၊ အကိုကြီးဆူမှာစိုးလို့မနှိုးတာ၊ ဒါနဲ့ ကြောက်ကြောက်နဲ့ကြိတ်မှိတ်ပြီး အိပ်ပစ်လိုက်ရော၊ အကိုကြီးလိုမျိုးပါပဲ ကျုပ်အိပ်မက်ထဲမှာ ကြုံရပါလေရော၊ ဘယ်လိုကြုံရသလဲ သိလား"

"ပြောပါ. . . ကွ. . . "

"မကြွေစည်ပဲပေါ့ဗျာ. . . ထမီရင်လျား ဆံပင်ဖါးလျားနဲ့ သူ့ရေချိုးရင်း လေဖြတ်သွားတဲ့နေ့က ဝတ်တဲ့ထမီအနက်ကြီးနဲ့ဗျ။ သူက ကျုပ်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး နင်တို့ညီအကိုက ဘာလို့ငါ့ခြံထဲ ကမာလကာသီးတွေကို မြှူဆို့နေတာလဲတဲ့၊ ဒါနဲ့ ကျုပ်က ဦးအုန်းသောင် ကျွေးလို့ပါလို့ ကြောက်ကြောက်ရွံ့ရွံ့နဲ့ပြန်ပြောတော့. . .

"အမယ်လေး. . . လေး"

"ပြီးတော့ ကျုပ်ကိုအခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွားဆိုပြီး အတင်းနှင်ချတယ်. . . ကျုပ်က ပေကပ်နေတော့ ငါ့အကြောင်း ခုချက်ချင်းသိရစေမဟေ့လို့ အော်ပြီးကျုပ်လက်ကို ဆောင့်ဆွဲခေါ်တုံး အကိုကြီးအော်သံကြောင့် ကျုပ်လည်း အိပ်မက်က လန့်နိုးလာခဲ့တာဗျ. . . "

"ဟီး. . . အိပ်မက်ပေလို့မို့ကွာ. . . တကယ်သာဆိုရင် လိပ်ပြာကွဲပြီးသေရမှာပဲကွ ညီလေးရဲ့ တော်ပြီကွာ နောင်ကို ငါတို့ ဒီအိမ်မှာ လုံးဝညမအိပ်ပေးတော့ဘူး. . . "

"ဟုတ်တယ်. . . ကျုပ်လည်း မအိပ်တော့ဘူး"

အိမ်ရောက်တော့ ညကအဖြစ်အပျက်များအကြောင်း အဖေနှင့် အမေတို့ကို ပြန်ပြောပြလိုက်သောအခါ အမေက နောင်ကို လုံးဝသွားမအိပ်ရဟု တားမြစ်လိုက်လေသည်။

ဒီလိုနှင့် တစ်ပတ်ခန့်အကြာသောအခါ ဦးအုန်းသောင်ကြီး ကျွန်တော်တို့ယာခင်းထဲသို့ ပေါက်ပြားကြီးထမ်း၍ရောက်ချလာသည်။

"လာဟေ့. . . မောင်အုန်းသောင်၊ ဒီမှာ ရေနွေးကြမ်းသောက်ကွာ. . . "

"ဟဲ့. . . အုန်းသောင်. . . "

"ဗျာ. . . အဒေါ်. . . မမြရည်"

"ညဘက်. . . ညဘက် နင့်ခြံထဲကလည်း အူလိုက်တဲ့ ခွေးဟယ် ကြည့်ကျက်လည်း လုပ်ပါအုံးဟဲ့. . . "

"အေးဗျာ အဒေါ်မြရည်ရာ ကျုပ်လည်း ညတိုင်းမောင်းရ ခြောက်ရလွန်းလို့ အိပ်ရေးပျက်လှပါပြီဗျာ. . . ဒါနဲ့ ဦးလေးတို့ အဒေါ်တို့နဲ့ တိုင်ပင်စရာရှိလို့ဗျ"

အဖေက နှီးဖျာရင်းတန်းလန်းမှ မော့ကြည့်လိုက်၏။ အမေက ဦး လေးအုန်းသောင် မျက်နှာကို ပြုံးစေ့စေ့ကြည့်ရင်းမှ. . .

"ဘာလဲ မိန်းမယူတော့မလို့လား. . . ဟင်းဟင်းဟင်း"

"မဟုတ်ပါဘူး. . . အဒေါ်ရာ"

"မဟုတ်ပါဘူး လုပ်မနေနဲ့၊ ဟို နင့်ခြံထဲက ဟင်းရွက်ဖောက် သယ်လာယူနေတဲ့ မခင်လေး မဆိုးဘူးဟဲ့၊ လိမ္မာရေးခြားလည်း ရှိတယ်၊ အရောင်းအဝယ်လည်း တော်တယ်. . . သွက်သွက်လက် လက် ချက်ချက်ချာချာလေး သူကလည်း နင့်ကို ကျနေပုံဟဲ့ အုန်း







www.burmeseclassic.com

www.burmeseclassic.com



သောင်ရဲ့''

''ဟော့ဗျာ ဒေါ်မြရည်ကတော့ လုပ်ပြီ . . . ဟီးဟီး''

''အံ့မယ် ဟီးဟီးတဲ့၊ နင်လည်း ကျနေတယ်မို့လား၊ ငါမပ်ပေး လိုက်မယ်လေး၊ မင်းမလည်း တစ်ယောက်တည်း နေလို့မသင့်ပါဘူး မောင်အုန်းသောင်ရယ် . . . မြန်မာစကားပုံရှိတာပဲဥစ္စာ၊ တစ်ပင်လဲမှ တစ်ပင်ထူတဲ့၊ သွားလေသူအပေါ် သစ္စာမရှိလို့ မဟုတ်ဘူး၊ ကိုယ်က ငယ်ငယ်ရွယ်ရွယ်ရယ်၊ ရေရှည်နေရေးထိုင်ရေး စားရေးသောက်ရေးနဲ့ မကျန်းမာရင် ဆေးပေးမီးယူကိစ္စက ရှိသေးတယ်မို့လားကွဲ့ . . .''

''ကျွန်တော် အိမ်ထောင်ရေးကို မစဉ်းစားသေးပါဘူး အဒေါ်ရာ''

''အဲဒါလည်း ကောင်းတာပဲ အုန်းသောင်၊ တစ်ကိုယ်ရေ တစ်ကာယက အလွတ်လပ်ဆုံးပဲကွ၊ ငါ့ကိုကြည့်စမ်း . . . ဒီမိန်းမကို ကြိုက်မိလို့ ချစ်မိလို့နောက်ဆက်တွဲ တစ်ပြုံတစ်မကြီးနဲ့ နေပူမရှောင်၊ မိုးရွာမရှောင် မိုးလင်းက မိုးချုပ်လုပ်လိုက်ရတဲ့အဲလုပ်၊ ညဘက်လည်း မနားရဘူး . . .''

''အဟဲ့ ညဘက်ဘာတွေလုပ်လို့လဲဗျ ဦးလေးရ''

''အဟီး . . . ဟီး''

''ကိုသာဟန် . . . ရှင်နော် . . .''

''ပြောပါဦးလေးရ . . . နားထောင်ချင်လွန်းလို့ပါဗျ . . . ကောင်းခန်းရောက်မှ . . .''

''ဟဲ့ သေနာကောင် အုန်းသောင် . . . နင်အတို့အထောင် မလုပ်နဲ့နော်''

''ပြောလေဗျာ ဦးလေးကလည်း တန်းလန်းကြီး ညဘက်''

''ညဘက်ကျတော့လည်း . . .''

''ကဲ ကဲ ကဲ ကဲ . . . ပြောချင်အုံး ပြောချင်အုံး''





''အမလေး . . . နာတယ်တော့ . . . အားလားလား''

''ကဲပြော ရှင်က ညဘက်ကျဘာတွေလုပ်ရလို့တုံး . . . ပြောနော် . . . တွေ့လား''

အမေက အဖေပေါင်တွင်းကြောကို ဆွဲလိမ်ထားလိုက်ရာငယော ခဗျာ တအားအားအော်နေရသည်။ ဦးအုန်းသောင်က တဟားဟားလို သဘောကျနေသည်။

''ဟို ဟို ညဘက်ကျရင် . . .''

''ဘာ ဘာဖြစ်လဲ . . . ပြောရှင် . . .''

''ခြံထဲဆင်းပြီး ဂေါ်ဖီပန်းပွင့်တွေ အားအီးအီး . . .''

''အင်း . . . ရှင်ကျုပ်အကြောင်းသိတယ်မို့လား''

''သိ သိပါတယ် . . . မိန်းမရာ . . .''

''ဘာသိတာလဲ . . . ဘာသိတာလဲ''

''အခု ကလေးသုံးယောက်နဲ့တစ်ဗိုက် . . . အား''

''ကဲ ကဲ အယုတ်တမာကောင်ကြီး . . . ကဲ''

အမေက အဖေကို တွန်းလှဲပစ်လိုက်သည်။ ဦးအုန်းသောင်က တဟားဟားရယ်ရင်းမှ–

''အဲဒါ အမွှာပူးများဖြစ်နေရင် . . . တယ်စွမ်း''

''ကဲ နင်က ပိုဆိုး . . . မှတ်ကရော''

''ဖူး ဖူး ဖူး ဖူး . . .''

''ဟားဟား . . . ဟားဟား''

အမေက ဦးအုန်းသောင်မျက်နှာသို့ အနီးရှိသောက်ရေခွက်နှင့် ကောက်ပက်လိုက်ရာ တဖူးဖူးနှင့် အော်သွားသဖြင့် ကျွန်တော်တို့ ညီကိုမောင်နှမက ဝိုင်းအော်ရယ်ကြသည်။

''ကဲကဲ ပြောပါအုံးကွာ . . . မင်းကိစ္စ''

အမေက ရယ်ရင်းပြုံးရင်းမှ အမေလက်ကို ချော့သလိုကိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသောင်ကို လှမ်းမေးလိုက်သည်။

"ဒီလို ဦးလေးရေ. . . . ကျွန်တော်အိမ်ငှားတင်ချင်လို့"

"ဟော. . . . အိမ်ငှားတင်ချင်လို့. . . . "

လို့ "ဟုတ်တယ်ဗျ. . . ."

မေး "ဟဲ့ အုန်းသောင်ရဲ့. . . နင်က အိမ်ငှားတင်ပြီး ဘယ်သွားမလို့လဲ ခြိုက်စွကရော. . . ."

"အငှားတင်ပြီးရင် အမကြီးနဲ့ခဏသွားနေဦးမယ်ဗျာ၊ ခြိုက်စွကတော့ နေခင်းဘက်လာလုပ်မှာပေါ့. . . . "

"ဘယ်လိုစိတ်ကူးနဲ့အိမ်ငှားတင်ချင်ရတာလဲ အုန်းသောင်ရာ"

သို့ကလို အဖေကမေးလိုက်တော့ ဦးအုန်းသောင်က မဖြေသေးပဲ ဟိုအဝေးကို ငေးမောကြည့်နေသည်။ အတန်ကြာမှ. . .

"စိတ်ပြေလက်ပျောက်သဘောပါ ဦးလေးရာ့ မကြာပါဘူး၊ အဲဒါ အိမ်ငှားနေချင်သူရှိရင် စပ်ဟပ်ပေးစမ်းပါဗျာ၊ အိမ်လခလည်း မများစေရပါဘူး"

"အေးလေ. . . ငယ်ပေါင်းဖနီးမယားမရှိတော့လည်း တစ်ယောက်တည်းနေရတာ ဘယ်နေတတ်မှာလဲ၊ ငါတို့ရှာပေးပါမယ်ကွယ်၊ စိတ်ချနေပါ. . . "

သည့်နောက် ဦးအုန်းသောင်က သူ့ဝါးအိမ်လေးကို ဖျက်၍ သစ်သားအိမ်လေးဆောက်လိုက်သည်။ အိမ်လေးက နေချင်စရာလေး။ အိမ်တက်ပွဲလုပ်သည့်နေက သံဃာသုံးပါးကို ပင့်ဖိတ်၍အိမ်တက်ပရိတ်နာပြီး ကွယ်လွန်သူဖနီးသည် မကြွေစည်ကို အမျှအတန်းပေးဝေခဲ့လိုက်သည်။

မကြာမီ ဘီအိုစီ ရေနံချက်စက်ရုံမှာ အလုပ်လုပ်နေသည့် အလုပ်သမားလင်မယားနှစ်ယောက် အိမ်ငှားရန်လိုက်ရှာနေသည့်နှင့် အမေတို့က ဦးအုန်းသောင်အိမ်ကို စပ်ပေးလိုက်သည်။ အိမ်ငှားခက





လည်း တစ်လ တစ်ဆယ်ကျပ်ပဲပေးရသည့်အပြင် အိမ်ကလေးကလည်း သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း သပ်သပ်ရပ်ရပ်လေးမို့ လင်မယားနှစ်ယောက်ကလည်း သဘောကျနေကြသည်။

ရေကလည်း တွင်းရေ ပေါမှပေါ။ ဦးအုန်းသောင်က တောင်ယာထဲမှ ကြိုက်ရာအသီးအနှံကို ခူးစားကြပါ။ အိမ်ကိုလည်း ကိုယ့်အိမ်လို သဘောထား၍ စောင့်ရှောက်ပါ။ အိုးခွက်ပန်းကန်ကျောက်ပျဉ်ကအစ လိုရာသုံးပါဟု သဘောကောင်းစွာ ခွင့်ပြုတော့။ အိမ်ငှားလင်မယားနှစ်ယောက်ခမြာ အလွန့်ကို ဝမ်းသာသွားခဲ့ကြ၏။ နောက်နေ့ မြင်းလှည်းနှင့် သူ့တို့ အိပ်ယာ၊ စားအိုးစားခွက်ပစ္စည်းများကို သယ်ချလာကြသည်။

အမျိုးသားနာမည်က ကိုအောင်ကျော်ဦးတဲ့။ သူ့မိန်းမနာမည်က မခင်ခင်နု။ အရွယ်ကောင်းများလဲဖြစ်သည်။ ကိုအောင်ကျော်ဦးက ဘီအိုစီက ရုံးစာရေးရယ်။ လင်မယားနှစ်ယောက်စလုံး အိမ်ထောင်ကျသည်မှာ မကြာသေး။

နေ့ချင်းညချင်း ကျွန်တော်တို့မိသားစုနှင့် ရင်းနှီးသွားခဲ့သည်။ အဖေနှင့်အမေ့ကိုလည်း သူတို့မိဘအရင်းများကဲ့သို့ ရိုသေလေးစားကြသည်။

ဒီလိုနှင့် နေလိုက်ကြသည်မှာ (၇)ရက်မြောက်သောနေ့တစ်နေ့ မနက်စောစောပိုင်းမှာ လင်မယားနှစ်ယောက်အရူးလျှားဖါးလျားနှင့် အိမ်သို့ပေါက်ချလာကြသည်။ အိမ်ရောက်တော့ မခင်ခင်နုခမြာ အသားတွေတုန်လို့ စကားမပြောနိုင်။ ကိုအောင်ကျော်ဦးခမျာလည်း စိတ်အရမ်းညစ်နေသည့် ပုံစံဖြစ်နေသည်။

"ဟဲ့ အောင်ကျော်ဦးတို့ ခင်ခင်နုတို့ မနက်စောစောစီးစီး ဘယ်လိုဖြစ်လာကြတာတုံး၊ မျက်နှာရော သစ်ပြီးကြရဲ့လား"

"မသစ်ရသေးဘူး အမေရေ. . . အမလေး ကြောက်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မခင်ခင်နုကပြောရင်း သူ့ယောကျ်ားလက်ကို အားကိုးတကြီး ဆုပ်ထား၏။ အသံများကြားရ၍ ကျွန်တော်တို့သည် အိပ်ခန်းထဲမှ အသီးသီး ထွက်လာကြပြီး အမနုတို့အနီးမှာ ဝင်ရောထိုင်လိုက်ကြသည်။ အဖေလည်း အိပ်သာတက်ရာမှ ပြန်ရောက်လာသည်။

''ဟာ. . . အောင်ကျော်ဦးတို့ပါလား အစောကြီး ဘယ်သွားမလို့လဲ''

''ဦးလေး ကျွန်တော်တို့ ဒီနေ့ပဲ အိမ်ပြောင်းတော့မယ်ဗျာ''

''ဟေ. . . ''

''ဟယ် ဘယ်လိုဖြစ်လို့လဲဟဲ့၊ ရောက်တာမှ တစ်ပတ်လောက်ပဲရှိသေးတဲ့ ဥစ္စာ''

''ဒီ. . . ဒီအိမ်မှာ မနေရဲတော့ဘူး ခင်ဗျ''

''ဟုတ်တယ် အမေ။ ကြောက်စရာသိပ်ကောင်းတာပဲ၊ သမီးပြန်တွေးရင်း အခုတောင်ကြောက်နေတုံးပဲ အမေရယ်၊ ဘုရား. . . ဘုရား. . . ''

''ကဲ ပြောကြစမ်းပါအုံး၊ ဘာကိစ္စနဲ့ ဒီနေ့ပဲအိမ်ပြောင်းကြမှာလဲ. . . ပြော. . . ''

''သရဲခြောက်လို့ အမေ. . . ''

''ဟုတ်တယ် . . . ခင်ဗျ . . . သရဲမှ မိန်းမသရဲ၊ ကြမ်းလိုက်တာ လွန်ပါရော အမေမြရာ၊ နေလို့လုံးဝမဖြစ်နိုင်တော့ဘူး အမေမြရဲ''

အမနု(ခင်ခင်နု)သည် ကြောက်လွန်း၍ဆိုကား ပါးပြင်ပေါ်သို့ မျက်ရည်များစီးလိမ့်ကျလာ၏။

''ဟုတ်ပါ့မလားကွယ်။ ကဲ ကဲ အေးအေးဆေးဆေးဖြစ်ပုံကို ပြောပြစမ်းပါအုံး. . . ''

''ဒီလို အမေမြရဲ့. . . ဒီလိုဗျ. . . ဟူး ပြောပြရမှာတောင် ကြက်သီးထပါရဲ့ဗျာ''





သို့နှင့် ကိုအောင်ကျော်ဦးတို့လင်မယားက သူတို့ဇနီးမောင်နှံ ကြုံခဲ့ရသည့်သည်းထိတ်ရင်ဖိုဖြစ်ရပ်များကို အောက်ပါအတိုင်း လုံးစေ့ပတ်စေ့ ပြန်ပြောပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ငှားလင်မယားရဲ့သည်းထိတ်ရင်ဖိုညများ

ကျွန်မတို့ပြောင်းလာတဲ့ညကပေါ့အမေရယ်။ ကျွန်မတို့လင်မယား အိမ်ကိုရေဆေးသန့်စင်ပြီး၊ ဘုရားပန်းအသစ်လဲ၊ ခန်းဆီးလိုက်ကာ တပ်လုပ်ကြတယ်။ ညဘက်ရောက်တော့ ကျွန်မက ဘုရားရှိခိုးဖို့လုပ်တယ်၊ ကိုအောင်ကျော်က ပက်လက်ကုလားထိုင်နဲ့စာဖတ်နေတယ်"

ဗုဒ္ဓမြတ်စွာဘုရားကို ပူဇော်ပူဇော်ပါ၏အရှင်ဘုရားပဲ စဆိုရသေးတယ်။ ခေါင်းမိုးသွပ်ပြားပေါ်ကို ခဲလုံးသေးသေးတစ်ဆုပ်လောက်ကျလာပါလေရော။ ကျွန်မက ဘာလဲလို့မေးဆတ်ပြုလိုက်တော့ ကိုအောင်ကျော်က အပေါ် မော့ကြည့်နေတုန်းရှိသေးတယ်။ တံစက်မြိတ်ကနေ ကျောက်စရစ်ခဲ သေးသေးလေးတွေ ကျလာပါလေရော"





ဒါနဲ့ဘုရားကို အာရုံစိုက်ပြီး ဆက်ရှိခိုးနေတုန်းမှာပဲ။ အိမ်ခြေခေါင်းရင်း ထရံကို ဘုန်းကနဲ။ ပစ္စည်းတစ်ခုက လာမှန်ပြန်ရော။ ဒါနဲ့ကျွန်မ ဘုရားရှိခိုးနေတာကို ခဏရပ်လိုက်တယ်။ ကိုအောင်ကျော်ကလည်း လက်နှိပ်မီးယူပြီး အိမ်အောက်ကို ဆင်းလို့ ဟိုဒီလိုက်မီးထိုးလိုက်ကြည့်တယ်။

"ဘာတွေ့လဲ. . . အကို"

"လူတော့ မတွေ့ဘူးဟ။ ကျောက်စရစ်သေးသေးတွေနဲ့၊ ခေါင်းရင်းထရံနားက မြေကြီးခဲတစ်ခဲပဲတွေ့တယ်"

"တစ်ယောက်ယောက်က လာပစ်တာနေမယ် အကို၊ သေသေချာချာကြည့်ပါအုံး. . ."

ဒါနဲ့ကိုအောင်ကျော်က ပိုက်စိပ်တိုက်ပြီး အိမ်နီးဝန်းကျင်ကိုလိုက်ရှာတယ်။ ဘာမှမတွေ့ဘူးဆိုပြီး. . . အိမ်ပေါ်ပြန်တက်လာလိုက်တယ်။ ဒါနဲ့ပဲ ဘုရားရှိခိုးကို အနှောင့်အယှက်နဲ့ ပြီးအောင်ရှိခိုးပြီး အိပ်ယာထဲဝင်ခဲ့လိုက်တယ်။

အိပ်ယာထဲ ဝင်လှဲနေတုန်းရှိသေးတယ်။ ခေါင်းရင်းဘက်က လူ တစ်ယောက်လမ်းလျှောက်နေတဲ့ အသံမျိုးကြားရပြန်ရော. . .

"အကို ကြားလား. . ."

"အသာနေ. . ."

ကျွန်မတို့လင်မယား လုံးဝအသံမပြုပဲ အသာနားစွင့်နေလိုက်ဥ်မှာပဲ. . .

"ရှပ် ဖလပ်. . . ဖလပ်. . . ရှပ် ဖလပ်"

အသံက ခေါင်းရင်းနားကနေ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည့်အသံမျိုးအမေရဲ့။

"ဟော့. . . ဘယ်သူလဲကွ. . ."

လှမ်းမေးလိုက်တော့ ခြေသံကပျောက်သွားပြန်ရော။ သူခိုးများ



www.burmeseclassic.com

www.burmeseclassic.com



လားမှတ်ပြီး ကိုအောင်ကျော်က ဓါးရှည်ကို ထရံကအသာလှမ်းနှုတ်ပြီး အခြေအနေကို နားစွင့်နေလိုက်ပြန်တယ်

"ဟီး . . . ဟီး . . . ဟီး"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း"

"ရှူး . . . အကို ကြားလား . . . ကြားရဲ့လား"

"ကြားတယ် ညည်းသံကြီးဟ . . . "

"အိမ်ရှင် ဦးအုန်းသောင်များ အရက်မူးလားရောသလား အကို"

"အသာနေ . . . ငါထွက်ကြည့်လိုက်မယ်"

"သတိထားနော်အကို တော်ကြာ လူမသမာတွေဖြစ်နေမှဖြင့်"

"ရပါတယ် ဟာ . . . "

ကိုအောင်ကျော်က ဓါးတစ်ဘက်၊ လက်နှိပ်ဓာတ်မီးတစ်ဘက်နဲ့ ခြေဖော့ပြီး အပြင်ကို ထွက်လိုက်သည်။

"ဟေ့ . . . ဘယ်သူလဲကွ . . . "

"ဝူး . . . "

"ဝေါ . . . ဝရော . . . ဝရော . . . ဝုန်းဝုန်း"

"အားအား . . . အီး . . . အား . . . အား"

"ဟေ့ကောင် မပြေးနဲ့ . . . "

အကိုအောင်ကျော်က ပါးစပ်ကအော်ရင်း လျှပ်ကနဲမြင်လိုက်ရတဲ့ လူရိပ်ကို မီးနဲ့လှမ်းထိုးလိုက်တော့။ လူတစ်ယောက်ဟာ အလွန်ကို လျှင်မြန်တဲ့ အလျှင်နှုန်းနဲ့ တောင်ယာခင်းဘက်က ခြုံအုပ်များရှိရာဘက်ကို ပြေးသွားတာမြင်လိုက်ရတယ်"

ဒါနဲ့အတူ သရက်ပင်၊ ဝါးပင်အောက်က ကျီးကန်းအုပ်တွေရဲ့ လန့်ဖျန့် ပျံသန်းအော်ဟစ်သံများကို ချောက်ချားစရာကောင်းအောင်ကြားလိုက်ရ၏။



BURMESE CLASSIC .com



ကျွန်မလည်း ကိုအောင်ကျော်ကို စိတ်မချလို့ အကိုပြန်လာခဲ့။ မလိုက်နဲ့လို့ လှမ်းအော်လိုက်တော့မှ ကိုအောင်ကျော် တောက်တခေါက်ခေါက်နဲ့ ပြန်လာခဲ့လိုက်တာ . . . "

"ဘယ် . . . သူလဲ ဟင် . . . အကို"

"လူတစ်ယောက်ပဲဟ . . . "

"ဟင် . . . လူတစ်ယောက်၊ ယောက်ျားလား မိန်းမလား"

"မိန်းမ . . . "

"ဟယ် . . . မိန်းမ ဟုတ်ရဲ့လား အကိုရယ် . . . "

"မိန်းမမှမိန်းမအစစ်ပဲ ဆံပင်ကို အရှည်ကြီးပဲ၊ မီးနဲ့ထိုးလို့ ပြေးတော့လေထဲမှာ ဆံပင်တွေဝဲနေတယ်"

"ဘုရား ဘုရား ဟို . . . ဟို လူအစစ်မှ ဟုတ်ပါမလား အကို . . . ဟင် . . . "

"ဒါတော့ မသိဘူး၊ မာလကာပင်အနားမှာ ပျောက်သွားတယ်၊ ကြည့်ရတာ မိန်းမသူခိုးများလား မသိဘူး၊ အိပ်ကြစို့ကွာ၊ ဆင်းမလာရဲတော့ပါဘူး"

ဒီလိုနဲ့ ပထမညကို ကျော်ဖြတ်ခဲ့တယ်။ မိုးလင်းတော့ အကိုအောင်ကျော်အလုပ်ဆင်းသွားလို့ ကျွန်မတစ်ယောက်တည်း အိမ်မှာကျန်ရစ်ခဲ့တယ်။ မကြာဘူး အိမ်ရှင်ခြံရှင်ဦးအုန်းသောင်ရောက်လာလို့ ညက အိမ်ကို သူခိုးကပ်တယ်လို့ ပြောလိုက်တယ်။

"ဘယ်အချိန်လဲ နှမ . . . "

"သန်းခေါင်လောက်ရှိပြီ . . . ဦး"

"မြင်လိုက်ရလား . . . "

"အကိုအောင်ကျော်မြင်လိုက်တယ်၊ မိန်းမတစ်ယောက်တဲ့"

"မိန်းမ . . . ဟုတ်လား"

"ဟုတ်တယ် . . . ဆံပင်အရှည်ကြီးပဲ၊ နောက်ပိုင်းပဲ မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်၊ ဟိုမာလကာပင်နားမှာ ပျောက်သွားတယ်လို့ပြောတယ်"

ဒီလိုပြောတော့ အိမ်ရှင် ကိုအုန်းသောင်ဟာ တွေတွေကြီးဖြစ်သွားပြီး သက်ပြင်းကိုချလိုက်တယ်။ ပြီးတော့ ကြောက်စရာမလိုပါဘူးဟာလို့ပြောပြီး ယာခင်းဘက်ကို ခြေလှမ်းတုံ့တုံ့နှေးနှေးနဲ့ ထွက်သွားတော့တာပဲ။

မိုးလင်းတော့ ကျွန်မတို့လင်မယား ခြေရာလက်ရာသဲလွန်စများ တွေ့မလားလို့လိုက်ကြည့်တော့ ခေါင်းရင်းမှာ ညကမှန်တဲ့ မြေကြီးခဲကို တွေ့ရတယ်။ တံစက်မြိတ်အောက်မှာလည်း ကျောက်စရစ်ခဲဖွေးဖွေး အနည်းငယ်ကို ထူးဆန်းစွာတွေ့ခဲ့ရတယ်။

ဒီမှာ ကျွန်မတစ်ခုစဉ်းစားကြည့်တယ်၊ တကယ်သူခိုးဆိုရင် အိမ်ပေါ်ကို ခဲသဲတွေနဲ့ပစ်ပါမလား အမေရယ်။ အသံရောပေးပါ့မလား။ အခုဟာက ခဲမိုးလည်းရွာလိုက်သေး၊ ညည်းသံလည်း ပေးလိုက်သေး၊ ထွက်ပြေးတော့ ခြေရာမကျန်ခဲ့ဘူးအမေရဲ့၊ မဆန်းဘူးလား ဟင်။

ကျွန်မတစ်ယောက်တည်း နေ့လည်နေ့ခင်းအိပ်နေရင်း လူကို တွန်းလှတ်လိုက်သလိုမျိုး မကြာခဏခံစားရတယ်။

တစ်နေ့များ အကိုလာရင် စားဖို့ ချူးထားတဲ့ ဟင်းပန်းကန်နဲ့ ထမင်းပန်းကန်ရယ် အုပ်ဆောင်းနဲ့အုပ်ထားတာပါ အမေရယ်။ နောက်ဖေးမှာ အဝတ်လျှော်နေတုံး အိမ်ရှေ့က အသံကြားတာနဲ့၊ အကိုပြန်လာပြီမှတ်ပြီး ထွက်လည်းကြည့်လိုက်ရော လားလား . . . ။

အုပ်ဆောင်းက အောက်ကို ပြုတ်ကျလို့။ ထမင်းတွေလည်း စားပွဲခုံပေါ်မှာ ပြန့်ကျဲလို့. . . . ။ အဲဒီတုံးကလည်း ခွေးပဲနှုတ်သီးနဲ့ ထိုးလှန်ပြီး အမြန်စားပြေးတယ်လို့ မှတ်လိုက်တာပေါ့။ အိမ်ရှေ့တံခါးလည်း ဖွင့်ထားရက်ကိုး။ ဝန်းကျင်လိုက်ရှာတောလည်း ခွေးတစ်ကောင်ကြောင်တစ်မြီးမှ မရှိပါဘူး။

နောက်ညနောက်ညတွေမှာလည်း အိပ်နေရင် လမ်းလျှောက်သံ





မျိုး မကျေမနပ်ခြေဆောင့်သံမျိုး၊ တောက်ခတ်သံမျိုး၊ အံကြိတ်သံမျိုးတွေ မကြာခဏ ကြားရတယ်။ အိုးခွက်တွေကို ဆောင့်ကြီးအောင့်ကြီး ဖွင့်ပိတ်သံမျိုးတွေ ကြားရတယ်။

ထကြည့်ရင် ဘာမှမမြင်ရဘူး။ မထူးဆန်းဘူးလားဟင်". ကျွန်မယောကျ်ားအလုပ်သွားလို့ အိမ်မှာတစ်ယောက်တည်း ရှိနေရင် သိပ်ကျောချမ်းစရာကောင်းတာပဲ။

တစ်ခါများ ကျွန်မက ရေချိုးပြီးထမိရင်လျားနဲ့သနပ်ခါးသွေး နေတယ်။ ဖြူးဆို ကျောကို နောက်ကနေ တွန်းလိုက်တာ အမေရဲ့။ လူကို စိုက်ကျသွားပြီ သနပ်ခါးတုံးပါ လွင့်သွားတာပဲ။ ဒါနဲ့ ဘယ် တိတ်ပါ ငါ့ယောကျ်ားများလားလို့ ဒေါသထွက်ထွက်နဲ့ နောက်ဆိုရင်လည်း လိုက်ရင် ဘာမှမတွေ့ရဘူး. . . . ။

ဒါနဲ့ ပုန်းများနေသလားဆိုပြီး "ကိုအောင်ကျော်" လို့ နာမည်ခေါ်ပြီး အခန်းထဲ၊ တံခါးကြားထဲလိုက်ရှာလည်း လူနဲ့တူတာ ဘာမှမတွေ့ဘူး။

ပြန်ပြီး သနပ်ခါးသွေးနေရော။ နောက်ကျောကို ဖုန်းကန် ပစ္စည်းတစ်ခုလာမှန်ပါလေရော။ ကြည့်လိုက်တာ ခေါင်းအုံးတစ်လုံးရယ်။ လူကိုလေ ကြက်သီးတွေ တဖျန်းဖျန်းထသွားတယ်။ ဒါနဲ့ဘုရားစာတွေ အော်ရွတ်လိုက်တော့မှ ငြိမ်သွားတယ်။

အဲဒီလိုထူးဆန်းပြီး ချောက်ချားစရာကောင်းတဲ့ကိစ္စတွေ မကြာခဏကြုံရတယ်။ ဒါဟာ . . . မတော်တဆဖြစ်စဉ်၊ တိုက်ဆိုင်မှုဖြစ်စဉ်၊ ငါ အတွေးလွန်လို့ဖြစ်ရတဲ့ ဖြစ်စဉ်လို့ သဘောထားပြီး၊ အံခဲနေခဲ့လိုက်ရတာပေါ့ အမေရယ်။

ညက အဖြစ်ကတော့ တော်တော့ကို ဆိုးတယ်အမေရယ်။ လင်မယားနှစ်ယောက်စားသောက်ပြီး အိပ်ယာထဲတန်းဝင်ခဲ့လိုက်ကြတယ်။ ဘုရားစာတောင်မရွတ်နိုင်ပါဘူး ဘုရားဦးကုန်းချရုံလေးလုပ်ပြီး

www.burmeseclassic.com



ဝင်အိပ်ကြတာပါ။

သန်းခေါင်လယ်မှာ ကျွန်မလည်ပင်းကို တစ်စုံတစ်ယောက်က လက်နှင့်လာညှစ်တာအမေရဲ့။ အမလေး . . . အသက်ရှူကိုကျပ်နေတာပဲ။ တအားရုန်းကန်ပြီး ထလိုက်တယ်။ ဒါကိုအောင်ကျော်ပဲနေမှာဆိုပြီး ဒေါ်ပွပွနဲ့ သူ့ဘက်လှည့်ကြည့်တော့ သူလည်း အိပ်ပျော်နေပါတယ်။ ဒါပေမဲ့ သူ့ကျွန်မကို စနောက်ပြီး အိပ်ချင်ယောင်ဆောင်နေမှာပါဆိုပြီး ဒေါ်ပွပွနဲ့လှုပ်နှိုးလို့မေးလိုက်တယ် . . . ။

"အကို . . ."

ထွေ့ . . . ကို . . ."

နည်းငယ်ကို ထူ . . ."

ဒီမှာ . . . ဒီမှာ . . ."

အိမ်ပေါ်က "အင်း . . . ဘာလဲကွ . . . ဘာလဲ အိပ်နေတာ ဘာလို့ အိုးအာလဲ . . ."

ထွ "အကို . . . ဘာလို့ ကျွန်မလည်ပင်းကို လာညှစ်ရတာလဲ . . . ဟင်း"

"ဟာ မဟုတ်တာကွာ။ အိပ်မှာအိပ် ငါအိပ်ရေးပျက်အောင် မလုပ်နဲ့၊ မရဘူး"

ကျွန်မလည်း ဒေါသထွက်နေပြီ။ ဒါသက်သက်အိပ်ရေးပျက်အောင်လုပ်တာမကဘူး၊ လူကိုယ်ပါ ချောက်ချားအောင် အန္တရာယ်ရှိအောင်လုပ်နေတာ။

"နေပါဦး . . . အကို၊ ဘာလို့ကျွန်မလည်ပင်းကို လာညှစ်ရတာလဲ ရှင်းရှင်းပြောစမ်း၊ ဘာလဲ အကိုက ကျွန်မကို သေကြောင်းကြံနေတာလား . . ."

သူ နိုးလာတယ်။ ဒီလိုမေးလိုက်တော့ အံ့သြတဲ့လေသံနဲ့ ပြန်ပြောတယ်။

စိတ်ကူးသစ်စာပေ



"မိန်းမ မင်းဘာတွေယောင်နေတာလဲ၊ မင်းကို ငါကဘာလို့ သေကြောင်းကြံရမှာလဲကွ၊ ချစ်လို့ယူထားတဲ့မိန်းမ၊ ကြိုက်လို့ယူထားတဲ့ ...ယား . . . ၊ မင်းအိပ်မက်မက်နေတာနေမှာ၊ မနက်ကို အလုပ်ဆင်းရ ... တရင်းမရှုပ်နဲ့ . . . ပြန်အိပ် . . ."

ကျွန်မလည်း လက်မခံဘူး။ ညှစ်ကိုညှစ်တယ်နဲ့ ငိုယိုဒေါ်ပွပြီး ...ပြာရော။ ပေါင်းလာတာ မကြာသေးဘူး။ ဒီလိုလုပ်ဖို့ကောင်းလား အမေ ...ယ်ဟင်း။ ကျွန်မ ငိုယိုပြီးပြောတော့ . . .

"ဘုရားစူး၊ မိုးကြိုးပစ်ရပါစေရဲ့ မိန်းမရာ၊ ငါကျိန်တွယ်ပြော ...ယ်၊ မင်းလည်ပင်းကို ငါလုံးဝမညှစ်ရပါဘူးကွာ၊ ကဲကဲ တိတ်ပါ ... တိတ်တိတ်၊ အကယ်လို့ ငါယောင်ယမ်းလုပ်မိတာဆိုရင်လည်း ...ောင်းပန်ပါတယ် မိန်းမရာ . . . အိပ်ပါကွာ . . . နော် . . . ...ာ်"

အင်း . . . ။ သို့ကလို သူကချော့တော့လည်း ချစ်လို့ ...ထားတဲ့ လင်သား မဟုတ်လားအမေရယ်။ ကျေနပ်လိုက်ရတာပေါ့။ ...ဲ့ မကြာခင် ကျွန်မက ပြန်အိပ်ပျော်သွားခဲ့တယ်။

"အား . . . ဂူး . . . အွး . . . ဂူး"

"အား . . . အ အ . . . အွး . . . ဂူး"

"ဝုန်း . . ."

"အကို အကို ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ ဟင်းဟင်လို့"

"အကို . . . အကို"

ကိုအောင်ကျော်ဟာ အိပ်နေရာကနေ အလန့်တကြားအော်...ပြီး ဝုန်းကနဲထလိုက်တယ်။ မှိန်ပြပြ မှန်အိမ်မီးရောင်အောက်မှာ ...ာ သူ့လည်ပင်းကို အားကုန်ညှစ်သလို ဖြည်သလိုလုပ်ရင်း ရုန်း...် အော်ဟစ်နေတယ်။ မျက်လုံးနှစ်လုံးကလည်း ပြူးထွက်လို့။ သူ ...ာ မချိမဆန့် ဝေဒနာတစ်ခုခုကို ခံစားနေရတဲ့ပုံ အမေရဲ့ . . . ။

စိတ်ကူးသစ်စာ...

www.burmeseclassic.com



ဒါနဲ့ ကျွန်မကာ သူ့လက်ကို တအားကိုင်လှုပ်ပြီး ခပ်သွက်သွက်မေးလိုက်မှ

''ဟင်း. . . ဟင့်. . .''

''အကို့အကို၊ ဘာ. . . ဘာဖြစ်နေတာလဲ၊ လန့်လိုက်တာ အကိုရယ်. . . ဒုက္ခပါပဲ. . .''

''မနု. . . မနု''

''ဘာလဲ၊ အကို ဘာဖြစ်နေတာလဲ. . .''

''ဟူး. . .''

သူက စိတ်ညစ်ညူးစွာ သက်ပြင်းကို မှုတ်လိုက်တယ်။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့. . .

''ပြောပါအုံး အကိုရဲ့၊ အကိုဘာတွေယောင်အော်နေတာလဲ ဆူညံနေတာပဲ''

''ဟူး. . . အိပ်မက်ပါလား. . . အိပ်မက်ပါလား တောက်ကြောက်စရာ ဆိုးဝါးလိုက်တဲ့ အိပ်မက်ကွာ. . .၊ ဒီလိုကွ မနုရ၊ ငါ့ လည်ပင်းကို မိန်းမတစ်ယောက်လာညှစ်တယ်။ ငါတို့ကို ဒီအခန်းထဲမှာ မအိပ်ရဘူးတဲ့၊ အခုချက်ချင်း ထွက်သွားဆိုပြီး၊ အံကြိတ် ကြိမ်းဝါးပြောဆိုနေတယ်. . .၊ ဒါနဲ့ ကိုယ်က. . .၊ ဒါ ကျုပ်တို့ငှားနေတဲ့အိမ်၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျားသာထွက်သွားလို့လည်း ပြန်ပြောရော၊ အံမာ. . . နင်တို့ကလား၊ ငါ့အကြောင်းသိကြရောပေါ့ဆိုပြီး ခေါင်းဆံပင်ကို ဖါးလျားဖြည်ချလိုက်တယ်။ ဆံပင်တွေက အရှည်ကြီး၊ ပြီးတော့ ထမိကို တိုတိုပြင်ဝတ်လိုက်ပြီး၊ ငါ့ကို အလွန်သန်မာတဲ့ လက်နဲ့ အိပ်ယာပေါ်တွန်းလှဲလိုက်ပြီး ငါ့ရင်ဘတ်ပေါ်ခွစီးလို့ လည်ပင်းကို ညှစ်တော့တာပဲ. . . ကြောက်စရာကောင်းလိုက်တာ မနုရာ၊ မိန်းမက အတော့်ကို ဒေါသကြီးပြီး ရက်စက်ကြမ်းကြုတ်ပုံဟာ. . .''





''ဒါ. . . ဒါဆို ကျွန်မလည်ပင်းကို လာညှစ်တာလည်း ဒီ ဒီမိန်းမပဲများလား. . . မသိဘူး. . . အကို''

''ဟုတ်. . . ဟုတ်မှာပါပဲဟာ. . . ဟွီး၊ ရင်တုန်လိုက်တာဟာ. . .''

''ဘယ်လိုလုပ်ကြမလဲ အကို. . .''

''သူက ဒီအိမ်ဟာ သူ့အိမ်တဲ့၊ ငါတို့ဒီအခန်းထဲ အိပ်တာ၊ နေတာကို လုံးဝမကြိုက်ဘူး၊ ဒါ ဒါ နိမိတ်မကောင်းဘူး မနု၊ ငါတို့ ဒီအိမ်က ပြောင်းရင်ကောင်းလိမ့်မယ်နဲ့တူတယ်''

''ဟုတ်တယ်၊ ကျွန်မလည်း ဒီအိမ်မှာ နေချင်စိတ်မရှိတော့ဘူး အကို. . . ကျွန်မ အိမ်မှာတစ်ယောက်ထဲရှိရင်၊ ထူးထူးဆန်းဆန်းအဖြစ်တွေနဲ့ အံ့သြချောက်ချားစရာအဖြစ်တွေ မကြာခဏ ကြုံနေရတယ် မိုးလင်းရင် တစ်ခြားပြောင်းဖို့ စီစဉ်ကြစို့ အကို. . . ကဲ ပြန်အိပ်ကြမလား. . .''

''မအိပ်ချင်တော့ဘူး၊ ငါ့မျက်လုံးထဲမှာ ဒီမိန်းမရဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာနဲ့ ဒေါသကြီး ခက်ထန်နေတာကို အသည်းတုန်၊ အူတုန်ဖြစ်နေရတယ်''

ဒါနဲ့ ကျွန်မတို့လင်မယား ပြန်မအိပ်တော့ပဲ ငုတ်တုတ်ထိုင်နေလိုက်တယ်။ သည်မှာ ကျွန်မက ဘုရာမီးထွန်းပြီး ဘုရားရှိခိုးနေလိုက်စဉ်မှာပဲ. . . သွပ်မိုးပေါ်ကို တစ်ခုခုပြုတ်ကျသလိုလို၊ တစ်ခုခုနဲ့ ရိုက်လိုက်သလိုလို အသံကြီး မမျှော်လင့်ပဲ ကြားလိုက်ရပြီး။ ကျွန်မ ဘုရားရှိမခိုးရဲအောင်ဖြစ်သွားခဲ့ရတယ်။

ကိုအောင်ကျော် ခမျာလည်း ယောကျ်ားတန်မဲ့ ကြောက်ပြီး မျက်နှာဖီးရွက်လောက်ပဲ ရှိတော့တယ်။ ကျွန်မတို့ ဒီအိမ်မှာ မနေရဲတော့ဘူး အမေ။ ကျွန်မတို့ ဒီနေ့ပဲ အိမ်သစ်ရှာကြမယ်။ အဲဒါအမေတို့ အဖေတို့ကို လာပြောပြတာ. . .''

www.burmeseclassic.com



လင်မယားနှစ်ယောက်လုံး စိုးရိမ်ကြောက်လန့်၍ တုန်ရီနေကြသည်။ ကျွန်တော်တို့ညီအကို ကြုံရသည့် အဖြစ်မျိုးနှင့် မခြားပါလား။ သည်မှာ အဖေနှင့်အမေက ကျွန်တော်တို့ မျက်နှာကို တစ်လှည့်၊ သူတို့ချင်း မျက်နှာချင်းဆိုင်၍ တစ်လှည့် လိုက်ကြည့်ပြီး သက်ပြင်းများကို မသိမသာအောင်ချလိုက်ကြသည်။

"အမေ. . . "

"ဘာတုံး. . . မနု. . . "

"ဒီ. . . ဒီခြံမှာ အိမ်မှာ ဘာတွေရှိလဲ. . . ဘာတွေ မြင်ဖူးသလဲ ဟင်"

သည်မှာ အမေက မနုရဲ့မျက်နှာကို ဂရုဏာသက်သလို စိုက်ကြည့်ရင်းမှ. . .

"အိပ်မက်ထဲမှာ မင်းတို့လည်ပင်းလာညှစ်တဲ့ မိန်းမရဲ့မျက်နှာပုံသဏ္ဌာန်ကို မှတ်မိလိုက်လား. . . "

"မှတ်. . . မှတ်မိပါတယ် အမေ၊ အဲဒီ မိန်းမမျက်နှာပုံစံက မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးက ဓွေဓောင်းဓောင်း၊ ဆံပင်က အရှည်ကြီးပဲ။ ထမိအနက်ကို ရင်လျားဝတ်လို့၊ စကားပြောရင်. . . ခေါင်းက တုန်တုန်နေဟယ် ခင်ဗျ. . . "

"ခေါင်းတုန်နေတယ်. . . ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့. . . "

"ဟေ. . . အဲဒါ. . . အဲဒါ ဆိုရင်. . . ဒါ. . . မကြွေ. . . စည် "

"အိုကွာ မြရှည်ကလည်း မဟုတ်ကဟုတ်ကတွေ မပြောစမ်းနဲ့"

အမေပါးစပ်မှ မကြွေစည်ဟု လွှတ်ကနဲ အံ့သြစွာထွက်လိုက်သဖြင့်၊ အဖေက လှမ်း၍ဟန့်လိုက်ရာ အမေငြိမ်ကျသွားသည်။ ပါးစပ်





ကို လက်ဝါးနှင့်ပိတ်၍ ဖက်ကို ပုလိုက်သည်။

"ဘယ်. . . ဘယ်က မကြွေစည်လဲ ဟင်. . . အမေ"

"မဟုတ်ပါဘူး သမီးရယ်. . . အလကား နင့်အမေ တွေ့ရာတွေလျှောက်ပြောနေတာ၊ ကိုင်း. . . သမီးတို့ တကယ်ပြောင်းတော့မှာလား. . . "

အဖေက သူတို့မျက်နှာကို စေ့စေ့ကြည့်၍မေးလိုက်သည်။

"ပြောင်းတော့မယ်. . . အဖေ"

"အိမ်း. . . ပြောင်းချင်တဲ့ဆန္ဒပြင်းပြနေမှတော့ ပြောင်းကြပါကွာ. . . ရောက်ရာအရပ်မှာ အကြောင်းကြီးငယ်ရှိရင် တို့များကို ကိုယ့်မိဘအရင်းလို သဘောမှတ်ပြီး ဆက်သွယ်ကြ ကြားလား၊ ပြောင်းရွှေ့ဖို့ ပိုက်ဆံလိုသေးသလား. . . "

"မလိုဘူး အဖေ. . . ကျွန်မတို့မှာ ရှိပါတယ်၊ ကဲ အဖေ သမီးတို့ မြို့ထဲမှာ အိမ်သွားစုံစမ်းလိုက်ဦးမယ်နော်. . . "

ပြောဆိုပြီး သူတို့လင်မယားအိမ်ပေါ်မှ ဆင်းသွားကြသည်။ သူတို့ ဆင်းသွားတော့မှ အမေက အဖေအနီးသို့တိုးကပ်လိုက်ပြီး

"ဒါ ဒါ မိကြွေစည်နှောင့်ယှက်နေတာတော့၊ ကလေးတွေ မိတဲ့ညတုံးကလည်း ဒင်းပဲ လာနှောင့်ယှက်တာ မဟုတ်ဘူးလားလို့"

"ရှူး တိုးတိုးပြောပါကွာ. . . ဟိုမှာ ကလေးတွေ နားထောင်နေကြတယ်"

ကျွန်တော်တို့က အမေဘာများဆက်ပြောမလဲဟု နားစွင့်နေသော်လည်း အမေကဘာမှဆက်မပြောတော့။ အဖေက ပုဆိုးလဲ၍ ယာခင်းသို့ ဆင်းသွားလိုက်သည်။

"ဟဲ့ကောင်လေးနှစ်ယောက်. . . "

"အမေ. . . ဘာလဲ ဟင်"

"ဒီမှာ ဒီနားတိုးစမ်း. . . ငါပြောတာ သေသေချာချာနား



www.burmeseclassic.com

www.burmeseclassic.com

ထောင်နေ့ . . . နင်တို့နှစ်ယောက် ဒီနေ့ကစပြီး ဟိုခြံထဲမှာ သွား မကစားရဘူး၊ အထူးသဖြင့် အဲဒီခြံထဲက သကြားမာလကာသီးတွေ လုံးဝမခူးရဘူး ကြားလား''

''ဘာ . . . ဘာဖြစ်လို့လဲဟင် . . . အမေ''

''တယ် . . . ငါလုပ်လိုက်ရရင်လား . . . ဘာဖြစ်ဖြစ် မသွားရဘူး၊ မခူးရဘူးဆို နားလည်၊ ကြားလား . . . ''

♛ ♛ ♛

## ''ဘုရားငှက်တို့က ဘိုးသူတော်''

အမခင်ခင်နုတို့ ပြောင်းသွားပြီးနောက် ကျွန်တော်တို့လည်းစော စိမ်လည်းမရှိဖြစ်ခဲ့သည်။ ခါတိုင်းက အချိန်အားလျှင်သော်လည်း ကောင်း၊ အမခင်ခင်နုက တစ်စုံတစ်ခုသော ကိစ္စကြောင့် လှမ်းခေါ် ိုက်လျှင်သော်လည်းကောင်း ကျွန်တော်တို့ညီအကို အမနုတို့ အိမ်သို့ ရောက်သွားပြီး အမနုပြောပြသည့် ဝတ္ထုဇာတ်လမ်းများ ရုပ်ရှင်ဇာတ် သမ်းများကို အားရပါးရနားထောင်နေလေ့ရှိ၏။

အမနုတို့လင်မယားသည် အလွန်သဘောကောင်းသည်။ အမ သည် အကိုအောင်ကျော်ဦးကို အလွန်ချစ်သည်။ အကိုအောင်ကျော်ဦး လည်း အမနုကို မြတ်နိုး၏။ ကျွန်တော်တို့မောင်နှမများအပေါ်မှာ သည်၊ ညီအကိုမောင်နှမအရင်းသို့ ချစ်ခင်ဆက်ဆံခဲ့သဖြင့် သူတို့မရှိ သာအခါ လွမ်းသလိုဖြစ်ပြီး ကျွန်ရစ်ခဲ့ရသည်။

ဦးလေးကိုအုန်းသောင်လည်း ခုတလောဘယ်ရောက်နေသည် သိ၊ မတွေ့ရ။ သူ့လူငှားတစ်ဦးသာ သစ်ပင်များကို ရေလောင်းနေ‌ေ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ လူငှားကား လူအေးကြီးဖြစ်၍ ဘယ်သူမှလည်း စကားမပြော သူ့အလုပ် သူလုပ်၍သာ နေလေ့ရှိသည်။

တစ်နေ့ ကျွန်တော်တို့ ညီအကိုပျင်းနေသဖြင့် ငှက်ပစ်ထွက် ရန် တိုင်ပင်လိုက်ကြသည်။ ကျွန်တော်သည် ဘမျိုး ဘိုးတူဖြစ်လို့လား မသိ။ သေနတ်အလွန်ပစ်ချင်သည်။ သေနတ်မကိုင်နိုင်သော အရွယ်မှ သားရဲလောက်လေးဂွကို အစဥ်အမြဲကိုင်လေ့ရှိသည်။ လောက်လေး ပစ်လည်း အလွန်တည့်ပါသည်။

ကျွန်တော်တို့ခြံကြီး၊ ယာကြီးသည် အလွန်ကျယ်ဝန်း၏။ အ နီးဝန်းကျင်မှာ ဂျပန်ခေတ်စစ်တူးမြောင်းများ၊ ဘုရားငုတ်တိုများ၊ ဆက် ယာခင်းများ၊ သစ်ပင်ဝါးတောမျိုးစုံရှိသဖြင့် တောကြောင်၊ မြွေပါ ယုန်များပင်ရှိသည်။ အထူးသဖြင့် ချိုးငှက်များ အလွန်ပေါသည်။

ကျွန်တော်က ညီလုပ်သူကို တိုင်ပင်တော့ ညီလုပ်သူကလည်း သိပ်မငြင်း။

"ဘယ်နားသွားပစ်မှာလဲ အကို"

"ဘုရားငုတ်တိုတောဘက် သွားပစ်မယ်ကွ . . . အဲဒီမှာ ချိုးတွေပေါတယ် . . ."

"ဖြစ်ပါမလား . . . အကိုရ"

"ဘာဖြစ်လို့လဲ . . ."

"အဲဒီ ဘုရားငုတ်တိုဘက်က သရဲခြောက်တယ်ပြောသံကြား လို့ . . ."

"မဖြစ်နိုင်ပါဘူးကွာ . . . မင်းကလည်း . . ."

"ကိုအောင်စိန်ကြီး ပြောတာပဲ . . ."

"ဟာ . . . ဒီလူကြီးက လူနောက်လူပြောင်ကြီးပါကွာ၊ သွား ကြစို့ . . ."

သို့နှင့် ကျွန်တော်တို့ညီအကိုလောက်လေးဂွတစ်ယောက်





လက်နှင့် လောက်စာလုံးအိတ်ကိုယ်စီလွယ်ကာ အဖေတို့ အမေတို့ မမြင်အောင် မကြွေစည်တို့ခြံစည်းရိုးအစပ်မှ ကလောပိန်ပင်တောကို နိုးပြီးထွက်လာခဲ့လိုက်ကြသည်။ အချို့နေရာမှာ အလွန်နက်သော ကျင်း ကြီးများကို တွေ့ရသည်။ ဗုံးကျထားသည့် ကျင်းချိုင့်များဟု သိရသည်။ ရေမြောင်းကြီးများကဲ့သို့သော မြောင်းကြီးများကိုလည်း တွေ့ရသည်။

ဤမြောင်းကြီးများကား ဂျပန်စစ်သားများက အင်္ဂလိပ်လေ ယာဥ် နှင့် မြန်မာမျိုးချစ်တော်လှန်ရေးသမားများကို ပြန်လည်ခုခံခဲ့ သည့် စစ်တူးမြောင်းများ၊ ဗုံးခိုကျင်းများဟုလည်း သိရသည်။ ဒီစစ်ကျင် ကို နံ့နံ့စပ်စပ်တော့ မသွားဘူးသေး။ အဖေတို့က မသွားကြနဲ့နော်ဟု ပိတ်ပင်ထား၍လည်း ဖြစ်သေးသည်။ မြွေဆိုးများပေါသည်ဟုလည်း ပြောသံကြားရ သည်။

ဒီလိုနှင့်ညီအကိုနှစ်ယောက် မျက်စေ့ရှင်ရှင် နားရှင်ရှင်နှင့် ထွက်လာခဲ့လိုက်ရာ မကြာခင် ဘုရားငုတ်တိုရှိရာ ဝါးတောမြိုင်တော သို့ ရောက်လာခဲ့ကြသည်။ ဘုရားငုတ်တိုဟုသာ အများကခေါ်နေကြပေ မဲ့၊ အမှန်က ရှေးဟောင်းစေတီပျက်ငုတ်တိုသာဖြစ်သည်။ စေတီပျက် ငုတ်တိုသည် တောင်ကုန်းလေးတစ်ခုပေါ်မှာ ခြုံနွယ်များ ရစ်ဆိုင်း၍ ရှိနေ၏။

စေတီပျက်အနီးမှာ မြေသားလှိုဏ်ဂူကြီး တစ်ခုရှိသည်။ လှိုဏ် ဂူအဝမှာ ဘီစပ်ခြုံများရှိ၏။ မကြာခင် တရှဲရှဲနှင့် အသံများကြားရ တော့သည်။

"အကို မြွေတွန်သံနဲ့တူတယ်"

ညီလုပ်သူ မောင်တရုတ်က နားစွင့်ရင်း အသံတုန်တုန်နှင့် လှမ်းသတိပေးလိုက်သည်။

"ဘယ်နားကလဲကွ . . ."

"ဘုရားငုတ်တို ညာဘက်ခြုံဝန်းကျင်ကဗျ"



www.burmeseclassic.com

www.burmeseclassic.com



အသာနားစွင့်လိုက်သော ဟုတ်သည်။ မြေတွန်သံ။ ရှိ ရှိ နှင့် အသံက အသံပြတ်။ ဒါမြွေဆိုးတွန်သံ။

''ကဲကွာ. . . ''

''ဖရန်း. . . ဖရန်း. . . ဖရန်း''

ကျွန်တော်က လက်ထဲက လောက်လေးဂွနှင့် သုံးချက်ဆင့်၍ ပစ်လိုက်သည်။ ညီလုပ်သူကလည်း ဝိုင်းကူ၍ ပစ်လိုက်ရာ မကြာခင် မြွေတွန်သံများ တိတ်သွားခဲ့သည်။ ကျွန်တော်က ညီလုပ်သူဘက်သို့ ဘယ်နဲ့လဲဟု ပြုံး၍မေးဆတ်ပြလိုက်တော့ ညီလုပ်သူက သဘောပေါက်စွာ ခေါင်းငြိတ်ပြလိုက်သည်။

သည့်နောက် ကျခတ်ဝါးရုံအောက်မှ အသာငြိမ်၍စောင့်နေလိုက်ကြသည်။ မကြာခင် ချိုးငှက်များ ဝါးရုံဖျားမှလာ၍နားကြတော့သည်။ တကူကူတွန်သံပါပေးနေကြသေး၏။ ချိုးများနှင့် ကျွန်တော်တို့ ပုန်းနေသည့် နေရာသည် လေးတပစ်ပဲရှိသည်။

မကြာခင် ကျွန်တော်က အဖိုအမနားနေသည့် ချိုးနှစ်ကောင်ကို အသေအချာချိန်၍ ပစ်ထည့်လိုက်သည်။ လောက်စာလုံးသည် ချိုး နှစ်ကောင်အကြားမှ ဖြတ်၍သွားရာ နှစ်ကောင်စလုံးလန့်ပျံကြတော့သည်။ တအောင့်နေတော့ ညာဘက်ကကူသံကြားရသည်။ ဝါးတစ်ပြန် အပြင်မှာ ကူနေသည့်ချိုး. . . ညီလုပ်သူက သူပစ်မယ်တဲ့။ ကျွန် တော်က အသာလက်ကာလိုက်ပြီး ပစ်မလွှဲကိုယ့်လက်ကိုယ် ယုံကြည် စွာဖြင့် သားရေကြိုးကို အားပါပါဆွဲပြီး ပစ်လိုက်သည်။

''ဖေါက်. . . ''

''ကျိုး. . . ကျိုး''

''ထိသွားပြီကွ. . . ဟော. . . ကျလာပြီ. . . ကျလာ ပြီ''

ချိုးငှက်ရဲ့လည်ပေါက်ကို လောက်စာလုံးမှန်သွားသည်။ ချိုး





သည် အပေါ်သို့မြောက်သွားပြီး တကျိုကျိုအော်ကာ မြေပြင်သို့ပြုတ် ကျလာသည်။ ညီလုပ်သူက လျှင်မြန်စွာပြေး၍ ကောက်လိုက်သည်။

''ဖလူး. . . ဖလူး''

''ဟာ. . . ''

ဟယ်. . . ။ အနားလည်းရောက်ရော ဇက်လိမ်၍လူးလွန့်နေချိုးသည် အကောင်းအတိုင်းဟန်နှင့် ထပျံ၍ပြေးတော့သည်။

''မင်းက နေးတာကိုးကွ မောင်တရုတ်ရ. . . ''

''မနေးပါဘူးဗျာ. . . ဒီကောင်အသက်ပြင်းလို့ပါ''

လောက်လေးပစ်သံကြားတော့ အခြားချိုးများပါ လန့်ပျံကြ သည်။ သို့နှင့် နှစ်ယောက်သား စိတ်ညစ်ညစ်နှင့် မြယာပင်အောက် ၌ ထိုင်နားကြပြန်သည်။ ထိုစဉ် တောကြက်တွန်သံကြားလိုက်ရ၍ ...ဦးစလုံး ဝမ်းသာသွားကြပြန်သည်။ ဝမ်းသာနေဆဲမှာပင် တော ကြက်အဖိုအမတစ်စုံ တသွင်သွင်စီးနေသည့် ရေမြောင်းအနီးသို့ပြန် ...ပြီး ရေငုံ၍သောက်ကြလေသည်။

ကျွန်တော်ကလည်း သိပ်လက်မနေးနေတော့။ အကောင်ကြီး ... ကြက်မရဲ့ခေါင်းကို အသေအချာချိန်၍ ပစ်လိုက်သည်။

''ကတော်. . . ''

''သွားပြီကွ. . . ''

လောက်စလုံးသည် ရေငုံနေသည့် ကြက်မရဲ့ခေါင်းကို ထိသွား ...ည် ကြက်မလူးပြန်၍ရေစပ်မှာ လူးလိမ့်နေသည်။ တောကြက်အဖိုသည် ...၍ ပျံကာအော်နေတော့သည်။

ကျွန်တော်သည် အတောင်ခပ်ပြီး အသက်ငင်နေသည့်ကြက်မ ... အလျင်အမြန်ပြေးကောက်လိုက်သည်။ မမြန်လို့မဖြစ်။ စောစောက ...လိုဖြစ်နေမှဖြင့် မလွယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့်ကြက်သေကို ကောက်ရန်ပြင်လိုက်စဉ်

''ကတော်. . . ကတော်. . . က. . . တော်''

''ဖရှူး. . . ဖရှူး''

''ဟာ. . . ဟ. . .''

သေနေဟန်ငြိမ်သက်နေသည့် တောကြက်မသည် ကျွန်တော်

လက်နှင့်ထိမလိုလုပ်လိုက်စဉ်မှာပင် ထူးဆန်းစွာအော်ဟစ်ပြီး ပြေးထွက်

ကာ ပျံသန်းသွားလေသည်။ တောက်. . .

''ဘယ်လိုဖြစ်တာလဲဗျ. . . အကိုရ''

''အေးလေကွာ၊ မင်းအမြင်ပဲဥစ္စာ၊ ဒီနေ့ဘယ်လိုဖြစ်နေမှန်း

မသိဘူး. . .''

ထူးဆန်းလွန်းနေသည်။ ကျွန်တော် သားရေခွသည် သားရေ

ပင်ပွူး လေးပင်ဖြစ်သည်။ လေးတပစ်အကွာရှိ နို့ဆီဘူးကို ပစ်လိုက်လျှင်

နို့ဆီဘူး ပိန်ချိုင့်ပစ် လွင့်သွားစမြဲ။ ဗူးသီးကို ပစ်လိုက်လျှင် ထုတ်ချင်

ပေါက်သည်။ ကျွန်တော်သည် အပင်ပေါ်က သရက်သီးကို အညှာ

အောင်ပစ်နိုင်သူဖြစ်သည်။ ဒီနေ့ ဘယ်လိုဖြစ်နေသည်မသိ။ ခေါင်း

လုနီးပါးဖြစ်နိုင်သည့် ကြက်သေပင်အကောင်းကဲ့သို့ ထပျံ၍ပြေး

သည်။ စိတ်ထဲမှာ မကျေမနပ်ကိုဖြစ်နေသည်။

''ဒီတစ်ခါမှ မရရင် ငါတစ်သက်လေးဂွ မကိုင်တော့ဘူးကွ''

''ဟော့. . . ဟိုမှာဗျ. . . ဟိုမှာ. . .''

''ဘာလဲ. . . ဘယ်မှာလဲ''

ညီလုပ်သူက တစ်နေရာကို အံ့ဩဟန်နှင့်လက်ညှိုးထိုး

ကြည့်လိုက်သောအခါ စောစောက ကျွန်တော်ပစ်လိုက်လို့ မှန်သွား

တောကြက်မကို ဝါးကိုင်းပေါ်မှာ ခပ်ငေါင်ငေါင်ထိုင်လျက်သား

လိုက်ရသည်။

''ဟာ ဒါစောစောက ကြက်မကွ၊ ဒဏ်ရာကြောင့် မ





တာ. . .''

ကြက်မက ငိုင်ပြီး ကြောင်နေသည်။ ဒီဘက်က ပစ်ကွင်းမ

ကောင်း။ သို့ဖြစ်၍ မြယာပင်ကို ကွေ့ပတ်ပြီး စေတီငုတ်တိုပျက်နံ့ဘေး

မှ ပစ်ရန်ထွက်လာလိုက်သည်။ ကြက်မက မပျံနိုင်တော့။ သည်တစ်ချီ

တော့ အပိုင်ပစ်ရလေပြီ။ အသာ စေတီငုတ်တိုနံ့ဘေးမှ ကွယ်၍ ကြက်မ

ရဲ့လည်ဇလုတ်ကို ကျကျနနချိန်ပြီး သားရေကြိုးကို ဆွဲလိုက်သည်။

''ဟော့. . . ကလေး''

ထိုစဉ် နောက်ဘက်ဆီမှ အောင်မြင်သောအသံဝါကြီးနှင့် လူ

တစ်ယောက်လှမ်းခေါ်လိုက်သည်။ အသံကြား၍ ပစ်မလိုလုပ်ရင်းမှာ

နောက်ပြန် လှမ်းကြည့်လိုက်ရာ ပိတ်ဖြူပုဆိုးနှင့်ရင်ပတ်မှာ ပိတ်ဖြူ

သိုင်းထား ည့် ခေါင်းတုံးနှင့် ဘိုးသူတော်လို လူကြီးတစ်ဦးကို မမျှော်

လင့်ပဲ တွေ့လိုက်ရသည်။ သူ့လည်ပင်းမှာ ပုတီးကြီးတစ်ကုံးကလည်း

လွယ်လို့။ သူ့ခေါင်းတုံးသည် နေရောင်နှင့်ပြောင်လက်နေ၏။ အသက်

က ခြောက်ဆယ်ခန့် ရှိမည်။ ဝဝပုပုကြီး. . .။ လွယ်အိတ်

ဖြူညစ်ညစ်ကို ညာဘက်မှာ လွယ်ထားလို့. . .။

''လူကလေး. . . ဘာလုပ်နေတာတုံး''

''ဟို ဟို ဝါးကိုင်းက ကြက်ကို ပစ် ပစ်မလို့. . .''

''မပစ်ပါနဲ့ကွာ. . . သူ့ခမျာ သနားပါတယ်''

''ခင်. . . ဗျား. . .''

''လူကလေး အဲဒီကြက်ကို ရရင် ဘာလုပ်မလို့လဲ''

''ဟို ဟို ချက်စား. . . အဲ မွေး မွေးချင်လို့ပါခင်ဗျ''

''ဟား ဟား ဟား ဟား မွေးချင်လို့ ဟုတ်လား၊ သနားပါ

တယ် လူကလေးရယ်. . . လူကလေး အဲဒီကြက်ကို မှန်အောင်ရော

ပစ်နိုင်လို့လား. . .''

''ပစ်. . . ပစ်နိုင်ပါတယ် ခင်ဗျ၊ စောစောကပဲ တစ်ချက်မှန်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပါတယ်''

ဒီအချိန်မှာ ညီလုပ်သူလည်း အနားကိုရောက်လာခဲ့သည်။ ညီလေးသည် ပိတ်ဖြူဝတ် ခေါင်းတုံးကြီးနှင့် ဖိုးသူတော်ကြီးကို ကျွန်တော်နှင့် စကားပြောလျက်တန်းလန်း မြင်လိုက်ရသောအခါ လွန်စွာအံ့သြနေ၏။

''ထိအောင်ပစ်နိုင်မယ်ဆိုရင် ဘယ်နှစ်ချက်နဲ့ထိအောင်ပစ်နိုင်မလဲ ပြောပါဦး''

သူက ကျွန်တော်လက်ကို မယုံလို့ပဲလား။ ဒါမှမဟုတ် ကျွန်တော် လက်အစွမ်းကို သိချင်လို့ပဲလားမသိ သို့ကလို မေးလိုက်သည်။

''ပြောလေကွယ် . . .''

''တစ်ချက်ထဲနဲ့ ထိအောင်ပစ်နိုင်ပါတယ်''

''မယုံပါဘူးကွာ၊ မင်းကကလေးအရွယ်ရှိသေးဥစ္စာ၊ ကဲ သုံးချက်ပစ်ပြကွာ . . .၊ လူကလေး သုံးချက်ပစ်လို့မှန်ရင် အဘဆုချီးမြှင့်ပါအုံးမယ်ဗျာ . . .''

''တကယ်လား . . .''

သုံးချက်ပစ်လို့ ဆုချီးမြှင့်ဦးမတဲ့။ ''တကယ်လား''ဟု ပြန်မေးလိုက်တော့ ဘိုသူတော်ကြီးက ပြုံးပြုံးကြီးခေါင်းညိတ်ပြလိုက်သည်။ ဒီလို အလုံးအထည်ရှိသော ကြက်လိုဟာမျိုးမပြောနှင့် နံပြည်စုတ်လို့ခေါ်သည့် လက်မအရွယ်ငှက်ကလေးများကိုပင် တစ်မြင်ကနေ မလွဲတန်းပစ်နေတာ ဥစ္စာ။ ဘိုးသူတော်ကြီး စိမ်ခေါ်သလို သုံးချက်မဟုတ်၊ လွန်လွန်ကျွံကျွံ နှစ်ချက်နှင့် ဒီကြက်မ လည်ချောင်းပြတ်၊ ရင်အုံကွဲပြီး ပြုတ်ကျလာစေရမယ် စိတ်ချ။

''မယုံရင် . . . အဘ ကြည့်နေ . . . ကိုင်း''

ချောမွတ်နေသည့် လောက်စာလုံးကို ရွေးယူပြီး လောက်လေး အိမ်အတွင်းကပ်လိုက်ကာ သာရေးကြိုးကို အားနှင့်ဆွဲ၍ ဦးစွာ ကြက်မ





လည်ပင်းကို ချိန်ရွယ်ပြီး ပစ်လိုက်သည်။

''ဝှီ . . .''

''ကတော် . . . ကတော်''

''ဟာ . . . တောက်''

လောက်စာလုံးက ကြက်မလည်ပင်းနှင့် လွဲသွားသည်။ ဝါးကိုင်းပေါ်မှ ကြက်မသည် ဖလေးသံ၊ လောက်စာလုံးဖြတ်သွားသံကြောင့် လန့်၍ အော်လိုက်ပြီး ဝါးကိုင်းပေါ်မှာ အတောင်ဖြန့်အော်နေသည်။ ကြည့်ရတာ ကြက်မလုံးဝပြေးနိုင်ပုံမပေါ်။ လွဲချော်သွား၍ ကိုယ့်ကိုယ်ဒေါသထွက်မိသည်။

''လုပ်ပါအုံး နောက်တစ်ချက်''

ကျွန်တော်စိတ်ကြိုက်လောက်စာလုံးကို ရွေးပြီးကြက်မရဲ့ ရင်အုံကို ချိန်ရွယ်ပစ်လိုက်သည်။ ဒါကတော့ လွဲစရာအကြောင်းမရှိ။

''ဝှီ . . .''

''ကတော် . . . ကတော် . . . ကတော်''

''ဟား ဟား . . . ဟား ဟား . . . တယ်လက်တည့်တဲ့ လူကလေးကိုး''

လောက်စလုံးသည် ကြက်မခြေနှစ်ချောင်းကြားမှ ထွက်သွား၍ ကြက်မလည်းလန့်ပြီးခုန်ကာ နေရာပြောင်းလိုက်သည်။ ဘိုးသူတော်ကြီးက ကျွန်တော့်ပစ်ချက်ကို ကြည့်၍ တဟားဟားအော်ရယ်နေသည်။ သူ့ရယ်သံကြီးက ရင်ခေါင်းသံကြီးနှင့် ကျွန်တော်ကိုယ့်ကိုယ်ပို၍ဒေါသဖြစ်လာရသည်။ ညီလေးကလည်း ကျွန်တော်ကိုတစ်လှည့် ဖိုးသူတော်ကြီးကိုတစ်လှည့် ကြက်မကိုတစ်လှည့်ကြည့်ပြီး အံ့သြနေသည်။

''ကိုင်း ကိုင်း လူကလေး နောက်ဆုံးတတိယအချက်ပဲ ကျန်တော့တယ်၊ ပစ်မနေနဲ့ကွယ် . . .၊ မမှန်ပါဘူး''

''မှန် . . . ရမယ်၊ ထိကို . . . ထိရမယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကား လူငယ်ပီပီရှက်လည်းရှက်၊ ဒေါသလည်းထွက်၍ ဘိုးသူတော်ကြီးကို ဘိုးသူတော်ဟု မမြင်ပဲ၊ သာမန်လူတစ်ဦးလို သဘောထားကာ မခံချင်ကြေးနှင့် တုံ့ပြန်ပြောလိုက်သည်။

''ဒီတစ်ခါ ပစ်ရင် မင်းလောက်လေးဂွ သားရေကြိုးပြတ်တော့မှာပဲကွ. . . ''

''ဘာလို့ ပြတ်ရမှာလဲ အဘရ. . . ၊ထိအောင်ပစ်ပြမယ် ကြည့်နေ''

ကျွန်တော် မခံချင်ကြေး၊ ရှက်ကြေးနှင့် တတိယအကြိမ် လောက်လေးဂွကို အားရပါးရဆွဲပြီး ကြက်မကို ချိန်၍ပစ်ထည့်လိုက်သည်၊

''ဖြန်း. . . ''

''ဖျတ်. . . ဗတ်. . . ဗတ်''

''ဟာ. . . ''

''ဟယ်. . . ''

''ဟား ဟား ဟား ဟား ဟား. . . ''

အလိုလေး၊ အံ့သြစရာပါလား၊ ကျွန်တော်တို့ ညီအကိုပါးစပ်မှ အာမေဋိတ်များထွက်သွားကြသည်။ သားရေကြိုးကို အားကုန်ဆွဲ၍ လွှတ်ရန် ပြင်လိုက်စဉ်မှာပင် သားရေကြိုးလေးပင်သည် ထူးဆန်းစွာ တစ်ချောင်းပြီး တစ်ချောင်းပြတ်သွားတော့သည်။ ခုတော့ ဘယ်လက်ထဲမှာ သားရေကြိုးအပြတ်လေးပင် ညာလက်ထဲမှာ ကျွဲချိုနှင့်လုပ်ထားသည့် လေးဂွ။

ဘိုးသူတော်ကြီးက ကျွန်တော်ကို ကြည့်၍အားရပါးရ အော်ရယ်နေသည်။ ကျွန်တော်ကို လူကြွားလေးဟု မှတ်ကာ ခွက်ထိုးခွက်လှန် ရယ်နေသည်။ ကျွန်တော် လက်မှိုင်ကျသွားခဲ့ပြီ။ ဤအဘိုးအိုပိတ်ဖြူဝတ် ခေါင်းတုံးကြီးသည် ဘယ်လိုလူကြီးလဲ။





သူ့ကို ကျွန်တော်တို့တစ်ခါမှ မမြင်ဘူး။ အခုလည်း သူကြိုပြောသည့်အတိုင်း သားရေလေးဂွသည် ကြိုးလုံးလုံးပြတ်သွားသည်။ သူ ဘယ်လိုလူကြီးပါလိမ့် အံ့သြကြီးစွာဖြင့် သူ့မျက်နှာကို ကျွန်တော်တို့ ညီအစ်ကို ငေးကြည့်နေမိသည်။

''လူကလေး. . . အဘပြောတာ ယုံပြီလား''

''ဟုတ်. . . ဟုတ်ကဲ့''

''ဒီမှာ လူကလေးတို့ရဲ့ အဘပြောမယ် နားထောင်၊ လူကလေးတို့က ငယ်သေးတော့ ဘာမှမသိကြသေးဘူး၊ သူ့တစ်ပါးအသက်ကို ရက်ရက်စက်စက် မသတ်ဖြတ် မညှင်းဆဲရဘူး၊ အထူးသဖြင့် အပြစ်မဲ့တဲ့ ခုလို ကျေးငှက်သတ္တဝါတွေကို အကျိုးမဲ့ မသတ်ဖြတ်မညှင်းပန်းဘူး ငရဲကြီးတတ်တယ်၊ တို့မြားဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပါဏာတိပါတာ၊ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိလို့ ဟောထားတယ်။ သူတစ်ပါးအသက်ကို အကျိုးမဲ့ညှင်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရမယ်။ ရှောင်ကြဉ်ပါ၏လို့လည်း သစ္စာပြုရမယ်တဲ့. . . အဲဒီလိုဟောပြော ညွှန်ပြရသလဲဆိုတော့ ပထမအချက် ဝဋ်လိုက်မှာစိုးလို့ ဝဋ်လိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်က. . . တူညီသော အကျိုးကိုတုန့်ပြန်ခံစားရတာကို ပြောတာ။ ဥပမာ. . . ဒီကြက်ကလေးကို လူကလေးက မျက်လုံးကန်းအောင် လုပ်လိုက်ရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လူကလေး မျက်လုံးပြန်ထိခိုက်ရလိမ့်မယ်။ အပြစ်မရှိတဲ့ ခွေးတစ်ကောင် ခြေထောက်ကို အသားလွတ်ရိုက်ချိုးခဲ့ရင်. . . အဲဒီလူသို့မဟုတ် လူကလေး တစ်နေ့. . . ခြေထောက်ကျိုးတာ နာတာမျိုး ပြန်ခံစားရလိမ့်မယ် အဲဒါကို တူသောအကျိုး ဝဋ်လိုက်တယ်လို့ခေါ်တယ်။ ဒုတိယ. . . သူ့အသက်ကို မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ရင်. . . ကိုယ် သေတဲ့အခါ ငရဲကို ကျတတ်တယ်၊ ငရဲဆိုတာ ကြောက်စရာပိုကောင်းတယ် ငရဲကြီးရှစ်ထပ်ရှိတယ်။ ငရဲဘုံ



www.burmeseclassic.com

www.burmeseclassic.com



က အများကြီးပဲ။ ငါးပါးသီလ လူကလေးတို့ကျောင်းမှာ သင်ရမှာ... ကံသုံးပါး လူကလေးတို့ကြားဖူးမှာပါ။ ပါဏာတိပါတာ သူ့အသက်... ညှင်းဆဲသတ်ဖြတ်ခြင်း အဒိန္နာဒါနာ သူတစ်ပါးပစ္စည်းကို အလိုမတူ... ရယူခြင်း။ ကာမေသု မိစ္ဆာစာရာ. . သူတစ်ပါးသားမယား သား... သမီးပျိုကို ကာယအမှု အမှားကျူးလွန်ခြင်း မုသာဝါဒါ. . . မဟုတ်... မမှန်သော စကားပြောဆိုခြင်း။ သုရာမေယ။ သေရည်သေရက် သော... သုံးစွဲခြင်းစသည်များကို ကံသုံးပါးအနက် ကာယကံ၊ ဝစီကံ၊ မနော... ကံသုံးပါးအနက် တစ်ပါးပါးနှင့် ဖြစ်စေ ကံသုံးပါးစလုံးနှင့် ဖြစ်... ပစ်မှားကျူးလွန်ခဲ့ရင် သေတဲ့အခါ ငရဲပြည်ကိုရောက်ရောကွဲ. . . အေး. . . အဲဒီ အပြစ်တွေကို မကျူးလွန်ဘူး သတ္တဝါတွေ... သနားကြင်နာစွာစောင့်ရှောက်ခဲ့ရင် ကိုယ်သေပြီးတဲ့ နောက်အ... နတ်ပြည်ခြောက်ထပ်ကို ဆုတောင်းစရာမလိုပဲ အလိုလိုရောက်... ပူပင်ကြောင့်ကြမရှိတဲ့ နတ်မင်း နတ်သား နတ်သမီး စည်းစိမ်... ချမ်းချင်းခံစားရရော. . . သိပြီလား''

''ဟုတ်. . . ဟုတ်. . . ကဲ့''

ကျွန်တော်တို့ ညီအကို ပြိုင်တူ ခေါင်းညိတ်၍ ပြောလိုက်သည်။

''အဘပြောတာကို နားလည်သဘောပေါက်ရင် ဒီမကော... တဲ့ပြစ်မှုကို နောင်ကျူးလွန်ပါဦးမလား. . .''

''မ. . . မ ကျူးလွန်တော့ပါဘူး အဘ''

''အေး. . . ငါ့မြေးများလိမ္မာလိုက်တာကွယ်. . . လိမ္မာသား ယဉ်ပါးတဲ့။ လူမိုက်သား ရမ်းကားသတဲ့။ လူလေးတို့... ပြောဆို ဆုံးမရင် နားထောင်လွယ်တယ်။ ဒါလူယဉ်ကျေးရဲ့ လက္ခ... ပဲ။ ကဲ ဒီနေ့ကစ မကောင်းမှုမှန်သမျှ လုံးဝစွန့်လွှတ်လိုက်ကြ... ကဲ ရော့ရော့ အဘက လူလိမ်မာ နှစ်ယောက်ကို ဆုချီးမြှင့်ပါတယ်...

ရော့ ငှက်ပျောသီး တစ်ယောက်တစ်လုံး. . .။

ဘသူတော်ကြီးက ပြောရင်းဆိုရင်း သူ့လွယ်အိတ် ဖြူညစ်ညစ်ထဲမှ ဝင်းဝါနေသည့် ဖီးကြမ်းငှက်ပျောသီး နှစ်လုံးကိုထုတ်၍ တစ်ယောက်တစ်လုံး ပေးလိုက်သည်။ ကျွန်တော်က ငှက်ပျောသီးတစ်လုံးကိုင်၍ စိတ်ထဲမှနေ၍. . . ဟင်ဆုကလဲ ငှက်ပျောသီးတစ်လုံးတဲ့. . . ဘယ်လိုလုပ်ဝမှာလဲဟုတွေးလိုက်သည်. . .။

''ဟား. . . ဟား. . . ဟား. . . ဟား ဒီလူကလေးက အဘပေးတဲ့ ငှက်ပျောသီးတစ်လုံးနဲ့ ဘယ်လိုလုပ်ဝမှာလဲလို့ တွေးနေတာလား. . .''

''ခင်ဗျာ''

ကျွန်တော် အံ့သြတစ်ကြီးဖြင့် အဘိုးသူတော်ကြီးမျက်နှာကို မော့ကြည့်လိုက်သည်။ အဘိုးသူတော်ကြီးသည်။ ကျွန်တော် စိတ်ထဲမှပြောလိုက် တွေးလိုက်သည်ကို အတတ်သိနေပါကလား။ သူဘယ်လို ပုဂ္ဂိုလ်ပါလိမ့် ထူးဆန်းလိုက်ပါဘိ. . .

''စားလည်း စားကြည့်ပေါ့ဗျာ. . . လူကလေးတို့ ဒီငှက်ပျောသီးကို ဒီနေ့ကုန်အောင် စားလို့ရရင် စားကြည့်ကြပါဗျာ ဟား ဟား. . . ဟား. . . ဟား. . .''

''အဘ. . .''

''ဝေ. . . လကွာ. . .''

''အဘက. . . ဘယ်. . . ဘယ်မှာ နေတာလဲ. . . ခင်ဗျ''

''အဘက ဒီနားဝန်းကျင်မှာပဲနေတာပါ လူကလေးတို့ရဲ့''

''မဟုတ်ဘူးလေ. . . အဘရဲ့. . . အိမ်.. ကျောင်းသခ်မ်းကိုပြောတာ. . .''

''အောင်မလေး. . . ပေါ်မှပေါ်ပါပဲကွာ၊ နေစရာအများ







www.burmeseclassic.com

www.burmeseclassic.com



ကြီးပါ။ ဘာဖြစ်လို့လဲ. . . ''

''နောက်လဲ အဘနဲ့တွေ့ချင်လို့ပါ. . . ''

''အဘနဲ့တွေ့ချင်လို့. . . အင်း. . . အဘနဲ့နောင်လည်းတွေ့လို့. . . အိမ်း လူကလေးတို့အဘနဲ့တွေ့ချင်ရင်. . ဘုရားတရားသံဃာ ရတနာသုံးပါးကို နေ့တိုင်းညတိုင်းရှိခိုး၊ စောစောက ကံငါးပါးကို လုံအောင်ထိန်း၊ အဖေနှင့်အမေကို ရှိသေတာ အဲဒီလိုလုပ်ရင် မကြာခင် အဘနဲ့ လူကလေးတို့ တစ်နေရာရာမှာ ပြန်တွေ့ကြရမှာပေါ့ကွယ်။ ဟုတ်ပီလား. . .

''ဟုတ်. . . ဟုတ်ကဲ့''

''ဒါနဲ့. . . လူကလေး. . . ဟိုဝါးကိုင်းပေါ်က ကြက်ကလေးကို လိုချင်သေးသလား''

''ဟင့်အင်း မလိုချင်တော့ပါဘူး အဘ''

''ကိုင်း. . . ဒါဆိုရင် သူကို သူ့နေရာပြန်နိုင်အောင် မောင်းထုတ်လိုက်စမ်း။ နို့မို့ဆို အခြားလေးသမားများနှင့်တွေ့ရင် ပို ဒုက္ခရောက်လိမ့်မယ်။

သို့ကလို အဘကပြောသဖြင့် ကျွန်တော်တို့ညီအကိုက ငှက်ပျောသီးများကို လွယ်အိတ်ထဲထည့်ပြီး ကြက်ကလေးကိုချောက်လန့် မောင်းထုတ်ကြသည်။

''ရှူး. . . ရှူး. . . ဟဲ့. . . ရှူး. . . ''

''ဖျောင်း. . . ဖျောင်း. . . ဖျောင်း. . . ''

ညီအကိုနှစ်ယောက် ပါးစပ်ကလည်းအော် လက်ခုပ်လည်းတီး၍ အမျိုးမျိုးခြောက်လန့်လွှတ်ပါသော်လည်း ကြက်ကလေးသည် မပျံပဲ ငုတ်တုတ်ထိုင်နေမြဲ ထိုင်နေ၏။ သို့နှင့် ညီလေးက ဝါးပင်ကိုလှုပ်၍ခြောက်ပေးရာ ဝါးပင်လှုပ်ပြီး ဝါးကိုင်းပေါ်မှ ကြက်မလေးသည် အတောင်ဖြန့်လျက် နှုတ်သီးမြင့်ချီလူးလွန့်ပြီး တကရော်ရော်အကော်ကော်နှင့် အလန့်





တကြား အော်နေသည်။ သူ့ခမျာ မပျံနိုင်ရှာ။

ကျွန်တော် စိုးရိမ်သွားသည်။ ကြက်မလေး အကြီးအကျယ် ကွရောက်နေလေရောသလား။ ဒါ ဒါဆိုရင် ကျွန်တော် ဝမ်းနည်းခံစားရတော့ ည်။ ကျွန်တော့် လန့်သွားသည်။

''ကိုင်း ကိုင်း လူကလေး ဒီလိုလုပ်လိုက် အဘရှေ့ကရွတ်ဆို ပေးမယ်။ လူကလေးတို့ ညီအကိုက လိုက်ဆို''

''ကြက်မကလေး. . . ''

''ကြက်မကလေး. . . ''

''သင့်ကို ကျွန်ုပ်တို့ နှိပ်စက်ညှင်းပန်းမိပါသည်. . . ''

''သင့်ကို ကျွန်ုပ်တို့ နှိပ်စက်ညှင်းပန်းမိပါသည်. . . ''

''ဤအတွက် နောင်တကြီးစွာရ၍ တောင်းပန်ပါသည်''

''ဤအတွက် နောင်တကြီးစွာရ၍ တောင်းပန်ပါသည်''

''ကြက်မလေး. . . ကျန်းမာချမ်းသာပါစေ''

''ကြက်မလေး. . . ကျန်းမာချမ်းသာပါစေ''

''မိသားစုနှင့် အေးချမ်းပျော်ရွှင်စွာ ပြန်ဆုံတွေ့ပါစေ''

''မိသားစုနှင့် အေးချမ်းပျော်ရွှင်စွာ ပြန်ဆုံတွေ့ပါစေ''

''ကျွန်ုပ်တို့ မေတ္တာပို့ပါသည် လိုရာအရပ်ကို ပျံသန်းပါတော့''

''ကျွန်ုပ်တို့ မေတ္တာပို့ပါသည် လိုရာအရပ်ကို ပျံသန်းပါတော့''

သို့ကလို အဘဖိုးသူတော်ကြီး ရှေ့မှရွတ်ဆိုတိုင်ပေးသည် အတိုင်း ကျွန်တော်တို့ညီအကိုက နောက်မှလိုက်၍ ရွတ်ဆိုမေတ္တာ ပေးလိုက်ပြီး မကြာခင်မှာပင် အဝေးမှ ကြက်တွန်သံကို ကြားလိုက်ရ တော့သည်။ မရှေးမနှောင်းပင် အမောက်နှင့် ကြက်ဖတစ်ကောင် အော်ဟစ်ပျံသန်းလာပြီး ကြက်မလေးနားနေသည့် ဝါးကိုင်းပေါ်သို့ းလိုက်သည်။ ကြက်နှစ်ကောင်သည် ဝါးကိုင်းပေါ်မှာ ဝမ်းမြောက် းသာ တစ်ကော်ကော်အော်ဟစ်ပြီးနောက် ကြက်မလေးက တောင်



www.burmeseclassic.com

www.burmeseclassic.com



ပံခတ်ပြီး အသံစူးစူးနှင့်တွန်လိုက်ကာ ဝါးကိုင်းပေါ်မှ နှစ်ကောင်သား ထပျံလိုက်သည်။ ပျံတာမှ ရှိးရှိးမပျံ ဘသူတော်နှင့် ကျွန်တော်တို့ ခေါင်းပေါ်မှ နှုတ်ဆက်သလိုလို အတောင်ခတ် ဝဲပျံပြီး ဟိုး အရှေ့ဘက် တောအုပ်ရှိရာသို့ ဦးလှည့်ပျံသန်းသွားခဲ့ကြလေသည်။

ငှင်းဖြစ်စဉ်ကို ကြည့်၍ ကျွန်တော်တို့ညီအစ်ကို ထပ်မံ၍ အံ့လည်း အံ့သြရ၏။ ဝမ်းလည်း ဝမ်းသာရ၏။

"ကိုင်း . . . လူကလေးတို့အိမ်ကို တန်းပြန်တော့ လူက လေးတို့ ကျန်းမာချမ်းသာ ဘေးဘယာကင်းဝေးပါစေဗျာ"

ဘသူတော်ကြီးက ပြန်တော့ဆို၍ ကျွန်တော်တို့ဘသူတော် ကို နှုတ်ဆက်ပြီးထွက်လာလိုက်သည်။ လေးငါးလှမ်းရောက်၍ နောက် ပြန်လှည့်ကြည့်လိုက်သောအခါ ဘသူတော်ကြီးကို လုံးဝလုံးဝ မတွေ့ ရတော့။

"ညီလေး ဘသူတော်ကြီး ဘယ်ရောက်သွားပြီလဲ"

"မသိဘူးလေ အကို၊ ဒီနားမှာရှိမှာပေါ့ . . . "

"လာကွာ၊ မပြန်သေးဘူး လိုက်ကြည့်ရအောင်"

ကျွန်တော်တို့ညီအကို စိတ်ကောင်းနှလုံးကောင်းရှိလှသည် ဘသူတော်ကြီး ဘယ်ကိုသွားသည် ဘယ်မှာနေသည်ကို သိလိုစိတ် လာပြန်သဖြင့် နောက်ပြန်လှည့်ပြီး လိုက်ရှာကြသည်။ စေတီငုတ်တို လှည့်ပတ် လှူခဲ့၍ရှာသည် မတွေ့။ မြယာပင်များ ဝန်းကျင်၊ ဘိစပ်ခြုံများ ကို လိုက်ရှာသည် မတွေ့။

နောက်ဆုံး မြေကြီးလိုဏ်ဂူဝသို့ရောက်သွားသည်။ အထဲကို လှမ်းကြည့်တော့ မှောင်ပုပ္ပဖြစ်နေသည်။

"ဝင်ကြည့်ကြမလား . . . "

"ဟာ မလုပ်နဲ့အကို၊ အထဲမှာ အဘမရှိပဲ မြွေတွေဘာတွေ ရှိနေရင် အကျိုးနည်းမယ်။ ဘာမှမကြာသေးတာမဟုတ်ဘူး။ ချက်ချင်း





ပျောက်သွားတာပဲ"

"အေးကွာ ထူးဆန်းလိုက်တာ . . . "

သည့်နောက် ညီအကိုနှစ်ယောက် ဂူဝကိုခေါင်းငုံ၍ ကြည့် လိုက်စဉ် ဂူထဲမှ ရယ်သံများကြားလိုက်ရသည်။ ရယ်သံက မိန်းမ ရယ်သံလိုလို မျိုးကြီး။ ကျွန်တော်တို့ ခေါင်းနဘန်းများကြီးသွားခဲ့ပြီး ကြက်သီးများ တဖျန်းဖျန်းထလာခဲ့ပြီး နောက်ပြန်လှည့် သုတ်ခြေ တင်ပြေးခဲ့ကြတော့သည်။

တော်တော်လေးလှမ်းမိမှ မောလွန်း၍ညောင်ပင်အောက်မှာ နားရင်း ဘသူတော်ကြီးဆုချီးမြင့်ခဲ့သော ငှက်ပျောသီးကို အခွံနွှာလိုက် သည်။ အိုး မွှေးလိုက်သည့်ငှက်ပျောသီးနှယ်။ ငှက်ပျောသီး ဒီလိုမွှေးတာ မျိုး တစ်ခါမှမကြုံဘူး။ သည့်နောက် တစ်ကိုက်ကိုက်၍စားလိုက်သည်။

လျှာပေါ်မှာ ထူးဆန်းသောချိုဆိမ့် အရသာကို ချက်ချင်း ခံစားလိုက်ရသည်။ နောက်တစ်ကိုက်ကိုက်စားလိုက်သောအခါ အရိုး ထဲ အသားထဲ အကြောထဲမှာ အားအင်များ ရုတ်ချည်းဝင်လာသလိုမျိုး ခံစားလိုက်ရသည်။ ထူးဆန်းအံ့သြစရာကောင်းလိုက်တာ။

"မင်းတို့ တစ်လုံးလုံး ကုန်အောင်စားနိုင်ရဲ့လား" ဆိုသည့် အဘ သူတော်ကြီးရဲ့စကား အလွန်မှန်လှသည်။ နှစ်ကိုက်စားရုံမျှနှင့် လူတစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးကာ အားအင်များပြည့်ဖြိုးသလို ခံစားနေရသည်။ နောက်ထပ်မစားနိုင်တော့။ ဝမ်းဗိုက်ထဲမှာ ပြည့်တင်း နေသလို ရှိသွားပြီ။

ကျွန်တော်တို့ ညီအကိုဆုံးဖြတ်ချက်ချလိုက်သည်။

ကျန်ငှက်ပျောသီးကို အမေနှင့်အဖေကို ကျွေးမည်လို့။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ကျွန်တော်တို့ညီအကိုကောင်းကောင်းကြီး ကြိမ်းဝါးဆူခြင်းကို ခံလိုက်ရသည်။ ကနဦးတော့ မဆူသေး။ အမေနှင့် အဖေကို မျက်နှာလိုမျက်နှာရ လုပ်ချင်၍–

''အမေတို့ကို ကျွေးစရာရှိလို့အမေရ. . .''

''ဘာများတုံးဟဲ့. . .''

''ငှက်ပျောသီး အမေရ. . . ဒီမှာ. . .''

ကျွန်တော်တို့ ညီအကိုက လွယ်အိတ်ထဲမှာ စားလက်စ လက်ကျန်ငှက်ပျောသီးနှစ်လုံးကို ထုတ်၍ပြပေးလိုက်သည်။

''အံမယ်လေးဟာ ငှက်ပျောသီးများ ကောင်းကောင်းကန်းကန်းလုပ်လို့ ကြည့်ပါဦး ကိုသာဟန် ရှင့်သားနှစ်ယောက်လုပ်ပုံရှယ် အမေနဲ့အဖေကို စားဖို့တဲ့၊ သူတို့စားလို့ကျန်တဲ့ ငှက်ပျောသီး လာကျွေးရတယ်လို့တော်. . .''

''အဟင့် အမေက ဒီငှက်ပျောသီးအကြောင်း မသိသေးလို့ပါဗျ အမေ ဒီ. . . ငှက်ပျောသီးတစ်ဝက်ကို ကုန်အောင် စားနိုင်မလားကဲ. . . ပြော''

ကျွန်တော်က ဘသူတော်ပြောလိုက်သည့် လေသံဟန်ဟန်နှင့် အမေကို မေးလိုက်သည်။





''တစ်လုပ်စာလောက်ပဲရှိတဲ့ငှက်ပျောသီးကိုများ စာဖွဲ့လို့ သွားရယ်၊ စားပါ နင်တို့ဟာ နင်တို့စား. . .''

''အမေတစ်ကိုက်ပဲ စားကြည့်လိုက်ပါအမေရ၊ အမေဘယ်လိုများဖြစ်သွားမယ်မှတ်လို့လဲ. . . အင်း''

ညီလေးကလည်း ငှက်ပျောသီးရဲ့ အရသာနှင့်အာနိသင်ကို သိပြီးသူမို့ အာမခံနှင့်ပြော၍ အတင်း အမေ့ပါးစပ်နားသို့ ထိုးထည့်ပေးလိုက်သည်။

''အေး ဟုတ်ချင်ဟုတ်. . . မဟုတ်ရင်တော့လား''

ဟုဆိုကာ ညီလေးလှမ်းပေးသည့် ငှက်ပျောသီးကို နည်းနည်းတစ်ကိုက်ကိုက်ဝါးစားလိုက်သည်။

စားနေရင်း အမေမျက်နှာမှာ အံ့သြရိပ်များသန်းလာသည်။ အမေသည် လျှာပေါ်ပါးစပ်ထဲမှာ ငှက်ပျောသီးကို အတန်ကြာဝါးနေသည်။

''အမေ ဘယ်နဲ့လဲ. . .''

''အေးဟဲ့ ထူးဆန်းလိုက်သည့် ငှက်ပျောသီးနှယ်။ ရင်ထဲမှာ အေးချိုဆိမ့်ပြီး အားတွေချက်ချင်းထိုးသွင်းလိုက်သလိုပဲ၊ ရော့ ရော့ သူ့အဖေ. . . တော်. . . စားကြည့်စမ်း''

သည်မှာ ကျွန်တော်က လက်ထဲမှာရှိနေသည့် ငှက်ပျောသီးပိုင်းအား အဖကို ပေးကျွေးလိုက်သည်။ အဖေသည် မယုံတစ်ဝက် ယုံတစ်ဝက်ဟန်နှင့် မိန်းမနှင့်သားသမီးများ စိတ်ကျေနပ်စေရန် တစ်ကိုက်ဝါးစားလိုက်သည်။

မျိုချလိုက်ပြီးမကြာခင်မှာပင် အဖေကျွန်တော်တို့ ညီအကိုရဲ့ မျက်နှာများကို အံ့သြထူးဆန်းစွာ စိုက်၍ကြည့်နေလိုက်သည်။

''ဟာ ထူးဆန်းလှချည်လား''

''ဟုတ်တယ်တော့ ကျုပ်စောစောက မောပန်းပြီးရင်တုန်ချင်သလိုလိုဖြစ်နေတာ ဘယ်ရောက်သွားမှန်း မသိဘူး၊ လူတောင် ခွန်ချင်



www.burmeseclassic.com

www.burmeseclassic.com



သလိုလို ဖြစ်လာသတော့''

''အေးဟ ပြရည်က. . . ဒီလိုအရသာမျိုးတစ်ခါမှ ငါမစားဘူး ဖူးဟ၊ ချက်ချင်းအားတွေ အင်တွေပြည့်လာသလိုပဲ၊ တစ်ကိုက်နဲ့တင် ဗိုက်ကို ပြည့်အီသွားတာပဲ. . . သားတို့၊ မင်းတို့ ဒီငှက်ပျောဘယ်က ရတာလဲ. . .''

ကျွန်တော်က ကျွန်တော်တို့ရသည့် ငှက်ပျောသီးအစွမ်း အဖေ ရှောအမေရော သိရှိယုံကြည်သွားပြီမို့ အကျေနပ်ကြီး ကျေနပ်ကာ တွေ့ဘယ်မို့လားဆိုသည့် ဟန်ပန်လုပ်နေရာ. . .

''ဟဲ ကောင်လေး. . . ဒီငှက်ပျောသီး ဘယ်ကရတာလဲ၊ ခြံထဲက အပင်ကလား. . .''

''မဟုတ်ဘူးဗျ. . .''

''ဒါဖြင့်. . . မိကြွေစည်တို့ခြံထဲက များလား. . . သူ့ခြံ ထဲကဆို သွားမခူးနဲ့နော်၊ ဒီမိန်းမက မကောင်းဆိုးဝါး. . . မကျွတ် မလွတ်. . .''

''မဟုတ်ပါဘူး အမေရာ. . .''

''ဒါဆို ဘယ်သူပေးတာလဲ. . . ပြောစမ်း''

သို့နှင့် ကျွန်တော်က ငှက်ပစ်သွားရင်း ထူးဆန်းအံ့ဖွယ် ဘိုး သူတော်ကြီးတစ်ဦးနှင့် တွေ့ရှိပြီး သူ့ထံမှ ရခဲ့ပုံများကို ပြောပြလိုက်သော အခါ အမေရော၊ အဖေရောပို၍ မျက်လုံးပြူးသွားကြသည်။

''ဘိုးသူတော်တစ်ဦးပေးတာ. . .''

''ဟုတ်တယ်ဗျ. . .''

''နေပါအုံး ဒီဝန်းကျင်မှာ ဘိုးသူတော်ရှိတာ ငါတို့တောင် မသိဘူး၊ ကိုသာဟန် တော်သိလား မြင်ဖူးလား''

''ဟင့်အင်း မမြင်ဘူးဖူး. . .၊ ဒါပေမယ့် ကျောကြီး ပြောတာတော့ ရှိတယ်၊ ငါလုံးစေ့ပတ်စေ့ မပြောတတ်ဘူး၊ သူနဲ့တွေ့၊





မေးကြည့်. . .''

''ဘုရား ဘုရား နင်တို့နှစ်ယောက် လူဘိုးသူတော်နဲ့တွေ့တာမှ ဟုတ်ရဲ့လား. . . သားတို့ရယ် ဟင့်ဟင့်''

သည့်နောက် အမေနှင့်အဖေက ကျွန်တော်တို့နှစ်ဦးကို ခြေရှည် သည်ဆိုတာ ဆူပူကြိမ်းမောင်းတော့သည်။ သည်နေရာသည် အလွန် ကြောက်စရာကောင်းသည့်နေရာဟု ဆို၏။ မြွေဆိုးများလည်းပေါသည်ဟု ဆိုသည်။ ဒါအပြင် အခြားအဆန်းတကြယ်ဖြစ်ရပ်များ ဒီဝန်းကျင်မှာ ရှိသဖြင့် နောင်ကို ဤအရပ်သို့ လုံးဝမသွားရဟု တားမြစ်ပိတ်ပင်လိုက် သည်။

သည်မှာ အဖေက သူကြုံခဲ့ရဖူးသည့်မြွေကြီးတစ်ကောင် အ ကြောင်းကို ကျွန်တော်တို့အား ပြန်ပြောပြသည်မှာ ကြက်သီးထစရာ ကောင်းလှ၏။

ရွာမှပြောင်းလာပြီး ဤခြံကြီးကို ဝယ်ယူ၍အဖေနှင့်အဘိုးတို့ ခြံကိုရှင်းကြစဉ်က ဖြစ်သည်။ တစ်ည ခြံအရှေ့ဘက်တောင်ရိုးမှ ထူးဆန်း သော မီးလုံးကြီးနှစ်လုံးကောင်းကင်သို့ တက်သွားသည်ကို မြင်ကြ၍ အဖေနှင့်အဘိုးတို့ လက်နှိပ်မီးဆွဲကာ လက်နက်များနှင့် ထွက်လာခဲ့ကြ သည်။

ညသည် တောရိပ်နှင့်မှောင်ပိန်းနေသည်။ အဖေတို့က မီးမှုန့် ပဲ ဘာလဲဆိုတာ သိရအောင် ပုန်းကွယ်၍လာခဲ့ကြရာ တောင်ကုန်းပေါ်ရှိ စေတီပျက်မှာ အကြမ်းပန်းကန်လုံးခန့်ရှိသော နီနီရဲရဲဝင်းဝင်းလက်လက် အရာနှစ်ခုကို မှောင်ထဲမှာ မြင်နေရသည်။

''အဖေ ကျားများလား''

အဖေက သူ့ယောက်ခမ ကျွန်တော်တို့အဖိုးကို တိုးတိုးပြော လိုက်သည်။

''ဒီနားမှာ ကျားတော့မရှိနိုင်ဘူးကွ. . . ရိုးမမှ မဟုတ်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အဲဒါ ဘာလဲ"

"မသိဘူး၊ သတိဝီရိယရှိပစေ၊ နွားမျက်လုံး ကျွဲမျက်လုံးလည်း ဒီလောက် မကြီးနိုင်ဘူး"

"အဖေ မီးနဲ့ကြည့် . . . ကျွန်တော် ဒူးလေးအသင့်လုပ်လိုက် မယ် . . ."

သည့်နောက်အဖေက ဒူးလေးညို့ကို ဆွဲတင်လိုက်ပြီး၊ ကျည် တောက်ထဲမှ အဆိပ်လူးမြှားတစ်ချောင်းကို ဒူးလေးမြှားမြောင်မှာ တပ် အသင့်ချိန်ပြီး တိုးကပ်လာကြသည်။ ၎င်းနီနီရဲရဲမီးလုံးနှစ်လုံးနှင့် မြှားတ ပစ်ခန့်ရောက်တော့ အဖိုးက မီးနှင့်လှမ်းထိုးလိုက်သည်။

"ဟာ . . ."

"အောင်မလေးဗျ . . ."

"ရှူး . . . ရှူး . . . တိုးတိုး"

မီးရောင်ရှေ့မှာ အဖေနှင့်အဖိုးတို့မြင်လိုက်ရသည်ကာ ရှော မြွေကြီးတစ်ကောင်ပဲဖြစ်သည်။ မြွေကြီးသည် ဆန်ပြာစကောခန့်ရှိသော ပါးပျဉ်းကြီးကို မိုး၍ထား၏။ သူ့ကိုယ်လုံးက ဘုရားငုတ်တိုကို ပတ် ထားသည်။ မြွေကြီး၏ကိုယ်လုံးသည် နည်းတာကြီးမဟုတ်။ စူးရဲသော မျက်လုံးအစုံက မီးရောင်နှင့် ဖိတ်ဖိတ်လက်နေသည်။ အဖေသည် ဒူးလေး ကို ချိန်ရင်း ကြက်သေသေသွားသလို ဖြစ်နေသည်။

"ရှူး . . . ရှူး"

"သာဟန် . . . လှုပ်လာပြီနော်"

အဖိုးသည် စိုးရိမ်ကြီးစွာ မီးနှင့်ထိုးထားပြီး မြွေကြီးရဲ့လှုပ် မှုကို မျက်တောင်မခတ်စိုက်ကြည့်နေစဉ်မှာပင် မြွေကြီးကပါးစပ် ဖူးကနဲ နှာမှုတ်သံပေးလိုက်ရာ အနီးရှိခြုံများပါ အလှုပ်ယမ်းသွားခဲ့သည် အဖေတို့က နောက်နှစ်လှမ်းဆုတ်လိုက်ကြသည်။

ထိုစဉ်မြွေကြီးသည် ပါးပျဉ်းရှုထောင်ရင်းမှ အဖေတို့မီးရောင်





စိုက်ကြည့်ပြီး အခွေကိုဖြေလိုက်ကာ ကုန်းအောက်ကို ဆင်းလိုက်တော့ သည်။ သည်တော့မှ မြွေကြီးရဲ့ကိုယ်လုံးကို အသေအချာကြည့်လိုက်ရာ လုံးပတ်သည် လူကြီးပေါင်နှစ်လုံးခန့်တုတ်ခိုင်ကြီးမာကာ အရှည်က ဆယ်သုံးလေးပေခန့်ရှည်မည်ဟု ခန့်မှန်းရ၏။ ကိုယ်ပေါ်မှာ အကြေးခွံများ ကလည်း အကွက်အကွက်အထပ်ထပ်နှင့် ဖွေးပြီးပြောင်လက်နေသည်။ ပို၍ထူးဆန်းသည်ကာ မြွေကြီး၏ဦးခေါင်းပေါ်မှာ မို့ဖုနေသော အမောက် လိုလိုဘုလိုလို အရာကြီးတစ်ခုပါနေခြင်းပဲဖြစ်သည်။

မြွေကြီးသည် မီးရောင်ကြောင့် ဘုရားငုတ်တိုမှ လျှောဆင်းကာ ဟိုအရှေ့ဘက်ကျုခတ်တော၊ ဝါးနက်တောဘက်သို့ လူးကာလွန့်ကာ ပြေးဝင်သွားသည်။

"ဘုရား ဘုရား နည်းတာကြီး မဟုတ်ပါလားကွာ ဟင်"

"မြွေမှ ဟုတ်ရဲ့လား . . . အဖေရာ"

"အေးကွ၊ ခေါင်းမှာလည်း အမောက်လိုလို . . . အဖုလိုလို ဟာကြီးနဲ့"

"နဂါးများလား အဖေရာ . . . မီးလုံးတွေကို သူပဲမှုတ်နေတာ နဲ့တူတယ်"

"မြွေနဂါးပုံစံမျိုးကွ . . . ငါတစ်သက်မှာ ဒီလောက်ကြီးတဲ့ မြွေမျိုးမတွေ့ဘူးဟူး၊ မဟုတ်မှလွဲရော ဒီစေတီပျက်ကို စောင့်ရှောက်နေတဲ့ နဂါးမင်း၊ မြွေမင်းပင်ဖြစ်လိမ့်မယ်နဲ့တူတယ်၊ နောင်ဒီဝန်းကျင်မှာ မဟုတ် တာ ဆိုဘာမှ မလုပ်ကြနဲ့ကြားလား"

"ဟုတ် ဟုတ်ကဲ့ အဖေ၊ သွားကြစို့ . . ."

သည့်နောက် သားအဖနှစ်ဦးအိမ်ပြန်လာခဲ့ကြသည်။ အမေက "ဘာလဲ" ဟု မေးသည်ကို အမှန်အတိုင်းပြန်မဖြေပဲ၊ လူရိပ်မြင်လို့ပါ ဟု ညာပြောခဲ့လိုက်သည့်တဲ့ . . .။

နောင်အခါ အဖေတို့စိုက်ထားသည့် တောင်ယာခင်းများပေါ်မှာ

www.burmeseclassic.com



ကြီးမားသော ဈွတ်ကြောင်းကြီးများကို မကြာခဏတွေ့ရပြီး စိုက်ခင်းများ ပြိုပျက်ပြတ်နေသည်ကို မကြာခဏကြုံရသည်။ အဲဒီတုန်းက မကြွေစည် မကွယ်လွန်သေး။ မကြွေစည်တို့စိုက်ခင်းများပေါ်မှာလည်း ရေမစွတ် ကြောင်းရှည်ကြီးတွေ့ရပြီး စိုက်ပင်များ မကြာခဏပျက်စီးခဲ့ရသည်။

တစ်နေ့တော့ အဘိုးကာ ခြံထွက်ပန်းများကို ခူးသန့်စင်ပြီး ညောင်ရေအိုးတစ်ခုမှာထည့်၍ စေတီပျက်ကုန်းမှာ သွားတင်လှူခဲ့သည်။ အမွှေးတိုင်များ ဖယောင်းတိုင်များလည်း ထွန်းညှိပူဇော်ကာ ဘုရားရှိခိုး မေတ္တာပို့တောင်းပန်ခဲ့ရာ ၎င်းစွတ်ကြောင်းကြီးကို လုံးဝခြံခင်ယာခင်းမှာ မတွေ့ရဟု ဆိုသည်။

သို့ဖြစ်၍ ၎င်းဘုရားဝတ်တို စေတီပျက်ဝန်းကျင်သည် ထူးဆန်း အံ့သြဖွယ်ရာများရှိနေသဖြင့် အမှားမခံသည့်နေရာ ဖြစ်သောကြောင့် နောင်လုံးဝခြေဦးမလှည့်ရဟု တင်းကြပ်စွာ သတိပေး ပြောကြားလိုက်သည်။ ကျွန်တော်တို့ ပေးကျွေးလိုက်သည့် ငှက်ပျောသီးသည်လည်း အလွန်းထူးဆန်းလှသည်ဟုဆိုကာ လက်ကျန်ငှက်ပျောသီးအပိုင်းကို များရှည်ပုလင်းနှစ်လုံးထဲမှ ဆေးဩသဓ သဘောမျိုး စိမ်ထားလိုက်သည်။ နောင်အခါ နေထိုင်မကောင်းဖြစ်တိုင်း ၎င်းဘသူတော်ရဲ့ ငှက်ပျောဩသဓပျားရည်ကို လျှက်ပေးသောက်ပေးလျှင် တော်ရုံရောဂါ ယှူပစ်သလို ပျောက်သွားခဲ့၏။

အလုပ်ပင်ပန်းသည့်အခါတိုင်း အဖိုး၊ အဖေနှင့်အမေတို့သည် ၎င်းဆေးဩသဓပျားရည်ကို လက်ဖက်စားဇွန်းလေးတဇွန်းစီသောက်လေ့ ရှိသည်။ အဘိုးသည် အသက်(၈၀)ကျော်မှကွယ်လွန်ခဲ့၏။ အဖေနှင့် အမေလည်း အသက်(၇၀)ကျော်အထိ နေထိုင်သွားခဲ့သည်။ အံ့ဩစရာ ကောင်းပေစွ။

♛ ♛ ♛



## တစ္ဆေ

ညတုန်းကအိမ်မှာ လူတော်တော်စုံသည်။ အခုလို အဖိတ်နေ့ ညရောက်တိုင်း အိမ်မှာ လူကြီးများ ဝိုင်းဖွဲ့၍စကားလက်ဆုံးကျသည် မှာ အရပ်ထုံးစံလိုဖြစ်နေသည်။ အိမ်ရှေ့မှုးစင်အောက်မှာ ကွပ်ပျစ် အကြီးကြီးရှိသည်။ လူဆယ်ယောက်ခန့်ဆန့်သည်။

အဘိုး ဦးဘိုးအုန်းလည်း ရွာပြန်သွားရာမှ ပြန်ရောက်လာသည်။ စကားဝိုင်းမှာ ဖထီးစောရှူဆေး၊ အဖေ၊ အမေ၊ ဦးကုလားကြီး၊ ဘာဒစ် များနှင့် ဦးကျားကြီးလည်းပါဝင်သည်။ ကျွန်တော့်အမများက ကောက် ညှင်းပေါင်းများ၊ ရေနွေးကြမ်းနှင့်ဆေးလိပ်များ တည်ခင်းပေးသည်။

နေရာတကာစပ်စုသော ကျွန်တော်တို့ညီအကိုက အဖေ့အနီး မှာ ထိုင်၍လူကြီးများပြောသည်ကို နားထောင်လေ့ရှိသည်။ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



လူပျိုတော်(ဘုန်းကြီးလူထွက်)ဦးကျော်မောင်လည်းရောက်လာတော့ စကားဝိုင်းက ပိုစည်သွားသည်။

ဒီနေရာမှာ အရက်သမားဦးကျားကြီးအကြောင်းအလျင်းသင့်၍ ပြောပြချင်သည်။ ယခုအခါဦးကျားကြီးသည် အရက်ကိုဒလနင်းကြမ်း မသောက်တော့။ စားကောင်းရုံမျှသာ သောက်တော့သည်။ သူလည်း သရဲလိုလို တစ္ဆေလိုလို ငကျိုင်းနှင့်တွေ့ပြီးကတည်းက အနေအထိုင် ဆင်ချင်လာပြီး ကျွန်တော်တို့မိသားစုကိုလည်း ခင်ခင်မင်မင် လေးလေးစားစားဆက်ဆံလာခဲ့သည်။

ကျွန်တော်တို့ ရောက်စတုန်းကဆို ဦးကျားကြီးက အလွန်ကို ဆိုးသွမ်းသောင်းကျန်းလွန်းလှသည်။ သူသည် အိမ်စုအဝန်းအဝိုင်းမှာ လူမိုက်ဆိုလည်း ဟုတ်၏။ အရက်ကို မူးအောင်သောက်ပြီး အိမ်စုအားလုံး စိမ်ခေါ်သူဖြစ်သည်။ မူးလာလျှင် အရပ်ကို ဓားကြိမ်းကြိမ်းသည်။ အူနှင့်ယှဉ်၍ ဘယ်သူမှ ပြိုင်မမိုက်ရဲ။

ဘယ်လောက်တောင် မိုက်ရိုင်းသလဲဆိုမှု လူရှေ့သူရှေ့ ပုဆိုးကွင်းဆိုင်း၍ လမ်းလျှောက်ပြပြီး မကျေနပ်ရင်ကြိုက်ရာတိုင်။ ကျားကြီးကွဟု ကြိမ်းဝါးလေ့ရှိ၏။ ဟိုအိမ်တက် ဒီအိမ်တက် မိုက်ကြေးခွဲသလိုလိုနှင့် ပိုက်ဆံတောင်းလေ့ရှိ၏။

ကျွန်တော်တို့မိသားစုဒီနေရာကိုပြောင်းလာပြီး မကြာခင်မှာပင် ဦးကျားကြီး အရက်ကိုးမောင်းသောက်၍ အိမ်ရှေ့သို့ရောက်လာတော့သည်။ လူက ပုဆိုးမနိုင်မနင်း. . . ။ သူက ခြံဝမှ ခါးထောက်ပြီး

"ခင်ဗျားတို့က. . . လူသစ်တွေလား"

ကျွန်တော်တို့က သူ့ပုံစံကို ကြောက်၍ပုဏ္ဏားကွယ်မှာ ပုန်းနေကြသည်။ ဒီနေရာကို ရောက်စတုန်းက ဦးလေးသာဉာဏ်ကလည်း မှာသွားတာရှိသည်။

"အကို ဒီအရပ်မှာနေရင် ကျားကြီးကို သင့်အောင်ပေါင်းပါ"





"ကျားကြီး. . . ကျားကြီးဆိုတာ ဘာလဲကွ"

"လူမိုက်ပဲအစ်ကို. . . သူက မြို့ထဲမှာတောင် မိုက်တဲ့သူ"

"ဘယ်လိုပေါင်းရမှာလည်းကွ သာဉာဏ်ရ ပြောပါအုံး"

"အလိုက်အထိုက်ပေါ့အကိုရာ. . . ။ သူက အရက်ဖိုးလေး ဘာလေးလာတောင်းရင် မေးလိုက်ပါ"

"သူက တော်တော်ဆိုးသလား"

"ဆိုးတာတော့ ကမ်းကုန်ပဲဗျ။ အချုပ်တို့ ထောင်တို့လည်း ဝင်လိုက်ထွက်လိုက်ပဲ"

"ဩော် အေးအေး၊ ကြည့်လုပ်တာပေါ့ကွာ"

သည်တုန်းက အဖေက ဤသို့သာ ဦးလေးကို ပြောခဲ့သည်။ မိတ်ဖွဲ့လာသည့် အိမ်နီးနားချင်းများကလည်း လူမိုက်အရက်သမား ကို ကျားကြီးအကြောင်း ကြိုရှ်အဖေ့ကို ပြောပြထားကြသည်။

ခုတော့ နာမည်ကျော်ကျားကြီးအိမ်ရှေ့ခြံဝမှာ ရောက်နေပြီ။

"မေးနေတယ်လေဗျာ၊ အော့ ဝေါ့ လူသစ်တွေဆို"

"ဟုတ်ပါတယ်. . . "

အဖေက သူ့ရောင်ထုံးလေးကို ပြင်ထုံးလိုက်ပြီး အလိုက်အထိုက် ပြောလိုက်သည်။ "ဘယ်ကလဲ"ဟု ထပ်မေးပြန်၏။

"ဆေးလုံးကြီး. . . ကပါ"

"ဟား ဟား ဟား ဟား ဆေးလုံးကြီးသားတွေ. . . သာဉာဏ်နဲ့ ညီအကိုပေါ့. . . "

"ဟုတ်ပါတယ်"

"သာဉာဏ်က ကျုပ်အကြောင်းခင်ဗျားတို့ကို ပြောထားရဲ့လား"

"ပြောထားပါတယ်. . . "

"ဟင့် ဟင့် ဟင်း ဟင်း သာဉာဏ် ဒီလိုကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်က လိမ္မာသား အဟုတ်အဟုတ် အော့။ အဲဒီတော့ ဒါ ဒါနဲ့ ခင်ဗျားနာမည်က . . .''

''သာဟန်ပါ. . . .''

''သာဟန်. . . သာဉာဏ် တယ်ကာရံညီ နဘောဟပ်ပါလား အဟုတ် အဟုတ်. . . ဟား ဟား။ အေးလေ သာဉာဏ်က ကျုပ်အကြောင်းပြောထားတယ်ဆိုတော့ ရှည်ရှည်ဝေးဝေးမပြောချင်ဘူး ကျုပ်ကို ထုံးစံအတိုင်း တစ်ပတ်တကြိမ် အရက်ဖိုးပေးရမယ်. . . အော့ ကြားရဲ့လား. . . ဝေါ့''

အမေက ကိုကျားကြီးကိုကြည့်၍လန့်နေသည်။ အဖေကတော့ သွေးအေးအေးပဲ။ ကျွန်တော်တို့ မောင်နှမများတော့ ကြောက်လွန်း၍ သူမြန်မြန်ပြန်ပါစေဟု ဆုတောင်းနေကြသည်။

''တစ်ပတ်ကို တစ်ခါ. . . ဟုတ်လား''

အဖေက လှမ်းမေးလိုက်သည်။

''ဟုတ်တာပေါ့. . . ဗျာ. . . ဟုတ်ပ. . . အော့''

''ဘယ်လောက်ပေးရမှာလဲ. . .''

''အဟဲဟဲ မများပါဘူး. . . ငါးဆယ်ကျပ်ပါပဲ. . .''

''ငါးဆယ်. . .''

''ဟုတ်တယ်. . . ဘာလဲ မပေးချင်လို့လား။ ခင်ဗျားညီ သာဉာဏ်ကိုလည်း ဒီနေရာမှာနေသွားတဲ့ကာလတစ်လျှောက် အပတ်စဉ် ကျုပ်ကို ငါးဆယ်. . . ငါးဆယ်ပေးနေကျ။ အဲဒါ ဒီကောင် မပြောဘူးလား. . . ၊ ထွီ . . . နေနှင့်အုံးပေါ့ သာဉာဏ်ရာ. . .''

ဒီအကြောင်းအဖေမသိမဟုတ်။ အိမ်နီးနားချင်းအချို့က လာပြော၍ သိရပြီးပြီ ဦးလေးသာဉာဏ်က အဒေါ်မလှတင်နှင့် လင်ကန်မယား နှစ်ယောက်တည်း ဒီမှာနေသွားခဲ့သည်။ ပိုက်ဆံနည်းနည်းရှိ၍ ကျားကြီးက မကြာခဏအနိုင်ကျင့်သည်။ အရက်ဖိုးတောင်း၍ မပေးလျှင် ဦးလေး





သာဉာဏ်ကို ထိုးကြိတ်ကန်ကျောက်သည့် အကြောင်းကြားခဲ့ရသည်။ မပေးလျှင် မင်းအိမ်ကို မီးနှင့်ရှို့ပစ်မည်ဟု ကြိမ်းဝါးခြိမ်းခြောက်၍ ဦးလေးတို့လင်မယားခင်ဗျာ . . . တောင်ပန်းတိုးလျှိုးပြီး သူတောင်းသမျှ ပေးနေရသည်တဲ့။ ဘယ်ရွေ့ဘယ်မျှဆိုတာတော့ မသိ။ ကာလသည်း မနည်းခဲ့။

''ငါးဆယ် မများဘူးလားကွာ''

''အမ်မာ ခင်ဗျားက ကျုပ်လို လူကိုများ စျေးဆစ်နေတယ် ဟုတ်လား. . . ဘာလဲ ကိုယ်လူက. . . ကျားကြီးအကြောင်းသိချင်လို့ပေါ့လေ. . . ဒီလိုလား. . . ဒါဆိုရင်လည်း. . .''

ကျားကြီးက ပြောရင်းအိမ်ဝိုင်ထဲသို့ ဒယီးဒယိုင်ဝင်လိုက်သည်။ အဖေက မတုန်မလှုပ်။ သူ့ကို ကြည့်နေလိုက်သည်။

''ကို. . . ကိုသာဟန် ပေး ပေးလိုက်ပါတော်''

အမေက ပြဿနာဖြစ်မှာစိုး၍ အသံတုန်တုန်ရီရီနှင့်လှမ်းပြောလိုက်သည်။ ပြောရလျှင် ထိုခေတ်(၁၉၅၂)ခုနှစ်ဝန်းကျင်က ငွေငါးဆယ်ဆိုသည် ငွေတမတ်သားခန့်ဝယ်လို့ရသည်။ ဆန်တစ်ပြည်မှ ပြားခြောက်ဆယ်။ ဆီတစ်ပိသာ ပြားလေးဆယ်။ ပုဆိုးအကောင်းစား အန္တိယချည်ချောမှ တစ်ကျပ်။ လက်ဖက်နို့မလိုင်တစ်ခွက် တမတ်။ ကြက်ဥတစ်လုံး ဆယ်ပြား။ သူတောင်းသည့် တစ်ပတ်ငွေငါးဆယ်သည် နည်းနည်းနော နော ပိုက်ဆံမဟုတ်။

ကိုကျားကြီးက အဖေရှေ့ရောက်သည်နှင့် အဖေရင်ပတ်အကျီကို စုကိုင်လိုက်ပြီး. . .

''ကျားကြီးကွ. . . ကျားကြီး၊ ကျားကြီးက ဒါလို အမိန့်ပေးရင် လိုက်နာမှ. . . ခေါင်းညိတ်မှကြိုက်တယ်၊ ခင်ဗျားက ဘာလဲ ကျုပ်ကို. . . ကန္တကောဖလုပ်ချင်လို့ပေါ့. . . ဟုတ်လား ခင်ဗျား ကျုပ်တောင်းတဲ့ ပိုက်ဆံအပတ်စဉ် ပေးမလား. . . မပေးဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"မပေးဘူးကွာ. . . "

"ဘာ. . . ဘာပြောတယ်. . . "

"မပေးဘူး. . . ငါးပြားစေ့တစ်စေ့တောင် မပေးဘူး"

"ဒီလိုလား. . . ကိုင်းကွာ"

"ဗုန်း. . . "

"အင့်. . . "

"ကိုသာဟန်. . . မလုပ်နဲ့. . . မလုပ်နဲ့ လာကြပါအုံး။ လာကြပါအုံး. . . "

ကိုကျားကြီးက အဖေ့နားကို ရိုက်ရန်လက်မြှောက်လိုက်စဉ် အဖေ့ညာလက်သီးသည် ကိုကျားကြီး ဝမ်းဗိုက်သို့ လုစ်ကနဲပြေးဝင်သွားသည်။ ကိုကျားကြီးပါးစပ်မှ အင့်ခနဲမြည်ပြီး ရှေ့သို့ငိုက်အကျမှာ

"ဖေါင်း. . . "

"အား. . . အ. . . အ"

အဖေ့ဒူးပျံက သူ့အမေးရိုက်ကို ထိသွားကာ ကိုကျားကြီး နောက်ပြန်လန်ကျသွားသည်။

"လာကြပါအုံးတော့. . . လာကြပါအုံး. . . ကိုသာဟန်မလုပ်နဲ့. . . မလုပ်နဲ့"

"အဖေ. . . အဖေ"

အမေက ရန်ပွဲကိုကြည့်၍ ကြောက်လန့်တကြားအော်ပြီး အရပ်ကို အကူအညီတောင်းသည်။ ကျွန်တော်တို့ညီကိုမောင်နှမများလည်း အိမ်ထဲမှ ငယ်သံပါအောင် အော်လိုက်ကြသည်။ ဒီမှာတင် ကိုကျားကြီးက သူ့ခါးကြားမှာ ဖွက်ယူလာသည့် ဓားမြှောင်ကို လုစ်ကနဲဆွဲထုတ်လိုက်ပြီး အဖေ့ရင်ဝကို အားကုန်ပြေးထိုးလိုက်သည်။

"အ. . . မလေး. . . "

"ကျား. . . "





"အား. . . အ. . . အ"

အမေရော ကျွန်တော်တို့ပါ ကမ္ဘာပျက်ခမန်း ဝိုင်းအော်လိုက်ကြသည်။

အဖေသည် ကျားသစ်တစ်ကောင်ပမာ ဝေ့ကနဲ့ကိုယ်လှည့်ရှောင်လိုက်ပြီး နောက်ပြန်လက်ပြန်သူ့ဖက်ပိုးကို လက်ဝါးဓောင်းနဲ့ခုတ်ချလိုက်ရာ လူတစ်ခြားဓါးတစ်ခြားလွင့်ထွက်သွားသည်။ သည့်နောက် အဖေ ခြံဝိုင်းထဲမှာ သူ့ကို လက်နှင့်မလုပ်။ ခြေနှင့်ချည်းလိုမ့်လိုမ့်ကန်လိုက်သည်။ ကိုကျားကြီး အမလေး . . အမလေးနှင့်အော်နေရသည်။

"သာဟန်ကွ. . . ဆေးလုံးကြီးသာဟန်. . . ကိုင်းကွာ"

"ဖေါင်း. . . "

"အား. . . "

"ဘုန်း. . . ဘုန်း. . . "

"အင့်. . . အီး. . . အ. . . မ. . . လေး"

"မင်းလားကွ. . . လူမိုက်ကျားကြီး. . . ကိုင်းကွာ"

"ဖေါင်း. . . ခွပ်. . . "

"ဘုန်း. . . ခွပ်. . . "

"မ. . . မလုပ်ပါနဲ့ဗျာ. . . အား. . . အ"

"မင်းကို ဒီနေ့ငါ့အကြောင်းပြမယ်. . . သာဟန်ကွ"

သို့ကလိုပြောရင်း အဖေသည် နွားမောင်းကြိမ်လုံးကို လှမ်းယူပြီး သူ့ကို လိမ့်ရိုက်တော့သည်။ လူမိုက်ကျားကြီးတစ်ကိုယ်လုံး အရိုးများထပ်သွားသည်။ ခြံဝမှာ လူအတော်များများက ပုန်းလျှိုးကွယ်လျှိုး ချောင်းကြည့်နေကြသည်။ ကြည့်ရင်းလွန်စွာအံ့သြနေကြသည်။ ကြည့်နေသည့်သူတို့မျက်နှာများပေါ်မှာ ဝမ်းသာအရိပ်များကို တွေ့မြင်ကြရသည်။

ကိုကျားကြီးအဖေကြိမ်ဒဏ်ကို မခံနိုင်၍ခြံပြင်သို့လေးဘက်သွားပြီး ပြေးသည်။ အဖေကလည်း ကျွဲရိုက်နွားရိုက်ကို လိုက်ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်. . . ကြောက်ပါပြီဗျ. . ."

"နောင် မင်းအရပ်ထဲမှာ မိုလ်ကျအုံးမလား"

"ရှမ်း. . . "

"အား. . . မ. . . မကျတော့ပါဘူးဗျာ. . . အား"

"မိုက်ကြေးလိုက်ခွဲအုံးမလားကွ. . . ကျားကြီး"

"ရှမ်း. . . "

"အောင်မလေးဗျ. . . မ. . . မခွဲတော့ပါဘူးဗျ ကြောက်ပါပြီဗျ. . . အား. . . အ. . . "

"ငါဘယ်သူလဲ. . . သိလား"

"သိ. . . သိပါတယ်ဗျာ. . . မရိုက်ပါနဲ့ဗျာ"

"ငါနာမည်ပြောစမ်း ဟေ့ကောင်"

"သာ. . . သာဟန်ပါ"

"ရှမ်း. . . "

"မင်းထက် အသက်ကြီးတယ်ကွ. . . တိရိစ္ဆာန်ကောင်ရဲ့ ပြန်ပြော. . . "

"ကို. . . ကိုသာဟန်ပါ. . . ခင်ဗျာ"

"မင်းနောက်နေ့. . . ဒီဝန်းကျင်မှာ အရက်မူးပြီး ရမ်းကားအုံးမလား"

"မ. . . မရမ်းကားတော့ပါဘူး ခင်ဗျာ. . . "

"ကောင်းပြီ. . . အားလုံးကြားကြတယ်နော်၊ မြင်တယ်နော်၊ ဒီကောင် ကျုပ်ခြံထဲကိုဝင်ပြီး မိုက်ကြေးခွဲပိုက်ဆံတောင်းတယ်၊ ကျုပ်ကို ဆဲရေးတယ်၊ ကိုယ်ထိလက်ရောက် ဓားနဲ့ထိုးတယ်၊ အခုဒီကောင်လူမိုက်ကို ဂါတ်တဲ(ထိုစဉ်က အခေါ်အဝေါ်ဖြစ်ပါသည်) ပို့မယ်. . . ထ"

"မ. . . မလုပ်ပါနဲ့ အကိုကြီးရာ. . . ဂါတ်ကို မပို့ပါနဲ့ဗျာ. . . ကျွန်. . . ကျွန်တော်. . . တောင်း. . . တောင်းပန်





ပါတယ်ဗျာ. . . ဟီး ဟီး ဟီး ဟီး. . . "

သူကငိုယိုပြီး အဖေ့ခြေသလုံးကို ဖက်၍တောင်းပန်သည်။ မကြာခင် အရပ်လူကြီးများနှင့် မရွှေမနောင်း ကိုကျားကြီးအမေ ဒေါ်စိမ်းနွဲ့ကြီးပါရောက်လာပြန်သည်။ အဖေက ဖြစ်ကြောင်းကုန်စင်အား အရပ်ကို သက်သေထား၍ ရှင်းပြပြီး ကိုကျားကြီးရဲ့ဓါးမြောင်ကိုပါ ထုတ်ပြလိုက်သည်။

အရပ်လူကြီးများကလည်း အဖေ့သတ္တိ စွမ်းပကားအကြောင်း ချက်ချင်းနားလည်သဘောပေါက်ကာ သူတို့ပါရှုံကြောက်ကြောက်နေသည့် လူမိုက်ကျားကြီးကို ဂါတ်(ရဲစခန်း)သို့ပို့မည်ဟု လုပ်ကြရာ ကျားကြီးအမေ အမယ်အိုကြီး ဒေါ်စိမ်းနွဲ့က အဖေကိုရော လူကြီးများကိုပါ ငိုယို၍ သားမိုက်အတွက် တောင်းပန်သည်။

ကိုကျားကြီးကလည်း အဖေ့ကိုရော အရပ်လူကြီးများကိုပါ ငိုယိုရှိုက်၍ အကြိမ်ကြိမ်တောင်းပန်သည်။ သို့နှင့် အဖေနှင့်လူကြီးများက သူ့ကို နောင်ဒီလိုမလုပ်ဖို့ ဆုံးမတရားချကြသည်။ ဆိုရလျှင် ထိုနေ့ ထိုရက်မှစ၍ လူမိုက်ကျားကြီးရဲ့ ဆိုးသွမ်းဗီဇများ ငြိမ်ကျသွားခဲ့သည်။

သူ့ထက် မိုက်သည့်လူရှိပါသေးလားဟု သိသွားခဲ့သည်။

ဆိုရလျှင် အဖေသည် မိုက်ချင်လို့မဟုတ်။ နဂိုစိတ်ရင်းကိုက မဟုတ်ရင်မခံ။ ဘယ်သူ့ကိုမလည်း မတရားမလုပ်။ ကိုယ့်ကို မတရားလာလုပ်လည်း ငြိမ်မခံတတ်။ ရွာမှာတုန်းက နာမည်ကျော်သူပုန်များနှင့်တောင် ရင်ဆိုင်ခဲ့သည့် အဖေဥစ္စာ။ ဒင်းလို အရက်သမား လူမိုက်လောက်တော့ စာမဖွဲ့။ ဒီအချိန်ကစ၍ ကိုကျားကြီးအရပ်ထဲမှာ မသောင်းကျန်းရဲ။ သူ့လူ အမူးသမားများလည်း ဒီနေရာမဝင်ရဲတော့။

အဖေ့ကိုမြင်လျှင် လက်အုပ်ချီ၍ ကန်တော့လေ့ရှိသည်။ အဖေကလည်း လူကောင်းစိတ်ပြန်ရလာသည့် ကိုကျားကြီးကို အခင်အမင်မပျက် ဆက်ဆံသည်။ နောက်ပိုင်း ကိုကျားကြီးက မြို့သိမှာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရောင်းကောင်းဝယ် ဆိုက်ကားနင်း၍ အလုပ်လုပ်စားခဲ့သည်။

ထိုအခါအဖေတို့ အမေတို့က ကိုကျားကြီးတို့ သားအမိဘ ကို နားလည်စာနာပြီး ဆန်မှအစ ဆီမှအစ ဟင်းသီးဟင်းရွက်များအထိ ဂရုဏာနှင့်ထောက်ပံ့ကူညီပေးခဲ့ရာ ကိုကျားကြီးလည်းအဖေ့ကို မှီခို လေးစားခဲ့သည်။ အရပ်ကလည်း အဖေ့စိတ်သဘောသဘာဝကို သိပြီး ပို၍ခင်မင်လေးစားအားကိုးလာခဲ့ကြပြီး သာမှုနာမှုရှိလျှင် အဖေ့ကိုအစီ ထားပြီးလာရောက်တိုင်ပင်လေ့ရှိလေသည်။

ခုကို ကျားကြီးသည် လူကြီးပိုင်းမှာပါ ဝင်ဆံလာသည့် ကို ကျားကြီး ဖြစ်ခဲ့ပြီ။ အဖေတို့ လူကြီးပိုင်းသည် ရပ်ရေးရွာရေး နိုင် ရေးအကြောင်းများကို ပြောဆိုဆွေးနွေးရာမှ မကြွေစည်အကြောင်း ရောက်သွားကြသည်။

မကြွေစည် မကျွတ်မလွတ်ပဲ တစ္ဆေများဖြစ်နေရောသလား ဆွေးကြပြောကြသည်။ ဘာကြောင့်မှု မခင်ခင်နုတို့လင်မယားအိမ်ငှား ပြောင်းသွားပြီးနောက် နောက်ထပ် အိမ်ငှားများ ရောက်လာကြပါသော် လည်း အိပ်လို့မရအောင် သရဲခြောက်သည်ဆိုကာ ရက်ပိုင်းမျှနှင့် ပြောင်း ပြေးကြသဖြင့် မကြွေစည်တို့အိမ်အကြောင်းက အရပ်ထဲသာမက အ ဝန်းကျင်ထိ သတင်းပျံ့နှံ့နေသည်။

"ဟဲ ဟိုက လာနေတာ ဘယ်သူတုံးဟဲ့. . ."

အမေက ခြံဝမှ လှမ်းဝင်လာသူတစ်ဦးကို မြင်၍လှမ်း လိုက်သည်။

"ကျွန်တော်ပါ. . . ဒေါ်လေးရ. . . အုန်းသောင်ပါ"

"အုန်းသောင်လား. . . လာလေ၊ မင်းတော့ သေခဲ့အုံး ဟဲ့"

"ဘာလို့လဲဗျ. . . လူစုံလှချည်လား. . ."

ဦးအုန်းသောင်က ဝင်ထိုင်ရင်းအားလုံးကိုကြည့်၍ ရယ်သည်။





"မင်းတို့လင်မယားနဲ့ မင်းတို့အိမ်အကြောင်း မေးမြန်းပြောနေ ကြတာဟဲ့ . . ဒါနဲ့ အုန်းသောင် နောက်ထပ်အိမ်ငှားရော ရသေးလား"

သို့ကလိုမေးလိုက်သောအခါ ဦးအုန်းသောင်ကြီးသည် ဦးခေါင်း ကို စိတ်ညစ်ညူးစွာခါရမ်းရင်းမှ

"ဘယ်အိမ်ငှားမှ မလာကြတော့ပါဘူး ဒေါ်လေးရ"

"ဒါဖြင့် မင်းပဲ ပြန်နေပေါ့. . . ဟဲ့"

"မဖြစ်သေးဘူးဗျ. . ."

"ဟဲ့ ကိုယ့်အိမ်ကိုယ်စောင့်မှပေါ့ နို့မို့သူနိုးဝင်နိုးလို့ ကုန်ဦးမယ်"

"ဘယ်သူနိုးမှလည်း ကျုပ်အိမ်ဝင်မနိုးရဲပါဘူးဗျာ အခုစျွန် တော်နေချင်တဲ့လူရှိရင် အလကားနေလို့ရတယ်လို့ ပြောချင်လို့ ဒီကို ထွက်လာတာဗျ. . ."

"အလိုတော်. . . အလကားတင်မယ်"

"ဟုတ်တယ် . . ဘယ်သူပဲနေနေဗျာ၊ အိမ်စောင့်၊ ခြံစောင့် ရရင်တော်ပါပြီ. . ."

"အဲဒါတောင် နေမဲ့လူရှိပါမလား. . . မောင်အုန်းသောင်ရဲ့ မင်းအိမ်က တယ်နာမည်ကြီးတာပဲ၊ မင်းမိန်းမ မိကြွေစည်က မကျွတ် ဘူးဆို ပြောင်းသွားတဲ့အိမ်ငှားတွေကလည်း သရဲချောက်တယ်လို့ချည်း ပြောပြောပြီး ပြေးကြပါပကောဟ"

ဦးကုလားကြီးက ရေနွေးကြမ်းငှဲ့ရင်းမှ လှမ်းမေးလိုက်၏။

"အဲဒီလို ပြောရမလို ဖြစ်နေပါပြီဗျာ. . . ဗျား"

"ဒါဆိုလည်း အုန်းသောင်ရာ ပရိတ်တရားလေးနာ၊ အမျှ အတန်းပေးဝေလိုက်ပါလား. . . ကွာ"

"လုပ်တာပဲဗျ၊ အဲဒါလည်း. . . မရဘူး"

"ဟေ. . . ဒါတောင်မရဘူး၊ ဟုတ်ပါမလား ကောင်ရာ"

"ခင်းက အစွဲကြီးပုံရတယ် ဦးကြီးတို့ရဲ့ သူများပြောနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တောင် ဒုက္ခဆက်ပေးနေတုန်းပဲ၊ ဘယ်လိုလုပ်ရမှန်း မသိဘူး ဒီခြံရော အိမ်ရောရောင်းပစ်ရမလားလို့တောင် စဉ်းစားနေတယ်''

''ဟာ . . . ဟ အဲဒီလိုလည်း အရမ်းမလုပ်နဲ့အုံးကွာ၊ ဒီခြံလေးနဲ့ အသက်မွေး ဝမ်းကြောင်းပြုနေရတာ၊ ဒါလေးရောင်းလိုက်ရင် အခြေပျက်သွားလိမ့်မယ်၊ ပြောစမ်းပါအုံး၊ မင်းလို လင်အရင်းခေါက်ခေါက်တောင် ဒုက္ခပေးနေသေးဆိုတော့ ဘယ်လိုများကြုံနေရလို့တုံး၊ လိုအပ်ရင်လည်း ဗေဒကောင်း၊ သမားကောင်းခေါ်ပြီး သင့်တော်သလို လုပ်ရတာပေါ့ဟ မောင်အုန်းသောင်ရ . . . ''

''အင်း . . . ဒီအကြောင်းတွေ ပြောလည်း မပြောချင်ဘူး မပြောလို့လည်း မဖြစ်ဘူးဆိုသလိုဖြစ်နေပြီ အဘတို့ရာ၊ အခြေအနေက ဆိုးတယ်ဗျာ၊ အိမ်ငှားတွေ မနေရဲတာလည်း ကျုပ်အပြစ်မပြောချင်ပါဘူး၊ ဘယ်လိုလုပ်ရင်ကောင်းမလဲ သိချင်လို့ ဒီကိုထွက်လာတာပါ''

''အေးလေ . . . မင်းကြုံရတာကို အလျှင်ပြောမှပေါ့၊ ဒါကြားရပြီးမှ ငါတို့က ဘယ်လိုလုပ်ရင်ကောင်းမလဲ ဝိုင်းစဉ်းစားကြတာပေါ့''

''ဟုး ဒီလိုဗျ . . . ။ မကြွေ . . . မကြွေ အစွဲအလန်းကြီးလွန်းလှတဲ့ မိန်းမရယ်လေဗျာ . . . ''

♛ ♛ ♛

## အယုတ်တိမ်းလေရောသလား ချစ်သော မကြွေစည်

မကြွေစည် အသုဘရက်လည်ပြီးနောက်နေ့မှစ၍ ကိုအုန်းသောင် ထူးဆန်းသောဖြစ်ရပ်များကို ကြုံခဲ့ရသည်။ (၁၀)နှစ်(၁၀)မိုးခေါင်းတာရသည့် ဇနီးဖြစ်၍ ဖြန်းခနဲ ချည်းကောက်ကာငင်လာဆိုသလိုပင် ထုံးပါး သွားတော့ ရင်ထဲမှာ ယူကြုံးမရ။

ခါတိုင်း ဒီအခန်းဒီအိပ်ယာပေါ်မှာ နှစ်ယောက်အတူချစ်ကြည်စွာ အိပ်စက်ခဲ့ကြသည်။ မကြွေစည်သည် အချစ်နှင့်ပတ်သက်လာလျှင် တစ်ခြား မိမိနှင့်စပ်လျဉ်းလာလျှင် သဝန်တိုမှန်း သိပါသည်။ သြော် ဒါလည်း ကိုချစ်လွန်းလို့ပါလားဟု ကိုအုန်းသောင် အကြွင်းမဲ့ယုံကြည်ခဲ့သည်။

လူ့ရတနာရှမှာ ဝန်လေးလှသော်လည်း သူ့အပေါ်မှာတော့ မကြွေစည် သဒ္ဓါအားကြီးခဲ့သည်။ ဝါဆိုသင်္ကန်းလေးကပ်ရအောင်လို့ သူက ပြောလျှင် နောင်နှစ်မှ လုပ်ပါအကိုရယ်ဟု ပြောင်းဖူးဖက်လိပ်ကြီး ခေါင်းခါခါဖွာရင်း ရက်ရွှေ့လေ့ရှိသည်။ ရသမျှကိုလည်း ကုပ်ကုပ်ကပ်ကပ်ဖြင့် ရွှေများကို ဝယ်၏။ သို့သော် ကိုယ်ပေါ်မှာ မဆင်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



လက်ကိုင်ပုဝါနှင့် ကျစ်ကျစ်ပါအောင်ထုပ်၍သေတ္တာထဲ သော့ခတ်သိမ်းထားလေ့ရှိသည်။ သူတစ်ပါးအပေါ် အပေါက်အရောက်ဆိုးသော်လည်း၊ ကပ်စီးနည်းကော်တစ်ရာဖြစ်သော်လည်း၊ ကိုယ့်အပေါ် ကောင်းနေတော့ ကိုအုန်းသောင်မပြောသာ။ မကြွေစည်ရဲ့သြဇာ သူ့ကိုအစဉ်အမြဲ လွှမ်းမိုးနေသည်။

ကိုအုန်းသောင် မကြွေစည်ကို ချစ်ရသည့် အကြောင်းရင်းများတွင် အိပ်ယာထဲမှာ အတူနေရသည့် ညများကို စုံမက်တွယ်တာလှပါသည်။ မေ့လို့မရနိုင်ခဲ့။

အချစ်နှင့်ပတ်သက်လျှင် ဆားငံရည်လို သောက်မဝသည့် အာရုံခံစားမှုပြင်းပြင်းနဲ့ နွဲ့တတ်၊ ပလီတတ်၊ ယုယတတ်၍လည်း သူမကို မမေ့နိုင်ခဲ့။

မကြွေစည်သည် ဖြစ်နိုင်လျှင် သူကို မျက်စေ့အောက်မှတောင် အပျောက်မခံချင် အစ်ကို့ကို ကြုတ်ထဲမှာထည့်ပြီး လည်ပင်းမှာ ဆွဲထားလိုက်ချင်တာပဲဟု မကြာခဏပြောလေ့ရှိ၏။ သူ့ရဲ့သန်မာသော လက်မောင်းသားကြီးများကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး သူ့ရင်ခွင်ထဲ လူးလိမ့်တိုးဝင်ကာ ပွတ်သီးပွတ်သပ်လုပ်လေ့ရှိသည်။ အယုအယများ မျက်လုံးထဲပြန်၍ မြင်ယောင်နေသည်။

သို့ကလို သွားလေသူချစ်ဇနီးအကြောင်းတနုံ့နုံ့စဉ်းစားရင်း အိပ်မပျော်နိုင်ခဲ့။ လစ်ဟာနေသော ကွက်လပ်ကလေးကို ကြည့်၍ ဘယ်လူး ညာလိမ့် ညများရှိခဲ့ပြီ။

သို့ရှိစဉ် တစ်ည အိမ်ရှေ့ကြမ်းပြင်ပေါ်မှာ လူတစ်ယောက် လမ်းလျှောက်နေသလိုမျိုး ကြား၍ ထကြည့်လိုက်ရာ ဘယ်သူမှမရှိ ဒါပေမယ့် အိပ်ယာပေါ်ပြန်ရောက်လျှင် ၎င်းခြေသံကို ကြားနေရသည်။

တစ်ညအိပ်ပျော်နေစဉ် အိမ်ရှေ့တံခါးကို လာခေါက်နေသည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"





"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဘယ်သူလဲ ဟေ့ . . . "

လှမ်းမေးလိုက်တော့ တံခါးခေါက်သံ ရပ်သွားခဲ့သည်။ မကြာခင် အသံက ပြန်ပေါ်လာပြန်သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

တံခါးခေါက်သံ ပြန်ကြားနေရပြန်သဖြင့် သူအိပ်ယာထဲမှ ထလိုက်ပြီး အိမ်ရှေ့တံခါးကိုဖွင့်လိုက်သည်။ ဟွားကနဲ့အေးစိမ့်သော လေရိုင်းများက သူ့မျက်နှာကို ပက်လိုက်သည်။ စိမ့်ကနဲအကြောထဲ ကိုယ်ထဲ ဖြစ်သွားသည်။ အပြင်မှာ ဘယ်သူမှမရှိ။ ခွေးများ အမြီးနှင့်လာပုတ်နေလို့များလား . . . ။ အိပ်ယာထဲပြန်ဝင်လှဲနေလိုက်စဉ် . . .

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက် . . . ဒေါက်"

ဟော နောက်ဖေးမီးပိုဆောင်တံခါးဘက်မှ ခေါက်သံကြားနေရပြန်ပြီ။

"ဒေါက် . . . ဒေါက်"

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

လက်သံက ပိုစိပ်လာပြန်သည်။ ဘယ်သူများပါလိမ့်။ အိမ်နီးနားချင်းဆိုလဲ အသံပြုရမည်။ ခုဟာက အသံလည်းမပြု။ အိမ်ရှေ့က ခေါက်လိုက်။ နောက်ဖေးက ခေါက်လိုက်။ တစ်ခါအိပ်ယာမှ ပြန်ထလိုက်သည်။ တံခါးကို ချက်ချင်းမဖွင့်သေးပဲ အသာနားစွင့် အကဲခတ်နေလိုက်သည်။

"ဒေါက် . . . ဒေါက်"

"ဘယ်သူလဲကွ . . . နောက်ဖေးက တံခါးခေါက်နေတာ"

"ဟီ . . . ဟီ"

အလို၊ ရယ်သံပါလား။ ရယ်သံက မိန်းမတစ်ယောက်ရဲ့ပြောင်



www.burmeseclassic.com

www.burmeseclassic.com



သလိုလို နောက်သလိုလို သဘောကျ၍ရယ်လိုက်သည့် အသံလို။ ဒီအသံမျိုး သူကြားဖူးသည်။ အလို ဒါ. . . မကြွေစည်အသံနှင့် ခပ်ဆင်ဆင်ပါကလား။ မကြွေစည်များလား။ အို သူ့မယား မကြွေစည်က သေခဲ့ပြီ ဉစ္စာ။ သူစိတ်စွဲလန်းလို့ နေမှာပါ။ သို့သော် တံခါးခေါက်သံရောရယ်သံပါ သူ့နားနှင့်ဆတ်ဆတ်ကြားရတာ အမှန်။ သို့နှင့် တံခါးဖွင့်လိုက်သည်။

"ဒုန်း. . ."

"အမလေး. . ."

"အား. . . အား. . . အား အား"

"ဝုန်း. . . ဝုန်း. . . ဝေါ. . . ဝေါ"

"အူ. . . အူ. . . အူ. . . အူ"

တံခါးအဖွင့်လိုက်မှာ နောက်ဖေးဝါးရုံမှ ကျီးကန်များ ဝုန်းကနဲထပျံပြီး ဆူညံစွာအော်ဟစ်လိုက်၍ သူပင် လန့်သွားခဲ့ရသည်။ သူဝဲယာဘေးဘီလိုက်ကြည့်သည်။ လူနှင့်တူတာ ဘာမျှမရှိ။ ခွေးတစ်ကောင်ကဆွဲဆွဲငင်ငင်အူလိုက်သည်။ ခွေးအူသံသည် ညဉ့်နက်သန်းခေါင် ကျီးအော်သံများအကြား သည်းထိတ်ချောက်ချားစရာ ကောင်းပါဘိ။

သည့်နောက် လက်နှိပ်မီးပြန်ယူပြီး အိမ်ဝန်းကျင်ကို မီးထိုးလိုက်ကြည့်ပါသော်လည်း ခွေးနှင့် ပျံဝဲအော်ဟစ်နေသည့် ကျီးရိုင်းတစ်အုပ်မှလွဲ၍ ဘာဆိုဘာမှမရှိ။

ဒီအဖြစ်မျိုးကို ညတိုင်းအလိုလိုကြုံနေရသည်။ သူအိပ်ရေးပျက်လှပြီ။ ရယ်သံများကြားရသည်။ သူ မရူးသေးပါ။ ရယ်သံက သူ့မိန်းမကြွေစည်ရဲ့ရယ်သံ။

"ဘုရား. . . ဘုရား မကြွေစည် အယူတိမ်း၍ မကျွတ်မလွတ်သော ဘဝကိုများ ရောက်နေလေရောလား. . . မကြွေစည်ရေ အမျှ အမျှ. . . အမျှ မိန်းမရေ. . . အမျှ. . . အမျှ. . .





အမျှ ကွ"

သူကွယ်လွန်သူဇနီးသည်ကို ရည်မှန်း၍ အမျှပေးဝေလိုက်သည်။ တစ်နေ့ နေဝင်ရီတရော မှောင်စပြုချိန်ဖြစ်သည်။ အိမ်ရှေ့မှာရေချိုးပြီး အိမ်ပေါ်သို့တက်မည်အလုပ် နောက်ဖေးမှ ဟင်းအိုးများဖွင့်သံ၊ ဖွန်းသံ ပန်းကန်သံများ ကြားရ၍ ကပျာကယာအထဲသို့ လှမ်းဝင်ကြည့်လိုက်သော အခါ။ ဟင်းအိုးအချို့ ဖွင့်နေ၏။ ကြမ်းပြင်ပေါ်မှာဖွန်းနှစ်ချောင်းကျနေ၏။

"ကြောင်ပဲ နေမှာပါ"

တစ်ညများ အိပ်မောကျနေစဉ် သူ့ခြေထောက်ကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်နေ၍ ထကြည့်လိုက်တော့ ရိပ်ကနဲလိုလို အရာမျိုးကိုတွေ့လိုက်ရသည်။ ဒါပေမယ့် ထုံးစံအတိုင်း ရှာလျှင်ဘာမှမတွေ့။ ဒီလိုခြေထောက်လာလှုပ်လိုက်၊ လက်လာလှုပ်လိုက် အလုပ်ခံရသည်မှာအကြိမ်ပေါင်း မနည်း။

ပိုဆိုးသည်ကား ခေါင်းမြီးခြုံထားသည့် စောင်ကို ရုတ်တရက်ဆွဲခွာချသွားချင်းမျိုးပဲဖြစ်သည်။ ထိုအခါ သူက မကြွေစည်ရယ် မင်းနဲ့ငါဘဝချင်း မတူတော့ပါဘူး။ အစ်ကို့ကို ညီမ မနှောင့်ယှက်ပါနဲ့ ပြောလိုက်လျှင် အိမ်မြောင်စုပ်ထိုးသလို လူရုပ်သလို အသံမျိုးခပ်ရှည်ရှည်ကြားရတတ်သည်။

တစ်ကြိမ်မှာတော့ ဖြစ်စဉ်က အတော်လေး သိသာလွန်းလှသည်။ သူပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးညှိဖွာရှိုက်ပြီး စဉ်းစားနေလိုက်သည်။ ခဏနေတော့ ဆေးလိပ်ကို ဆေးလိပ်ခွက်ထဲမှာ ထည့်ခဲ့ပြီး။ အိုးခွက်ပန်းကန်များကို ဆေးကြောလိုက်သည်။ သို့ကလို ဆေးကြောပြီး ဆေးလိပ်ပြန်ဖွာဦးမည်ဟု ဆေးလိပ်လှမ်းယူရန်လုပ်လိုက်သောအခါ စော်စောက ဖွာပြီး ချခဲ့ကာစ ပြောင်းဖူးဖက်ဆေးလိပ်သည်။ တစ်စုံတစ်ဦးက ဆောင့်ချထားသည့်အလား ကျိုးကြေမွ၍နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းစွာ တွေ့လိုက်ရသည်။

သည့်နောက် အခြေအနေမဟန်တော့မှန်းသိ၍ ဆွေမျိုးသားချင်းအချို့ကိုခေါ်၍ အဖော်အိပ်သောအခါ တစ်ညအတွင်းမှာပဲ ဆွေမျိုးသားချင်းများ ထွက်ပြေးကြတော့သည်။ အကြောင်းကား အိပ်ပျော်နေတုံးမျက်နှာကို လက်ဝါးကြမ်းကြမ်းကြီးနှင့် လာပွတ်၍လည်းကောင်း ခြေထောက် မ၊ လက်ဆွဲလာလာလုပ်၍ လည်းကောင်း။ တစ်ညလုံး အိပ်၍မရပဲ ငုတ်တုတ်ထထိုင်ကာ ဘုရားစာများကို စုပေါင်းရွတ်ဆိုနေရတော့သည်။

ဘုရားရှိခိုးပြီး ထိုင်ငိုက်နေစဉ်မှာပင် ဘယ်ကဘယ်လိုဝင်လာမှန်းမသိရသော ရေများသည် သူတို့ကိုယ်များကို ရွှဲစိုကုန်ကြသည်။ အားလုံးလန့်၍ အော်ကြသည်။ လက်သည်ကိုရှာလို့မရ။ သည်တော့ သေသွားခဲ့သူ မကြွေစည်ခြောက်လန့်နေမှန်း ရိပ်မိသွားကြကာ ငိုသူက ငိုကြတော့သည်။

သို့ကလို ဝရုန်းသုန်းကားဖြစ်နေစဉ်မှာပင် အနီးဝန်းကျင်မှ ခွေးများက အိမ်ဘက်ကို လှည့်၍ ဝိုင်းရှဲဆွဲဆွဲငင်ငင်အူကြလေသောအခါ . . .

မီးလင်းသည်နှင့် ထမင်းကြော်ကိုမျှ မစားတော့ပဲ၊ အားလုံးလစ်ကြတော့၏။ မိမိလည်း ပို၍စိတ်ညစ်သွားခဲ့ရသည်။ နောက်ဆုံး ဆွေမျိုးများ အကြံပြုသည့်အတိုင်း ရဟန်းသံဃာများအား ပင့်ဖိတ်ဆွမ်းကပ်လှူဒါန်းပြီး မကြွေစည်ကို အမျှအတန်းပေးဝေခဲ့သည်။

တစ်နေ့ နွားရိုင်းသွင်းချိန်လောက်မှာ သူ့အိမ်သာတက်နေစဉ်သည်။ ထိုစဉ် အိမ်သာ သွပ်ပြားတံခါးကို အပြင်မှတစ်စုံတစ်ဦးက ခေါက်နေ၏။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဘယ်သူလဲကွ . . ."





"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ဟေ့ ဘယ်သူလဲလို့မေးနေတယ်လေကွာ . . ."

ခပ်တန်တန်မေးလိုက်တော့မှ အပြင်မှ မိန်းမသံ မသဲမကွဲအသံကြားလိုက်ရသည်။ အစ်မများ ကိစ္စရှိလို့လာလေရောသလား။ သည့်နောက် အိမ်သာတက်ခြင်းကိစ္စကို အမြန်လက်စသပ်လိုက်ပြီး တံခါးဂျက်ဖြုတ်၍ ဖွင့်လိုက်သည်။ ဟင်း . . . အစ်မလည်းမဟုတ်၊ မရှိ၊ ဘယ်သူမှမရှိ။ စောစောက ထုခါးလာပုတ်တာ ဘယ်သူလဲဟေ့ အသံမြှင့်၍ အော်မေးလိုက်သည့်တိုင် ပြန်ဖြေမည့်သူတစ်ယောက်မှမရှိ။ တောက် . . . စိတ်ညစ်စရာကောင်းလိုက်တာ . . .

သို့နှင့် အိမ်သာတံခါးကို ပြန်ပိတ်သော့ခတ်ရန် ဆွဲလိုက်စဉ်

"ဟင် . . ."

မိမိမြင်လိုက်ရသည်ကား . . . အိမ်သာသွပ်ပြားတံခါးပေါ်မှာ အိုးမည်း လက်ဝါးရာမည်းမည်းသုံးခု။ ပို၍ ထူးဆန်းသည်ကား လက်ဝါးရာများသည် မိန်းမလက်ဝါးရာများဖြစ်ပြီး သည့်ထက်ပို၍ပို၍ အံ့သြစရာကောင်းသည်ကား လက်ဝါးရာ သုံးခုစလုံးမှာ လက်ညှိုးရာသုံးခုစလုံး တိုနေခြင်းပဲဖြစ်သည်။

ကြိမ်းသေပြီ . . . ဒါ ဒါ သူ့မိန်းမ မကြွေစည်ရဲ့လက်ဝါးရာ အဘယ်ကြောင့်မှ

မကြွေစည် ဘယ်ဘက်လက်ညှိုးသည် တစ်ခါမှာ ထင်းဖြတ်ရင်း ဓားနဲ့ခုတ်မိ၍ လက်ညှိုးတစ်ဆစ်ပြတ်ပြီး တိုနေသောကြောင့်တည်း။

ဦးအုန်းသောင် သူကြုံတွေ့ခဲ့ရသည့် သူ့ဘဝဖြတ်ကြောင်း အိမ်တွင်းရေးကို အစမှအဆုံးပြောပြီးနောက် စိတ်ထိခိုက်စွာ ဦးခေါင်းကို ရမ်းခါလိုက်သည်။ နားထောင်နေကြသည့် လူကြီးများလည်း စိတ်မကောင်းကြ . . .

"အင်း အစွဲအလန်း အစွဲအလန်းကြောင့် ဘဝကူးမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပရိဝိညာဉ်လောကသား ဖြစ်သွားပုံရပါတယ် . . . မောင်အုန်းသောင်''

''အဲဒါ ကျွန်တော် ဘယ်လိုလုပ်ရင် ကောင်းမလဲဟင်''

သူ့မေးခွန်းကြောင့် လူကြီးများလည်း အနည်းနှင့်အများ အကျပ်ရိုက်သွားကြသည်။ ဒီမှာ ဦးကုလားကြီးက–

''ခက်သားကလားကွာ၊ မင်းမိန်းမက သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု လုပ်၊ အမျှဝေတာတောင်မှ မကျွတ်ဘူးဆိုတော့ ဘယ့်လိုလုပ်ရပ့် . . .''

''ဒါက ဒီလိုရှိတယ် . . . ဦးကုလားကြီးရော . . . မောင်အုန်းသောင်တို့ရော . . . ကွယ်လွန်သူကို ရည်စူးလို့ အမျှအတန်း ဝေပေမယ့် သူက အသာအကြည့်လိုလိုလားလား သာဓုခေါ်နိုင်ခွင့်ရခဲ့ရင် အမြန်ကျွတ်သွားတာပါပဲ၊ သို့သော် ကိုယ့်ဘက်က ဘယ်လောက်ပဲ ကုသိုလ်ကောင်းမှု ပြုလုပ်ပါသော်လည်း သူ့ဘက်က အစွဲအလန်းကြီးကြီး ခေါင်းကျော်မာမာနဲ့ ဘဝဝဋ်ကျွေးမကုန်နိုင် မပြေနိုင်သေးရင်လည်း ဝေလိုက်သည့် အမျှကိုကြားချင်မှကြားရ၊ မြင်ချင်မှ မြင်ရပြီး ခေါ်ချင်မှ လည်း ခေါ်နိုင်တာကလားဗျ။ အဲဒီကျရင် ပရိဝိညာဉ်လောကသား ဘဝ က မကျွတ်မလွတ်နိုင်ဘူးပေါ့ဗျာ . . .''

ဒီမှာ ဦးကျားကြီးက ဝင်၍––

ဘာကြောင့်အဲဒီလို ဘဝမျိုးကိုရောက်ရတာလဲ ဘကြီးရဲ့''

''ဒီလိုကွဲ့။ မောင်ကျားကြီးရဲ့။ စောစောက ပြောခဲ့တဲ့ ကွယ်လွန်ကာနီးအစွဲအလန်းခေါ်တာပေါ့၊ အဲဒီစုတေစိတ်ကြောင့် မကျွတ်မလွတ်နိုင်သော ပြိတ္တာ တစ္ဆေသရဲဘဝကို ရောက်သွားကြတာရယ် လူဟာ သေပြီဆိုရင် ကောင်းသော ဘုံဘဝနဲ့၊ မကောင်းသော ဘုံဘဝကို သူ့ လူ့ဘဝအခါသက်ရှင်စဉ်က ပြုခဲ့သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံစရိုက်အ ရောက်သွားကြတယ်။ ဒါထေရဝါဒအလိုပေါ့။ လူ့ဘဝက အကုသိုလ်





စရိုက်များသူ ငါးပါးသီလမလုံခြုံသူများသည် သေတာနဲ့ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံများအနက် တစ်ဘုံဘုံကိုရောက် သွားကြတာပဲ။ ကုသိုလ်ကောင်းမှု ပြုလုပ်သူ ရတနာသုံးပါးကြည်ညိုတတ်သူ မိဘ ဆရာသမား၊ သားမယားများကို ရိုသေလေးစား ကောင်းစွာလုပ်ကျွေး သူ။ ငါးပါးသီလ လုံခြုံသူ။ အလှူအတန်း ဒါန၊ သီလ၊ ဘာဝနာ၊ ကောင်းမှု ပြုလုပ်သူများသည် ကွယ်လွန်သေဆုံးသွားရင် ကောင်းရာ သုဂတိဘုံသို့ ခေါ်တဲ့နတ်ပြည် ဗြဟ္မာပြည်စသည်တို့ကို ရောက်ကြရတာပဲ။

အဲဒီမှာတောင် မည်မျှပဲကောင်းမှု ကုသိုလ်တွေလုပ်လုပ် သေ ခါနီးသားစွဲ၊ မယားစွဲ၊ ဥစ္စာစွဲ၊ ကျောင်းစွဲ၊ ဌာနစွဲ . . . စသည် စသည် ကို စွဲလမ်း မက်မောတွယ်တာနေရင် နတ်ဘုံဗြဟ္မာဘုံတွေ မရောက်ပဲ အပါယ်လေးဘုံအနက် ပြိတ္တာဘုံကိုရောက်သွားရပြန်တာဗျား . . . ကံ၊ ကမ္မနိမိတ်၊ အဂတိနိမိတ်ခေါ်တာပေါ့။ ကောင်းသော အစွဲအလန်းအမြင် မကောင်းသော အစွဲအလန်းအမြင်ခေါ်တယ် . . .

အဲဒီအစွဲကိုမြင်ပြီး လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အပါယ်လေး ဘုံကို ရောက်သွားရတာပဲ။ ဒါကြောင့်လူဟာ သေခါနီးကျရင် ယောနိ သောမနိကာရခေါ် တရားနှလုံးသွင်းနိုင်ဖို့ အရေးကြီးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မမြဲသောတရားကို နှလုံးသွင်းအိပ်ဖို့ အရေးကြီးတယ် သေတတ်ဖို့လိုတယ်။ အခု . . . မောင်အုန်းသောင်ဇနီး မကြွေအဖြစ်က လင်သားအပေါ် သူ့ဥစ္စာအပေါ် အစွဲအလန်းစိတ်ကြီးသွားခဲ့ပုံရတယ်။

ဘာသာရေးအမြင်အရပြောရင် အယူတိမ်းသွားခဲ့ပုံရတယ်။ စိတ် ဓာတ်မကျပါနဲ့ကွယ် . . . ။ ကိုယ်ဘက်က ပြုမြဲကုသိုလ်ကောင်း မှုကိုပြုပေးပါ၊ အမျှဝေလို့ သာဓုခေါ်နိုင်ခွင့် ရခဲ့ကြုံခဲ့ရင် . . . သူ ဒီထက် ကောင်းမွန်တဲ့ ဘုံဘဝကိုရောက်ပါလိမ့်မယ် . . . မောင် အုန်းသောင်ရယ်နော် . . .

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## မိုက်မိုက်ကန်းကန်း ကိုဘဂျမ်း

ဒီလိုနှင့် ကိုအုန်းသောင်လည်း စိတ်ညစ်လာကာ အိမ်ကို ပြစ်ထားလိုက်သည်။ ကြာတော့ ပြုပြင်စောင့်ရှောက်မည့်သူမရှိ အိမ်ပျက်စီးမည်စိုး၍ အိမ်လခပေးစရာမလို မည်သူမဆို အလကားနေလို့ရသည်ဟု သတင်းလွှင့်လိုက်သည့် တိုင်အောင် သရဲချောက်သည်.. မိန်းမတစ္ဆေ ရှိသည့် သတင်းကြောင့် အလကားအခမဲ့ ခေါ်တင်သည့်တိုင် မည်သူမျှ မနေရဲကြ. . . ။

တစ်နေ့. . .

လူရွယ်တစ်ဦးရောက်လာသည်။ အသက်(၃၅)နှစ်ခန့် ဗလကောင်းကောင်းအရပ်မြင့်မြင့်။ မျက်နှာမှာ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများနှင့်(သူ့ကိုယ်သူစစ်ပြန်ဟုဆိုသည်) သူက အိမ်ရှင်ဦးအုန်းသောင်ကို တွေ့ချင်၍ ဆို၍ ကျွန်တော်က လိုက်ပို့ပေးလိုက်သည်။





ဦးအုန်းသောင်နှင့် လည်းကောင်း ကိုမုတ်ဆိတ်တို့တွေ့သောအခါ ကိုမုတ်ဆိတ်က . . .

"အစ်ကိုကြီးအိမ်ကို အလကားနေခွင့်ပေးမယ်ဆိုတာ ဟုတ်ရဲ့လား ဗျ. . . ။

"ဟုတ်ပါတယ် ငါ့လူရာ။ ကိုယ့်လူနေချင်သပဆို အခမဲ့ နေချင်သလောက် ပျော်သလောက်နေပါဗျာ။ အိမ်လခပေးစရာ မလိုပါဘူး။ အိမ်ထဲမှာ အိုးခွက်ပန်းကန်အစုံရှိတယ်။ အဲ . . . အဲ . . . ဒီအိမ်မှာမောင်ရင် နေစဉ်ထိုင်စဉ်ကာလမှာတော့ အမှိုက်သရိုက်လေးလဲ့ သန့်ရှင်းရေး လုပ်ပေးဖို့လောက်ပါပဲ. . . "။

"ဒီလိုဆို ကျုပ်နေမယ်ဗျာ"

"ဒါနဲ့ ကိုယ်ညီအမည်က ဘယ်လိုများခေါ်တုံး"

"ကိုဘဂျမ်းလို့ ခေါ်ပါတယ်"

"သားမယားကော ရှိပါရဲ့. . . ပဲလား"

"ဟင့်အင် . . . မရှိဘူး တစ်ကိုယ်တစ်ကာယ သမားပဲ"

"အဖော်နဲ့ နေပါလားမောင်ရာ။ ဥပမာသူငယ်ချင်းတွေနဲ့ စုနေတာ မျိုးပေါ့"

ဦးအုန်းသောင်က ခမ်ကြမ်းကြမ်း ဟန်ပန်ပေါက်နေသည့် ကိုဘဂျမ်းဆိုသူရဲ့မျက်နှာကို ကြည့်၍စေတနာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"မလိုပါဘူး အကိုကြီးရာ. . . ။ ကျုပ်. . . နယ်တကာစုံနေပါပြီ တစ္ဆေရှိတယ် သရဲရှိတယ် ကျတ်ရှိတယ် မြေကြမ်းတယ်ဆိုတဲ့ နေရာတွေမှာလည်း နေခဲ့ဖူးတယ်။ သင်္ချိုင်းက ဂူတွေပေါ်မှာလည်း အရက်ထိုင်သောက်ပြီး အိပ်ခဲ့ဘူးတယ်။ လူသေကောင်တွေနဲ့လည်း အတူနေခဲ့ ဘူးတယ် မစိုးရိမ်ပါနဲ့ဗျာ။ ကျုပ်. . . မနက်ဖြန်ပြောင်းလာခဲ့မယ်ဗျာ။ သော့သာ ပေးထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ထိမထင်ဘူးဟုဆိုနေသည့် လူရွယ်ကို ဘဂျမ်းရဲ့ အပြောကို သဘောကျပြီး အိမ်သော့နှင့်အတူ အိမ်သာသော့ကိုပါ ပေးလိုက်သည်။

နောက်နေ့ မိုးလင်းတော့ ကိုဘဂျမ်းဆိုသူရောက်လာသည်ကို မြင်ကြရသည်။ ဘာခန်းဝင်ပစ္စည်းမှ မပါပါ ကျောပိုးအိတ်ကြီးတစ်လုံးနှင့် အိပ်ရာလိပ်ကြီးတစ်ခုသာပဲပါသည်။ သူသည်... ကျွန်တော်နှင့် ပါခင်မင်သွား၏။ ကိုဘဂျမ်းကား စကားများများမပြော တိုရှင်းလိုရင်းသမားဖြစ်သည်။

အဖေတို့ အမေတို့ကိုလည်း ဖော်ဖော်ရွေရွေ ဆက်ဆံသည်။

ညဘက်ရောက်တော့ ထုံးစံအတိုင်း ကျွန်တော်တို့ အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် လူကြီးစကားဝိုင်းကဆုံကြသည်။ အဖေ့အကို လူပုံတော် ဘုန်းကြီးလူထွက် ဦးကျော်မောင်၊ ဘိအိုစီ ရေနံချက်စက်ရုံမှ စာရေးလေး ကိုလှကြည်။ ကိုကျားကြီးနှင့် ဦးကုလားတို့ ခါတိုင်းလူစုပဲဖြစ်သည်။ 'ဘာဒစ်ဂျား'လည်းရောက်လာသည်။

အမေက ကိုအုန်းကျော်တို့နေအိမ်သို့ မောင်ဘဂျမ်းဆိုသူ လူရွယ်တစ်ဦး လာရောက်နေထိုင်ကြောင်းပြောပြသည်။ ဒီမှာကျားကြီးက

"ဘယ်နှစ်ရက်ခံမလဲမသိဘူး အဖော်မပါဘူးလား"

"မပါဘူးကွဲ့ မောင်ကျားကြီးသွားဖိုင်းအိပ်ပေးလိုက်ပါလား"

"ဟာမလုပ်ပါနဲ့ အမကြီးရာ အဲဒီ မကြွေစည်က ကျွန်တော်နဲ့ ဟိုတုန်းကတည်းက သင့်မြတ်တာ မဟုတ်ဘူးဗျ။ ကျွန်တော်က ဟိုတုန်းကဆိုးတော့ ဆိုးဒဏ်ကို သူတို့လည်းခံရဘူးတော့... သိပ်ကျေနပ်တာ မဟုတ်ဘူး အစ်မကြီးရေ... တော်ကြာကျုပ်ကိုဂုတ်ချိုးသတ်ထားမှဖြင့်"

"ဟားဟားဟားဟား... ကျားကြီးတောင် လန့်နေရပဟာ"

"လန့်ဆို ကျွန်တော်က ဒီလိုထူးထူးဆန်းဆန်း အဖြစ်အပျက်





မျိုးကို အသောက်သမားဘဝကာ မကြာခဏကြုံရဘူးတယ်။ ဦးလေးရေ ဟိုတုန်းက မူးရူးနေတော့ ဒါတွေကိုနားမလည်ဖူး... ခုမှ ဒီအကြောင်းတွေကို တဖြည်းဖြည်း သဘောပေါက်လာတာ... "

"ဒါဆိုလုပ်ပါဦးဟ မင်းအတွေ့အကြုံလေး... "

ဦးကုလားကြီးက ထောင်ပေးလိုက်၍ ပြောချင်နေသော ဦးကျားကြီးအဖို့ ဟန်ကျသွားသည်။

"ဟိုတစ်ခါ... ကျွန်တော်ကြားလိုက်ပါတယ်... အမကြီးတို့သား ဟိုချာတိတ်တွေ ဘုရားငုတ်တိုဘက်မှာ ဖိုးသူတော်တစ်ဦးနဲ့ တွေ့တယ်ဆို"

"အေး... မင်းညီများပြောတာလဲ... ငါတို့တော့မတွေ့ သေးပေါင်ကွယ်... "

"အဲဒါ တကယ်ရှိတယ်ဗျ... "

"ရှိတယ်... "

"ရှိတာပေါ့ ကျုပ်လည်းတွေ့ခဲ့ရတာပဲ"

"ဟင်ဒါဆို မင်းဘာများသူ့ဆီက ဘာရခဲ့သေးလဲ ကျားကြီးရဲ့... "

"အင်း ကျွန်တော်ရတာကို ပြောပြမယ် နားထောင်ဗျ... သိကြတဲ့အတိုင်းပဲဗျာ... အကိုကြီးတို့နဲ့မကြုံခင်က ကျုပ်က အရက်သမား လူရမ်းကား လူမိုက်ကိုးဗျ။ ဒီဝန်းကျင်က ကျုပ်ဆို အားလုံး ရွံကြောက်ကြောက် နေရတာ။ ကျုပ်က အိမ်တိုင်းကို အနိုင်ကျင့် ခြိမ်းခြောက်ပြီး... အရက်ဖိုးနေ့စဉ်လိုက် မိုက်ကြေးခွဲနေကြရယ်...

"တစ်နေ့... ဘုရားငုတ်တို ဟိုအရှေ့ဘက်က ဦးသာဖိုးဝေနဲ့ သူ့မြေးအောင်စိန်တို့အိမ်သွားပြီး... အရက်ဖိုးသွားတောင်းတယ်။ ဦးသာဖိုးဝေကြီးက ဂလန်ကဆန်လုပ်လို့ နည်းနည်းပညာပေးလိုက်တောမှ အရက်ဖိုးငွေ တစ်ကျပ်ရခဲ့တယ်... "



www.burmeseclassic.com

www.burmeseclassic.com



ရလဲပြီးရော သင်းတို့မြွေအဖိုးကို ဆဲရေးတိုင်းထွာပြီးပြန်လာခဲ့တယ် ဘုရားငုတ်တိုရှေ့က သခွတ်ပင်နားရောက်တော့ ခါးကြားက ပုလင်းလေးထုတ် ရှိနေတဲ့အရက်ကို အကုန်မော့လိုက်တယ်... ပြီးတော့မူးမူးနဲ့ အိပ်ပျော်သွားပါရော... ။

အိပ်ပျော်လည်းသွားရော အိမ်မက်ထဲက မြွေကြီးမှနည်းတဲ့ကောင်ကြီးလားဗျာ။ ထန်းပင်လုံးလောက်များရှိမလား မသိဘူး။ ကျုပ်ကို မျိုပါလေရော ပထမခြေထောက်က စမျိုတာဗျ။ မသိသေးဘူး မြွေကြီးရဲ့ ပါးစပ်ထဲ ခါးတစ်ဝက်လောက်ရောက်မှ နိုးပြီးတွန်းကန်ပေမယ့် မရတော့ဘူး၊ ကျုပ်မြွေကြီးရဲ့ ဝမ်းဗိုက်ထဲကို မွန်းမွန်းကျပ်ကျပ်နဲ့ ရောက်သွားပြီး မြွေကြီးရဲ့ ဝမ်းဗိုက်နံရံကို ကြောက်လန့်တကြားနဲ့ ကန်ကျောက်ပါလေရော... ။ အဲဒီလို အချိန်မှာပဲ ကျုပ်အောက်က လူးလူးလွန့်လွန့်တစ်ယောက်စမ်းမိလို့ အသက်ရှုကျပ်ကျပ်နဲ့ ဘယ်သူလဲလို့ မေးလိုက်တော ... ငါပါ ... ကံကြီးအောင်ပါတဲ့... ။ အောင်မလေး... ကျုပ်ဗျာ မြွေဗိုက်ထဲမှာ အသဲကွဲအောင် အော်လိုက်ရတယ်။

ကံကြီးအောင်ဆိုတာ အခြားဟုတ်ရိုးလားဗျာ... ဦးကုလားတို့ ဘာဒစ်ကျားတို့ သိတဲ့အတိုင်း ဒီဘုရားငုတ်တိုနား... ကျိုးထောင်ရင်း မြွေဆိုးကိုက်လို့ သေသွားတဲ့ကောင်ဉစ္စာ. ဒီမှာကျုပ်က ကြောက်လန့်ရူးကန်ပြီး အပေါ်ကိုထိုးအတက် သူကကျုပ်ခြေထောက်ကို အတင်းဆွဲ... ကျုပ် ခြေထောက်ကို အတင်းဆွဲ... ကျုပ်က ကန်ကြောက်အော်...သူကလည်း...မင်းရောက်လာတာ အတော်ခဲခုမှ ငါ လူစားလဲခွင့်ရတော့မယ်ဆိုပြီး... အတင်းဆွဲချ။

အဲဒီမှာလဲ... ကျုပ်လန့်အော်ပြီး အိပ်ပျော်ရာကနိုးခဲ့ပါရော ဒီတော့မှငါအိမ်မက်မက်နေပါလားဆိုပြီး ရင်တုန်ကြောက်စိတ်ပြေသွားခဲ့တယ်။ လူတစ်ကိုယ်လုံးမှာချွေးတွေကို ရွှဲနစ်နေတာပဲ။





"အရက်ဆိပ်ပြန်ထွက်တာ နေမှာပေါ့ကွာ"

ဦးကုလားကြီးက ရေနွေးကြမ်းသောက်ရင်း ဝင်ထောက်လိုက်သဖြင့် သူကကြောင်အန်းအန်းဖြစ်သွားရာမှ...

"အဲ အဲ... ဟာ ဦးကုလားကလည်း အရက်ဆိရောကြောက်ချွေးရော ရောသမသွားတာဗျ..အဲ...အဲ ဘယ်ရောက်သွားပါလိမ့် အိပ်ရာကနိုးရောဆီးက အရမ်းသွားချင်လာရော... ။ ဒါနဲ့ ဘုရားငုတ်တို ဘက်နားနားမှာ ဆီးသွားမလို့လုပ်တော့... "

"ဟော့ သူငယ်"

အသံဝါကြီးဖြင့် ဟိန်းလိုက်သလိုပေါ်လာသော အသံကြောင့် လူကိုလန့်ဖြန့်သွားတာပဲ။ လှည့်ကြည့်လိုက်တော့ ဖိုးသူတော်တစ်ဦးဗျ။ ခေါင်းတုံးနဲ့ဝဝပုပုကြီး ပိတ်ဖြူပုဆိုးနဲ့ ပုတီးကြီးကို လည်ပင်းမှာဆွဲလို့...

"ဘာလဲ... "

"မင်းဒီမှာ ဘာလုပ်နေတာလဲ... "

"သေးပေါက်မလို့လုပ်နေတာ ခင်ဗျားမမြင်ဘူးလား... "

အဲဒီအချိန်မှာ ကျုပ်က ရဟန်းသံဃာတို့ ကိုရင်တို့ သက်ကြီးဝါကြီးတွေလည်း လေးစားရကောင်းမှန်းမသိဘူး။ အားလုံးကို ခပ်ရိုင်းပြောဆိုမိုက်ရိုင်းနေတဲ့ အချိန်ကိုဗျ။

"ဒီနားမှာမပေါက်နဲ့ ဟိုဘက်နားသွားပေါက်... "

"ခင်ဗျားအလုပ် ဘာပါလို့လဲ... ကျုပ်ဖာသာကျုပ် ဘယ်နားပေါက်ပေါက် ခင်ဗျားဝင်အမိန့်ပေးစရာမလိုဘူး... ခင်ဗျားကျုပ်နဲ့မည်မကြားဖူးဘူးလား... "

"ကျားကြီးဆိုတာ မင်းလား... "

"ဩော်ခင်ဗျားက ကျုပ်နာမည် ကြားဖူးရဲ့သားနဲ့ ဗျာ... လာအမိန့်ပေးလို့ သွားသွား... ခင်ဗျားထွက်သွား မသွားရင်ခင်ဗျားနာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်... ''

''အေး ပြောမရဆိုမရ တားမရတဲ့အကောင် မင်းထိုက်နဲ့ မင်းကံပဲ။ သူက နောက်ကနေ အဲဒီလိုပြောနေတယ်။ ကျုပ်ကလည်း မူးမူးနဲ့ အောင့်ထားရတဲ့ ဆီးကို အရသာခံစားပြီး (ပေါက်)သွားနေလိုက်တယ်။ ဆီးသွားပြီးလို့ လှည့်ကြည့်လိုက်ရော ဘိုးသူတော်ကြီး မရှိတော့ဘူး...'' ဟိုဟိုဒီဒီလိုက်ရှာတာလည်း မတွေ့ရတော့ဘူး၊ဒါနဲ့ ဒီလူကြီး ဟိုမြေကြီးဂူထဲများ ရှိမလားဆိုပြီး... ငါ့ကို သြဇာပြတဲ့လူကြီး ငါ့အကြောင်းနဲ့နဲ့ ပြခဲ့မှပဲဆိုပြီး သူရှိနိုင်တဲ့ဂူထဲကို ခဲလေးငါးလုံးပစ်သွင်း ပစ်လိုက်တယ်ဆိုရင်ပဲ... ''

''ဝေါင်း''

''ဝေါင်း... ဝေါင်း... ''

''ဟာ... ဒါ ဒါ... ကျားကျား ကျားဟိန်းသံပါလား...''

''ဂရား ဂရား... ဝေါင်း... ဝေါင်း''

ကြောက်စရာ ကောင်းလောက်တဲ့ မိုးခြိမ်းသံအလား ကျားဟိန်းသံကြီး အထဲကနေပဲ့တင်မြည်ဟိန်းကရော... ကျုပ်လည်း နောက်ပြန်လှည့်လစ်ပြေးတော့တာပဲ။ အိမ်လည်းရောက်ရော ကျုပ်ရဲ့ ကျင်ချောင်းက တစစ်စစ်နာလာပြီလေ။ မကြာခင် ကိုက်ခဲလာတာယ်။ မကြာခင်... ကပ္ပါယ်အိပ်ကြီး (မုတ္တ)ရောင်ကိုင်းလာရော။ ကျုပ်လန့်ပြီး အော်ပြီး အော်ပါရော..။ အမေကလည်း ကျုပ်အော်သံကြောင့် ပြေးချလာတယ်။ ကျုပ်ရဲ့ အဖြစ်ကို သိလည်းသိရော အမေ အရမ်းထိတ်လန့်သွားပါရောဗျာ။ လန့်ပြီးငိုရောဗျို့ ကျုပ်လည်း ကြောက်လန့်ပြီးငိုတာပေါ့ဗျာ.. ။

''ဟဲ့... ကျားကြီး... ဘာကောင်ကိုက်လို့လဲ... ဟင်းဟင်း''

''မ... မ... သိ... ဘူး... အမေ အား အမလေးနာ





လိုက်တာ အမေရာ... ''

''ကျွတ်ကျွတ်... အား... အား''

''နင်ဘယ်နေရာတွေသွားခဲ့လို့လည်း ကျားကြီးရယ်... ဒုက္ခပါပဲ''

ဒါနဲ့ ကျုပ်က ဖြစ်စဉ်ကို ပြောပြလိုက်တယ်။

''နင်အိပ်ပျော်နေတုံး... ပသန့်ကောင်များ ကိုက်လိုက်ရောလား ဟင်းဟင်း''

''မ... မ... သိဘူး... အမေ ကျွန်တော်... မ... မခံနိုင်တော့ဘူးဗျာ.. အား ဆီးလည်း သွားလို့မရတော့ဘူး။ အမလေး ကယ်ကြပါအုံးဗျ... အား... အား... ''

ဒါနဲ့အမေက တိုင်းရင်းဆေးဆရာကြီး ဦးဘိုးကျောင်းကို ပြေးခေါ်ပင့်ခဲ့တယ်။ ဆရာကြီးဦးဘိုးကျောင်းရောက်လာတော့ ဆရာကြီးက သေသေချာချာ စစ်ဆေးတယ်။ ဆရာကြီးက.. တိုင်းရင်းဆေးသာမကဘူး၊ ပယောဂပါကုနိုင်သူဆိုတော့။ ကျောက်သင်ပုန်းပေါ်တွင် တွက်ချက်ကြည့်ပြီး။

''ခင်ဗျားသားကို တောက်ကိုင်လိုက်ပြီ''

''ဗျာ... ဗျာ... ''

''ရှင်... ရှင်... ဘယ်လို... ဆရာကြီး''

''ခင်ဗျားသားမှားခဲ့တယ်... ဟော့သူငယ် မင်းဘာတွေလုပ်ခဲ့သလဲ အမှန်အတိုင်းပြောစမ်း... ''

ဒါနဲ့ကျုပ်က စောစောက အမေ့ကိုပြောပြသည့် ဖြစ်စဉ်အတိုင်း ပြန်ပြောပြလိုက်တော့... ''

ဘုရား... ဘုရား... သောက်ကျိုးနဲ့ကောင်ပဲ... မင်းတော့ ကွရောက်တော့မှာပဲ။ အဲဒီနေရာက... ဘုရားဝတ္တကမြေ။ ပြီးတော့ ----)မြေနေရာကွ... ။ ဘိုးသူတော် ဝပုပုမဟုတ်လား...''



www.burmeseclassic.com

www.burmeseclassic.com



"ဟုက်. . . တယ်. . . ဗျ"

"ဘုရား. . . ဘုရား. . . သွားသွား. . . ဒေါ်စိမ်းနွဲ့. . . အဲဒီနေရာကို အခုချက်ချင်းသွားတောင်းပန်ကြ။ သွားရင်း ဖယောင်းတိုင် ငါးတိုင်လက်ဖက်တစ်ပွဲ။ သောက်တော်ရေတစ်ခွက် နဲ့သာသပြေယူသွား မင်းကိုယ်တိုင်ပါ လိုက်ပြီး တောင်းပန်လိုက်. . . အဲဒါမှ ပျောက်လိမ့်မယ်. လုပ်. . . လုပ်. . . "

ဒါနဲ့အမေက ဖယောင်းတိုင်လက်ဖက် သောက်တော်ရေများကို ချက်ခြင်းစီစဉ်လိုက်တယ်။ ကျုပ်ကိုလည်း . . . ရောက်လာတဲ့ သူငယ်ချင်းတွေက ဝိုင်းပွေ့မပြီး ဘုရားငုတ်တိုရှိရာကို မသွားကြတယ် လမ်းလျှောက်လို့ မရတော့တာပဲကိုးဗျ။

ဘုရားငုတ်တိုကိုလည်း ရောက်ရော ဂဝံကျောက်တုံးကြီး တစ်တုံးပေါ်မှာ လက်ဖက်ပွဲ၊ သောက်တော်ရေများကိုတင် ဖယောင်းတိုင်ငါးတိုင်ထွန်းပြီး အမေက. . . ။

ဤနေရာမှာ နေထိုင်ပိုင်ဆိုင်သော ပုဂ္ဂိုလ်များနဲ့ အဘိုး ဖိုးသူတော်ကြီးရှင့်. . . ဟောဒီသားတော်ကြီး မောင်ကျားကြီးသည် ဤအရပ်ဝန်းကျင်မှာ မဖွယ်မရာမှုများပြစ်မှားကျူးလွန်မိပါတယ် . . . ဒါကြောင့် အဲဒီအမှားများအား မလိမ်မိုးမလိမ္မာများမို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ကြပါ အဘိုးတို့ရှင့် . . . သားတော်ကြီးရော. . . သမီးကြီးပါ လက်ဖက်နံ့သာ သောက်တော်ရေချမ်း ဆီမီးများဖြင့် ထွန်းညှိပြီး ပူဇော်တောင်းပန်ပါတယ် အပိုင်အဆိုင်များရှင့်. . . "

သို့ကလိုပြောပြီး အမွှေးနံ့သာများကို သပြေခက်နဲ့စိမ်ပြီး ဘုရားငုတ်တိုကို လည်းကောင်း. . . ကသစ်ပင်အောက်ကို လည်းကောင်း အနီးဝန်းကျင်ကို လည်းကောင်း ပက်ဖြန်းကာ မေတ္တာ အမျှပါ ပေးဝေလိုက်တယ်၊ ကျုပ်ကလည်း. . . တောင်းပန်လိုက်တာ အံ့သြစရာ ကောင်းလိုက်တာဗျာ. . . ။ သို့ကလိုလည်း တောင်းပန်





လိုက်ရော. . . ယောင်ကိုင်းနေတဲ့ ပေါင်ခြံကြားက. . . မှတ္တကြီးဟာ တဖြည်းဖြည်းပိန်ပြီး အရောင်လျှော့လာတယ်. . . ။ ငါးမိနစ်ခန့်လည်း ကြာရော နဂိုမူလအတိုင်း ပြန်ကောင်းသွားပြီး ကျုပ်ထလို့ လမ်းလျှောက်လို့ ရလာခဲ့တယ်။ ထူးဆန်းလိုက်တာဗျာ။

အမေရော ပါလာတဲ့ သူငယ်ချင်းတွေရော. . . အားလုံး တအံ့တသြ ဖြစ်ကုန်ကြပါရော။ ဒါနဲ့ ဘုရားငုတ်တိုကို အားလုံးသော အရက်သမားများ ရှိရှိသေသေ ထိုင်ကန်တော့ကြတယ်။ အဘိုး ဖိုးသူတော်ကြီး ကိုလည်း ကျုပ်က ရည်မှန်းပြီးကန်တော့လိုက်တယ်. . . ။

အားလုံးကိစ္စဝိစ္စပြီးလို့ ပြန်လှည့်လာလိုက်တော့ . . . ။ နောက်ဘက်ကနေ ရယ်သံကြီးကြားလိုက်ရပါရော. . . ကျုပ်တို့အားလုံး အသံလာရာဘက်သို့ တစ်ပြိုင်နက်လှည့်ကြည့်လိုက်ကြတယ်။ ဘယ်သူမှမရှိဘူး။ မတွေ့ရဘူး. . . ။ ကြားတာမှ သေသေချာချာကို ကြားကြတာ အသံက အသံဝါကြီးနဲ့ ရယ်တာရယ်. . . ။

ကျုပ်သိလိုက်ပါပြီဗျာ. . . ဒါ. . . ဒါ. . . ဖိုးသူတော်ကြီးရဲ့ ရယ်သံပဲ။ ဒီဖိုးသူတော်ကြီးက ဘယ်ကမှန်းလည်းမသိဘူး။ ကိုယ်ပျောက်ဝိဇ္ဇာများလား မသိဘူး။ အဲဒီအချိန်ကစပြီး။ အဲဒီ ဘုရားငုတ်တိုဝန်းကျင်မှာ ဘယ်တော့မှ အရက်သွားမသောက်ဘူး။ မဆဲရေးဘူး။ ညစ်တီးညစ်ပတ် မလုပ်ဘူး။ ဒီနေရာက အရမ်းအံ့သြဆန်းကြယ်တဲ့နေရာ. . ဗျား"

[မှတ်ချက်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းသို့ရောက်သောအခါ တောခြုံများ ရှင်းလင်းပြီး လည်းကောင်းဘုရားငုတ်တိုကို. . . ရဲစခန်းမှူး ဦးမျိုးညွန့်(ကွယ်လွန်)၊ဦးကျော်သောင်း၊ ဆရာတော်ဦးအာစရ (ယခုကျောင်း ထိုင်သက်တော်ရှည် ဆရာတော်ဘုရားကြီး) တို့ဦးဆောင်၍ ရပ်ရွာရပ်သား ကုမ္ပဏီ အမျိုးသမီးအဖွဲ့များနှင့် အလှူခံပြီး ဘုရားစေတီတည်ခဲ့သည်။ ကိုးမှတ်ရင် ဒီပါအေးစေတီဟုအမည်တွင်ပြီး. . . ကမ္ဘာလုံးပေါ်မှာ စေတီတည်ထားပါသည်။ ထီးတင်ပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဆေးလိပ်ခုံပိုင်ရှင် နဂါးဒေါ်ဦးတို့က နဂါးရုပ်ကောင်မလျှော်ဆင်ပြီး . . . နာမည်ကျော် ဆရာတော်များဖြင့် ထီးတော်တင်ခဲ့သည်။ ထီးတော်တင်ပွဲတွင် နိုင်ငံကျော်(ရွှေဟသာ)အငြိမ့်ကိုသွင်းခဲ့ရာ အငြိမ့်မှ အထူးအစီအစဉ်ဖြင့် နဂါးယိမ်းဖြင့် ဦးနိုက်ပူဇော်ကြပါသည်။ နောင်ကဆုန်ညောင်ရေသွန်းနေ့ အလှူကားပြိုင်ပွဲများ ကျင်းပပြုလုပ်သောအခါ အလှူကားကို ဘုရားကို နဂါးပါးပျဉ်းနှင့်မိုးထားသည့် ရုပ်လုံးရုပ်ကြွ အကယိမ်းဖြင့် ပြိုင်ပွဲဝင်ခဲ့ရာ ဆုကြီးများရရှိခဲ့သည်။ ယနေ့တိုင် မြွေနဂါးကြီးများ လပြည့်နေ့လို အခါကြီးရက်ကြီးများမှာ ဘုရားဖူးလာသည်ကို အချို့တွေ့ မြင်ကြရသည်။] (စကားချပ်)

ဦးကျားကြီးစကားဆုံးသောအခါ... ကျွန်တော်တို့ ညီအကိုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ခေါင်းညိတ်လိုက်ကြသည်။ ပြီးနောက် အမှောက်ကိုလှည့်၍ ခေါင်းညိတ်လိုက်ကြသည်။ ပြီးနောက် အမှောက်ကို လှည့်၍ 'ဘယ့်နှယ်လဲ ယုံပြီလား'ဟု မေးငေါ့ပြလိုက်သည်။

"အင်း . . . လောကကြီးက ဆန်းကြယ်တယ် မောင်တို့။ မမြင်ရ မြင်ရသော ပရဝိဉာဉ်လောကက ပိုဆန်းကျယ်တယ် . . . ဗျာ"

ဘုန်းကြီးလူထွက် ဦးကျော်မောင်က လက်ဖက်မြုံ့ရင်း ပြောလိုက်သည်။ ဒီမှာ ဘီ၊အိုင်၊စီ ရေနံချက်စက်ရုံက . . .

နေပါအုံး အဘ ဦးကျော်မောင်ရာ . . . ။ ကျွန်တော်တို့ မသိနားမလည် မမြင်ကြဘူးသေးလို့ မေးပါရစေဗျာ။ အဘက ရဟန်းလူထွက်ဆိုတော့ ပိုသိပါလိမ့်မယ်ထင်ပါရဲ့ ခင်ဗျာ . . .

"ဘာများပါလဲ မောင်လှကြည်"

"ပြိတ္တာကို တွေ့သူရဲတို့ ကျုတ်တို့ဆိုတာ လူ့ဝန်းကျင်မှာ တကယ်ရော ရှိပါသလားခင်ဗျာ . . . "

ဒီမေးခွန်းကို အားလုံးက စိတ်ဝင်စားသွားကြသည်။ အားလုံး ခေါင်းများမော့၍ လာခဲ့ကြသည်။





"အိမ်းရှိတယ်။ ဘုရားဟောမှာလည်းရှိတယ်။ ပေတဝတ္ထုတွေမှာလည်း ဟောခဲ့ဖူးတယ်။ လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီများ၊ အမေးအဖြေများ ဆုံးဖြတ်ချက်များမှာရော သေက္ခတောင် ဆရာတော်ရဲ့ ပဏ္ဍိတ ဝေဒနီယ ကျမ်းမှာရော ဒက္ခိဏာရာမ ဆရာတော်ဘုရားကြီးရဲ့ သံဝေဂ ဝတ္ထုဒီပနီကျမ်း၊ မန်လည်ဆရာတော်ရဲ့ ပညာဝိမံသ စာအုပ်တို့ကို ဖတ်ရှုလေ့လာနိုင်ရင် ပိုပြီးထင်ရှားတယ် . . . "

"အဘ သိသလောက် ရှင်းပြပေးပါလား . . . "

"အိမ်း . . . ပြောပြမယ် . . . "

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## ပြိတ္တာတကယ်ရှိသလား

တစ္ဆေသရဲပြိတ္တာများဟာ . . . တောတောင် သစ်ပင်လှိုဏ်ဂူချောက်ကမ်းပါး အိမ်ကြိုအိမ်ကြားမှာ အနေများတယ်ကွဲ့။ တစ္ဆေသရဲအများစုဟာ အလင်းရောင်ကြောက်လန့်ကြတယ်။ ဒါကြောင့် မြို့ပေါ်အရပ်မှာတွေ့ရမြင်ရခဲတယ်။ အလွန် ကမ္မဇိဒ္ဓိ တန်ခိုးရှိတဲ့ တစ္ဆေသရဲများသာ အနည်းအပါးနေနိုင်ကြတယ်။

ဉစ္စာစောင့်တွေ ပစ္စည်းပေးကာ၊ ကျုတ်ပြိတ္တာကျိုးတာ မကျွတ်မလွတ်သေးတဲ့ တစ္ဆေသရဲများက ချောက်လှန့်ပူးကပ်တာ။ ကုသိုလ်ကောင်းမှုပြုလုပ်ပေးရန်လည်း တောင်းဆိုမှုများက . . . ခုမှမဟုတ်ဘူး ဘုရားရှင်လက်ထက်ကထဲက ခုဒ္ဒကနိကာယ် ပေတဝတ္ထုများမှာ အတိအလင်း ကိုဖော်ပြထားခဲ့တယ်ကွ . . . ။





လူသေတွင်ဝါတွေမှာ သေနည်းလေးမျိုးရှိတယ်။ တစ်– သက်တမ်းကုန်၍ သေရခြင်း။ နှစ်– ကံအစွမ်းကုန်လို့သေရခြင်း။ သုံး– အသက်ကံနှစ်ပါးကုန်လို့ သေရခြင်းနဲ့။ လေး– ကသူတစ်ပါးသတ်ဖြတ်လို့ သေရခြင်းရယ်လို့ ရှိတယ်။

ဟိုတစ်နေ့က အဘပြောခဲ့သလိုပေါ့ . . . လူဟာသေခါနီး အသက်ထွက်ကာနီးကျရင် . . . နောင်ဘဝသစ်မှာ ဘယ်ဘဝရနိုင်မလဲ ဆိုတာကြိုပြီး ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် စတဲ့အာရုံသုံးမျိုးအနက် တစ်မျိုးမျိုးထင်ဟပ်လာတတ်တယ်။ ကံဆိုတာက ကုသိုလ် အကုသိုလ် (စေတနာ)အပိုင်း ကမ္မနိမိတ်ဆိုတာက ထိုကုသိုလ်၊ အကုသိုလ်ပြုလုပ်ခဲ့စဉ်က တွေ့ကြုံရသည့် အာရုံများ။ ဂတိနိမိတ်ဆိုတာက သေပြီးနောက်ရောက်ရမည့် ဘဝ၌တွေ့ကြုံခံစားရမဲ့ အာရုံများပဲ။

ရဟန္တာမထေရ် ရှင်သောဏရဲ့ ဖခင်ဟာ ငယ်စဉ်တုန်းက မုဆိုးကြီးတဲ့ဗျ။ ကြီးတော့မှ သူကရဟန်းပြုလိုက်တာ။ သေခါနီး အသက်ထွက်ခါနီးလည်းကျရော ခွေးနက်ကြီးတွေက သူ့ကိုလိုက်တော့ စားတော့မဲ့ ဟန်ပြင်လာလို့ ကြောက်လန့်တကြားနဲ့ သားရဲ့ခွေးနက်ကြီးတွေ လာကိုက်ကြတော့မယ် ခြောက်ပါဟဲ့ . . လုပ်ကြပါအုံး . . ဆိုပြီးဂယောင်ကတမ်းနဲ့ အော်ဟစ်ပါရော၊ ဒီမှာသား ရဟန္တာမထေရ်က ဖခင်ကြီးရဲ့အာရုံမြင်လာတာကို သိလိုက်တော့ ချက်ချင်းပဲ . . . ပန်းတွေကိုရှာခိုင်း ဖခင်ကြီးကိုလည်း ဘုရားရင်ပြင်ပေါ်သယ်ယူပြီး ဖခင်အတွက် ဘုရားမှာ ပန်းတွေလှူလိုက်တယ် ပါးစပ်ကလည်း ကြည်ညိုလိုက် ကြည်ညိုလိုက်လို့ သတိပေးလိုက်တော့ ဖခင်ကြီးဟာ ဘုရားကို အာရုံပြုရင်း ဓမ္မမြောသလိုဖြစ်သွားရာက . . . နတ်သမီးများကို အာရုံထင်လာတယ်။ ပါးစပ်ကလည်း ဟဲ့သား ဘေးကိုဖယ် ဟိုမှာနတ်သမီးတွေ လာနေတယ်လို့ ယောင်ယမ်းပြောဆိုနေရော . . . "

မထေရ်က ဖခင်ကြီး နတ်ပြည်နိမိတ်ထင်ပြီကို သိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ ဖခင်ကြီးကွယ်လွန်ပြီးနတ်ပြည်ကို ရောက်သွားတာပဲ။ အဲဒါ ဂတိနမိတ်ပဲ။ ကံကံမ္မနိမိတ်တို့သည်... အကျိုးပေးခွင့်ရသော ကုသိုလ်ကံ အကုသိုလ်ကံ အစွမ်းကြောင့် ထင်လာကြရတယ်။

ဒါကြောင့် လူတွေသေခါနီးကြုံရင် ကောင်းသောနိမိတ်ထင်ပြီး ကောင်းသောကုသိုလ်ဇောဝင်လာအောင် ကျန်ရစ်ရှိနေသည့် ဆွေမျိုးသားချင်းများက လူမမာအနီးကနေ ဘုရားမီးပူဇော်ပေး။ အလှူအတန်းအတန်းရှိကဖတ်ပြပေး။ ဓမ္မစကြာ ပရိပဌာန်းတရားများ ကြားနိုင်အောင် ရွတ်ဖတ်ပူဇော်ပေးရတယ်။ အဲဒါမကြာခဏ လုပ်ပေးရတယ်ကွဲ့။ အရှင်သောဏထုံးကို အတုယူကြရမယ်။

သတ္တဝါမှန်သမျှဟာ ဘုရားရဟန္တာ မဖြစ်သေးသမျှ ကာလမှာ သေသွားရုံနဲ့ ဘဝမပြတ်သေးဘူး။ နောင်ဘဝအသစ်မှာ ကေန်ဖြစ်ကြရမှာပဲ။ ပဋိသန္ဓေ နေရအုံးမှာပဲ။

အချို့လူတွေရှိကြသေးတယ် လူသေပြီးရင် အိမ်မှာ ခုနစ်ရက်နေတယ်ဆိုတဲ့အယူအဆ အဲဒါမှားနေပါတယ်။

ဥစ္စာစွဲ၊ လင်စွဲ၊ မယားစွဲ၊ သားစွဲ၊ သမီးစွဲ၊ အိမ်စွဲ၊ ကျောင်းစွဲ အဲဒီသံယောဇဉ်နဲ့ သေဆုံးကြသူမှန်သမျှ ဘယ်လောက်ပဲကုသိုလ်ပြုပြုသေကာနီး(အာသန္နကံဇော) အစွဲကိုစွဲပြီး ဘဝကိုကူးပြောင်းသွားရင် မကျွတ်မလွတ်ရင် မကျွတ်မလွယ်သော ပြိတ္တာဘဝကို ရောက်သွားတယ်လို့ပြောထားတယ်...

အဲဒီပရလောက ဝိညာဉ်လောကသားကို (ပရဒတ္တူပ)ပြိတ္တာလို့ခေါ်တယ်။ ကုသိုလ်ပြုပြီး အမျှပေးဝေလိုက်ရင် သာဓုခေါ်နိုင်ပြီး ပြိတ္တာဘဝကလွတ်မြောက်လို့ အမြင့်ဖြစ်သော နတ်ဘဝကို ပြောင်းသွားနိုင်တယ်...

"ပြိတ္တာ ဘယ်နှစ်မျိုး အစားရှိသလဲ အဘ" ဦးကျားကြီးက လှမ်းမေးသည်။





"ပြိတ္တာတွေဟာ အမျိုးအစားအလွန်များတယ် ဘုရားဟောရော။ အရှင်သူမြတ်ကြီးများရဲ့ အဆိုအရဆိုရင်... ဒီနေ့မောင်တို့ကျုပ်တို့ ပြောပြောနေကြတဲ့ တစ္ဆေ၊ မှင်စာ၊ အစိမ်းသူရဲ၊ သဘက်၊ မှတ်၊ ကျက်၊ ရက္ခစိုး၊ ဥစ္စာစောင့်၊ ဘီးလူး၊ စုန်းစသည်များဟာ ပြိတ္တာစာရင်းဝင်တွေပဲ။

လောကပညတ္တိကျမ်း၊ မာဂတိ ဒီပနီကျမ်း... စသည့်ကျမ်းအဖုံဖုံများရဲ့ အဆိုအရ... ပြိတ္တာမြို့မှာချည်း ပြိတ္တာအမျိုးအစား (၁၂)မျိုးသီးသန့်ရှိတယ်လို့ ဆိုတယ်။ (၁၆)မျိုးရှိတယ်လို့လည်း ဆိုတယ် မှတ်မိသလောက် ပြောရရင်... ။

(၁) ဝန္တာသိပြိတ္တာ၊ တံတွေး၊ နှပ်၊ အံဖတ်စားရတဲ့ ပြိတ္တာမျိုး။
(၂) ကုဏပါသပြိတ္တာ၊ မြွေ၊ ခွေးလူသေကောင် အပုပ်များကို စားရသော ပြိတ္တာမျိုး
(၃) ဂူထခါဒကပြိတ္တာ၊ လူမစင်စားရသော ပြိတ္တာမျိုး(ချေးစားစုန်း)
(၄) အဂ္ဂိဇာလမုခပြိတ္တာ၊ အစာမစားရပဲ ပါးစပ်မှ မီးလျှံထွက်နေတဲ့ ပြိတ္တာမျိုး။
(၅) သူစိမုခပြိတ္တာ၊ ခန္ဓာအကြီးကြီး၊ ပါးစပ်ကအပ်နဖားလောက်သာရှိတော့အစာကို နှားနှာခေါင်းပေါက်ကနေ သွင်းရတဲ့ ပြိတ္တာမျိုး။
(၆) တဏှာဋ္ဋိကပြိတ္တာ၊ ရေမသောက်ရတဲ့ပြိတ္တာမျိုး ရေတွေ့လို့သောက်ပြန်ရင်လည်း ရေတွေကချက်ချင်း သွေးပြည်၊ ကျင်ကြီးကျင်ငယ် ဖြစ်သွားရော။
(၇) သုနိဗ္ဗာမက ပြိတ္တာ၊ အရိုးပြိုင်းပြိုင်းထပြီး အဝတ်မရှိ ကိုယ်လုံးတီး ဖြစ်နေပြီး အန်အသက်အလွန်ဆိုးတဲ့အပြင် အမြဲတမ်းထမင်းဆာ ရေငတ်လို့ မျက်လုံးပြူးထွက်နေတဲ့ပြိတ္တာ။



www.burmeseclassic.com

www.burmeseclassic.com



(၈) သတ္တဂ်ပြိတ္တာ၊ ကိုယ့်လက်သည်း ခြေသည်းအချွန်များနဲ့ ကိုယ့်အသွေးအသားကို ဖဲ့စားနေရတဲ့ပြိတ္တာ။

(၉) ပတ္တဂ်ပြိတ္တာ၊ ကိုယ်ခန္ဓာတောင်လုံးလောက် မျက်နှာဖီးကွက်လို ရှိပြီးအမြဲတမ်း ခန္ဓာကိုယ်မီးတောက်လောင်နေတဲ့ပြိတ္တာ။

(၁၀) အဇဂရပြိတ္တာ၊ စပါးကြီးမြွေနဲ့တူပြီး ညဥ့်အခါပြောင်လက်၊ နေ့အခါ ဆင်းရဲဒုက္ခခံစားရတဲ့ပြိတ္တာ။

(၁၁) ခုပ္ပိပါသိကပြိတ္တာ၊ အမြဲတမ်းငတ်မွတ်နေတဲ့ပြိတ္တာ။

(၁၂) နိဇ္ဈာမတဏှိကပြိတ္တာ၊ ပါးစပ်ကမီးလျှံတွေထွက်ပြီး အစာမစားရတဲ့ပြိတ္တာ။

(၁၃) ပရဒတ္တူပပြိတ္တာ၊ မိမိအစွမ်းနှင့် ဘာမျှမစားရ၊ လူပြည်ကဆွေမျိုး သားချင်းများက ကုသိုလ်ပေး အမျှအတမ်းဝေမှ စားရသောက်ရ သောက်ရတဲ့ပြိတ္တာ။

(၁၄) ကာလကဉ္စိကပြိတ္တာ၊ ခန္ဓာကိုယ်သုံးဂါဝုတ်လောက်ရှိပြီး သစ်ရွက်ခြောက်လိုအရိုးကျဲ၊ ပါးစပ်က အပ်နဖါးပေါက်လောက်ပဲရှိပြီး အစာစားရင်ဖောက်ထိုးမိုးမျှော်ပြုပြီးမှ စားရတဲ့ပြိတ္တာမျိုး။

(၁၅) ဝေမာနိကပြိတ္တာ၊ နေ့ခံပြီးညမှာစံပြိတ္တာရယ်၊ နေ့မှာငရဲခွေးအကိုက်ခံနေရပြီး ညမှာ နတ်ကဲ့သို့ စည်းစိမ်ခံစားနေရတဲ့ ပြိတ္တာမျိုး။

(၁၆) မဟိဒ္ဓိကပြိတ္တာ၊ သူက-ဝေမာနိကပြိတ္တာမျိုးပဲ ငရဲပြည်မှာငရဲမင်းအဖြစ်သွားလုပ်ရတယ်။ အဆင်းလှတယ် စည်းစိမ်ကြီးတယ်၊ ဒါပေမယ့် စားကောင်းခြင်းမစားရဘူး တစ်ခါတစ်ရံမှစားရတယ်။

အမြဲတမ်း အာသာဆန္ဒပြင်းပြစွာ ခံစားရတဲ့ပြိတ္တာမျိုး . . . စသည်ရှိတယ်။ အချို့သောပြိတ္တာများက ဘုံဗိမာန်နဲ့ နေရပြီး အချို့က အောက်တန်းကျစွာပဲနေရတယ်။ အချို့သောပြိတ္တာများကျတော့ . . . လူက ဂါထာမန္တာန်ရွတ်လိုက်တာနဲ့၊ ဘုရားစာရွတ်လိုက်တာနဲ့ ထွက်





ပြေးရတဲ့ ပြိတ္တာမျိုးလည်းရှိတယ်။ ဒါ့အပြင်ဝိနည်း ပါဠိတော်နဲ့ လက္ခဏသံယုတ်မှာ ပြိတ္တာ(၂၁)မျိုးထပ်ဖော်ပြထားသေးတယ်။ အဲဒါတွေက ဂိဇ္ဈကုတ်တောင်မှာ ရှင်မဟာမောဂ္ဂလာန်စသည့် မထေရ်မြတ်မျိုးတို့တွေ့တွေ့မြင်ရတဲ့ ပြိတ္တာတွေပဲ၊ အဲဒီမှာဘိက္ခုပြိတ္တာ၊ သာမဏေရပြိတ္တာ၊ စသည့်ပြိတ္တာ အများကြီးပဲ . . . ''

''အဲဒါဆို အဘရယ် . . . ပြိတ္တာလို့ မခေါ်ပဲ . . . ဘာလို့ နာနာဘာဝလို့ ခေါ်ကြတာလဲခင်ဗျ''

ဒီလိုရှိတယ် မောင်လှကြည်နဲ့မောင်ကျားကြီးရဲ့ . . . ပြိတ္တာတို့ တစ္ဆေသရဲတို့ဟာခန္ဓာကိုယ်ကြီးအောင်၊ သေးအောင်လုပ်နိုင် ဖန်ဆင်းနိုင်တယ် တိရစ္ဆာန်ဖြစ်အောင်လည်း လုပ်နိုင်တယ်။ ကျတ်တွေဆိုရင်လည်း ဒီအတိုင်းပဲ စဉ်းစားတွေးတောအကြံအစည်လို့ မရနိုင်အောင် အဖြစ်ဆန်းဆန်းများကို ပြုလုပ်ပြသနိုင်သလို နာနာဘာဝ (အမျိုးမျိုး ပြုလုပ်ပြတတ်သူ) လို့ခေါ်တာပဲ။ ဘုမ္မစိုးတို့ ရုက္ခစိုးတို့ဆိုရင် စတုမဟာရာဇ်အပါအဝင် အောက်နတ်မျိုးပဲ။ အချို့ရုက္ခစိုးများအလွန်တန်ခိုးကြီးကြတယ်။ အသက်လည်းရှည်တယ်။ ဘယ်လောက်အသက်ရှည်သလဲဆိုရင် ကမ္ဘာဆုံးအောင် ရှည်သတဲ့။ ရုက္ခစိုးကြီးများဟာ တရားထူးများကို နာကြားနိုင်တယ်။ အားထုတ်နိုင်တယ်။ အဲဒီဘဝနဲ့တင် အရဟတ္တဖိုလ်ရောက်ကာ ရဟန္တာဖြစ်သည့်တိုင်အောင်သက်တမ်းကုန် နေသွားနိုင်သမို့ အချို့ပုဂ္ဂိုလ်များက ဤဘဝမှကွယ်လွန်လျှင် ရုက္ခစိုး၊ ဘုမ္မစိုးဖြစ်ရပါလို၏လို့တောင် ဆုတောင်းကြတယ်လို့ ကျမ်းဂန်တော်တော်များများမှာ ဖွင့်ဆိုထားကြတယ်ကွဲ့။

''ဒါဆိုရင် ကြားဖြတ်ပြီးမေးပါရစေဗျာ။ မကြွေစည် အဖြစ်မျိုးလိုဗျာ သူ့အတွက် ရည်မှန်းပြီး ကောင်းမှုဒါနပြုပြီး အမျှပေးဝေပါလျှက် ဘာကြောင့် အကျွတ်တရား မရတာလဲခင်ဗျ''

''အဲဒါက ဒီလို . . . ကိုကုလားကြီးရဲ့၊ ဒါက ပေတာဒါနလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ် အဓိပ္ပါယ်က ကွယ်လွန်သူအတွက် ပေးလှူရသော ဒါနလို့ အဓိပ္ပါယ်ရတယ်။ ဒီနေရာမှာ ဗုဒ္ဓအလိုတော်ကျ လုပ်နည်းမှန်မှလည်း ကွယ်လွန်သူက အကျိုးခံစားရတာကိုး။

ကွယ်လွန်သူအတွက် ပေတဒါနလုပ်မယ်ဆိုရင် အကြောင်း လေးပါးနဲ့ ညီညွတ်ဖို့လိုအပ်တယ်ခင်ဗျ...

(တစ်) ကွယ်လွန်သူအတွက်ဆိုတာ သေသေချာချာ ရည်စူးပေးလှူ ရတယ်။

(နှစ်) ကွယ်လွန်သူကလည်း တမလွန်ဘဝမှ သာဓုခေါ်နိုင်သော ဘဝမျိုးရှိနေရမယ်။

(သုံး) အချက်က အလှူခံပုဂ္ဂိုလ်သည် ဒုဿီလ(သီလကင်းမဲ့သူ) မဖြစ်စေရ သီလမန္တရဟန်း (သီလရှိသော စင်ကြယ်သော ရဟန်း) ဖြစ်ရမယ်... ။

(လေး) လှူဖွယ်ဝတ္ထုလှူရာမှာလည်း ရဟန်းသံဃာများနှင့် မအပ် စပ်တဲ့(အကပ္ပိယ အနာမာသ)ငွေကြေးမဟုတ်ပဲ၊ ဘုရားကိုယ်တော် မြတ်ကြီး ခွင့်ပြုထားတဲ့ ဆွမ်း၊ ကျောင်း၊ သင်္ကန်း၊ ဆေးစသည်တို့ ဖြစ်ရမယ်ဗျ။ အဲဒီအချက်လေးချက်နဲ့ပြည့်စုံမှ ကွယ်လွန်သူဟာ သား ချင်းများပေးလိုက်တဲ့ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်နိုင်ပြီး ကောင်းမွန် သောဘုံဘဝကို ရောက်နိုင်တယ်... ဒါဗုဒ္ဓဝါဒအလိုပဲ.."

"ဒါဖြင့်ဆရာရယ်... ဆင်းရဲလို့... ကျောင်းကြီး ဆောက်မလှူနိုင်ရင်ကော၊ ဘယ်နှယ်လုပ်ရမလဲ"

"အဲဒါကျရင် ကျောင်းဆောက်ရာမှာ၊ သိမ်ဆောက်ရာမှာ





ကွယ်လွန်သူအတွက် ရည်စူးပြီး တစ်နိုင်တစ်ပိုင် ထည့်ဝင်လှူဒါန်း အမျှ ပေးဝေရင် ရပါတယ်ခင်ဗျ"

ဗိမ္ဗိသာရမင်းကြီးဟာ အဲဒီအချက်လေးချက်နဲ့အညီ လွန်ခဲ့ သော (၉၂)ကမ္ဘာကပြိတ္တာဖြစ်နေကြသည့် သူ့ဆွေမျိုးများကို ရည်စူးပြီး ဂေါတမဘုရားရှင်ကို လှူဒါန်းကုသိုလ်ဒါနပြုလို့ အိမ်ခေါ် အမျှအတန်း ပေးဝေလိုက်ရော (၉၂)ကမ္ဘာတိုင်ဒုက္ခဆင်းရဲ ခံစားနေကြရတဲ့ ဆွေမျိုး များ ပြိတ္တာဘဝက ကျွတ်လွတ်ပြီး နတ်သားနတ်သမီးဘဝကို ချက်ချင်း ရရှိခံစားသွားရတယ်။ ကိုင်းသဘောပေါက်ပြီလား... "

အားလုံး ရဟန်းလူထွက် အဘ ဦးကျော်မောင် စကားအဆုံးမှာ အသီးသီး ခေါင်းညိတ်လိုက်ကြသည်။ မကြာခင်သူငယ်အိပ်ချိန် ကြက် တွန်သံ ကြားရသဖြင့် လူစုခွဲလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## လူသေကောင်တွေနဲ့ နေခဲ့ဖူးတဲ့ဘဂျမ်း

ကိုဘဂျမ်းဆိုတဲ့ လူအကြောင်းအားလုံးက နားစွင့်နေတုန်းမှာပဲ လူကြမ်းကြီးကိုဘဂျမ်း သုံးလေးရက်အကြာမှာ အိမ်ကနေ ပျောက်သွားသည်။ ခါတိုင်း အရက်ကလေးထွေထွေနှင့် သီချင်းတွေအော်ဆိုပြီး ပြန်လာသည်ကို ကျွန်တော်တို့ ကြားရမြင်ရသည် အသံကလည်း အသံကောင်းဖြစ်သည်။ သူဆိုသည့် သီချင်းကလည်း နတ်ချင်းဝဲဖြစ်သည်။

"သောက်တော်ဘူးရှယ်နဲ့ အိုမကျွာ အိုမကျွာ မင်းကျော်စွာ ရယ်လို့မကျော်လား ဝေးရာကရှာ . . . "

"ညနေ ညနေ စည်တယ်လေ့ . . . စည်တယ်လေ့ . . . ကူနီကျော့နတ်ကွန်း . . . ကိုကြီးကျော်ပလီလွန်းတယ် . . . ဆေးစိုက်တဲ့ ကျွန်း။ ဆေး . . . စိုက်တဲ့ . . . ကျွန်း"

ဤသီချင်းသံကြားရလျှင် ကိုဘဂျမ်းပြန်လာပြီမှန်း အားလုံးက သိကြသည်။ သောက်ပြီးဆဲရေးတိုင်းထွာခြင်းတော့မရှိ။ သီချင်းတွေ





အော်ဆိုပြီး ကခုန်ပျော်ကြသည်ရှိသည်။ အခုရက်ပိုင်း သီချင်းသံ လုံးဝမကြားရ။ ခရီးများသွား နေရော့သလား . . . ။

ဗုဒ္ဓဟူးနေ့သို့ရောက်သောအခါ.. ကိုအုန်းသောင် ကျွန်တော်တို့ခြံဘက်သို့ ကူးလာသည် လက်ထဲမှာလည်း သကြားမာလကာသီးများ ပါလာသည်။

"ဟ . . . မောင်အုန်းသောင် . . . ဟိုသူငယ် မောင်ဘဂျမ်း တစ်ယောက်လည်း မမြင်တာနှစ်ရက်သုံးရက်ရှိ—ဟားတ . . . ။ ဘယ်သွားနေသတုံး။

"မရှိတော့ဘူး . . . ဦးလေးရ"

"ဟေ.. ဘယ်သွားမယ် ပြောသွားသတုံး။ သွားတာများကွာ ငါတို့တောင် အသိလေးဘာလေးပေးမသွားဘူး.. ပြန်လာမှာတဲ့လား"

"သူမလာတော့ဘူးဗျ"

"ဟကောင်ရ ဆန်းလှချည်လား။ ဘယ်လိုဖြစ်ပြန်ပြ ပတုံးဟ။ ဘာပြောသွားလဲ။

"သူက ကျွန်တော့်ကို သော့အပ်ပြီး စကားတစ်ခွန်းပဲ နောက်ဆုံးပြောသွားတယ်"

"ဘယ်လိုပြောသတုံး"

"ဒီအိမ်ကို ပြာကျအောင် မီးရှို့ပစ်ချင်တာတဲ့ . . . "

"ဟေ . . . မြတ်စွာဘုရား . . . "

ကိုအုန်းသောင်ကလည်း ဒါပဲပြောပြီး . . . မာလကာသီးများပေးခဲ့ ကာ သူ့ယာခင်းထဲ သူပြန်သွားခဲ့သည်။ နောက်.. နှစ်ပတ်ခန့်ကြာသောအခါ ကျွန်တော်တို့အိမ်သို့ ရဟန်းတစ်ပါး ကြွလာသည်။

"ဟာ . . . မောင် . . . ဘ . . . ဂျမ်း . . . အဲ အဲ . . . ဦးပဥ္စင်း အဲ အဲ . . . "

အဖေတို့ရော ကျွန်တော်တို့ရော အလွန်အံ့သြသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါ။ အရက်ကို နေ့စဉ်သောက်ပြီး... နတ်ချင်းများ အော်ဆိုမလေ့ရှိသည့် ကိုဘဂျမ်းရယ်။ အခုတွေ့လိုက်ရတော့ သက်နှိုင်းဝတ်နှင့်သူ့အိမ်ခြေသည် ယခင်ကလိုမဟုတ် တည်ငြိမ်အေးချမ်း နေပုံရသည်။ အမေက ပျာပျာသလဲ နေရာထိုင်ခင်းပေးသည်။ ရေနွေးကြမ်း ကပ်သည်။

"မောင်... ဘ... ဂျမ်း... အဲ အဲ... လေ... "

"ဣန္ဒာစာရလို့ခေါ်တယ် ဒကာကြီး"

"ဦးပဉ္ဇင်း... ဆိုင်းမဆင့် ဗုံမဆင့်ပြောင်းသွားလို့ တပည့်တော်တို့ မိသားစုက အတော်ကို အံ့သြနေကြတာ။ ခုလို သင်္ကန်းဝတ်နဲ့တွေ့ရတော့ အံ့လည်းအံ့သြတယ်။ ဝမ်းလည်း ဝမ်းသာတယ်။ ဒါနဲ့... အပြီးဝတ်တော့မှာလား ကိုယ်တော်... "

"တစ်သက်လုံး ဝတ်သွားတော့မယ်လို့ ရင်ထဲမှာ ရည်ရွယ်ချက်ရှိတာပဲ ဒကာကြီး... လောကဓံ အတိုက်မှန်သမျှ ဒီသင်္ကန်းသည့်ကျင့်စဉ်နဲ့ပဲ ကျော်လွှားတော့မယ်။

"ဒါနဲ့ မသိလို့ လျှောက်ထားပါရစေ ဦးပဉ္ဇင်းရယ်... ဘယ်နဲ့ဘယ်နဲ့... ဒီအိမ်က ဖြုန်းစားကြီးထွက်သွားရတာလဲ... ဘုရား"။

"အင်း... ဒီအကြောင်းတွေကို ပြန်မပြောပြချင်ပါသော်လည်း လောကသစ်၊ ဘဝသစ်တစ်ခုကို မရောက်ခင်ကြုံရတဲ့ အဖြစ်အပျက်များ တစ်နည်းအားဖြင့် ဦးပဉ္ဇင်းကို သာသနာ့ဘောင် ရောက်သွားအောင် တွန်းပို့သည့် ဘဝလောကဓံများမို့ တစ်ဘက်သားအတွက် ဝမ်းနည်း၊ ကိုယ်အတွက် ဝမ်းသာပြီး ပြောပြရပေမပေါ့... ဒကာကြီးရယ်"

♛ ♛ ♛





ဤအိမ်သို့ ကိုဘဂျမ်း စတင်ရောက်ရှိသည့်နေ့မှစ၍ အိမ်တက်မင်္ဂလာကို အရက်ပုလင်းဖြင့် စတင်ဖွင့်လှစ်လိုက်သည်။ သူ့သူငယ်ချင်းနှစ်ဦးလည်းပါသဖြင့် အသောက်ဝိုင်းကလေးကတိုပြည်သွား၏။ အိမ်ကလေးကနေချင်စရာကလေး။ ရှေ့မှာ ယာခင်းကြီးများရှိသည်။ အိမ်ပေါ်မှာလည်း စားအိုးစားခွက် အစုံအလင်ရှိသည်။ ရေဆိုလည်း ပူစရာမလို တကယ့်ကိုအေးအေးချမ်းချမ်းနေရာလေးမို့ သူ အရမ်းသဘောကျ သွားခဲ့သည်။ သူ့သူငယ်ချင်းများကလည်း သောက်လို့ကောင်းမည့် နေရာလေးဟုဆိုကြသည်။ ဆိုရလျှင်သောက်သမှ နေ့ရောညရောကို သောက်ကြသည်။ သောက်ပြီးလျှင် သီချင်းများကို အော်ဆိုကြသည်။ အကကောင်းသည့်မင်းကြည်လှိုင်က... ပုဆိုးစွန်တောင်ဆွဲ၍ ကသည်။ သောက်လို့ဝလျှင်မြို့ထဲသို့သွား၍ ထမင်းဆိုင်မှာ ထမင်းဝယ်စားကြသည်။

နေရာမှစ၍ ဦးဖင်းဣန္ဒာစာရ တဖြစ်လဲ ကိုဘဂျမ်းရဲ့ နောက်ကြောင်းကို ကျွန်တော ဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖွဲ့သီ၍ရေးပြသွားပါမည်။

ဆိုရလျှင် ကိုဘဂျမ်းသည် လူကလူကြမ်းပုံပေါက်နေသော်လည်း အရက်ကို နစ်နစ်မြိုက်မြိုက်သောက်ပါသော်လည်း ရမ်းရမ်းကားကားဟုတ်။ သူသည် နယ်စုံရောက်ဖူးပြီး လူစုံပေါင်းဖူးသူဖြစ်သည်။ တစ်ခါများ သေကောင်ပေါင်းလဲဒဏ်ရာဖြင့် ဆေးရုံရောက်ခဲ့ရာ။ နောက်ဆုံးသပြီဆိုပြီး ရေခဲတိုက်ထဲပို့ထားသည်။ ညသန်းခေါင်ကျော်မှာ ပြန်သတိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိရ၍ ကြည့်လိုက်တော့ သူ့နံဘေးကျောက်ခုံပေါ်မှာ စန့်စန့်ကြီးသေနေသည့် လူသေအလောင်းများ။ ဒီတော့မှသူက ရေခဲတိုက်ထဲရောက်နေမှန်းသိပြီး . . . ။ ကျောက်ခုံပေါ်မှ လျှောဆင်းကာ တံခါးကို ထုသည်။ ဘယ်ဆရာဝန် ဘယ်သူနာပြု အစောင့်များမှ မကြားကြားထင့် ဘယ်သူမျှတံခါးလာမဖွင့်ပေးကြ။ ကြာတော့ လူက အအေးဓာတ်ကြောင့်သွေးကြောများ အသားများ ထုံကျင်လာသည်။

နောက်နာရီ အတော်များများကြာအောင် ပါးစပ်ကလည်း အော်တံခါးကိုလည်းထုသည်။ လူသေကောင်များသည် သူ့ကို လှောင်နေသလိုမြင်နေရသည်။ တစ်ခါတစ်ခါ လူသေကောင်များထဲမှ အသံများကြားနေရသလိုရှိသည်။ သူစိတ်ကို တတ်နိုင်သမျှထိန်း၍ နေလိုက်သည်။ သည့်နောက် ကြိုးစားအားယူရုပ်လိုက်ပြီး ပြတင်းပေါက် မှန်တစ်ချပ်ကိုရိုက်ခွဲ၍ အသံကုန်အော်လိုက်မှ အာရုဏ်တက်ခါနီးအစောင့်တစ်ယောက်ပြေးလာသည်။ သူဝမ်းသာအားရ အပေါက်မှ လက်ကိုထုတ်၍ လက်လှမ်းခေါ်လိုက်သောအခါ အစောင့်က သူရဲခြောက်သည်ထင်ပြီး အဘားအဘားဟုအော်ပြီး ပြေးတော့သည်။ သူစိတ်ညစ်သွားသည်။

"ကျုပ် . . . သရဲ မဟုတ်ဘူး လူလူ ကျုပ်မသေ သေးဘူး ကျုပ်ကို တံခါးဖွင့်ပေးကြပါ . . . တံခါးဖွင့်ပေးကြပါ . . . "

"ဒီလိုအသံမြှင့်ပြီးအော်လိုက်မှ ညတာဝန်ကျဆရာဝန်သူနာပြုဆရာမများပါ ရောက်လာပြီး တံခါးကိုဖွင့်၍ ကြည့်ကြသည်။ သူ့အဖြစ်ကိုမြင်တော့ ဟုတ်မှဟုတ်ရဲ့လားဟု ကြည့်နေကြသေးသည်။

"ကျုပ် . . . မ . . . သေ . . . ဘူး . . . မသေဘူး"

လူပါးစပ်က လူစကားသံစစ်စစ်ကြားတော့မှ သူတို့မွေ့ယူထုတ်သွားကြပြီး အလျှင်အမြန်ကုကြသည် သည်လိုနှင့်သူ သေရွာပြန်ဘဂျမ်းဟု နာမည်ကြီးခဲ့သည်ဟု ပြန်ပြောပြသည်။ ကိုဘဂျမ်းသည် ခေတ်ပညာလည်း အတော်အတန်တတ်၏။ အင်္ဂလိပ်လိုလည်း အနည်းငယ်





အကျင်းပြောတတ်၏။ ဘဝစုံလှန်းလှ၍သူစကားပြောလျှင် ကျွန်တော်တို့အားလုံးစိတ်ဝင်စားစွာ နားထောင်ခဲ့ကြရ၏။

တစ်ခါက အမေနှင့် နိုင်ငံရေးအကြောင်းပြောကြသည်ကို ကြားရ၏။ ပြည်တွင်းစစ်ရဲ့ အနိဋ္ဌာရုံအကြောင်း ပါတီအမည်ခံ ရောင်စုံသူပုန်များအကြောင်း ပြောပြသည်။ နိုင်ငံရေးတော့ ကျွန်တော်တို့က နားမလည် အဲဒီရောက်ရင် ကျွန်တော်တို့အိပ်ပျော်ချင်ကြသည်။

ကိုဘဂျမ်းဒီအိမ်ရောက်ပြီး နှစ်ရက်မြောက်သည့် အထိဘာမျှမထူးခြား။ ကျွန်တော်တို့ မိသားစုကရော အိမ်နီးနားချင်းများကရော ဒီအိမ်အကြောင်း သိထားပြီးသားမို့ ကိုဘဂျမ်းဘာဖြစ်မလဲ ဆိုတာကို နားစွင့်နေကြသည်။

ကိုဘဂျမ်းသည် ဟိုတုန်းက သည်အိမ်မှာ သရဲခြောက်သည်ကို လူပြောသူပြောများသည်ကို ကြားဖူးသည်။ အိမ်များချောင်းများ ဇရပ်များ တိုက်အိုတိုက်ပျက်များမှာ သူနေခဲ့ဘူးသည်။ စေ့စေ့စပ်စပ် လိုက်ကြည့်စစ်ဆေးလိုက်လျှင် လန်နေသောသွပ်မိုးကို လေတိုးသည်ကြောင့် လည်းကောင်း သစ်ကိုင်းနှင့် အိမ်နံရံရိုက်မိသောကြောင့်လည်းကောင်း နိုတ်ရစ္စာန်များ ညည်းကြသောကြောင့်လည်းကောင်း စသည်များကြောင့်ဖြစ်သည်သာ များသည်ကို သူသိခဲ့ရသည်။

ဒါကြောင့်နာမည်ကြီးလှသည့် ဒီအိမ်မှာ သူ ညဘက်တစ်ယောက်တည်း မကြောက်မရွံ့ မတုန်မလှုပ်အိပ်ခဲ့သည်။ ဘာဆိုဘာမှ မဖြစ်ခဲ့။

သို့သော် တတိယမြောက်ညသို့ရောက်သောအခါ။

သူမြို့ထဲမှ ရမ်သုံးပက်သောက်ပြီး အိမ်သို့ ပြန်လာခဲ့လိုက်သည်။ အိမ်တံခါးကိုဖွင့်ပြီး အထဲသို့ခြေချမည်ပြင်လိုက်စဉ်။ ပထမဦးဆုံးကြားလိုက်ရသည့် အသံကား . . . ကျောက်ပျဉ်ပေါ် သနပ်ခါးသွေးနေသည့် အသံမျိုးရယ် . . . ဘယ်သူများပါလိမ့်။ အသံက အလော်ကို



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားသည်။ ဒီအိမ်ပေါ်မှာ အိမ်ရှင်( ဦးအုန်းသောင် မိန်းမကွယ်လွန်သူ)ရဲ့ အလှပြင်ပစ္စည်းအချို့ရှိနေသည်ကို သူသိသော်လည်း ကာယကံရှင်ရဲ့ အလွမ်းပြေပစ္စည်းများမို့ မတို့ မထိခဲ့ . . . ''

''ရှစ် . . . ရှစ် . . . ရှိ . . . ရှိ . . . ဂျစ် . . . ရှစ် . . . ဂျစ်''

သနပ်ခါးသွေးသံက ပို၍ကျယ်လာသည်။ သနပ်ခါးအနံ့ပါ အိမ်ရှေ့သို့ ပျံ့လွင့်လာသည်။ ပို၍ထူးခြားသည်ကား အမျိုးသမီးတစ်ဦး ခပ်တိုးတိုး သီချင်းညည်းသံပဲဖြစ်သည်။ ငါမူးများနေလို့လား ငါနားကြားများလွဲလို့လား သူလုံးဝမမူးသေးပါ။ နားကြားလည်း မလွဲပါ။ အချိန်က ညနေ နေဝင် ဖြိုးဖျ။ နွားရိုင်းသွင်းချိန် မဟုတ်မှလွဲရော အိမ်ရှင်မိသားစု အမျိုးများထဲမှ တစ်ယောက်ယောက် အိမ်ပေါ်မှာ လာရောက်သန့်ရှင်းရေးလုပ်ရင်း . . .

သို့နှင့် . . . အိမ်ပေါ်သို့ ခပ်ရဲရဲတက်လိုက်ပြီး–

''ဟော . . . အိမ်ထဲ ဘယ်သူရောက်နေတာလဲကွဲ့''

သို့ကာလိုမေးလိုက်တော့ . . . သနပ်ခါးသွေးသံလည်း ရုတ်ချည်းရပ်သွားသလို . . . သီချင်းညည်းသံလည်းရပ်သွားသည်။

''ကိုအုန်းသောင် တူမတွေလားဟေ့''

ဘာသံမျှမကြားရ သို့နှင့် အတွင်းသို့ ခန်းဆီးလိုက်ကာကို လက်နှင့် ဖယ်၍ ကြည့်လိုက်သောအခါ မည်သူ့ကိုမျှ မတွေ့ရဖြစ်နေသည်။ ဒါနှင့် အတွင်းခန်းနှင့် မီးဖိုဆောင်ဘက်သို့ လိုက်ကြည့်သည်။ အကြိုအကြားမကျန် လိုက်ရှာခဲ့သည်။ လူနှင့်တူ၍ ခြေရာတောင်မတွေ့။

သို့သော်

သက်သေခံအဖြစ်ကျန်နေသည်ကား . . . ခပ်ပျစ်ပျစ် သွေးလက်စရှိသော ရင်မတောင် သနပ်ခါးအချို့နှင့် ရေစိုနေသည့် သနပ်ခါးတုံး ရယ်သာတည်း။

ဒုတိယအကြိမ်ကြုံလိုက်ရသည့် အဖြစ်ကပို၍ အံ့သြဖို့ ကောင်း





သည် တစ်ည သူအရက်သောက်ပြီး အိပ်ပျော်သွားသည်။ သူရေတော်၍နိုးလာသည့် အချိန်၌ သူလှူးလဲထရန်ပြင်လိုက်စဉ် မမျှော်လင့်သော အရာတစ်ခုကို သူအံ့သြစွာ တွေ့ရှိလိုက်ရသည်။ သူ့ ကုတင်ကွပ်ပျစ်နံဘေးမှာ အမျိုးသမီးတစ်ဦး။ သူမကို ဖွင့်ထားသည့် ခေါင်းရင်းတံခါးမှ ဝင်းနေသော လရောင်နှင့် အထင်းသားမြင်နေရသည်။ သူမ ဘယ်လိုလုပ်ပြီး ရောက်နေတာပါလိမ့်။

အမျိုးသမီးက အနက်ရောင်ထမိရင်လျှားကြီးနှင့် အရုပ်ကလည်း အတော်ဆိုးပုံရသည်။ ထိုအမျိုးသမီးသည် အံ့သြငေးမော စိုက်ကြည့်နေသည့် ကိုဘဂျမ်းမျက်နှာကို လက်ညှိုးထိုးပြီး တဟားဟားနှင့် လှောင်ပြောင်အော်ဟစ် ရယ်မောနေသည်။ ရှည်လျားလှသော ဆံပင်များကလည်း နောက်ကျောမှာ ဖါးလျားကျလို့ . . .

''ခင်ဗျား ဘယ်သူလဲ သွား . . . သွားပါ ကျုပ်အခန်းက ထွက်သွားပါ။ ကိုဘဂျမ်းကား အရက်ကို ကြိုက်သော်လည်း မိန်းမကိစ္စ ကင်းရှင်းသူမို့လည်းကောင်း အမျိုးသမီးကို ပြန်ထွက်သွားရန် ပြောလိုက်သောအခါ ရင်လျားနှင့် မိန်းမက ရယ်ရင်းတန်းလန်းမှ မျက်လုံးနှစ်လုံးကို အစွမ်းကုန်ပြူးလိုက်ပြီး သူ့ လည်ပင်းသို့ ရုတ်ချည်းဝင်ညှစ်သတ်တော့သည်။ ကိုဘဂျမ်းသည် သူ့ကို အသားလွတ်လာရောက်ရန်ပြုနေမှန်း သိလိုက်သည်နှင့် ရုန်းကန်ကာကွယ်လိုက်သည်။

ရင်လျားနှင့်မိန်းမကား အတော့်ကို သန်မာလွန်းလှသည် သူ့လက်သည်းများသည် ကိုဘဂျမ်းလည်ပင်းမှာ စူးနစ်ဝင်နေသည်။ သင်းနှင့်အရက်ရီဝေဝေကိုဘဂျမ်းတို့ အိပ်ရာကုတင်ပေါ်မှာသူတပြန် ကိုယ်တစ်ပြန်လုံး နေကြသည်။ အတန်ကြာလုံးထွေး၍ ချွေးသီးများ ပြန်လာသောအခါ . . . အမျိုးသမီးရဲ့ ထမိရင်လျားသည် ရုတ်တရက် ပြေကြသွားသည်။ ကိုဘဂျမ်း အံ့သြလွန်း၍ မျက်စိကို မှိတ်ထားလိုက်စဉ်မှာပင် အမျိုးသမီးက ထမိရင်ရှားကို ကောက်ပြင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေ့းမီးဖိုဆောင်သို့ လှစ်ကနဲပြေးထွက်သွားသည်။

ကိုဘဂျမ်း.. လက်နှိပ်မီးကိုဖွင့်၍ ရှာသည့်တိုင် သူမကိုလုံးဝ မတွေ့ရ၊ မိမိကိုယ်မှာလည်း ချွေးများက ရွှဲနစ်နေသည်။ ရှာလို့ မတွေ့သည့်အဆုံး အခန်းထဲသို့ ပြန်လာပြီး စောစောက ကိစ္စ ဟုတ်မှဟုတ်ရဲ့လားဟု စိစ်ဆေးလိုက်သည်။ အခန်းထဲမှာ လုံးထွေး ရုန်းကန်ခဲ့ရ၍ စောင်နှင့်ခေါင်းအုံး အိပ်ရာခင်းများမှာ ပြန့်ကြဲလွင့်စင်နေသည်။ ပြန်စဉ်းစားကြည့်သည် ငါအိမ်မက်များ မက်နေရောသလား။ သို့မဟုတ် အရက်ကြောင်ကြောင်ပြီး ထယောင်နေတာလား။ မဖြစ်နိုင်၊ ကျောထဲမှာစိမ့်ကနဲ ဖြန်းကနဲဖြစ်သွားသည်။

ညပိုင်းက သောက်ထားသော အရက်ပုလင်းတစ်ဝက်သည် ဘာမျှ အားမကိုးရတော့၊ သို့ဖြင့် . . . ကျန်အရက်ကို လှမ်းယူပြီး ပုလင်းလိုက် မော့ပစ်လိုက်သည်။ ပူရှိန်းခါးသက်လှသည့် အယ်ကိုလ်ဟောလ် ရင်ခေါင်းထဲသို့ ဝင်သွားသောအခါ စောစောကလောက် နှလုံးခုန်သံမလှုပ်ရှားတော့။

ဘာရယ်လို့မဟုတ်...

သူငှက်ကြီးတောင်ဓါးရှည်ကို နံရံမှဖြုတ်၍ သူ့အိပ်ရာနံဘေးမှာ ချထားလိုက်ပြီး... ပြန်မအိပ်တော့ပဲ ဖြစ်လာဦးမည့် အခြေအနေများကို နားစွင့်မျက်စေ့ ဖွင့်ကြည့်နေလိုက်သည်။ ထိုညကား မိုးသာစင်စင်လင်းသွားခဲ့သည်။ အန္တရာယ်လာပြုသည့် ထူးဆန်းသော မိန်းမ ပြန်မလာတော့... ။

တတိယမြောက် ကြုံလိုက်ရသည့် အဖြစ်ကား သူရင်ခေါင်းထဲမှ လိပ်ပြာလွင့်သွားမတတ် ဖြစ်ခဲ့ရတော့သည်။ လူလဲစိတ်ကျန်းမာရေးဆေးရုံသို့သွားရလောက်အောင် အခြေအနေမျိုးရောက်ခဲ့ရသည်။

အချိန်က ညသန်းခေါင်ခန့်။

ည၌ဦးပိုင်း ဝက်သားနှင့် အရက်သောက်ထားလို့လား မသိ





ဝမ်းဗိုက်ထဲမှာ ရစ်၍နာနေသည်။ အိမ်သာသွားရမှာ ကြောက်လှသည် မဟုတ်ပါသော်လည်း ယခုတစ်လော အလွန်ထူးဆန်းသော အဖြစ်အပျက်များနှင့် ကြုံကြုံနေရသည်။ အိမ်ပေါ်သို့ ကျောက်စရစ်ခဲများ သဲများကျသည်။ အိပ်ပျော်မယ်ကြံရင် . . . ခေါင်းရင်းဘက်မှ ညည်းသံလိုလိုရယ်သံလိုလိုကြားရသည်။

တစ်ခါမှာ ထမင်းစားကာနီး အိမ်အောက်ဖက်မှ ခွေးသေကောင်ပုတ်နံ့လိုလို လူသေကောင်ပုတ်နံ့လိုလို နံလွန်းလှ၍ ထမင်းမစားနိုင်ပဲ တဝေါ့ဝေါ့ဖြင့် ထိုးအန်ခဲ့ရသည်။ အနံ့လာရာသို့ သွားကြည့်သော်လည်း အိမ်အောက်မှလည်း မဟုတ် ဘာမှလည်း မရှိ။

တစ်ခါတစ်ခါ ခေါင်းရင်းပြူတင်းပေါက်မှ အသားလွတ်ရေနှင့်ပက်သွားသည်။ ရေနှင့်လောင်းသူ တရားခံကိုကားမတွေ့။

ဆိုခဲ့သလို ဗိုက်ကရစ်နာလွန်းနေသည်။ သူအပြင်ကို သိပ်မထွက်ချင် စိတ်ထဲမှာလည်း လေးလေးကြီးဖြစ်နေသည်။ အရှေ့ထဲ.. ခွေးသုံးကောင်က သံရှည်ဆွဲ၍ အူနေပြန်သည်။ ခွေးများက အူကြသောအခါ အိပ်တန်းတက်နေသည့် ကျီးကန်းများက တစ်စုံတစ်ဦး လှန့်လိုက်သည့်အလား ဖုန်းကနဲထပ်ပျံပြီး အော်ကြသည်မှာ အသည်းထိတ်စရာကောင်းလှသည်။

ဝမ်းဗိုက်အခြေအနေက အောင့်လို့မရ။ သို့နှင့် လက်နှိပ်ဓါတ်မီးယူပြီး အိမ်သာရှိရာသို့ ဆင်းလာလိုက်သည်။ ဆင်းလာလိုက်မှ ခွေးများက ပို၍အူကြပြန်သည်။

အိမ်သာသို့ရောက်သောအခါ သော့ခလောက်ကို သော့ဖွင့်ပြီး တံခါးကိုဆွဲဖွင့်လိုက်သောအခါ–

''အမလေး''

အလိုလေး''အထဲမှာ လူတစ်ဦးပါကလား''အိမ်သာထဲမှာ ငုတ်တုတ်ကြီးထိုင်၍ ဆေးလိပ်အကြီးကြီးကို မီးရဲခနဲရဲခနဲနေအောင် ဖွာရှိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသည့် မီးဖွားများက အောက်ဖက်သို့ အဆက်မပြတ် ကြွေကြွေကျ နေသည်။ တံခါးဖွင့်လိုက်သဖြင့် ဆေးလိပ်မီးခိုးများက သူထံသို့ ဝေ့ဝိုက် တန်းဝင်လာသည်။

ဒီလူသော့ခတ်ထားသည့် အိမ်သာထဲသို့ ဘယ်လိုများ ဝင်ရောက်နေပါလိမ့် ဘယ်လိုလူထူးဆန်းလဲ။ သူ . . . နောက်တစ်လှမ်း ဆုတ်ပြီး လက်နှိပ်မီးနှင့် အိမ်သာထဲမှ လူ့ရဲ့မျက်နှာကို ထိုးကြည့်လိုက်သည်။

"ဟာ . . . အမလေးဗျာ"

"ဟီး . . . ဟီး . . . ဟီး . . . ဟီး"

နယ်တကာ ရပ်တကာစုံခဲ့သည့် သတ္တိကောင်းကြီး ရေခဲတိုက်ထဲမှာ လူသေကောင်နှင့် အတူအိပ်ခဲ့ဖူးသည့် သတ္တိကောင်းကြီးလန့်၍အော်လိုက်မိတော့သည်။ သူတွေ့လိုက်ရသည်ကား အခြားမဟုတ် မနေ့က အိပ်ခန်းကုတင်ပေါ်မှာ သူ့ကိုလည်ပင်းဝင်ညှစ်သွားသည့် ထမီရင်လျားနှင့် မိန်းမ။ မြင်လိုက်ရသောအခါ . . . သူအသက်ထွက်မတတ်၊ လိပ်ပြာလွင့်မတတ်၊ လန့်သွားခဲ့ပြီး နောက်ကို ထပ်ဆုတ်လိုက်သည်။ သည့်နောက် အသိဝင်လာပြီး အိမ်သာတံခါးကို လျှပ်မြန်စွာဆွဲပိတ်လိုက်သည်။

"ဂျိန်း"

ပြီးနောက် တရုပ်ပြည်လုပ် အာမခံသော့ဖြင့် အသေအချာပြန်ပိတ်လိုက်သည်။ ပြီးတော့ အချိန်ဆိုင်းမနေတော့ပဲ . . . ခြံအပြင်ကို ပြေးထွက်လိုက်သည်။ ဟိုးတစ်ခေါ်မှာနေသူ အစ်မများနှင့်ခဏသွားနေသည့် အိမ်ရှင် ကိုအုန်းသောင်ကို အော်နိုးပြီး သူနှင့်အခုချက်ချင်းလိုက်ခဲ့ဖို့ ခေါ်လိုက်သည်။

"ဘာလဲ ဘဂျမ်း"

"ဒီ . . . ဒီ . . . မှာ . . . အခု ကျုပ်နဲ့ . . . အမြန်လိုက်ခဲ့စမ်းပါဗျာ အရေးကြီးလို့ပါ"





"အချိန်မတော် . . . ဘာ အရေးကြီးရပြန်တာလဲ . . . ဘဂျမ်းရာ မင်းကလည်း . . . "

"လိုက်မှာသာလိုက်ခဲ့ပါဗျာ အချိန်သိပ်မရလို့ပါ . . . လမ်းကျမှ ကျုပ်ရှင်းပြပါ့မယ် သိပ်ကို အရေးကြီးနေလို့ပါ . . . "

ကိုဘဂျမ်းရဲ့ ရေးကြီးသုတ်ပျာအခြေအနေကြောင့် ကိုအုန်းသောင်လည်း မလိုက်ချင်လိုက်ချင်ဖြင့် ပါချလာသည်။ လမ်းရောက်တော့–

"ကဲပြောပါဦး . . . ကိုယ်လူဘာတွေ အရေးကြီးနေတာလဲ"

သည်နောက် ကိုဘဂျမ်းက သူ့ကို အိပ်ရာထဲဝင်ပြီးလည်ပင်းညှစ်ခဲ့သည့် ထမီရင်လျားနှင့် မိန်းမအကြောင်းကို ဦးစွာရှင်းပြသည်။

"အခုလည်း အဲဒီမိန်းမပဲ . . . အိမ်သာထဲရောက်နေတယ်။ ကျုပ်သူ့ကို တံခါးသော့ခတ်ပိတ်ပစ်ခဲ့တယ်။ အဲဒီမိန်းမ ဘယ်ကလဲ ဘယ်သူလဲ ခင်ဗျားတော့ သိနိုင်မယ်ထင်လို့ အခုခေါ်ပြမလို့ . . . "

"သူ . . . သူ . . . အထဲမှာရှိတာ ကျိန်းသေရဲ့လား"

"ကျိန်းသေပေါက် သေသေချာချာ သော့ခတ်ထားခဲ့တာပါ"

"ဒါဆို ဖွင့်လိုက်ကွာ . . . "

ကိုအုန်းသောင်က မီးထိုးပြထား၍ ကိုဘဂျမ်းက တုန်တုန်ရီရီဖြင့် သော့ကိုဖွင့်လိုက်သည်။

"ချလောက်"

သော့ပွင့်သွားပြီး သူသော့ကို ပတ္တာအိမ်မှ ဖြုတ်လိုက်သည်။ ကိုဘဂျမ်း ရင်သည် တဒိုင်းဒိုင်းခုန်နေသည်။ အိမ်ရှင်သာ သူမကို မြင်လိုက်ရလျှင် အရမ်းကို အံ့ဩသွားပေလိမ့်မည်။

သည့်နောက်သူတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်"

"ဘယ်မှာလဲကွ မင်းရှိတယ်ဆိုတဲ့မိန်းမ ဘယ်မှာလဲ"

"ဒီ . . . ဒီ အထဲမှာ ကျုပ်သော့ခတ်ပိတ်ခဲ့တာဗျ။ သူ . . သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်သွားပြီလည်းဟင်… အပေါ်က ဖောက်ထွက်သွားရောလား ဗျာ ကြည့်ပါဦး''

သူတို့နှစ်ဦး အိမ်သာအတွင်းဘက်ကို အသေအချာပိုက်စိပ်တိုက် ရှာဖွေစစ်ဆေးလိုက်သည်။ အိမ်သာကား လူမပြောနှင့် ကြောင်တစ်ကောင် တောင် ဝိတ်ထားလျှင် ထွက်စရာအပေါက်မရှိ အိမ်ရှင်ကိုအုန်းသောင်က အံ့ဩနေသည့် သူ့မျက်နှာကို ကြည့်ပြီး…

''စိတ်ကို ငြိမ်ငြိမ်ထားပါ မောင်ဘဂျမ်းရာ… မင်းအရက် သောက်များပြီး… အရက်ကြောင်ကြောင်ရာက ထင်ရာမြင်ရာတွေ စိတ်ကူးရှိရာတွေ လျှောက်တွေးမြင်တာ ဖြစ်မှာပါကွာ ဆေးရုံလေး ဘာလေးသွားပြပါလား''

''မဟုတ်ဘူး… မဟုတ်ဘူး… ကျုပ်… ကျုပ် အရက်မမူးသေးဘူး။ အရက်မကြောင်သေးဘူး။ ကျုပ်ဦးနှောက် အကောင်းကြီးရှိသေးတယ်… ''

''ဒါဆိုဘယ်မှာလဲ မင်းပြောတဲ့မိန်းမ''

သူဘာပြောရမှန်းမသိတော့ အတော်ကို ဖြစ်ရပ်ကထူးဆန်းပြန် သည်။ မျက်စေ့အောက်မှာ ကိုယ်တိုင်ကြုံခဲ့ရသော ထူးဆန်းသည့် အဖြစ် အပျက်များကို စဉ်းစားရင်း သူခြေတွေလက်တွေ တုန်လာသည်။

''ဟိုဟာကို ကြည့်စမ်းပါအုံးဗျကိုအုန်းမောင်ရ… ''

ကိုဘဂျမ်းက… ကြွက်လျှောက်တန်းပေါ်မှ ပြောင်းဖူးဖက် ဆေးလိပ်တိုကို ကပျာကယာကောက်၍ ကိုအုန်းမောင် လက်ထဲသို့ ထည့်ပေးလိုက်ရာ ဒီမှာကိုအုန်းသောင် ထူးဆန်းသော အဖြစ်ကို တွေ့လိုက် ရသည်။ ဆေးလိပ်တိုခေါင်းသည် ပူနေသည်။ ကြည့်ရတာခုမှ မီးသေစ ပဲရှိပုံရသည်။

''မောင်ရင် သောက်ပြီး ထားခဲ့တာ မဟုတ်ဘူးလား''

''ဟာ ဘယ်က ကျုပ်က ဒီလိုပြောင်းဖူးဖက် ဆေးလိပ်သောက်





လို့လည်းဗျ… ကျုပ်က စီးကရက်သမား… ဘုရားစူးရစေဗျာ''

သူကအမျိုးမျိုး ကျိန်တွယ်ပြောပါသော်လည်း ကိုအုန်းသောင် က နောက်တစ်ကြိမ် ဒီလိုအဖြစ်မျိုးနှင့် ကြုံခဲ့ပါက သူ့ကိုလာမနိုးရန်နှင့် ရပ်ကွက်လူကြီးကို သွားနိုးပြောရန် မေတ္တာရပ်ခံပြီး ပြန်ကာနီးမှ ပါးစပ်မှ နာမည်တစ်ခုကို အော်ခေါ်ကာ…

''အမျှ… အမျှ… အမျှ… ''ဟု ပေးဝေလိုက်သည်။

[မှတ်ချက်။ နောင်အခါ ဦးအုန်းသောင်ကို.. အဲဒီညက အိမ်ရှေ့ကအပြန် မှာ ဘာကြောင့်အမျှဝေရပါသလဲဟု မေးမြန်းကြည့်သောအခါ ဦးအုန်း သောင်က အဲဒီတုန်းက… မောင်ဘဂျမ်းပြောတာ ရာနှုန်းပြည့် နည်း ပါးမှန်ကန်နိုင်ပါကြောင်း။ အကြောင်းမှု ထို ပြောင်းဖူးဆေးပေါ့လိပ်မှာ မကြွစည် အမြဲသောက်သည့် ဆေးလိပ်ဖြစ်သည့်အပြင်၊ လတ်လတ် ဆတ်ဆတ် ပူနွေးဆဲရှိနေခြင်းကြောင့်.. ပို၍ခိုင်မာသည်ကား သည်တုံးက ဆေးလိပ်ဖင်စီခံအပိုင်းကို ကြည့်လိုက်ရာ အစီခံပေါ်မှာ သွားရာချိုက်ရာများ ကို တွေ့ရကြောင်း မကြွစည်သည် ဆေးလိပ်ကို သွားဖြင့်ကိုက်၍ သောက်သည့် အလေ့အကျင့်ရှိကြောင်းပြောသည်။ ထိုအခါ အဖေနှင့် အမေက ဘာလို့အဲဒီတုန်းက မောင်ဘဂျမ်းကို အမှန်အတိုင်း မထောက်ခံ ရတာလဲ မေးလိုက်သောအခါ။ မောင်ဘဂျမ်း အကြောက်လွန်ပြီး အိမ် ပြောင်းသွားမှာ စိုးရိမ်၍ဟု ပြန်ပြောပြလေသည်။ (စကားချပ်)

ဦးဇင်းအဲဒီနေ့ အဲဒီရက်ကစပြီး ဒီအိမ်က စွန့်ခွာခဲ့တယ် ကြည့် လေ တကာကြီး… ၊တစ်နေ့ထဲမဟုတ်ဘူး။ နေ့စဉ်ညစဉ် တစ်ခု မဟုတ်တစ်ခု အနှောင့်အယှက်ပေးနေတာ ဒါကြောင့်အပြီးသွားကာနီး ကိုအုန်းသောင်ကို ပြောခဲ့လိုက်တယ် အိမ်ပါပြောကြအောင် မီးရှို့ခဲ့ချင် တယ်လို့။ ဒီလိုစရိုက်ကြမ်းတဲ့ ပြိတ္တာတစ္ဆေမျိုးမတွေ့ဖူးဘူး။ သူတို့အိမ်က ထွက်ပြီးတဲ့နောက် ကိုယ့်အရင်နေသွားတဲ့ အိမ်ငှားများနဲ့ကြုံလို့ မေး ကြည့်တော့… ကျုပ်ကိုယ်တိုင်တွေ့ရသည့် မိန်းမတစ္ဆေရဲ့ ပုံသဏ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်များဟာ သူတို့ကြုံခဲ့ရတဲ့ မိန်းမတစ္ဆေရဲ့ သွင်ပြင်လက္ခဏာများနဲ့ တစ်ထေရာထဲပဲ စုံစမ်းလိုက်တော့ အဲဒီမိန်းမ တစ္ဆေဟာ လူဘဝက ကိုအုန်းသောင်ရဲ့ မိန်းမဆိုပဲလေ။ ကျုပ်ကို ကိုအုန်းသောင်က အရက် ဓကြောင့် ကြောင်တာတဲ့။ ဒါကြောင့် ကျုပ် အရက်ဖြတ်လိုက်တယ် တစ္ဆေ ကို ကိုယ်တွေ့ကြုံရတော့ အစွဲအလမ်းရဲ့ကြောက်စရာ (အာသန္နကံဇော) ခေါ်တဲ့သေခါနီး အာရုံစွဲပြီး ဘဝကူးဆိုးရွားသွားခဲ့ရပုံကို နားလည်ခဲ့တယ်။ ဒါလည်း ဆရာတော်ကြီးများကိုမေးလျှောက်ကြည့်လို့ နားလည်ခဲ့ရတာ။ ဒါကြောင့် မကြွေစည်လို အသေမဆိုးချင် ဘဝကူးမဆိုးချင်လို့ သက်နိုး ဝတ်လိုက်တယ်။ ဆရာတော်များ တရားပြသလို့ ဝိပဿနာကို ရှုတယ်–

ကိုယ်ခံသမာဓိအားကြောင့်လား ဘဝ ပါရမီကြောင့်လားတော့ မသိဘူး ကျုပ်သုသာန်မှာ မေတ္တာ ကမ္မဋ္ဌာန်း ထိုင်တော့... မမြင်အပ် သော ပုဂ္ဂိုလ်များနဲ့ ဘဝအသစ်ဖြစ်နေတဲ့ တမလွန်သားတွေကို မြင်လို့ မေတ္တာပို့ အမျှဝေခဲ့ရတယ်။ လောကမှာ ထူးဆန်းသော အဖြစ်အပျက် တွေက သိပ္ပံပညာလိုက်လို့မမှီဘူးဗျ။ ဒါကိုဂမ္ဘီရခေါ်ရမလား လျို့ဝှက် ဆန်းကြယ် လောကီဖြစ်ရပ်များ ခေါ်ရမလားပဲ။ အခုသက်နိုးဝတ် ဘဝရောက်မှ လယ်တီဆရာတော်ဘုရား သေကျှောင်းဆရာတော်၊ ဒက္ခိဏာရာမဆရာတော်၊ မန်လည်ဆရာတော်နဲ့ ရှင်နာဂသိန်နဲ့ မိလိန္ဒမင်း တို့ရဲ့ စာပေကျမ်းဂန်များကိုဖတ်ပြီး သံသရာလည်နေကြတဲ့ ဘဝကို သိခဲ့ရတယ်။ တစ်နည်း မကျွတ်မလွတ်နိုင်သေးသော ပြိတ္တာတို့ရဲ့ ဘဝသံသရာကို နည်းလည်ခဲ့ရတယ်။ ဦးဇင်း အစိက မှာချင်တာက ဒကာ ကိုအုန်းသောင်က ဦးဇင်းကို အမှန်အတိုင်း မပြောပြခဲ့ဘူးလေ။ သူ့ကိုလည်း သနားတယ် ဘဝကူးမကောင်းတဲ့ မကြွေစည်ကိုလည်း သနားတယ်... ။ ကိုအုန်းသောင်ကိုပြောပြပါ။ မကြွေစည် ဘဝကူး ကောင်းဖို့ ဘဝဆိုးက လွတ်မြောက်သွားဖို့ သီလာဝန္တသီလ စင်ကြယ် သော ရဟန်းသံဃာများကို ပင့်ဖိတ်ပြီး ကုသိုလ်ကောင်းမှုပြု အမျှပေးဝေ





လိုက်ပါလို့ ပြောဖြစ်အောင်ပြောလိုက်ပါ ဒကာကြီး ဒကာမကြီးတို့ရယ်"

"မှန်ပါဘုရား... စိတ်ချတော်မူပါဘုရား"

ဦးဇင်း ဦးဣန္ဒစာရ (ဦးဘဂျမ်း)က သူ့ဇာတ်လမ်းကို ဤသို့အဆုံးသတ်ခဲ့ လိုက်သည်။

"ဦးဇင်းအခု ဘယ်ကို ကြွမှာလည်းဘုရား"

"ဦးဇင်း ဇင်းကျိုက်တောင်ကို ကြွစရာရှိတယ်။ အဲဒီမှာဦးဇင်းရဲ့ ဆရာတော် ဘုန်းကြီးနဲ့တရားစခန်းဝင်စရာရှိတယ်... ။

သို့နှင့် အမေက အိပ်တစ်ခုထဲသို့ ငွေစက္ကူများကိုထည့် လိုက်ပြီး ဦးဇင်းဘဂျမ်းကို ကပ်သည်။

"နဝကမ္မပါ ဘုရား"

"သာဓု သာဓု သာဓု ဒကာမကြီး ဒကာကြီးတို့ ရတနာသုံးပါး မမေ့ကြပါနဲ့။ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ကိုးကွယ်ရသည့် ကောင်းကျိုးနဲ့ ဝိပဿနာကျင့်ကြံပွားများ အားထုတ်ရသည့် ကောင်း ကျိုးသုခကို ဦးဇင်း ခုနားလည် သဘောပေါက်ရတယ်။ အချိန်မနှောင်း သေးဘူး ကြိုးစားပွားများပေါ့။ ဒါမှအသေမြတ်မယ် သေနိုးကောင်းဖို့ အရေးကြီးတယ်။ သေနည်း မကောင်းရင် ဟိုဒကာမကြီး မကြွေစည်လို ဘဝဆိုးကိုရောက်ကြရမယ်။ မောင်ရွှေတင်တို့ မောင်တရုပ်ကြီးတို့လည်း ဘုရားတရားမမေ့ကြနဲ့ ကြားလား ကိုင်း... ဦးဇင်း ကြွလိုက်အုံးမယ်။

ကျွန်တော်တို့ အားလုံးက ဦးဇင်းဘဂျမ်းကို ဦးခိုက်ကန်တော့ ကြသည်။ ဦးဇင်းရဲ့ အိန္ဒြေသည် ဟိုးယခင်ကလိုမဟုတ် တည်ငြိမ်နေသည်၊ ရင့်ကျက်နေသည့် ပြောပုံကအစ အိန္ဒြေရှိလှ၏။ ဦးဇင်းပြန်ကြွသွားတော့ မှ... အဖေက...

"လူမိုက် ကျားကြီးလည်း လူကောင်းဖြစ်သွားပြီ... မောင် ဘဂျမ်းလည်း ရဟန်းဘဝရောက်သွားပြီ... သူတို့ ဘဝကူး ကောင်းရာ မွန်မြတ်တဲ့လမ်းကို ရောက်သွားကြတာပဲ။ အင်း ဝိမုတ္တိလို့ ဆိုရမလား



www.burmeseclassic.com

www.burmeseclassic.com



ဝိမုတ္တိအစလို့ ပြောရမလားပဲ. . . ။

♛ ♛ ♛

## ရင်ကွဲတစ္ဆေ

ကိုဘဂျမ်း ပြောင်းရွှေ့သွားပြီး. . . သက်န်းဝတ်သွားပြီးနောက်ပိုင်း. . . အလကားနေပေါ့ဆိုသည့်တိုင် ကိုအုန်းသောင်အိမ်ကို ဘယ်သူမှ လာမနေကြတော့ ကိုအုန်းသောင်လည်း သူ့အလုပ်သမားနှင့် ခန့်ခင်းတောင်ယာမှာလာရောက်လုပ်ကိုင်သည်။

ညနေရောက်သည်နှင့် ဖောက်သည်လာယူသည့် ဈေးသည်များနှင့် တွေ့ဆုံပြီး. . . ပစ္စည်းပေးငွေချေလုပ်ကြသည်။ မကြွေသည်မရှိတော့ ၍ကိုအုန်းသောင်ခြံမှာ ဖောက်သည်များ တိုးလာခဲ့သည်။ နဂိုကတည်းက စိတ်သဘောထားကောင်းသူမို့ ညနေရောက်လျှင် ရယ်သံမောသံ နောက်ပြောင်သံများဖြင့် ရွှန်းရွှန်းစိုနေသည်။

သို့သော် ကိုအုန်းသောင်ကား သူ့အိမ်မှာလုံးဝ မအိပ်တော့ သူ့အိမ်မှာ သူအိပ်ရမှာကို သွေးလန့်နေသည်။ အစွဲအလမ်းကြီးဖြင့် ဘဝခြားနေသည့်တိုင်သူကို အမျိုးမျိုး အသံ၊ အနံ့၊ လှုပ်ရှားမှုများသာ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် သူ့မယားတစ္ဆေ မကြွေစည်ကို... လန့်နေသည်။ အဖေါ်ခေါ် အိပ်လျှင်လည်း မကြွေစည်ဝိညာဉ်က လုံးဝလက်မခံ ဒီအိမ်မှာ ဘယ်သူမှ လာအိပ်သည်ကို မကြိုက်။ ချောက်လှန့်လေ့ရှိသည်။

လင်စုံမယားဖက် လာအိပ်လျှင်ပို၍ သောင်းကျန်းပြသည်။ နှစ်တော့ ဒီအတိုင်း တံခါးသော့ခတ်၍ ထားလိုက်တော့သည်။ ညဘက် ရောက်လျှင် လူမနေသော်လည်း အိမ်မှရယ်သံလိုလို ငိုသံလိုလိုကြားရ သည်။ တစ်ခါတစ်ရံ ဖွန်းသံပန်းကန်သံများ ကြားရသည်။ ခရစ်ယာန် ကုလားကြီး ဘာဒစ်ဂျားကတော့... တစ်ရေးနိုး သူအိပ်ရာမှထလျှင် လည်း ခြံရှေ့မှ ဆံပင်ဖားလျားနှင့် မိန်းမလိုမျိုး လမ်းလျှောက်နေသည်ကို မကြာခဏတွေ့ရသည်ဟုဆို၏။ ထိုညမျိုးရောက်လျှင် ခွေးတွေက အူလိုက်သမှ ကြောက်စရာ အသဲတုန်စရာ ကောင်းလှသည်။

ကျွန်တော်တို့ အိပ်ရာထဲမှာ ကြောက်လွန်း၍ ခေါင်းမြီးခြုံ နေရသည်။

ပြောရလျှင် အဖေတို့ပင် ညဖက်ဟင်းရွက်ပိုးထွက်မရှာကြ တော့။

မကြာခင် အံ့သြစရာကောင်းလှသည့် သတင်းတစ်ခု ကျွန်တော် တို့ ကြားရသည်။ သတင်းကား... ဦးအုန်းသောင်ကြီး မိန်းမယူတော့မည် ဆိုသည့်သတင်းပဲဖြစ်သည်။ တစ်နေ့ ဦးအုန်းသောင်ကြီး ကျွန်တော်တို့ ယာခင်းထဲသို့ အလည်ရောက်လာသည်။

"ဟဲ့ အုံးသောင် သတင်းတွေကြားနေရပါလား"

"ဘာလဲ အဒေါ်..."

"တော်... မိန်းမယူတော့မလို့ဆို..."

"အဟဲ..."

"အံမယ်... အဟဲတဲ့ ကိုသာဟန် ရှင့်ကောင် ဒီလို ကြိတ် ပုန်းခုတ်နေတာ ဘယ်လောက် ကြာပြီလည်း မသိဘူးသိလား..."





ထိုအခါအဖေက ကိုအုန်းသောင်မျက်နှာကို လှမ်းကြည့်ပြီး–

"ဗိုက်ဆာတာ ထမင်းရည်တိုက်ရင် ငြိမ်တာပေါ့မိန်းမရာ. ဟိုဒင်း... အဲ... အဲ"

"ဘာဟိုဒင်းလဲ ရှင့်ဉစ္စာက ဆုံးအောင်ပြော..."

"အချစ်ဆာတာဟ..."

"အံမယ်... ရှင်ကများ ဒီအသက်အရွယ်ရောက်မှ အချစ် ဆာသလေးဘာလေးနဲ့ တော်ပါ... ဒီကိစ္စ ကြံရာပါနဲ့တူတယ် ဟုတ် လား အုန်းသောင်"

"မဟုတ်ပါဘူး အဒေါ်ရာ အဒေါ်ကတော့စလာပြီ..."

"ငါ့ကို အထင်မလွဲပါနဲ့ မိန်းမရာ အချစ်မရှိတဲ့သူ အချစ်ဆာရှင် အချစ်ပဲရှာမှာပေါ့ဟ... ဟား... ဟား... ဟား... မဟုတ်ဘူးလား ဟေ့... အုန်းသောင်"

"ဟဲ... ဟဲ... ဟဲ... ဒါကတော့ ဦးလေးရာ နဖူး စာရှာလည် ဆိုသလိုပါပဲ..."

"နေပါအုံး... အချစ် ဆရာကြီးတို့ရယ်... မောင်က ဘယ်သူနဲ့ယူတော့မှာတုံး..."

"အဒေါ်က ဘယ်သူနဲ့ထင်လို့လဲဗျ..."

"အံမယ်... သေနာကောင်က... ဈေးကိုင်နေတယ် ငါ့အထင်တော့ နင့်ခြံထဲမှာ ကုန်စိမ်းဖောက်သည်လာယူနေတဲ့ ဟိုအသား ညိုညို ငါးရံ့ကိုယ်လုံးလေးနဲ့ ကောင်မလေး... လေ။ နင့်ကို... အကို အကိုနဲ့ မိုးမွှန်အောင်ခေါ်ခေါ်နေတဲ့ကောင်မလေး..."

"အဟဲ... ဟဲ... ဟဲ..."

"မဟုတ်ဘူးလား"

"ဟုတ်တယ်..."

"ဟွန်း သေနာကောင် ငါထင်တော့ထင်သားပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နဲ့အဒေါ်ရ. . . "

"ကောင်းပါ့တယ် သူနာမည်ကဘယ်သူ. . . ဟဲ. . .ဟဲ "

"စိမ်းခင်လေ. . . "

"အေး အေး. . . မစိမ်းခင်၊ စိမ်းခင်၊ သူက အရောင်းအဝယ်လည်း ကောင်းတယ်၊ စိတ်သဘောထားလည်း နူးညံ့ပါတယ်ဟဲ့. . . ။ နင့်ကိုလည်း သူကကြိုက်နေတာ ကြာပုံရတယ်. . . ။ မြန်လိုက်တာဟယ် ဘယ်လိုများ အကြောင်းသင့်သွားသလဲ အုန်းသောင်ရယ်"

"အဓိက.. ကတော့ အစ်မတို့စီစဉ်ကြတာပေါ့ဗျာ။ ကျွန်တော့်မှာ အိမ်ပြန်လည်းမအိပ်ရဲ။ စားရေးနေရေး လျှော်ရေးဖွတ်ရေးက အစကသီလင်တ နိုင်နေတော့.. အစ်မတို့က မိန်းမပေးစားမှ သင့်တော်မယ်နို့မို့ဝါမောင် ရှုးသွားနိုင်တယ်ဆိုပြီး သူတို့သဘောကျ ရိပ်မိနေတဲ့ မစိမ်းခင်နဲ့ စီစဉ်တာပဲဗျ. . . "

ဒါနှင့် အဖေက မေးလိုက်သည်။

"မင်းအနေနဲ့ကရော"

"မကြွေစည်ကိုတော့ ဘယ်မေ့နိုင်သေးမှာလည်း ဦးလေးရာ"

ကိုအုန်းသောင်က သွားလေသူကို သတိရဟန်ဖြင့်ပြောလိုက်သည်။

"တရားသဘောနဲ့ ပြောကြ ကြည့်ကြရင်တော့.. ဘယ်လိုမှပြန်မဆုံဆည်းနိုင်တဲ့ဘဝတွေ ဖြစ်သွားခဲ့ကြပါပြီကွာ. . . တစ်ခုပဲပြောချင်တယ် အုန်းသောင်မင်းလည်း မင်းဘဝသစ်ကို ပြန်ထူထောင်သလို. . . မကြွေစည်ကိုလည်း အဆိုးဘဝက လွတ်မြောက်သွားအောင်လုပ်ပေးပါ။ ဦးဖင်းဘဂျမ်းကလည်း ဒီကိစ္စ မင်းကို အတန်တန်မှာသွားတယ်"

သည့်နောက် အဖေက ဦးပဖင်းဘဂျမ်းရဲ့ ဒီအိမ်မှာနေစဉ်က





ကိစ္စရပ်များနှင့် ဦးဇင်းမှာကြားသွားသော ကိစ္စရပ်များကို သတိပေးပြောကြားလိုက်သောအခါ ဦးအုန်းသောင်က ဟုတ်ကဲ့ ကျွန်တော်တစ်နေ့အကောင်းဆုံးဖြစ်အောင် စီစဉ်လိုက်ပါမယ်ဟု ကတိပြုပြီး မင်္ဂလာဆောင်ကိစ္စ စီစဉ်စရာရှိ၍ဆိုကာ ပြန်သွားလေသည်။

စနေ တနင်္ဂနွေသို့ရောက်သောအခါ ဦးအုန်းသောင်နှင့် အစ်မစိမ်းခင်တို့ မင်္ဂလာပွဲ ကျင်းပသည့်နေရာက ကိုအုန်းသောင်အမ အိမ်မှာဖြစ်သည်။ ဒီတစ်ခါ မင်္ဂလာပွဲကို အမလုပ်သူကိုယ်တိုင် စိတ်ကြိုက်စီစဉ်ပေး၏။ အိမ်နီးနားချင်းများလည်း. . . ဝမ်းမြောက်ဝမ်းသာဖြင့် မင်္ဂလာဆောင်မှာဝိုင်းတိုး ကူညီကြရာ.. ။ ပျော်တပြုံးပြုံးဖြစ်နေကြ၏။

မစိမ်းခင်ကား. . . အပျိုလေးဖြစ်၍ ဝိုင်းစကြ နောက်ကြသည့်ကြားမှာ လွန်စွာရှက်နေရှာ၏။ ညဘက်ရောက်သောအခါ. . . ကိုအုန်းသောင်အမျိုးများက မြို့ပေါ်မှတီးဝိုင်းပါငှား၍ ညှော်ခံကြသဖြင့် . . . မင်္ဂလာဆောင်က အကြီးညကတည်းက တစ်သောသောဖြင့် စည်ကားနေ၏။

"အုန်းသောင်က မစိမ်းခင်ကို မင်္ဂလာဦးညမှာ မလန့်အောင် တီးဝိုင်းဖြင့် နားသွင်းနေတာဟု ဝိုင်းစကြ၏။ တီးဝိုင်းကလည်း အလွန်ကောင်းသည်။ ဘင်ဂျို၊ မယ်ဒလင်၊ စောင်း၊ မြန်မာဂီတာ၊ စသည်တို့ဖြင့် အဆိုကောင်းသူများက တီးမှုတ်ညှော်ခံသဖြင့် မဏ္ဍပ်မှာ လူကိုပြည့်နေ၏။ ကိုအုန်းသောင်ကလည်း ခန့်ခန့်ချောချော. . . မစိမ်းခင်ကလည်း လှလှပပ ဖွံ့ဖွံ့ဖြိုးဖြိုးမို့ အချို့က နေနှင့်လဟု တင်စားကြ၏။

ဦးကျားကြီးကတော့. . . စိမ်းခင်တော့(သေမဲ့ည) ဟုနောက်ပြောင်၏။ ဘာကိုဆိုလိုမှန်းမသိကြ။ အချို့က. . . ကိုအုန်းသောင်မိန်းမ မကြွေစည်အကြောင်း သိကြ၍. . . မင်္ဂလာဦးညမှာပင် လန့်ပြီးပြေးရမှာပဲဟု ဝေဖန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးည သို့ကလို မင်္ဂလာအိမ်မှာ အဆိုအတီးများဖြင့် ပျော်ရွှင်စွာ ညည်းခံနေချိန်၌… ယာတောထဲမှ ကိုအုန်းသောင် အိမ်မှာတော့ ကြေကွဲရင်နာစရာ အဖြစ်များဖြစ်နေသည်ကို… မင်္ဂလာအိမ်မှ လူများ မသိကြ။ ည(၁၀)နာရီ ခန့်ရှိသောအခါ၊ ယာတောထဲရှိ ကိုအုန်းသောင် အိမ်မှ ဆူညံသည့် အသံများ ဖြစ်ပေါ်လာခဲ့သည်။ ဦးစွာကြားရသူကား ဘာဒစ်ကျားဆိုသော ခရစ်ယာန် ကုလားအဘိုးကြီးဖြစ်သည်။ ထိုညက သူကလည်း မင်္ဂလာဆောင် အိမ်မှပျံ့လွင့်လာသည့် သီချင်းများကို အရသာခံ၍ နားထောင်နေချိန်ဖြစ်သည်။

ကိုအုန်းသောင်တို့ အိမ်ဘက်ဆီမှ ပုလင်းကွဲကွဲသံများ ပစ္စည်း ကွဲကွဲသံများကို ကြားရသဖြင့်… ထရှုကြည့်နေမိသည်။ အသံက တော်တော့်ကို ဆူဆူညံညံကြားနေရသည်။ ခွေးများက တဖွတ်ထိုး ဟောင်နေကြသည်။ သို့နှင့် အဖေတို့ကို လာနှိုးခဲ့သည်။

"သာဟန်ရေ ထစမ်းဟေ့"

"ဘာဖြစ်လို့လဲ ဘာဒစ်ကျား"

"ဟို… ကိုအုန်းသောင်တို့အိမ်ဘက်က ရန်ဖြစ်သလိုလို ကြားရလို့ကွ။ မသက်ာလို့"

"မင်္ဂလာဆောင်အိမ်ကလား"

"မဟုတ်ဘူး ယာတဲကအိမ်ဘက်က"





သို့နှင့် လက်နှိပ်မီးကို ကောက်ကာယူလိုက်သည်။ လိုရမယ်ရ ဓားရှည်လည်းဆွဲလိုက်သည်။ အမေက ရန်ပွဲဆိုရင် ဝင်မပါနဲ့နော်။ သတိပေးလိုက်သည်။ သည့်နောက် သတ္တိကောင်းသည့် ကိုကျားကြီး ကိုလည်းသွားနှိုးပြီး သုံးယောက်သား၊ ပုန်းရှိုး ကွယ်ရှိုးထွက်လာလိုက်သည်။

မကြာခင် အုန်းမောင်ရဲ့ အိမ်ထဲမှ… ပစ္စည်းများပေါက်ခွဲသံ၊ ရိုက်သံတောက်ခေါက်သံများကို သူတို့ ခပ်လှမ်းလှမ်းသစ်ပင်အကွယ်မှ ကြားနေရသည်။

"အုန်းကြမ်းဝင်စီးတာများလား"

"အနုကြမ်းစီးရအောင် ဒီအိမ်မှာ ဘယ်သူမှ မနေတာဥစ္စာ" ဒါလည်းဟုတ်သည် ဒီအိမ်မှာဘယ်သူမှမနေကြ။ ဘယ်အိမ်ငှားမှလည်း မနေရဲကြ။ အိမ်ရှင်အုန်းသောင်ပင် လာမနေရဲ… သရဲခြောက်သည့် အိမ်၊ တစ္ဆေခြောက်သည့်အိမ်…"

အတန်ကြာအောင် စောင့်ကြည့်နေစဉ်မှာပင် အိမ်ထဲမှ လူတစ် ယောက်ထွက်လာသည်ကို စန်းစလရောင်မှုန်မှုန် သူတို့တွေ့မြင်လိုက် ရသည်။

"ကိုသာဟန် ဟိုမှာ လူတစ်ယောက်ထွက်လာတယ်ဗျ ခင်ဗျား တွေ့လား"

မှုန်ရိုရိုလရောင်အောက်မှာ လူတစ်ယောက်က မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့်အုပ်၍ ပြေးထွက်လာနေသည်။

"ဟာ မိန်းမတစ်ယောက်ကွ… မိန်းမ"

"ဘယ်သူလဲဗျ… မကောင်းတဲ့မိန်းမများလား"

"အသာနေ စောင့်ကြည့်နေ၊ ဘာဖြစ်နေသလဲ မသိဘူး" မိန်းမရွယ်တစ်ဦးသည်… မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုနေသည်။ ငို၍ ဝသောအခါ ခြံစည်းရိုးတိုင်ကို ကိုင်ပြီး… မင်္ဂလာ ဆောင်မှ ဖွင့်သည့် အသံချဲ့စက်သံကို နားစွင့်သလို လုပ်ပြီး နေ



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်နေသည်။ မကြာခင် တိမ်ဖုံးနေသောလရောင်သည် တိမ်ကင်းစင်ပြီးဝင်းလက်သော အလင်းရောင်ကလေး ပေါ်လာသည်။

"ဟော့... ဟော့ သေသေချာချာကြည့်စမ်း... ကြည့်စမ်း အဲဒါ... အဲဒါ" ဘာဒစ်ကျားက အံ့ဩသဖြင့် မိန်းမရွှယ်ကို လက်ညှိုးထိုးပြလိုက်သည်။ သူပြောသလို သေချာကြည့်လိုက်မှ သဏ္ဍာန်က မပီတပြင်ပေါ်လာသည်။ ထမိရင်လျားနှင့် မိန်းမတစ်ယောက်။ ရှည်လျားသောဆံပင်များက ကျောနောက်မှသည် ဒူးခေါက်အထိဖြန့်ကျနေသည်။ သူမသည် မင်္ဂလာဆောင်အိမ်ဘက်သို့ ဝမ်းနည်းကြီးစွာနှင့် ငိုရှိုက်ရင်းငေးကြည့်နေ၏။

"ဟာ... မ... ကြွေစည်နဲ့ တူလိုက်တာကွာ... "

"မီးနဲ့ ထိုးကြည့်လိုက်ကွာ"

အဖေ့ကို ကိုကျားကြီးက တိုးတိုးလှမ်းပြောလိုက်သည်ဟုသိရသည်။ ဒီအချိန်မှာပဲ မင်္ဂလာဆောင်အိမ်မှ သီချင်းသံများ လွင့်ဝဲ၍ထွက်လာသည်။

"အခါတော်... ပေးတာက ... နတ်ရေးငယ်...ရွှေစာသာသနာရောင်လင်း... ကောင်းခြင်းခု... သည်... ချိန်..ခါ"

မိန်းမရွှယ်သည် သီချင်းသံကို နားစွင့်ရင်း ဆို့နင့်စွာရှိုက်နေသည်။ သူမရဲ့ရှိုက်သံကို သူတို့ကြားနေရသည်။ သူမရဲ့ဖြစ်အင်ကိုကြည့်ပြီးသုံးယောက်သား စိတ်ထိခိုက်စွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ စိတ်ထိခိုက်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ တစ္ဆေ မကြွေစည်ပဲလား ဒါမှမဟုတ် ကိုအုန်းသောင်ရဲ့ အခြားရည်းစားများပေလား။ မဝေခွဲတတ်။

"အောင်ဖေ...ငွေခရု...ဖေယျတု...သဗ္ဗမင်္ဂလာ...သွန်းဘိသိတ်ဖြာ...မင်္ဂလာဦးမို့... ထွန်းသစ်ရာ... သူရိန်နေမင်းနှင့်သော်တာထွန်းသည်သို့...လေး...ဟေး... ဟေး"





သီချင်းသံကား သူတို့သုံးဦးရင်ထဲသို့ စီးနင်းဝင်ရောက်လာသည်။ မိန်းမရွှယ်သည်...ကြာတော့ သီချင်းသံကို နားမခံနိုင်သည့်အလား နားကိုပိတ်...မျက်နှာကို လက်ဖဝါးဖြင့် အုပ်ကာ...ရှိုက်ငိုရင်း ပြေးထွက်သွားတော့သည်။ အဖေတို့က `သူမ ပြေးထွက်သွားရာနောက်သို့ အသာနောက်ယောင်ခံရင်း လိုက်ခဲ့ကြသည်။

သူမသည်...အိမ်ရှိရာသို့ ကြွေကြွေကွဲကွဲဖြင့် တစ်ချက်လှမ်းကြည့်ပြီး ဟိုဘက် ဘုရားစေတီဝင်းတံခါးဘက်သို့ ထွက်ခွာသွားသည်။ သည့်နောက် ပျောက်ကွယ်သွားခဲ့သည်။

"ဘယ်သူများလဲဗျာ"

"ကြည့်ရတာ... မကြွေစည်နဲ့လည်း ခပ်ဆင်ဆင်ပဲကွ"

"အေးဗျ။ ရင်လျားကြီးနဲ့ သူ့ကြည့်ရတာ အတော်ကို စိတ်ထိခိုက်နေပုံပဲ။ သူ့ယောကျ်ားနောက်အိမ်ထောင်ပြုလိုက်လို့ ... ဝမ်းနည်းပြီး စိတ်နာပြီး လာသောင်းကျန်းတာလားမသိဘူး"

"အင်း... မကြွေစည်တစ္ဆေသာ အဖြစ်မှန်ခဲ့ရင်တော့ သနားစရာပဲကွာ ဒါကြောင့်ဘယ်သူလဲ သိရအောင် မီးနဲ့ထိုးကြည့်ပါ ပြောတာဥစ္စာ ကိုသာဟန်ကထိုးမှ မကြည့်ပဲကိုးဗျ။

"ဒီလိုရှိတယ် ကျားကြီးရ ငါစဉ်းစားနေတာက.. မကြွေစည် မဟုတ်ဘဲ။ အုန်းသော–ာင်ရဲ့ အခြား မဆိုစကောင်း ဆိုစကောင်း တိတ်တိတ်ပုန်း ရည်းစားသနာများ ဖြစ်နေရင်... အားလုံးအုတ်အော်သောင်းနင်းဖြစ်ပြီး မင်္ဂလာပွဲပါပျက်သွားမှာ စိုးလို့... ။ ဟုတ်ခဲ့ရင် ခုချက်ချင်း လူမသိစေချင်လို့ပါ"

"တခြားမိန်းမဆိုရင်လည်း ဒီလိုအချိန်မတော်ကြီး... ။ ပုံကြောက်စရာကောင်းတဲ့ ဘုရားဝင်းတံခါးဘက် သွားရဲမလားဗျ။ ကျုပ်တို့တောင် မသွားရဲတဲ့ဥစ္စာ။

"အင်း... ဆန်းတော့ ဆန်းကြယ်ပေလား ကျားကြီးရာ။

www.burmeseclassic.com

ငါတော့ မစဉ်းစားတတ်တော့ပါဘူးကွာ။ လူပဲဖြစ်ဖြစ်၊ မကြွေစည် တစ္ဆေပဲဖြစ်ဖြစ် အခုမြင်ရတဲ့မြင်ကွင်းက စိတ်ထိခိုက်စရာပါပဲကွာ။

ဩော်… အချစ်… သံယောဇဉ်… အချစ် သံယောဇဉ် ဘဝတွေဆိုးခဲ့ရင်လည်း ဒီထက်ပိုမဆိုးကြပဲ… ဇာတ်သိမ်းကောင်းကြ ငြိမ်းကြပါစေတော့… ။

သည့်နောက် သုံးဦးသား စကားမပြောကြတော့ပဲ နှုတ်ဆိတ်စွာ ပြန်လာခဲ့ကြလေတော့သည်။

♛ ♛ ♛

BURMESE CLASSIC .com

## ပြိတ္တာဘဝမှအပြန်

ကိုအုန်းသောင်နှင့် မစိမ်းခင်တို့ မင်္ဂလာဆောင်ပြီး နောက် သုံးရက်ကြာသောအခါ ယာတောက အိမ်ရှိရာသို့ ပြောင်းရွှေ့လာခဲ့ကြ သည်။ တစ္ဆေ မကြွေစည်အကြောင်းသိကြသည့်… ဝန်းကျင်မှ လူများ က လူများက မစိမ်းခင် ဘယ်နေ့ အော်ဟစ်ထွက်ပြေးမလဲမသိဘူးဟု စိုးရိမ်နေကြသည်။ အများထင်သလို မစိမ်းခင် ထွက်မပြေးခဲ့ပါ။ မစိမ်းခင် သည် ဤအိမ်မှာ ကိုအုန်းသောင်နှင့် ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့ပါသည်။

အမေတို့က မစိမ်းခင်အခြေအနေကောင်းရဲ့လားဟု မေးကြည့် သောအခါ အိမ်မှာ ဘာမှမဖြစ်ပါဘူးအဒေါ်ဟုဆို၍ အံ့သြသွားခဲ့ရသည်။ နေ့စဉ်နံနက်ရောညပါ မစိမ်းခင်ရဲ့ ဘုရားရှိခိုးသံကို ကြားရသည်။ မကြွေစည်ရိပ်စဉ်က ရဟန်းသံဃာ ကြွရောက်ဆွမ်းခံတာ မမြင်ရသော် လည်း။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မစိမ်းခင်ရောက်လာသည့် အချိန်မှစ၍ သံဃာတော်များ ကိုရင်များ သီလရှင်များ ဆွမ်းခံကြွကြ အလှူခံကြွရောက်ကြသည်ကို မြင်ရသည်မှာ အလွန်စိတ်ချမ်းသာစရာ ကောင်းလှ၏။

သို့နှင့်အမေက ကိုအုန်းသောင်တို့လင်မယားနှင့် ဆုံ၍ မေးကြည့်သောအခါ . . . မစိုးရိမ်ကျောင်းတိုက်မှ ဆရာတော်ကြီးက အပ်ချည်လုံးကို ပရိတ်ကြိုးအဖြစ် စီရင်ပေးလိုက်သဖြင့် ခြံကို ပရိတ်ကြိုးနှင့် တားလိုက်တာတော့ လုပ်ခဲ့ပါသည်ဟုဆို၏။

ဒါပေမယ့်. . . ညဘက်ညဘက် အပြင်မှာ ခွေးများဟောင်ကြအူကြသည်ကိုတော့ အားလုံးကြားနေရသည်။

အချို့ ကတော့ ညဘက်သန်းခေါင်ရောက်လျှင်. . . ဆံပင်ဖါးလျားနှင့် မိန်းမတစ်ယောက်ကို ကိုအုန်းသောင် အိမ်ရှေ့ လမ်းမမှာမြင်ရသည်ဟုဆိုကြသည်။ ထိုမိန်းမသည် . . . ကိုအုန်းသောင်တို့ အိမ်ကို အတန်ကြာ စိုက်ကြည့်နေပြီး . . . မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ငိုပြီး . . . ပြေးသွားပြန်သွားလေ့ရှိသည်ကို မကြာခဏ တွေ့ကြသည်ဆို၏။

ကြောက်လွန်း၍ ထွက်တော့ မကြည့်ရဲကြဟုဆို၏။ မစိမ်းခင်တို့ရော မြင်ကြလားဟု သွယ်ဝိုက်၍ မသိမသာမေးကြည့်သောအခါ ခွေးအူသံဟောင်သံတော့ လပြည့်လကွယ် ညများမှာ ကြားရလေ့ရှိကြောင်း အခြားဘာမျှတော့ မမြင်ရကြောင်းပြောပြသည်။

စောသာဖိုးတို့ သားအဖကလည်း . . . ဘုရားငုတ်တိုရှေ့ကကသစ်ပင်အောက်မှာ လပြည့်လကွယ်ညများရောက်၍ သန်းခေါင်တိုင်လျှင် မိန်းမရှယ်တစ်ယောက် ရှိုက်ငိုနေသည်ကို တွေ့ရကြောင်း. . . ထိုမိန်းမသည် ကိုအုန်းသောင်တို့ အိမ်ရှိရာသို့ငေးမော၍ ကြည့်နေလေ့ရှိကြောင်း။

စောသာဖိုးတို့က ဘယ်သူဘယ်ဝါ ဘာကြောင့် ဒီလိုနေရာမျိုး





မှာ လာငိုနေကြောင်းသိလို၍ အနားသို့ရောက်သွားလျှင် လှစ်ကနဲ ထပြေးပြီး ပျောက်သွားလေ့ရှိကြောင်း စသည်များကို ကိုအုန်းသောင်ရော မစိမ်းခင်ရော ကျွန်တော်တို့ မိသားစုများရော ကြားရသောအခါ စိတ်မကောင်းကြ။ မစိမ်းခင်က သဘောပေါက်သည်။ မိန်းမချင်း ကိုယ်ချင်းစာသည်။

သို့ဖြစ်၍ . . . သွားလေသူ မကျွတ်မလွတ်ရှိနေသော ကိုအုန်းသောင်ရဲ့ ဇနီးဟောင်း မကြွေစည်အတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးရန် စတင်ပြောဆို တိုက်တွန်းခဲ့သည်။ သည့်နောက် . . . ဒီလိုကိစ္စမျိုးကို နားလည်သဘောပေါက်သည့် ဘုန်းကြီးလူထွက် အဘဦးကျော်မောင်ကို ဖိတ်ခေါ်၍ တိုင်ပင်ကြသည်။

သို့နှင့် ကွယ်လွန်သူ အားရည်စူး၍ ပေတဒါနအလှူကို ဘုရားဟောထေရဝါဒ လုပ်ထုံးလုပ်နည်းနှင့်အညီ လှူဒါန်းရန်စီစဉ်လိုက် ကြတော့သည်။ သည့်နောက် မကြွေစည် ကွယ်လွန်သည့် တနင်္လာနေ့သို့ ရောက်သောအခါ သီလအရာမှာ စံပြုလောက်အောင် နာမည်ဂုဏ်သတင်းကျော်ဇောသည့် မစိုးရိမ်ကျောင်း သက်တော်ရှည်ဆရာတော်ဘုရားကြီးကို ပင့်ဖိတ်ကာ သင်္ကန်း၊ ဆွမ်း၊ ဆေးဝါး၊ အပြင်၊ ဆွမ်းစားကျောင်းဆောက်နေသည် ဆိုပါသဖြင့် . . . သစ်ဘိုးအလှူငွေများကိုပါတစ်ပါတည်း ထည့်ဝင်လှူဒါန်းခဲ့သည်။

အိမ်နီးနားချင်းအသိမိတ်ဆွေများကိုလည်း ဖိတ်ကြား၍ ကျွေးမွေးသည် သံဃာတော်များ မကြွလာခင်ကတည်းက ကိုအုန်းသောင်က ဘုရားငုတ်တိုရှိရာအရပ်မှ ကသစ်ပင်အောက်သို့ သွားရောက်ခဲ့ပြီး–

"မကြွေစည်ရေ. . . အစ်ကို ညီမအတွက်ရည်စူးပြီး ဘုရားအမှူးပြုတဲ့ ရဟန်းသံဃာများကို ပစ္စည်းလေးပါး ဒါနပြုမှာမို့ ညီမရောက်ရာဘုံဘဝမှသည် အစ်ကိုနဲ့အတူ တရားနာယူရန် သာဓုခေါ်ဖို့ ဆက်ဆက်လိုက်ပါခဲ့ပါ၊ ညီမရယ် ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



မကြွေစည်ရဲ့ ဘဝဝိညာဉ်ကို လိုက်ပါတရားနာယူ သာဓု ခေါ်နိုင်ရန် ကူညီပါခင်ဗျား . . .''

မကြာခင်သံဃာတော် အရှင်သူမြတ်များ ကြွရောက်ပြီး ငါးပါးသီလခံယူကာ . . . ပရိတ်တရားများနာယူကြသည်။ သည်မှာ မစိုးရိမ်ဆရာတော်ဘုရားကြီးက မှတ်သားစရာများကို တရားပြခဲ့၏။

ဒကာကြီးနဲ့ ဒကာမကြီးတို့ သားအစဉ်မြေးအဆက် ဆက်မှတ်လို့ရအောင် ဘုန်းကြီးနည်းနည်း ပြောခဲ့မယ်ကွဲ့ နားထောင်ကြ။ ကွယ်လွန်သူအတွက်ရည်စူးပြီး သံဃိကဒါနဆွမ်း လှူဒါန်းပါက ဥဒ္ဒိဿိက သံဃိက ဒါနဖြစ်အောင် လှူဒါန်းရသကွဲ့။ ကွယ်လွန်သူ မည်သူမည်ဝါအတွက်ဆိုတာ ရည်ညွှန်းရမယ်၊ ပစ္စည်းလေးပါးစုံ အောင်လှူဒါန်းရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း သီလမရှိသော ဒုဿီလရဟန်းမဖြစ်ရဘူး သီလရှိသော သီလဝန္တရဟန်းဖြစ်ရမယ် . . .။ ကွယ်လွန်သူသည် ပေတဂတိ၌ ပြိတ္တာဖြစ်နေပါက ဆွမ်းကို လှူဒါန်းလို့ အမျှပေးဝေ လိုက်ရင် သူကပြိတ္တာဘဝက သာဓုခေါ်လိုက်ရသည့် ခဏမှာ အစားအစာရရှိမယ်၊ သင်္ကန်းကို လှူပြီး အမျှပေးလိုက်လို့ သာဓုခေါ်လိုက်ရရင် သူ အဝတ်တန်ဆာရရှိမယ်၊ ကျောင်းအလှူ ဆေးအလှူလည်း ဒီအတိုင်းပဲ လှူဒါန်းပြီး သာဓုခေါ်လိုက်သည်နှင့် နေရာထိုင်ခင်း ကျန်းမာရေးစသည် အကျိုးကိုသူတို့ ခံစားရပါတယ်။ ဒကာ၊ ဒကာမကြီးကို အလှူဒါနပြုပြီးတိုင်း အမျှပေးဝေဖို့ မမေ့ပါနဲ့ သင်တို့ပတ်ဝန်းကျင်မှာ သင့်ဆွေမျိုးပြိတ္တာတစ္ဆေများက သာဓုခေါ်ရန် စောင့်နေကြပါတယ်။ ဆွေမျိုးပြိတ္တာ တစ္ဆေများအား ကုသိုလ်မှု အမျှပေးဝေခြင်းဟာ ဉာတကာ နုဋ္ဌသင်္ဂဟ မင်္ဂလာကုသိုလ်နှင့် ပတ္တိဒါန ကုသိုလ်နှစ်မျိုးရရှိပါတယ်။

သည့်နောက် ဆရာတော်ကြီးက . . . မကြွေစည်ကိုလည်း အမည်ခေါ်၍ တရားပြသည်။ နာယူပါဟု မိန့်မှာသည်။ ပြီးနောက် ရေစက်ချတရားဟောသည့် ကိစ္စပြီးသည်နှင့် ကိုအုန်းသောင်က မကြွေ





စည် အမည်ကိုထည့်ကာ အမျှသုံးကြိမ်ဝေလိုက်သည်။

အားလုံးက သာဓုခေါ်လိုက်သည့် အချိန်မှာပင် အလွန်မွှေးကြိုင်သော ပန်းပေါင်းရနံ့များသည် အုံ့မှိုင်းတောင်းစွာ အိမ်ရှေ့ဝန်းကျင်မှာ မွှေးကြိုင်နေ၏။ လူတိုင်းမှာလည်း အထူးကို အံ့သြနေကြ၏။ ကျီးကန်းကောင်ရေ တစ်ရာခန့်ကလည်း အိမ်ရှေ့သစ်ပင်များမှာ သာသာယာယာအော်လိုက်ကြသည်။ ခါတိုင်းအူနေသည့် ခွေးများ ခင်မင်မှုယ်ကောင်းသည့် သခင်ကို တွေ့ရသည့်အခါ ခရီးဦးကြိုပြုလေ့ရှိသော အသံမျိုးကို ပေးနေကြ၏။

''ဒကာကြီး စိတ်သာ ချမ်းသာပေတော့ . . .။ သူမဘဝကောင်းသွားပြီ . . .'' ဟု မိန့်ဆိုတော်မူလိုက်သောအခါ . . . ကိုအုန်းသောင်သာမက တရားနာရောက်လာသူများပါ ဝမ်းသာကြည်နူးသွားခဲ့ကြလေသည်။ ထိုညက ကိုအုန်းသောင် အိပ်မက်ဆန်းတစ်ခုကို မက်ခဲ့သည်တဲ့၊ အိပ်မက်ထဲမှာ ကွယ်လွန်သူဇနီးသည် မကြွေစည်ကို တွေ့ရသည်။

''အကို''

နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ မကြွေစည် ဖြစ်နေသည် သူ မကြွေစည်ကို ကြည့်ပြီးလွန်စွာ အံ့အားသင့်နေ၏။ မကြွေစည်သည်ခါတိုင်း အိမ်မက်ထဲမှာ မြင်ရသကဲ့သို့ အနက်ရောင် ထမီရင်လျား ဆံပင်ဖားလျား အပုသယ်ရုပ်မျိုး လင်တရှူးရုပ်မျိုး မဟုတ်–

''တောက်ပဝင်းလက် ဖိုးပျက်သော အဝတ်အစားသစ်များနှင့် ဆံပင်ကိုခေါက်၍ ထုံးထားသည်။ ဆံပင်ပေါ်မှာ သူအလွန်နှစ်သက်သည့် ပိတောက်ပန်းများကို ဝေနေအောင် ပန်ထားသည်။ ပိတောက်ပန်းရနံ့များသည် မွှေးကြိုင်သျှိုအီနေ၏။ မျက်နှာလေးကလည်း နုသစ်ရွှန်းစိုလို့။

နဂိုက လှပသည့် ကိုယ်လုံးလေးသည်။ တောက်ပသော အဝတ်အစားများဖြင့် ပို၍ကျက်သရေရှိနေသည်ကို မြင်ရသောအခါ မကြွေစည်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"မ... ကြွေ... စည်"

"ဟုတ်တယ်အစ်ကို... အစ်ကို... မကြွေစည်ပါ... အစ်ကိုကိုလာနှုတ်ဆက်တာပါ။ ကျွန်မ အစ်ကိုပေးတဲ့ ကုသိုလ်ဖို့ဘာဂကို သာ မုဒေါ်နိုင်ခဲ့ပါပြီ အစ်ကို... အစ်ကို့ကို ချစ်လွန်းလို့... အစ်ကို့ကို မခွဲနိုင်လို့လွန်းလို့ ကျွန်မ... အမျိုးမျိုး နှောင့်ယှက်ခဲ့သမျှ တောင်းပန်ပါတယ် အစ်ကိုရယ်။ ကျွန်မကို ခွင့်လွှတ်ပါနော်... သံယောဇဉ်တဲ့ အစ်ကို ဒီနှောင်ကြိုး ကျွန်မ အခုအားတင်းပြီး ဖြတ်ခဲ့လိုက်ပါပြီ... အခု... စားရမဲ့သောက်ရမဲ့ အဝတ်အစားမဲ့ ဘဝကနေ အစ်ကိုတို့ ကုသိုလ်ရဲ့ အမျှဝေတဲ့ အကျိုး... နောက်ဆုံးမျက်ရည်နဲ့ ကြိတ်မှိတ်ပြီး သာဓုခေါ်နိုင်ခဲ့လို့... ပြည့်စုံကုံလုံတဲ့ဘဝကို ရောက်ခဲ့ရပါပြီ။ ဘဝဆိုးက လွတ်မြောက်ခဲ့ရပါပြီ။ အစ်ကိုတို့ အားလုံး စိတ်ချမ်းသာအောင် နေကြပါတော့... အစ်... ကို အစ်ကို အရေးအကြောင်းရှိရင်... ညီမကို တ တ... အို ကျွန်မ ဘာတွေပြောနေမိမှန်း မသိတော့ဘူး။ ကျွန်မ သွားတော့မယ်... ကျွန်မကို... သူတို့... စောင့်နေကြတယ်။ ရော့ အစ်ကို ဒါ...ဒါ ကျွန်မသိပ်ကြိုက်တဲ့... ပိတောက်ပန်း... အစ်ကို အမှတ်တရ ယူထား။ သွားတော့မယ်နော်... အစ်... ကို..."

မကြွေစည်ပါးပေါ်မှာ မျက်ရည်စအချို့ စီးကျနေသည်။ မျက်ရည်ကျလျှက်မှ ပိတောက်ပန်းတစ်ခက်ကို ဖြုတ်၍ သူကို ပေးလိုက်သဖြင့် သူဝမ်းသာအားရ လှမ်းလိုက်သည်။ ထိုစဉ်ခဏမှာပဲ... မကြွေစည်က... မျက်ရည်များအကြားမှ လှပစွာတစ်ချက်ပြုံးလိုက်ပြီး နောက်ပြန်လှည့်ကြည့်လိုက်သည်။

"မ... ကြွေ... စည်"

"မကြွေ... မကြွေ"

.......................................

.......................................

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com